သရဝဏ် (မြည့်)

မျောင်ထဲကဒဏ်တော်

နှင့်

အခြားဆောင်းပါးများ



DESIGN;THANT ZAW THIT 2013

■

ပုံနှိပ်မှတ်တမ်း	-	ပထမအကြိမ်၊ ၂၀၁၃၊ စက်တင်ဘာလ၊ ရတနာပုံစာအုပ်တိုက်။
အုပ်ရေ	-	၅၀၀
မျက်နှာဖုံး	-	မောင်နေကြည်
စာအုပ်ချုပ်	-	ကိုမြင့်
အတွင်းဖလင်	-	**Quality**

■

ထုတ်ဝေသူ	-	ဦးမင်းထွဋ်ဝင်း ရတနာပုံစာအုပ်တိုက် အမှတ် ၄၆/၁၊ ဗိုလ်ချာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ	-	ဒေါ်ကြည်ပြာသွယ် [၀၉၁၀၇၂] ဝင်းတိုးအောင်ပုံနှိပ်တိုက် အမှတ် ၁၈၁၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
တန်ဖိုး	-	၂၀၀၀ ကျပ်

CIP ၈၀၈. ၈၄

သရဝဏ်(ပြည်)

မှောင်ထဲက အလံတော် နှင့် အခြားဆောင်းပါးများ / သရဝဏ်(ပြည်)။

- ရန်ကုန်၊

ရတနာပုံစာပေ ၊ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်။

၁၉၆ - စာ၊ ၂၀ စင်တီ × ၁၃ စင်တီ။

(၁) မှောင်ထဲက အလံတော် နှင့် အခြားဆောင်းပါးများ

မျှောင်ထဲက အလံတော်

နှင့် အခြားဆောင်းပါးများ

သရဝဏ်(ပြည်)

မာတိကာ

* စာရေးသူ၏ အမှာစာ ၇
၁။ ခရီးသွားလုပ်ငန်း၏ ဘေးထွက်ဆိုးကျိုးများ ၁၁
၂။ ပြည်သူလူထု၏ ရုပိုင်ခွင့် ၁၇
၃။ နိုင်ငံခြားသား ဆိုသူတွေ အကြောင်း ၂၃
၄။ မှောင်ထဲက အလံတော် ၃၃
၅။ စကော့တလန်မှသည် မြောက်ဥက္ကလာဆီသို့ ၄၁
၆။ ရတနာနတ်မယ်၏ ဘဝဇာတ်ကြောင်း ၄၉
၇။ နိုင်ငံတစ်ခု၏ အင်အား ၅၇
၈။ အရှုံးကို လက်ခံတတ်သော ယဉ်ကျေးမှု ၆၇
၉။ နေဝင်တာကို ဘယ်က ကြည့်မလဲ ၇၃
၁၀။ ဖုန်းတောင်းယာစကာတို့ ပေါများသည့်မြေ ၇၇
၁၁။ အမျိုးသားရေးနှင့် လူ့အခွင့်အရေးနှင့် ၈၅
၁၂။ စက်ဘူလို ဖြစ်ချင်သည် ဆိုလျှင် ၉၅
၁၃။ နှလုံးသားထဲက ရန်ကုပ် ၁၀၅
၁၄။ မြစ်ဆုံက ပြန်ခဲ့တယ် ၁၁၅
၁၅။ မြန်မာပြည်အတွက် ကြော်ငြာကောင်းတစ်ခု ၁၂၁
၁၆။ မြန်မာပြည်မှာ နေဖူးတယ် ၁၂၉
၁၇။ နိုင်ငံခြားသားများနှင့် ၂၀၁၀ မြန်မာသက်ိန် ၁၄၉
၁၈။ နွေလယ်အိပ်မက် ကယောက်ကယက် ၁၅၉
၁၉။ ဒီမိုကရေစီခေတ်လော... ပဒေသရာဇ်ခေတ်လော ၁၆၅
၂၀။ အင်းလျားလိတ်၊ ဆီဒိုးနားနှင့် ဆယ်တာရွာ ၁၇၃
၂၁။ မြန်မာနိုင်ငံရောက် အမေရိကန်ရုပ်ရှင်အဖွဲ့ ၁၇၉

စာရေးသူ၏ အမှာ

ကျွန်တော်သည် ၁၉၈၉ ခုနှစ် ဧပြီလထုတ် ရုပ်ရှင်သစ္စာမဂ္ဂဇင်းတွင် 'မီးခိုးနှင့်ပြာ' ဟူသော ကဗျာဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့ရာ ယခုအခါ စာရေးသက်ပင် ၂၄ နှစ် ပြည့်လေပြီ။ မူလက ကဗျာကို စတင် ရေးသားခဲ့သော်လည်း နောက်ပိုင်းတွင် ဝတ္ထုတိုများကိုသာ အဓိက ရေးသားခဲ့ပါသည်။ ၄င်းနောက် ၁၉၉၅ ခုနှစ်မှစကာ အင်္ဂလိပ်ဘာသာ ဧည့်လမ်းညွှန်အဖြစ် လိုင်စင်ရယူကာ ခရီးသွားလုပ်ငန်း နယ်ပယ်ထဲသို့ ဝင်ရောက်ခဲ့ပါသည်။ ခရီးသွားရင်း မြင်သမျှ၊ တွေ့သမျှ၊ ခံစားရသမျှကို စာဖတ်သူများအားလည်း မျှဝေ ခံစားချင်သော စိတ်ဓာတ်များ ပေါ်ပေါက်လာသောကြောင့် ၁၉၉၆ ခုနှစ်မှ စတင်ကာ ခရီးသွားဆောင်းပါးများ စတင် ရေးသားခဲ့ပါသည်။ လုံးချင်းဝတ္ထုများလည်း ရေးသားထုတ်ဝေခဲ့ရာ ဘာသာပြန်စာအုပ် ၅ အုပ်၊ ပင်ကိုရေး လုံးချင်းဝတ္ထု ၄ အုပ်၊ ခရီးသွားဆောင်းပါးပေါင်းချုပ် ၂ အုပ် ထုတ်ဝေခဲ့ပါသည်။

၁၈-၉-၂၀၁၂ News Watch ဂျာနယ်ပါ 'ရှင်းနေတာကို ရှုပ်အောင်လုပ်တဲ့ မိုးသီးဖွန်' ဆောင်းပါးမှ စတင်ကာ နိုင်ငံရေးနှင့် အတွေးအမြင် (Opinion) ဆောင်းပါးများ စတင်ရေးသားခဲ့ရာ ပရိသတ် နှစ်သက် လက်ခံ

သဖြင့် ယခုထက်တိုင် ဂျာနယ် အများအပြားတွင် အတွေးအမြင် ဆောင်းပါးများ ဆက်တိုက် ရေးသားလျက် ရှိပါသည်။

ကျွန်တော်၏ ဆောင်းပါးများကို တစုတစည်း ဖတ်ချင်သူများအတွက် ဆောင်းပါးပေါင်းချုပ်များကို စုစည်းထုတ်ဝေရန် စီစဉ်ရာ တစ်ချိန်တည်းလိုလို မှာပင် စာအုပ် သုံးအုပ်စာအတွက် စာအုပ်တိုက် သုံးတိုက်နှင့် ထုတ်ဝေရန် စီစဉ်ခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်မြောက်ဖျား စာအုပ်တိုက်အတွက် 'အာဖဂန်နစ္စတန်တွင် ဗုဒ္ဓသာသနာ ကွယ်ပျောက်သွားခြင်းအကြောင်းနှင့် အခြား ဆောင်းပါးများ'၊ ကံ့ကော်ဝတ်ရည်စာအုပ်တိုက်အတွက် 'ဒီမိုကရေစီသို့ အိတ်ဖွင့်ပေးစာနှင့် ခေတ်ပြင်ဆောင်းပါးများ'၊ ရတနာပုံစာအုပ်တိုက်အတွက် 'မှောင်ထဲက အလံတော်' အပါအဝင် ဆောင်းပါးများကို ထုတ်ဝေရန် စီစဉ်ခဲ့ပါသည်။ ထိုစာအုပ် သုံးအုပ်ကို ရှစ်လတာ ကာလအတွင်း တစ်ပြိုင်တည်းလိုလို စာအုပ်တိုက်များမှ ယူသွားကြလေရာ ပထမဆုံး ဖော်ထွင်စီစဉ်သော 'အာဖဂန်နစ္စတန်တွင် ဗုဒ္ဓသာသနာ ကွယ်ပျောက်သွားခြင်း' ဆောင်းပါးစာမူမှာ စာမူခ စရန်ငွေများ ပေးပြီးသည်မှာ ရှစ်လခန့် ကြာမြင့်သည့်အချိန်အထိ ထွက်ပေါ်လာခြင်း မရှိပါ။ ကံ့ကော်ဝတ်ရည် စာအုပ်တိုက်မှ စာအုပ်ကိုတော့ စီစဉ်နေဆဲ ဖြစ်သည်ဟု သိရပါသည်။

လက်ရှိအခြေအနေအရ နောက်ဆုံးမှ စီစဉ်သော ရတနာပုံစာအုပ်တိုက်မှ ဤ 'မှောင်ထဲက အလံတော်' နှင့် အခြားဆောင်းပါးများ' စာမူသည် အရင်ဆုံး ထွက်လာဖို့ များနေပေသည်။ စာရေးဆရာ ဆိုသူများမှာ စာမူခ ရခြင်း၊ မရခြင်း၊ နည်းခြင်း၊ များခြင်းထက် မိမိစာအုပ် ထွက်လာပြီး စာဖတ်သူ လက်ဝယ်သို့ အချိန်မီ ပို့ဆောင်နိုင်မှုကို ပို၍ အာသီသရှိပေသည်။ တစ်ဖက်မှ ကြည့်တော့လည်း ထုတ်ဝေသူများမှာ ကိုယ့်စာအုပ် တစ်အုပ်သာ လုပ်နေရသည် မဟုတ်။ စာအုပ်ပေါင်းများစွာကို အလှည့်ကျ ထုတ်ဝေရတာ ဖြစ်သဖြင့် အချိန်ယူကြပေလိမ့်မည်။

ကျွန်တော့်အနေနှင့်မူကား စာအုပ် မြန်မြန်ထွက်ခြင်း၊ နောက်ကျ ထွက်ခြင်းကို အဓိကမထား၊ စာကောင်းဖို့၊ စာအုပ် အပြင်အဆင် ကောင်းဖို့၊ စာကျစေပေါက် မှန်ကန်ဖို့ကိုသာ အဓိကထားသည်။ တစ်ခုတော့ ပြောစရာ ရှိသည်။ ဝတ္ထု၊ ကဗျာ စသည့် ရသစာပေများသည် အချိန် အကန့်အသတ် မရှိဘဲ ကြိုက်သည့်အချိန်တွင် ခံစား၍ ရသည်။ နိုင်ငံရေးစာပေတွင်ကား အချိန် (Timing) ဆိုသည် ရှိပေ၏။ ယနေ့ သိပ်ထူးဆန်းနေသော အကြောင်းသည် မနက်ဖြန်တွင်

ဖန်တရာတေကာ ဆီသည်မ လက်သုတ်ဖတ် ဖြစ်သွားနိုင်ပေ၏။ မနေ့က ဟီးရိုးများသည် ယနေ့တွင် ဗီလိန် ဖြစ်သွားသည်များလည်း ရှိသည်။ မနေ့က ရန်သူသည် ယနေ့ မိတ်ဆွေ၊ ယနေ့ မိတ်ဆွေသည် မနက်ဖြန် ရန်သူအဖြစ် နိုင်ငံရေးတွင် အားလုံး ဖြစ်သွားနိုင်ပေ၏။ ထို့ကြောင့် ခေတ်ကို ထင်ဟပ်၍ ရေးရသော နိုင်ငံရေးဆောင်းပါးများကိုတော့ မူရင်းစာရေးချိန်နှင့် သိပ်မကွာ စေဘဲ စာဖတ်သူထံ ပို့နိုင်မှ ဖတ်ရတာ ပိုအရသာရှိမည်ဟု ယူဆမိပါသည်။

ကျွန်တော်သည် နိုင်ငံရေးနှင့် ခေတ်ဝေဖန်ရေး ဆောင်းပါးများကို ရေးရာ၌ ပုဂ္ဂိုလ်ရေး၊ ဘာသာရေး အစွဲမထားဘဲ အာဃာတကင်းကင်းနှင့် တိုင်းပြည် ကောင်းစားရေးကို ရှေးရှု၍ ရေးပါသည်။ မြန်မာနိုင်ငံ၏ အာဏာရ၊ အာဏာမဲ့ မည်သည့်နိုင်ငံရေးပါတီ၊ အုပ်စုနှင့်မှ ပါဝင်ပတ်သက်မှု မရှိပါ။ မည်သည့်အဖွဲ့၏ သြဇာခံမှု မဟုတ်ပါ။ သန်းခြောက်ဆယ်သော တိုင်းသူပြည်သားတို့၏ ကောင်းကျိုးကိုသာ ရည်ရွယ် ရေးသားခဲ့ပါသည်။ စာရေးဆရာသည် ဘက်မလိုက်ရသော်ဆည်း အမှားနှင့် အမှန်တွင် အမှန်ဘက်က၊ ဓမ္မနှင့် အဓမ္မတွင် ဓမ္မတက်က လိုက်ရမည်မှာ လောကသစ္စာတရား ဖြစ်သည်ဟု ကျွန်တော် ခံယူသည်။ ထိုခံယူချက်ဖြင့် ဤဆောင်းပါးများကို ရေးပါသည်။

ယခုစာအုပ်တွင် ဆောင်းပါး ၂၁ ပုဒ် ပါဝင်ပါသည်။ အမျိုးအစား ခွဲလျှင် နိုင်ငံရေးဆောင်းပါး ၁၁ ပုဒ်နှင့် ခရီးသွားဆောင်းပါး ၁၀ ပုဒ် ပါဝင်ပါသည်။ ထိုဆောင်းပါးများမှာ အများအားဖြင့် စောင့်ကြည့် (News Watch) ဂျာနယ်၊ Media One ဂျာနယ်၊ ပြည်သူ့ဆန္ဒဂျာနယ်၊ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း၊ Real Lives, Real Stories မဂ္ဂဇင်း၊ မချိမသေတင်းစာ စသည့် စာနယ်ဇင်းများတွင် ရေးသားခဲ့သည့် ဆောင်းပါးများနှင့် ဆောင်းပါးအသစ် အချို့ကို စုစည်းထားခြင်း ဖြစ်သည်။

ဤဆောင်းပါးတွင် ပါဝင်သည့် အချက်အလက် အတွေးအမြင်များသည် စာဖတ်သူအနေနှင့် အမြင်တူသည်လည်း ရှိမည်၊ အမြင်မတူသည်လည်း ရှိနိုင်ပါသည်။ သဘောကျသောအချက် ရှိသလို၊ သဘောမကျသော အချက်များလည်း ရှိနိုင်ပါသည်။ ကိုယ် ဖြတ်သန်းရသော ခေတ်နှင့် ကိုယ် ကြီးပြင်းခဲ့ရာ ပတ်ဝန်းကျင်ကို မူတည်၍ လူတို့၏ အတွေးအခေါ်၊ အသိအမြင်များသည် ခြားနားနိုင်ပါသည်။ ဤကဲ့သို့သော ခြားနားသည့် အတွေးအခေါ်၊ အယူအဆ

များ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ ဖြစ်ပေါ်နေခြင်းသည်ပင်လျှင် ယဉ်ကျေးသော လူ့အသိုင်းအဝိုင်း၏ ပြယုဂ်တစ်ခု ဖြစ်ပါသည်။ ငါနှင့်မတူ ငါရန်သူ ဟူသော အယူအဆဟောင်းများကို အတိတ်မှာ ထားခဲ့သင့်ပါပြီ။ ဒီမိုကရေစီ၏ အနှစ်သာရမှာ ကွဲပြားမှုကို လက်ခံခြင်း (Agree to disagree) ပင် မဟုတ်ပါလား။

လေးစားစွာဖြင့်
သရဝဏ်(ပြည်)
၈-၈-၂၀၁၃

ခရီးသွားလုပ်ငန်း၏ ဘေးထွက်ဆိုးကျိုးများ

တစ်လောက MTRV 4 (Sunday Talk) အစီအစဉ်တွင် ကျွန်တော် စကားပြောခဲ့ရစဉ် ခရီးသွားလုပ်ငန်း၏ ကောင်းကွက်များကိုသာ အဓိက ဖော်ပေးခဲ့ပြောခဲ့ပါသည်။ အချိန်မရသဖြင့် Tourism ၏ Side Effect များ (ခေါ်) ခရီးသွားလုပ်ငန်း၏ ဘေးထွက်ဆိုးကျိုးများအကြောင်းကို မပြောခဲ့ရပါ။ တကယ်တော့ မည်သည့်လုပ်ငန်းမဆို ကောင်းကျိုးနှင့် ဆိုးကျိုး ရောနေတတ်ပါသည်။ အလွန်အစွမ်းထက်လှသော ငှက်ဖျားဖြတ်ဆေး၊ တီဘီရောဂါ ကုသဆေးများတွင်ပင်လျှင် တန်ပြန်ဆိုးကျိုး (side effect) များ ရှိပါသည်။ ခရီးသွားလုပ်ငန်းတွင်လည်း ထိုနည်းနှင့်နှင် ဖြစ်သည်။

ရွှေတိဂုံဘုရားသို့ နိုင်ငံခြားသားများနှင့် ရောက်တိုင်း ကျွန်တော် တွေးမိတာ တစ်ခု ရှိသည်။ ယခုအခါ ရွှေတိဂုံစေတီတော်ကြီးသို့ အနယ်နယ် အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသော မြန်မာ ဘုရားဖူးများ ဘုရားရှိခိုးနေကြပုံ၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ကပ်လှူနေကြပုံ၊ တရားထိုင်ကြပုံ၊ တရားစာများ ရွတ်ဖတ်နေကြပုံများကို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များက

တအံ့တသြ ကြည့်ရှုကြရသည်။ ကမ္ဘာလှည့် ခရီးသည်များနှင့် မြန်မာဘုရားဖူးများ၏ လူဦးရေ အချိုးမှာလည်း ဒေသခံ ဆယ်ဦးလျှင် တိုးရစ် တစ်ဦးနှုန်း (၁၀း၁) လောက်သာ ရှိပါဦးမည်။ သို့ရာတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော တိုးရစ် အရေအတွက်မှာ အိမ်နီးချင်းနိုင်ငံများလို တိုးတက်လာဦးမည်ဆိုလျှင် နောင်အခါ ရွှေတိဂုံဘုရားသို့ ရောက်သောအခါ မြန်မာများထက် နိုင်ငံခြားသားများကို ပိုပြီးတွေ့မြင်ရတာမျိုး၊ မြန်မာထက် တိုးရစ်ကများနေတာမျိုး ဖြစ်လာနိုင်ပေသည်။ ထိုသို့ဆိုလျှင် ရွှေတိဂုံသည် အေးအေးလူလူ ဘုရားဖူး၊ တရားအားထုတ်ရာ နေရာ ဖြစ်သော မြင့်မြတ်သည့် ဘာသာရေး အထွတ်အမြတ် နေရာတစ်ခုမှ တိုးရစ်များဖြင့် တရှန်းရှန်း စည်ကားရှုပ်ထွေးနေသော အမှတ်တရ ကြည့်ရှုလည်ပတ်စရာ နေရာတစ်ခု (Tour Site) တစ်ခုအသွင် ပြောင်းသွားလိမ့်မည် ဖြစ်သည်။ ထိုအဖြစ်မျိုးကို တွေးကြည့်တာနှင့်ပင် စိတ်မချမ်းမြေ့ ဖြစ်ရပေသည်။

ထိုကဲ့သို့ အခြေအနေမျိုးအောက်တွင် ဒေသခံ ဗုဒ္ဓဘာသာ ဘုရားဖူးပြည်သူများသည်လည်း စိတ်အေးချမ်းသာစွာ ဘုရားဖူးနိုင်တော့မည် မဟုတ်ပေ။ သင်သာဆိုလျှင်လည်း မိမိ ဘုရားရှိခိုးနေစဉ် နိုင်ငံခြားသား အယောက် တစ်ရာလောက်၏ အထူးတဆန်း ဓာတ်ပုံရိုက်ခြင်း ခံနေရလျှင် စိတ်ချမ်းသာပါဦးမလား ဆိုတာ မေးစရာပင် လိုမည် မထင်ပေ။ ယခုပင်လျှင် တစ်ခါတစ်ရံ ကမ္ဘာလှည့်သင်္ဘော (Ocean Cruise) ဖြင့် လာလည်သော နိုင်ငံခြားသားများ အုပ်စုလိုက် လေ့လာရေး လာသောအခါများတွင် ရွှေတိဂုံ၌ မြန်မာထက် နိုင်ငံခြားသား အရေအတွက် များသွားတာ ကိုယ်တိုင် ဧည့်လမ်းညွှန်အဖြစ် လိုက်ပါဆောင်ရွက်ဖူး၍ အတိအကျ ပြောနိုင်ပါသည်။ ဓာတ်လှေကားများတွင် နိုင်ငံခြားသား အုပ်စုကြီးကို ဦးစားပေးရသောကြောင့် အချိန်ပို၍စောင့်ရသော ဒေသခံများ၏ မျက်နှာပေါ်မှ အပြုံးများသည် ယခုအခါ မယ္မောက်ကွယ်သေးသော်လည်း ဤဖြစ်ရပ်မျိုး နေ့စဉ်ရက်ဆက် ဖြစ်လာလျှင်မူကား နောင်အနာဂတ်တွင် သည်းခံစိတ်တို့ ပျောက်ဆုံးလာနိုင်ပါသည်။

ထိုသို့ဆိုလျှင် နိုင်ငံခြားသားများကို မလာရဘူးဟု ကန့်သတ်ဝိတ်ပင်မလား။ ထိုသို့ လုပ်လို့လည်း မရနိုင်။ သိပ်ပြီး အဆိုးမြင် တုံ့ပြန်ရာ ရောက်မေမည်။ အဓိကကတော့ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် နိုင်ငံခြားသား

အလွန်အကျွံလာရောက်မှု (Tourists Traffic Jam) ကို ဘယ်လို ထိန်းချုပ်ဖြေရှင်းမလဲ ဟူသော ရေရှည်စီမံချက်ကို ယခုကတည်းက စဉ်းစားထားကြဖို့ ဖြစ်သည်။ ကောင်းမွန်သော စီမံခန့်ခွဲမှုဟူသည် ပြဿနာဖြစ်ကာမှ လက်ပူတိုက် ဖြေရှင်းသည်ထက် နောင်လာမည့် ငါးနှစ်၊ ဆယ်နှစ်အတွက် ကြိုတင်အစီအစဉ် ဆွဲ ပြင်ဆင်ထားခြင်းကို ဆိုလိုပါသည်။

စာရေးသူ အင်္ဂလန်သို့ ရောက်ခဲ့စဉ်က အဲလိဇောက်ဘုရင်မကြီး၏ ဘာကင်ဟန်နန်းတော်၊ မဒမ်တူးဆော့ပြတိုက်များတွင် တိုးရစ်များ ဝင်ချင်တိုင်း ဝင်၍ မရပါ။ ခရီးသွားကုမ္ပဏီများက ရောင်းချသော Tour ကို ဝယ်ထားသူများသာ အထူးဝင်ခွင့်လက်မှတ်ဖြင့် တန်းမစီဘဲ ဝင်ခွင့်ရသော်လည်း၊ FIT (သို့မဟုတ်) Back Packer ခေါ် ကိုယ့်အားကိုယ်ကိုး ခရီးသည်များမှာ လူတန်းရှည်ကြီး နောက်တွင် ဝင်၍ တန်းစီရပါသည်။ တစ်ခါ ဝင်ကြည့်လျှင် လူငါးဆယ်သာ ဝင်ခွင့်ပြုပါသည်။ နောက်ထပ် နာရီဝက်လောက် ကြာမှ နောက်တစ်သုတ်ကို ထပ်သွင်းပါသည်။ ထို့ကြောင့် နန်းတော်ထဲ၊ ပြတိုက်ထဲတွင် လူတို့ စုပြုံမနေတော့ပါ။ ပြင်သစ်နိုင်ငံရှိ ကမ္ဘာကျော် အီဖယ်လ်မျှော်စင် ပေါ်သို့ တက်ရာတွင်လည်း ဤသို့ပင် တန်းစီပြီး လူဦးရေ ကန့်သတ်၍ တစ်သုတ်ပြီး တစ်သုတ် တက်ခွင့်ပြုသည်ဟု သိရပါသည်။ သို့ဆိုလျှင် နောင်အခါ ရွှေတိဂုံတွင်လည်း ဤစနစ်မျိုး ကျင့်သုံးသင့်က ကျင့်သုံးနိုင်ရန် ဂေါပကများသည် ခေတ်အမြင်ကျယ်ကျယ်ဖြင့် ကြိုတင် ပြင်ဆင်ထားဖို့တော့ လိုမည် ဖြစ်သည်။

ကမ္ဘာလှည့် ခရီးသွားများ အဆမတန် ဝင်ရောက်လာကြသောအခါ ဒေသခံ တိုင်းရင်းသား ခရီးသွားများအတွက် သီသာသော အခက်အခဲတစ်ခုမှာ တည်းခိုစရာ ဟိုတယ်များ အရင်လို မပေါများတော့ခြင်း ဖြစ်သည်။ ယခင်က ပေါပေါများများ ရွေးချယ်စရာ ရှိခဲ့သော ဈေးနှုန်း အသင့်အတင့်ရှိ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းများမှာ အဆမတန် လိုမ်ဝင်လာသော နိုင်ငံခြားသား ခရီးသည်များက ဈေးပိုပေးပြီး ဝင်ယူသွားကြသောကြောင့် မြန်မာနိုင်ငံသား ဒေသခံတို့မှာ တည်းခိုစရာ နေရာ ရွေးချယ်ခွင့် ရှားသထက် ရှားလာနိုင်ပါသည်။ ယခုပင်လျှင် သိသာထင်ရှားသော အချက်မှာ ယခင်က ဧည့်လမ်းညွှန်များ အဆင့်မီစွာ သက်သောင့်သက်သာ တည်းခိုခဲ့ကြသော

ဟိုတယ် အတော်များများမှာ နိုင်ငံခြားသား တိုးရစ်များကို လက်ခံလိုက်ကြသဖြင့် ဂိုဒေါင်များက နေရာဖယ်ပေးရခြင်း ဖြစ်သည်။ ယခင် 2 star ဟိုတယ်တွင် တည်းခဲ့ကြသော ဧည့်လမ်းညွှန်များသည် 1 star ဟိုတယ်သို့ လည်းကောင်း၊ ယခင် 1 star တွင် တည်းခဲ့ကြသော ဧည့်လမ်းညွှန်များသည် Guest House အဆင့်သို့ လည်းကောင်း၊ ထို့ထက် ဆိုးလာလျှင် နေစရာ Guest House ပင် ရှာမတွေ့နိုင်တော့ဘဲ ဘုန်းကြီးကျောင်း၊ ရဲစခန်းများသို့ပင် သွားရောက်အိပ်စက်ခဲ့ရသော အဖြစ်များ ပေါ်ပေါက်လာပါသည်။ ခရီးသွားလုပ်ငန်း ထွန်းကားလာလျှင် 'ရေမြင့် ကြာတင့်' ဆိုသလို ဧည့်လမ်းညွှန်များ အလုပ်ပေါ်၍ ဝင်ငွေတိုးသော်လည်း Professional ဂုဏ်သိက္ခာကို ပွန်းပဲ့စေသော ယခုလို မနိုင်မနင်း တိုးတက်မှုကိုမူကား ကျွန်တော်တို့ မလိုလားပါ။ ဧည့်သည် လာလွန်း၍ အိမ်ရှင်များက နေစရာ အိပ်စရာ မရှိလောက်အောင် ဖြစ်သွားခြင်းမျိုးကို ဒေသခံများသည် ကြာလျှင် သည်းခံနိုင်တော့မည် မဟုတ်ဘဲ တိုးရစ်များကို ပြဿနာ အရှုပ်ထုပ်များဟု ထင်ကာ ဆက်ဆံရေး အေးစက်လာနိုင်ပါသည်။ (ယခုအခါ Tourism ဖွံ့ဖြိုးသော ထိုင်း၊ မလေးရှားတို့တွင် တိုးရစ်များကို ပြုံးပြသူများ နည်းလာသည်မှာ ဤခံစားချက်များကြောင့် ဖြစ်မည် ထင်သည်၊ မြန်မာပြည်မှာတော့ ထင်သလောက် မဆိုးသေးပါ။)

တည်းခိုခန်း မလုံလောက်သော ပြဿနာမှာ ပေါ့သေးသေး မဟုတ်ပါ။ ဤတည်းခိုခန်း မလုံလောက်မှု ပြဿနာကို ဖြေရှင်းရန် ထိုင်းနှင့် အိန္ဒိယတွင် ရပ်ကွက်ရှိ လူနေအိမ်များတွင် မိသားစုနှင့် အတူတည်းခိုနေထိုင်နိုင်သော (Home Stay) စနစ်ကို ဖော်ဆောင်ခဲ့ကြသည်။ ဒေသခံမိသားစုနှင့် တစ်အိမ်တည်းတွင် နေထိုင်ခွင့်ရ၍ တိုးရစ်မှာ ကိုက်သည်။ ဟိုတယ်ကြီးတွေမှာလို ဈေးမကြီးဘဲ အခန်းခ အလွန်သက်သာသောနှုန်းဖြင့် နေနိုင်သည်။ ဒေသခံ တိုင်းရင်းသားများ၏ မိသားစုဘဝနှင့် လူနေမှုစနစ်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာခွင့်ရသည်။ အိမ်ရှင်ဘက်ကလည်း အခန်းတစ်ခန်း ပေးလိုက်ရုံဖြင့် အပိုဝင်ငွေရသည်။ သို့သော် ဘေးထွက်ဆိုးကျိုးမှာ အိမ်ရှင်နှင့် ဧည့်သည် လိင်ကိစ္စ အရှုပ်အရှင်းများ၊ လူမှုရေး အရှုပ်အရှင်းများ ဖြစ်ပေါ်လာတတ်ခြင်း ဖြစ်သည်။ အိမ်ရှင်မှာ သမီးပျို ရှိခဲ့လျှင် ဧည့်သည်ကြောင့် သမီးမှာ အနေကျဉ်နိုင်သည်။ အိမ်ရှင်က အရက်သမား၊ သူခိုး ဖြစ်ခဲ့လျှင် ဧည့်သည်မှာ ဒုက္ခရောက်တော့သည်။ တစ်ခါတစ်ရံ ဧည့်သည်က ပစ္စည်းမပျောက်ဘဲ

ပျောက်သည်ဟု လီဆယ်ကာ စွပ်စွဲတာတွေလည်း ရှိတတ်သည်။ ထို့ကြောင့် ဤစနစ်ကို ဟိုတယ်အခန်းများ မလုံလောက်သေးခင် ကာလမှာပင် လက်ပူတိုက် သုံး၍ နောင် ဟိုတယ်များ ပေါများလာသောအခါ အစိုးရက သိပ်အားမပေးတော့တာ အိမ်နီးချင်းနိုင်ငံများတွင် တွေ့နိုင်သည်။ မြန်မာနိုင်ငံမှာလည်း တောင်တက်ခရီးစဉ် (Trekking Tour) များတွင်သာ ခေတ္တ ညအိပ်သည့် အနေဖြင့် ကလော၊ အင်းလေး၊ ပင်းတယဘက်တွင် ဘုန်းကြီးကျောင်း၊ ရွာလူကြီး အိမ် စသည်ဖြင့် သုံးသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်မူ Home Stay စနစ် အသုံးမပြုသင့်ပေ။ ဘေးထွက်ဆိုးကျိုး များစွာ ဖြစ်လာနိုင်ပေသည်။

မကြာသေးခင်က ဂျာနယ်တစ်စောင်မှ ကျွန်တော့်ကို ဖုန်းဆက်ပြီး မေး၏။ ပုဂံတွင် နိုင်ငံခြားသား၏ ပစ္စည်းများ အလုခံရတာကို ဘယ်လို မြင်ပါသလဲ ဆိုသော မေးခွန်းကို မှတ်ချက်ပေးစေခြင်း ဖြစ်သည်။ ကျွန်တော်က ဖြေသည်မှာ တိုးရစ်များ အလုံးအရင်းနှင့် ဝင်လာသောအခါ တိုးရစ် ပစ္စည်းကို ဒေသခံက လုခြင်း၊ ခိုးခြင်း၊ ဒေသခံ၏ ပစ္စည်းကို တိုးရစ်က အလစ်သုတ်ခြင်း၊ ခိုးခြင်း၊ တိုးရစ်ကို ဒေသခံက မုဒိမ်းကျင့်ခြင်း၊ ဒေသခံကို တိုးရစ်က မုဒိမ်းကျင့်ခြင်း၊ လူသတ်မှု ဖြစ်ခြင်း၊ တိုးရစ်များ အသက်ဆုံးရှုံးခြင်း စသည့် ကိစ္စများသည် လူ့သဘောသဘာဝအရ ဖြစ်လာမည်မှာ မလွဲဧကန် ဖြစ်၍ (ကျွန်တော့်အမြင်တွင်) ဘာမှ မထူးဆန်းကြောင်း။ လူရှိလျှင် လူနှင့် ပတ်သက်သော အမှုအခင်းများ ဖြစ်ကြသည်မှာ ပုံမှန်ပင် ဖြစ်ကြောင်း၊ မြန်မာပြည်မှာ ပြင်ပကမ္ဘာနှင့် နှစ်ပေါင်းများစွာ အဆက်ဖြတ်ထားပြီး နိုင်ငံခြားသား အရေအတွက် မှာလည်း အလွန်နည်းပါးသေးသောကြောင့် နိုင်ငံခြားသားနှင့် ပတ်သက်သည့် အမှုအခင်းများမှာ ဟိုးလေးတကျော်နှင့် အံ့သြနေကြခြင်းသာ ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် တိုးရစ်များ နေ့စဉ်နှင့်အမျှ အကြောင်းမျိုးစုံဖြင့် သေနေကြကြောင်း။ ထူးဆန်းသည့် ကိစ္စလို့တော့ မပြောနိုင်ကြောင်း ရှင်းပြလိုက်ပါသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ထွန်းကားလာလျှင် ကပ်လိုက်လာမည့် ကိစ္စများသာ ဖြစ်သည်။ ကိုယ့်ဘက်က လုပ်ရမည်မှာ ဥပဒေကြောင်းအရ နိုင်ငံခြားသားကိုရော၊ နိုင်ငံသားများကိုရော လုံလောက်၍ မျှတသော အကာအကွယ်များ ပေးဖို့ ဖြစ်သည်။ နိုင်ငံခြားသား ပိုက်ဆံပျောက်လျှင် ပြည်သူ့ရဲမှ အားတက်သရော ရှာပေးပြီး မြန်မာတစ်ယောက် ပစ္စည်းပျောက်၍ သွားတိုင်လျှင် တော်စွ လျော်စွ အရေးယူ လုပ်ဆောင်နေတာမျိုးလည်း မဖြစ်သင့်ပေ။

Child Sex ဆိုသော ကလေးသူငယ်များကို လိင်ကိစ္စ မတော်မတရားပြုမူများလည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် အတူပါလာနိုင်ပါသည်။ Child Sex ဆိုရာ၌ အရွယ်မရောက်သေးသော မိန်းကလေးငယ်များကို အမျိုးသားများက ခေါ်ယူပျော်ပါးသည်ကိုသာ ဆိုလိုခြင်း မဟုတ်၊ အရွယ်မရောက်သေးသော ယောကျ်ားလေးငယ်များကို ခေါ်ယူပျော်ပါးခြင်းလည်း ပါဝင်သည်။ ပွင့်ပွင့်လင်းလင်း ပြောရလျှင် မြန်မာနိုင်ငံ၌ ယခု လောလောဆယ် တွေ့စပြုနေရသည်မှာ အရွယ်မရောက်သူ မိန်းကလေးများကို နိုင်ငံခြားသားများက ပျော်ပါးခြင်း မဟုတ်ဘဲ အရွယ်မရောက်သေးသူ (ဆယ့်ခြောက်နှစ်အောက်) ကလေးအရွယ် ယောကျ်ားလေးများကို နိုင်ငံခြားသား မိန်းမလျာ (အခြောက်)များက စည်းရုံးဆွဲဆောင် သိမ်းသွင်းပျော်ပါးကြခြင်းက ပိုအဖြစ်များပေသည်။ သက်ဆိုင်ရာကလည်း ဤကိစ္စကို အလေးထား တိုက်ဖျက်သည့် အနေဖြင့် ဟိုတယ်ကြီးများတွင် Child Sex ကိစ္စပြုမူခဲ့လျှင် ဥပဒေအရ ပြင်းထန်စွာ အရေးယူခံရမှုမည်ဟု ကြေညာထားသည်ဟု သိရသည်။ ထိုကိစ္စကို ဟန့်တားဖို့ရာ အားလုံးမှာ တာဝန်ရှိပေသည်။ ထိုင်းနိုင်ငံလို လိင်အသားပေး ခရီးသွားလုပ်ငန်း ထွန်းကားလာမှာကိုတော့ မဖြစ်စေလိုပါ။

ခရီးသွားလုပ်ငန်းသည် သစ်တော၊ ကျောက်မျက်၊ သဘာဝဓာတ်ငွေ့စသော သယံဇာတများကို ထုတ်ရောင်းသကဲ့သို့ ကိုယ့်ဘက်က ကုန်ခန်းသွားစရာ မရှိသော လုပ်ငန်းကြီးတစ်မျိုး ဖြစ်သည်။ စနစ်တကျ အသုံးချနိုင်လျှင် နိုင်ငံခြားဝင်ငွေများစွာ ရှာပေးနိုင်ပြီး နိုင်ငံသားများကို အလုပ်အကိုင် နေရာပေါင်းများစွာ ရှာပေးနိုင်သော ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်စား၍ မကုန်နိုင်သော အကောင်းဆုံးလုပ်ငန်းကြီး ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့ သတိထားရမည်မှာ အလွန်အစွမ်းထက်၍ ကောင်းမွန်သော ဆေးကောင်းဝါးကောင်းများမှာပင် Side Effect ဟုခေါ်သော ဘေးထွက်ဆိုးကျိုးများ ရှိရာ တန်ဆေးလွန်ဘေး ဆိုသကဲ့သို့ ကောင်းမွန်သည့် စီမံခန့်ခွဲမှုများကို ယခုပင်လျှင် ကြိုတင်ပြင်ဆင်ရေးဆွဲထားသင့်ပါကြောင်း။

Media One ဂျာနယ်၊
၁၄-၅-၂၀၁၃။

■

ပြည်သူလူထု၏ ရပိုင်ခွင့်

ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းပေါ်ရှိ ကုန်သည်ကြီးများ ဟိုတယ်ရှေ့မှ ဖြတ်လျှောက်မိတိုင်း ရင်ထဲမှာ တန့်နဲ့ ဖြစ်ရသည်။ မကျေနပ်ချက်များကို ကျွန်တော် တစ်ယောက်တည်း မြည်တွန်တောက်တီးနေတတ်သဖြင့် ဇနီးမယားကပင်လျှင် 'ရှင် ဘာတွေပြောနေတာလဲ၊ စိတ်လျှော့လိုက်တော့' ဟု မေးယူရသည်။ အမှန်ကတော့ ပြည်သူလူထုဘက်က ရပိုင်ခွင့် အပြည့်ရှိသင့်သည်။ သို့သော် အများကြာ အမှန်ဖြစ် ဆိုသကဲ့သို့ သူတို့ကပဲ အမှန်ဖြစ်နေသယောင် ဖြစ်နေခဲ့သည်ကတော့ ကြာပါပြီ။ ကြာဆို ၁၉၉၀ ပြည့်လောက်က စတင်ခဲ့သည် ထင်သည်။

ထိုစဉ်က ယခု ကုန်သည်ကြီးများ ဟိုတယ်နေရာသည် ရန်ကုန်မြို့၏ အစည်ကားဆုံးသော နေရာတစ်ခု ဖြစ်သည်။ ထိုနေရာတွင် ပြည်သူ့ကုန်တိုက် ရှိသည်။ ပြည်သူတို့ အပန်းဖြေ အနားယူနိုင်သည့် ပပဝင်းရုပ်ရှင်ရုံနှင့် ဂုဏ်ရုပ်ရှင်ရုံ ရှိသည်။ ရုပ်ရှင်ရုံ နှစ်ရုံနှင့် ပြည်သူ့မုန့်တိုက် (ပြည်သူ့မုန့်တိုက် ဆိုသည်မှာ ယခုခေတ် Donut ဆိုင်များလို လက်ဖက်ရည်၊ ကော်ဖီနှင့် ကိတ်မုန့် ရောင်းသော အစိုးရပိုင် စားသောက်ဆိုင် ဖြစ်ပါသည်။) ကော်ဖီဆိုင် တစ်ဆိုင်

နှင့် ရပ်ရှင်ရုံနှစ်ရုံရှိသော အများပြည်သူ အပန်းဖြေသည့် နေရာကောင်းတစ်ခု သည် ၁၉၈၈ ခုနှစ်တွင် တက်လာသော စစ်အစိုးရ လက်ထက် ရှားရှားပါးပါး ဝင်ရောက်လာသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု FDI တစ်ခုကို လွန်လွန်ကဲကဲ အလျှော့ပေး လိုက်လျောမှု ရလဒ်တစ်ခုအဖြစ် ရန်ကုန်သူ ရန်ကုန်သား တို့ လက်မှ (တစ်နည်းပြောလျှင် မြန်မာနိုင်ငံသူနိုင်ငံသားတို့လက်မှ) လုယူခံ လိုက်ရပါသည်။ ဂုဏ်ရုပ်ရှင်ရုံကို ဖျက်သိမ်းလိုက်သည်။ ပဝဓင်းရုပ်ရှင်ရုံကို ဖျက်သိမ်းလိုက်သည်။ ပြည်သူ့ကုန်တိုက်ကို ဖျက်သိမ်းလိုက်သည်။ ၄င်းအပြင် ဟိုတယ် တည်ဆောက်ရန် မြေနေရာ လိုသေးသဖြင့် ၃၂ လမ်း (အထက် ဘလောက် အရှေ့ခြမ်း) မှ တိုက်အားလုံး၊ ဆူလေဘုရားလမ်း အထက် ဘလောက် (အနောက်ဘက်ခြမ်း)မှ အိမ်အားလုံး ဖျက်ပေးခဲ့ရသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတစ်ခုအတွက် ကျွန်တော်တို့ အစိုးရ(စစ်အစိုးရ)သည် ပြည်သူ လူထု၏ အများပိုင် အပန်းဖြေစရာ နေရာများ၊ ပုဂ္ဂလိက အိုးအိမ်တိုက်တာ များကို ပေးအပ်ခဲ့ရပါသည်။ (ယခုအခါ ဟိုတယ် ထပ်မံတိုးချဲ့လာမှုကြောင့် အများသုံး သန့်စင်ခန်းကိုပင် ဖျက်သိမ်းလိုက်လေပြီ။)

ထိုသို့ ပေးအပ်ခဲ့သည့်အတွက် မြန်မာနိုင်ငံသူနိုင်ငံသားများ အကျိုး ကျေးဇူး ကြီးကြီးမားမား ပြန်လည်ရရှိလိုက်လျှင်လည်း ဖြေသာပါသေးသည်။ မြန်မာနိုင်ငံ၏ အမြင့်ဆုံး ၂၂ ထပ် အဆောက်အအုံကြီးအဖြစ် ရန်ကုန်မြို့လယ် တွင် ပေါ်ပေါက်လာဖို့ အများပြည်သူ အပန်းဖြေသောနေရာ ၃ ခုနှင့် ပုဂ္ဂလိက အိုးအိမ် ပိုင်ဆိုင်မှုများကို ပေးအပ်ပြီးသည့်နောက်တွင် အများသိသည့်အတိုင်း အဆင့်မြင့်ဟိုတယ်ကြီးတစ်ခု ပေါ်ပေါက်လာပါသည်။ ထိုနေရာ ထိုလမ်းမ (ဆူလေဘုရားလမ်း)သည် ယခင်က ပြည်သူလူထု လွတ်လွတ်လပ်လပ် သွားလာ ဖြတ်သန်းခဲ့ရာ အများပိုင်နယ်မြေ ဖြစ်ပါသည်။ Traders ဟိုတယ် စတင် ဖြစ်ပေါ်လာစတွင် ကုလားအုပ် ပုံပြင်ထဲကလို မဝံ့မရဲ ဖြစ်ပါသည်။ ဟိုတယ် ရှေ့မှ ဧရိယာသည် ယခင်အတိုင်း လမ်းသွားလမ်းလာတို့ ဖြတ်သန်းသွားလာ ရာ လမ်းကြောင်းအဖြစ် ဆက်လက်ရှိနေပါသေးသည်။ လူတို့သည် ယခင် အခါများလိုပင် ဟိုတယ် မရှိခင်ကအတိုင်း ပလက်ဖောင်းအတိုင်း လျှောက်သွား နိုင်ကြပါသေးသည်။ ယခု ဟိုတယ်အဝင် မှန်တံခါးကြီးများ ရှေ့မှပင် ဖြတ်သန်း သွားလာခဲ့ကြပါသေးသည်။ ၄င်းနောက် လူတို့ ဖြတ်သန်း သွားလာရာ နေရာ ကွက်လပ်ကြီးကို ကားရပ်နားရန် အသုံးပြုလိုက်ပါသည်။ လူများကတော့

ခါတိုင်းလိုပင် ဟိုတယ်ရှေ့မှ ဖြတ်သွားကြစမြဲ ဖြစ်သည်။ သက္ကရာဇ် ၂၀၀၀ ခုနှစ်လောက်အထိ ထိုသို့ ဖြတ်သန်းသွားလာ၍ ရပါသည်။

တစ်နေ့သောအခါတွင် ထိုဟိုတယ်၌ အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေး ကျင်းပပါသည်။ ထိုအစည်းအဝေးတွင် လုံခြုံရေး လိုအပ်ချက်အရ ဟု ဆိုကာ ဟိုတယ်ပတ်လည်ကို စတီးပိုက်များဖြင့် ယာယီ တားဆီးကာရံ လိုက်ပါသည်။ သို့သော် အစည်းအဝေး ပြီးသောအခါ အကာအရံ အတားအဆီး များကို ပြန်၍ မဖယ်တော့ဘဲ ရောင်တော်ပြန်နှင့် ရောလွှတ်ကာ ပြည်သူများ ဖြတ်သန်းသွားလာနေကျ နေရာများ (ပြည်သူပိုင်လမ်း)ကို ဟိုတယ်မှ မောင်ပိုင်စီးလိုက်ပါတော့သည်။ နောင်သောအခါတွင် တည်ခိုသူမှအပ မည်သူ မျှ မဝင်ရ ဟူသော စာသားများကိုပင် ချိတ်ဆွဲကာ ပြည်သူပိုင်လမ်းအား ချဲ့ထွင်ယူလိုက်ပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကဲ့သို့ သော အာဏာပိုင်များ၊ မြို့တော်ဝန် အစရှိသူတို့သည် ဈေးဗန်းလေးနှင့် တစ်ဝမ်း တစ်ခါး ရောင်းချနေကြသူများကိုသာ ကျူးကျော်ဈေးသည်အဖြစ် သတ်မှတ် ကာ အာရုံစိုက် ဖမ်းဆီးနေကြပြီး ရန်ကုန် မြို့သူမြို့သားများ၏ လူသွား ပလက်ဖောင်းတစ်ခုလုံး ကျူးကျော်သိမ်းပိုက်ခံလိုက်ရသည်ကို မမြင်မတွေ့ခဲ့ ကြပါ သို့မဟုတ် မမြင်ချင်ယောင်ဆောင်ခဲ့ကြပါသည်။ ဟိုတယ်ချင်းအတူတူ ကမ်းနားလမ်းမှ Strand ဟိုတယ်သည် ပြည်သူပိုင် ပလက်ဖောင်းကို ခိုးယူ ခြင်း မရှိသောကြောင့် Strand ဟိုတယ်ရှေ့မှ ခြေကျင်လျှောက်သူ ပြည်သူ များ ယခုထက်တိုင် လွတ်လပ်စွာ ဖြတ်သန်းသွားလာနိုင်ကြပါသည်။

Traders ဟိုတယ်ရှေ့တွင်မူ ပြည်သူလူထု လျှောက်လှမ်းရန် ပလက်ဖောင်းတစ်ခု ပြုလုပ်ပေးထားပါသည်။ ဟိုတယ်ရှေ့ ပရဝဏ်ကို ကား ရပ်နားရန် နေရာအဖြစ် ကျယ်နိုင်သမျှ ကျယ်ကျယ် နေရာယူကာ စတီး သံတန်းများဖြင့် ကာရန်လျက် ပြည်သူလူထုအတွက် ပလက်ဖောင်းမှာကား တစ်ပေခွဲလောက်ပဲ နေရာချန်ထားပေးပါသည်။ တစ်ပေခွဲလောက်ပဲ ကျယ် သဖြင့် လူနှစ်ဦး မျက်နှာချင်းဆိုင် လာလျှင် တစ်ဦးက လမ်းပေါ်သို့ ဆင်းပေး ရပါသည်။ (လူစည်ကားသော နေရာဖြစ်၍ ယာဉ်သွားယာဉ်လာ အထူး ရှုပ်ထွေးသော်လည်း ရှောင်စရာ နေရာမဆံ့၍ လမ်းပေါ်မှပဲ ဆင်းလျှောက်ကြ ရပါသည်။) ပို၍ ဆိုးသည်မှ ထိုမစို့မပို့ ပလက်ဖောင်းကလေးသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာကာ ဗိုလ်ချုပ်လမ်းဘက်သို့ ကွေ့ခါနီးနေရာတွင် အုတ်ခဲနှစ်ခဲ

ကို အရှည်လိုက် ယှဉ်၍ချထားသည့်ပမာန (ခုနစ်လက်မခန့်) လောက်သာ ရှိပါတော့သည်။ လူတစ်ယောက် မည်သို့မှ လမ်းမလျှောက်သာတော့သော ကမ္ဘာ့အကျဉ်းဆုံး ပလက်ဖောင်းအဖြစ် ဂင်းနစ်စံချိန်တင်တော့မည် ဖြစ်သည်။ ကျွန်တော်တို့ ပြည်သူလူထုသည် ရုပ်ရှင်ရုံ နှစ်ရုံ၊ ကော်ဖီဆိုင်ကြီး တစ်ဆိုင် နှင့် ကိုယ်ပိုင်အိမ်များစွာ ပေးအပ်ခဲ့ရသော ရလဒ်အဖြစ် ဟိုတယ်က ပြန်ပေးလိုက်သော လက်ဆောင်ကို မြင်ရသောအခါ အများပြည်သူ အားလုံးကိုယ်စား ရင်နာရပါသည်။ ဝမ်းနည်း စိတ်မကောင်း ဖြစ်ရပါသည်။ နာကြည်းရပါသည်။ (ဤဆောင်းပါး စောင့်ကြည့်ဂျာနယ်တွင် ပါလာခဲ့လျှင် ကျွန်တော်ကိုယ်တိုင် အင်္ဂလိပ်ဘာသာပြန်၍ ဟိုတယ်မန်နေဂျာသို့ ပေးပို့သွားရန် ဆုံးဖြတ်ထားပါသည်။ ရန်ကုန်မြို့တော်ဝန်ကိုလည်း မိတ္တူပေးပို့သွားပါမည်။)

နိုင်ငံခြားသားများက အဲယားကွန်း ဟိုတယ်ကြီးထဲတွင် ဇိမ်ကျကျနေနိုင်ရန်၊ သူတို့စီးသော ကားများ ကျယ်ကျယ်ဝန်းဝန်း ရပ်နိုင်ရန် အများပြည်သူက ကျဉ်းမြောင်းသော လမ်းကလေးအတိုင်း ယာဉ်အန္တရာယ်ကြားမှ ကတ်သီးကတ်သတ် သွားနေရခြင်းမှာ ယဉ်ကျေးသော လူ့အသိုင်းအဝိုင်းတွင် ဖြစ်သင့်ပါသလား။ ဟိုတယ် စတင်တည်ဆောက်စဉ်က ခွင့်ပြုခဲ့သော မြေနေရာ အကျယ်အဝင်းထဲတွင် ယခု ခပ်တည်တည် စတီးတိုင်များဖြင့် ဝင်းခတ်ထားသောနေရာ ပါပါသလားဟု ဟိုတယ်ကိုရော၊ သက်ဆိုင်ရာ အာဏာပိုင်များကိုရော မေးပါရစေ ခင်ဗျား။ ပြည်သူလူထု၏ ရိုင်ခွင့်သည် ဘာမှ မရှိတော့ဘူးလားဟု သိပါရစေ ခင်ဗျား။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ကိုယ်နိုင်ငံသား ကျူးကျော်အိမ်များကို မြို့တော်စည်ပင်နှင့် ပြည်သူ့ရဲများမှ လိုက်လံ ဖျက်ဆီးဖယ်ရှားသလို ပြည်သူလူထု၏ လမ်းနယ်နိမိတ်ကို မြို့လယ်ကောင်တွင် ကျူးကျော်ထားသူများကိုရော အရေးယူရန် အစီအစဉ် ရှိ မရှိဟု လွတ်ဟော် လေသံဖြင့် မေးပါရစေခင်ဗျာ။

သတင်းစာထဲတွင် လူထုအော်သံ တစ်ခုကို ဖတ်ရသည်မှာလည်း ရန်ကုန်မြို့ ကမ်းနားလမ်းသစ်ကြီး တည်ဆောက်လိုက်ပြီး လမ်းဧရိယာကို အစွမ်းကုန် တိုးချဲ့လိုက်သော်လည်း ပြည်သူလူထု သွားစရာ၊ ရပ်စရာ ပလက်ဖောင်း ထည့်ဆောက်မထားသဖြင့် လိုင်းကား ရပ်စောင့်သူ ခရီးသည်များမှာ ကားလမ်းမပေါ်မှ ရပ်ကာ ကားစောင့်စီးရသည့်အတွက် အန္တရာယ်များနေပါကြောင်း ဆိုသော သတင်း ဖြစ်ပါသည်။ ဤကိစ္စမှာလည်း ကားလမ်း

ချဲခြင်းဟူသော ကိစ္စကို ပြုရာ၌ ခြေကျင်ခရီးသွားသူများ ဟူသည့် အများပြည်သူ၏ ရပိုင်ခွင့်ကို ထည့်သွင်း မစဉ်းစားခဲ့ကြခြင်း၏ ရလဒ် ဖြစ်သည်။ ကားလမ်းချဲခြင်းသည် ကောင်းသော်လည်း ကားလမ်း ချဲနိုင်ရန် အများပြည်သူ လျှောက်မည့် ပလက်ဖောင်းကို ကျဉ်းပစ်ခြင်း၊ ဖျက်ပစ်ခြင်းမှာ မလုပ်သင့် မလုပ်ထိုက်ပေ။ ယာဉ်ရပ်နားရန် နေရာအတွက် အရိပ်ရ သစ်ပင်ကြီးများကို ခုတ်လဲပစ်ခြင်းမှာလည်း မလုပ်သင့်သော ကိစ္စတစ်ခု ဖြစ်သည်။ ရန်ကုန်မြို့တွင် အင်္ဂလိပ်လက်ထက်က တည်ဆောက်ခဲ့သော ကျယ်ဝန်းသည့် စကြိ ပလက်ဖောင်းများသည် အလကားသက်သက် မြေဖြုန်းခဲ့ကြသည် မဟုတ်ပေ။ နိုင်ငံတကာ မြို့ပြအင်္ဂါရပ်များနည်းတူ တိုးတက်လာမည့် မြို့ပြ လူဦးရေကို ကြိုတင်တွက်ဆကာ အနာဂတ်စီမံကိန်းဖြင့် တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။ Mega City ခေါ် ရောမမြို့ကြီး ဖြစ်လာပါက လမ်းပေါ်တွင် ကားများဖြင့် ပြည့်နေသလို ပလက်ဖောင်းပေါ်တွင်လည်း ခြေကျင်လျှောက်သူများနှင့် ပြည့်နှက်နေပေလိမ့်မည်။ ထိုအခါ ပလက်ဖောင်း ကျယ်ကျယ်များ လိုလာပါလိမ့်မည်။

လွန်ခဲ့သောလက ပြည်မြို့သို့ ကျွန်တော် ရောက်ခဲ့စဉ် ကမ်းနားလမ်းတွင် လမ်းလျှောက်လာခဲ့ရာ ဟိန္နျဘုရားကျောင်းအလွန်တွင် ခါတိုင်း မြင်နေကျ အလွန်လှပသော ဧရာဝတီမြစ်ရှုခင်းမှာ မမြင်ရတော့ဘဲ မြစ်ကမ်းပါး၌ အဆောက်အအုံကြီးတစ်ခု ဆောက်လုပ်ထား၍ မြစ်ရှုခင်း ပိတ်ကွယ်သွားသည်ကို တွေ့ရပါသည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက ယခင် စစ်အစိုးရ လက်ထက်မှ အာဏာပိုင်များထံတွင် မြေဂရန်လျှောက်၍ ကမ်းနားကို အပိုင်စီးကာ ဂိုဒေါင်လိုလို၊ ဘာလိုလို အဆောက်အအုံကြီး တစ်ခု ဆောက်ထားသည်ကို တွေ့ရပါသည်။ ကမ်းနားလမ်းမှ အနောက်ဘက်ကမ်း မြစ်ရှုခင်းကို မြင်ခွင့်၊ ကြည့်ခွင့်မှာ အများနှင့်ဆိုင်သော ပြည်သူလူထု၏ အခွင့်အရေး ဖြစ်သော်လည်း ဝိသမလောဘသမားများသည် ကိုယ့်အတွက်ပဲ ကိုယ်ကြည့်၍ မြေဂရန် လျှောက်သူက လျှောက်၊ ထုတ်ပေးသူက ပေးဖြင့် အပေးအယူ မျှခဲ့ကြသည်မှာ ရှက်ဖွယ်လိလို ဖြစ်သည်။ ဤကိစ္စကို မြို့ခံတစ်ယောက်က ဝေဖန်သည်မှာ မှတ်သားစရာကောင်းသည်။ သူ ပြောသည်မှာ-

"တကယ်လို့ အာဏာပိုင်တွေက မြေဂရန်လျှောက်ထားတိုင်း အခုလို ချပေးမယ်ဆိုရင် ကျွန်တော်လည်း ကမ်းနားလမ်းတစ်လျှောက် ပြည်ဈေးကြီးကနေ ရွှေတောင်မြို့အထိ လျှောက်မယ်၊ ခွင့်ပြုပေးမလား"

သန့်ရှင်းသော အစိုးရ ကောင်းမွန်သော အုပ်ချုပ်မှုဟူ၍ မရှိခင်က ခရိုနီနှင့် အာဏာရှင်တို့ ရှုပ်ခဲ့ကြသော အရှုပ်ထုပ်များမှာ ယခုအခါ မြန်မာတစ်ပြည်လုံး ဟိုမှ သည်မှ ပေါ်လာပြီ ဖြစ်သည်။ အများအားဖြင့် နစ်နာရသည်မှာ တိုင်းသူပြည်သား ဆင်းရဲသားများဘက်ကပဲ ဖြစ်သည်။ စီးပွားရေးသမားများသည် အများပိုင်ပစ္စည်းကို မိမိပိုင် ဖြစ်ရန် ဥပဒေ စာချုပ်စာတမ်းများဖြင့် ဘယ်လမ်းကြောင်းမှ ဘယ်လို ဆောင်ရွက်ရမည်ကို အမြဲမပြတ် စဉ်းစား ကြံစည်နေကြသူများ ဖြစ်ရာ သူတို့လက်ထဲတွင် ဂရန်၊ ပါမစ်၊ ခွင့်ပြုမိန့် စသည့် ဥပဒေဘောင်ဝင်လောက်သော သက်သေ အထောက်အထားများကို မရ ရအောင် ဖွေရှာ၍ ကိုင်ထားကြသည်သာ များသည်။ မိရိုးဖလာ ပိုင်ဆိုင်လာခဲ့ကြသော ဒေသခံများမှာမူကား သူတို့နှင့် ဖက်ပြိုင်နိုင်သော အကောက်ဉာဏ် မရှိရကား လောကသစ္စာ အမှန်တရားတစ်ခုကိုသာ အားထား စရာ ရှိပေ၏။ အကယ်၍ အမှုအခင်း တစ်ခုကို စစ်ဆေးစီရင် ဆုံးဖြတ်နိုင်သည့် အာဏာရှိသူတစ်ဦး တစ်ဖွဲ့သည် လောကသစ္စာကို အလေးထားကာ သံသရာပါမည့်ဘေးကို ကြည့်၍ အမှန်တရားကို ဆုံးဖြတ်မည် ဆိုပါက ပြည်သူတို့ နစ်နာမှုသည် သက်သာရာ ရကောင်းပါ၏။ ထိုသို့ မဟုတ်ဘဲ စာရွက်စာတမ်းများကိုသာ မျက်စိစုံမှိတ်၍ ယုံကာ လှေနံဓားထစ် ဆုံးဖြတ်ခဲ့ပါက သမ္မတကြီး ကြွေးကြော်ခဲ့သော ကောင်းမွန်သော အုပ်ချုပ်မှုမှာ မည်သို့မျှ ဖြစ်လာနိုင်မည် မဟုတ်တော့ချေ။

လူတစ်ယောက်သည် မည်မျှပင် ဆင်းရဲသော်လည်း ကျယ်ဝန်းသော ပလက်ဖောင်းပေါ်တွင် ယာဉ်အန္တရာယ်ကင်းစွာ လမ်းလျှောက်နိုင်ခွင့်၊ ပန်းခြံနှင့် ပြတိုက်များသို့ အခမဲ့ ဝင်ကြည့်ပိုင်ခွင့်၊ မြစ်ကမ်းတစ်လျှောက် ရှုခင်းကို ကြည့်ရှုပိုင်ခွင့်၊ လတ်ဆတ်သောလေကို ရှူပိုင်ခွင့်၊ စိမ်းလန်းသော သစ်ပင်အောက်တွင် အရိပ်ခိုခွင့် စသည်တို့မှာ ပြည်သူလူထု၏ မွေးရာပါ ရပိုင်ခွင့် ဖြစ်ပါကြောင်း။

News Watch ဂျာနယ်၊
၂၁-၅-၂၀၁၃။

■

နိုင်ငံခြားသား ဆိုသူတွေ အကြောင်း

မြန်မာနိုင်ငံတွင် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ထွန်းကားတိုးတက်လာမှုကြောင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များကို ယခင်ကထက် ပိုမိုများပြားစွာ နေရာအနှံ့တွင် တွေ့မြင်လာရပြီ ဖြစ်သည်။ နိုင်ငံခြားသားများ (အထူးသဖြင့် အနောက်တိုင်းသားများ)မှာ ယေဘုယျအားဖြင့် စီးပွားရေးမှာ ကျွန်တော်တို့ နိုင်ငံထက် ကောင်းမွန်၍ ဝင်ငွေမှာ သာသဖြင့် သုံးနိုင် စွဲနိုင်ခြင်းကြောင့် တစ်ကြောင်း၊ သူတို့နိုင်ငံ၏ ပညာရေးစနစ်မှာ ကောင်းမွန်သဖြင့် ပညာရေးအဆင့်အတန်း မြင့်မားခြင်းကြောင့် တစ်ကြောင်း၊ နိုင်ငံရေးစနစ် ပွင့်လင်း လွတ်လပ်မှုကြောင့် လွတ်လပ်စွာ ပြောဆိုတတ်သော အလေ့အထ၊ မိမိကိုယ်ကိုယ်ကို ယုံကြည်မှု အပြည့်ရှိသော အလေ့အထတို့ကြောင့် တစ်ကြောင်း၊ စာဖတ်သော အလေ့အထရှိ၍ မျက်စိကြီး၊ နားကြီး ရှိသည်ဟု ယူဆကြ၍ တစ်ကြောင်း ထိုအနောက်တိုင်းသား တိုးရစ်များသည် ဗဟုသုတအရာတွင် မြန်မာနိုင်ငံသားများထက် သာသည်ဟု (ယေဘုယျအားဖြင့်) အများစုက လက်ခံထားလေ့ ရှိပါသည်။ သို့သော် ဤထင်မြင်ချက်မှာ လုံးဝဥဿုံ အမြဲမှန်နေသည်တော့ မဟုတ်ပါ။ အနောက်တိုင်းသား ကမ္ဘာလှည့် ခရီးသည်များထဲ

တွင်လည်း အူတူတူ၊ ဗဟုသုတ နည်းသဖြင့် ထင်မိထင်ရာ တလွဲတချော်ပြောကြ ဆိုကြသူ များစွာကို ဧည့်လမ်းညွှန် တစ်ယောက်အနေဖြင့် ကျွန်တော် တွေ့ဆုံခဲ့ဖူးပါသည်။ သူတို့အထဲမှ အချို့အကြောင်းကို ပြောပြချင်ပါသည်။

♦

လွန်ခဲ့သော သုံးနှစ်က ကျိုက်ထီးရိုးဘုရားသို့ ကျွန်တော် အမေရိကန်လင်မယား နှစ်ယောက်နှင့်အတူ သွားရောက်လည်ပတ်ခဲ့ပါသည်။ ဘုရားသို့ ရောက်၍ သွားရောက်လည်ပတ်အပြီး နောက်တစ်နေ့တွင် တည်းခိုရာ ဟိုတယ်မှ တောင်အောက်သို့ ပြန်ဆင်းခဲ့ပါသည်။ အတော်လေး ခရီးပေါက်ခဲ့ပြီးသော အခါ နိုင်ငံခြားသား ဧည့်သည်သည် လမ်းတွင် ကျွန်တော့်ကို စောင့်နေကာ အောက်ပါအတိုင်း ထူးဆန်းသောစကားကို ပြောပါသည်။

'ညီညီရ... မင်းတို့ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေက ကုတ်ကင်းရှူတယ်နော်... ငါ မြင်လိုက်တယ်'

'ပေါက်ပေါက်ရှာရှာကွာ... ဘုန်းကြီးက ဘယ့်နယ်လုပ်ပြီး ကုတ်ကင်းရှူရမှာလဲ'

'ကုတ်ကင်း မဟုတ်ရင် ဘိန်းဖြူပဲကွာ၊ ငါ သေသေချာချာ မြင်လိုက်တယ်၊ ငါ့မိန်းမလည်း မြင်လိုက်တယ်'

သူ့မိန်းမကလည်း သူ့ယောကျ်ားပြောသည်ကို အခိုင်အမာ ထောက်ခံသည်။ နှစ်ယောက် တစ်ယောက် ဖြစ်နေ၍ ကျွန်တော့်ဘက်က ရှုံးနေသော်လည်း မကျေနပ်၍ ကျွန်တော်က သေသေချာချာ မေးသည်။

'ဘယ်မှာ တွေ့တာလဲ၊ ဘယ်ဘုန်းကြီးလဲ၊ ဘာကြောင့် ဘိန်းဖြူ ရှူတယ်လို့ စွပ်စွဲနိုင်တာလဲ'

'အခုလေးတင် တောင်ဆင်းလမ်းမှာ မျက်နှာချင်းဆိုင် တွေ့လိုက်တာ၊ သူက အတက် ငါတို့က အဆင်း၊ လူလစ်ပြီ ထင်ပြီး နှာခေါင်းထဲကို ကုတ်ကင်းတွေ ရှူထည့်လိုက်တာ ငါတို့နဲ့ တည့်တည့်တိုးတာပဲ''

'ခုနက လမ်းမှာ တွေ့လိုက်တဲ့ အသက်ကြီးကြီး ဘုန်းတော်ကြီးတစ်ပါး မဟုတ်လား၊ ဘုန်းကြီးကျောင်းသားလေး တစ်ယောက်တောင် သူ့ဘေးမှာ ပါသေးတယ်လေ'

'ဟုတ်တယ် အဲဒီဘုန်းကြီးပဲ'

'ငါ မယုံဘူးဘူးကွာ၊ လက်တွေ့ မြင်ရမှ ယုံမယ်၊ မင်းတို့ ဒီမှာ ခဏစောင့်၊ ငါ ဘုန်းကြီးနောက်ကို လိုက်ကြည့်ဦးမယ်'

အရာရာကို သူများပြောဖြင့် မယုံဘဲ လက်တွေ့မြင်ရမှ ယုံတတ်သော ကျွန်တော်မှာ ကိုယ့်မြန်မာဘုန်းကြီး ဘိန်းရှူသည် ဆိုသဖြင့် ပို၍ မခံချင်သောကြောင့် ဤကိစ္စ ပြတ်အောင်ရှင်းမှ ဖြစ်မည်ဟု ယူဆပြီး တောင်တက် လမ်းဘက်သို့ မျက်နှာမူကာ ဘုန်းတော်ကြီးနောက်သို့ ပြေးလိုက်မိပါသည်။ ကံအားလျော်စွာပင် ဘုန်းကြီးနှင့် ကျောင်းသားလေးသည် မောပန်းဟန်ဖြင့် လမ်းဘေးတွင် ရပ်ကာ နားနေပါသည်။ ကျွန်တော်လည်း အချိန်ဆွဲမနေတော့ဘဲ တဲ့(ဒဲ့)ပင် အောက်ပါအတိုင်း မေးမိပါသည်။

'ဘုန်းဘုန်းဘုရား... ခုနက ဘုန်းဘုန်း ပစ္စည်းတစ်ခုခုကိုများ နှာခေါင်းထဲ ရှူသွင်းမိပါသလား'

'သွင်းတာပေါ့ ဧကာရဲ့'

'မူးယစ်ဆေးဝါးများလား ဘုရား'

'ပေါက်ပေါက်ရှာရှာ ငါက ဘာလို့ မူးယစ်ဆေးဝါး လုပ်မလဲဟ'

'ဒါဆို ဘာလဲ ဘုရား၊ စိတ်မရှိပါနဲ့၊ နိုင်ငံခြားသားက ဘုန်းဘုန်း ဘိန်းဖြူ ရှူတယ်လို့ သံသယရှိနေလို့ပါ ဘုရား၊ တပည့်တော်ကတော့ မယုံပါဘူး'

'ဟယ် တယ်ခက်တဲ့ကောင်တွေပဲ၊ ငါ ခုနက ရှူတာ ဒါဟဲ့၊ ဟတ်ချီးဂမုန်းနာ'

ဘုန်းကြီးက ပြောလည်း ပြော၊ သူ့လွယ်အိတ်ထဲမှ ပုလင်းလေးတစ်ခုကို ထုတ်ပြရာ ကျွန်တော်တို့ ငယ်စဉ်က ဆောင်းတွင်းဘက် နှာပိတ်လျှင် လူကြီးများ နှာခေါင်းထဲသို့ ရှူလိုက်ပါက ဟတ်ချီးဟု ချောဆတ်ပြီး နှာပွင့်သွားတတ်သော ဟတ်ချီးဂမုန်းနှာ ဆေးဘူးကို တွေ့ရှိရသဖြင့် ကျွန်ုပ်မှာ ငိုအားထက် ရယ်အားသန်ဖြစ်ကာ ဘုန်းဘုန်းအား ရှိခိုးဦးတင် တောင်းပန်ရလေ၏။ အခန့်သင့်ပင် နိုင်ငံခြားသား လင်မယားလည်း မယောင်မလည်နှင့် ကျွန်တော်တို့အနားသို့ ရောက်လာရာ ကျွန်တော်က ဘုန်းတော်ကြီး နှာခေါင်းထဲသို့ ရှူထည့်လိုက်သည်မှာ သင်တို့ ထင်သလို ကုတ်ကင်းလည်း မဟုတ်၊

ဘိန်းဖြူလည်း မဟုတ်၊ တိုင်းရင်းဆေးတစ်မျိုး ဖြစ်သော ဟတ်ချိုး ဂမုန်းနာ နာပွင့်ဆေး ဖြစ်ကြောင်း ဆေးကိုပြကာ တဲ့(ခဲ့)ရှင်းရလေ၏။ ထိုအခါမှ ထင်မိထင်ရာ ကိုရွှေတိုးရစ်မှာ သူတို့ မှားကြောင်း ဝန်ခံလေသည်။ ကျွန်တော်သာ ချက်ချင်း လိုက်မရှင်းပါက မြန်မာပြည်မှ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ နံပါတ်ဖိုးချသည် ဟူသော ပါးစပ်စကားက ဘယ်အထိ ပျံနှံ့မလဲ မသိနိုင်ပေ။ နိုင်ငံခြားသားများကား ဤကဲ့သို့ ထင်မိထင်ရာပေတကား။

နောက်တစ်ကြိမ် ကြုံရသည်က ပဲခူးမြို့ ရွှေသာလျောင်းဘုရားမှာ ဖြစ်သည်။ ထိုခေါက်တွင်တော့ နိုင်ငံခြားသားများမှာ ၂၆ ယောက် အဖွဲ့ကြီးနှင့် ဖြစ်သည်။ အများအားဖြင့် အင်္ဂလန်နိုင်ငံမှ တိုးရစ်များ ဖြစ်သည်။ ရွှေသာလျောင်းဘုရားကို ဖူးမြော်ပြီး၍ ဘတ်(စ်)ကားကြီး ထွက်တော့မည် ပြင်စဉ် အမျိုးသားတိုးရစ်တစ်ယောက်သည် ကျွန်တော့်ထံသို့ လာ၍-

'မစ္စတာညီ... မင်းတို့နိုင်ငံက ဘုန်းကြီးတွေက ခြေသည်းကို အနီဆိုးထားတယ်နော်'

ဟု ဆိုလာပြန်သည်။ ဟိုက်... မြတ်စွာဘုရား လာပြန်ပြီ တစ်မျိုးဟု ကျွန်တော့်စိတ်ထဲမှ ရေရွတ်မိပြန်ပါသည်။

'ဟုတ်ရဲ့လားကွာ၊ တို့ ဘုန်းကြီးတွေ ခြေသည်း လက်သည်း ဆေးဆိုးလေ့ မရှိပါဘူးကွာ'

ဟု ကျွန်ုပ်က ပြောလျှင် စဉ်းသည် နိုင်ငံခြားသားက ရွှေသာလျောင်းဘုရားတန်ဆောင်းထဲတွင် သူ သေသေချာချာ မြင်ခဲ့ကြောင်း အခိုင်အမာ ဆိုလေသည်။ တစ်ခုခုတော့ လွဲလေပြီ၊ ဤကိစ္စကို ချက်ချင်းရှင်းမှ သင့်တော်မည် ဖြစ်ကြောင်း ယခင် အတွေ့အကြုံများအရ သိသဖြင့် အခြားတိုးရစ်များကို ကားပေါ်မှာပင် စောင့်နိုင်းကာ ကိုယ်တိုင် သိမြင်လာခဲ့ပါသည် ဆိုသော အင်္ဂလိပ်ကြီးနှင့်အတူ ဘုရားထဲသို့ ကျွန်တော် ပြန်ဝင်လာခဲ့မိပါသည်။ ရွှေသာလျောင်းဘုရား မျက်နှာတော်နှင့်တည့်တည့်တွင် တစ်ပါးတည်း ထိုင်နေသော ဘုန်းကြီးအိုအိုကြီး တစ်ပါးကို တွေ့သောအခါ-

'ဟိုမှာ ဟိုမှာ... သူပဲ သူပဲ၊ ခြေသည်းမှာ အနီဆိုးထားတာ'

ဟု အားရဝမ်းသာ ပြလေသည်။ ကျွန်တော်က အနားသို့ ကပ်ကာ ဘုန်းကြီး ခြေထောက်ကို သေသေချာချာ ကြည့်ပါသည်။ ထို့နောက် စပ်ဖြဲဖြဲ

ဖြင့် ကျွန်တော် ပြန်လာပါသည်။ ဘုန်းကြီး ခြေထောက်မှာ ခြေသည်းနီ ဆိုးမထားပါ။ ဘုန်းကြီးမှာ အသက်ကြီးလွန်း (သက်တော် ၉၀ ခန့် ရှိမည် ထင်ပါသည်)သည့်အပြင် တောဘက်မှ လာသော ကိုယ်တော် ဖြစ်ပုံရသဖြင့် ခြေသည်းများမှာ နှစ်ပေါင်းများစွာ ပြုပြင်မှု မရှိသဖြင့် နီကျင်ကျင် ဖြစ်နေပါသည်။ လူများ အသက်ကြီးလျှင် ခေါင်းမှ ဆံပင်သည် ဆွတ်ဆွတ်ဖြူသွားသလိုမျိုး ခြေသည်းများမှာလည်း နီကျင်ကျင်အရောင် ဖြစ်သွားဟန် တူပါသည်။ အာရုတိုက်သားများကို များများစားစား မြင်ဖူးဟန် မတူသော အင်္ဂလိပ်မှာ ခြေသည်းကို နဂိုအရောင်လား၊ ဆေးဆိုးထားတာလားဟု မခန့်မှန်းတတ်ဘဲ သူထင်ရာသူ လျှောက်ပြောခြင်း ဖြစ်ပါသည်။ ကျွန်တော်က သေသေချာချာ ရှင်းပြလိုက်မှ လက်ခံသွားပါတော့သည်။

နောက်တစ်ကြိမ် ကြုံရသည်ကတော့ မကြာသေးပါ။ ယခု ၂၀၁၃ ခုနှစ်တွင်မှ ဖြစ်သည်။ အမေရိကန်နိုင်ငံသား မက္ကဆီကိုလူမျိုး သုံးယောက်နှင့် အတူ ဧည့်လမ်းညွှန်အဖြစ် ကျွန်တော် လိုက်ပါရပါသည်။ သူတို့ သုံးယောက်မှာ မအေကြီးက အသက် ၆၀ ခန့်၊ သားမှာ အသက် ၃၅ နှစ်ခန့်၊ သမီးမှာ အသက် ၃၀ ခန့် ဖြစ်ပါသည်။ စားသောက်ဆိုင်သို့ ရောက်သောအခါ အမေဖြစ်သူနှင့် ညီမဖြစ်သူက အထူးအထွေ မပြောသော်လည်း သားဖြစ်သူက-

'ငါက ဗုဒ္ဓဘာသာကွ... သက်သတ်လွတ်ပဲ စားတယ်၊ သက်သတ်လွတ် ဟင်းများကိုသာ မှာပေးပါ'

ဟု ပြောပါသည်။ ထို့ကြောင့် ကျွန်တော်က ဖီးလ် မြန်မာစားသောက်ဆိုင်သို့ ခေါ်သွားပြီး ကျွန်တော်တို့ သုံးယောက်က ကြက်သား၊ ဝက်သားဟင်းများမှာကာ သူ့အတွက် ဟင်းသီးဟင်းရွက် ဟင်းလျာများ မှာပေးလိုက်ပါသည်။ ထိုနေ့မှစကာ နေ့တိုင်း နေ့တိုင်း စားသောက်ဆိုင် ရောက်လျှင် သူ့အတွက် သက်သတ်လွတ်ပဲ မှာပေးရပါသည်။ သူက ဘုရားစကား၊ တရားစကားလည်း သူသိ သူတတ် လုပ်ကာ သူ့အမေနှင့် ညီမဖြစ်သူကို ရှင်းပြလေ့ရှိပါသည်။ တစ်နေ့တွင် မန္တလေး ရွှေဘဲ စားသောက်ဆိုင်တွင် ညစာ စားကြပါသည်။ ထုံးစံအတိုင်း သူ့အတွက် သက်သတ်လွတ် အစိမ်းကြော်၊ ကိုက်လန်ကြော် နှင့် ထမင်းအဖြူတစ်ပွဲ မှာပေးပါသည်။ ကျွန်တော်တို့က ပုဇွန်တုပ်ကြီးများကို မှာစားကြပါသည်။ စားရင်းသောက်ရင်း သက်သတ်လွတ်သမားသည် ဘာ

မပြော ညာမပြော ပုဇွန်တုပ်ကြီးတစ်ကောင်ကို ယူ၍ ပြုပ်ခနဲ ဝါးစားလိုက်ပါသည်။ ကျွန်တော်သည် အံ့သြ၍-

'နေပါဦး ခင်ဗျားက သက်သတ်လွတ်ဆို၊ ဘာလို့ ပုဇွန် စားတာလဲ'

ဟု မေးကြည့်ရာ-

'ရတယ် ငါ့သက်သတ်လွတ်က ပုဇွန်တော့ စားလို့ရတယ်'

ဟူသတည်း။ မြန်မာပြည်မှ သက်သတ်လွတ်သမားများလည်း အတူယူနိုင်ပေလောက်သော အာဂ သက်သတ်လွတ်သမားကြီးပေတကား။

နောက်တစ်ကြိမ် ကြုံရသည်ကား... ငါသိ ငါတတ် အမြဲလုပ်သော အမေရိကန်နိုင်ငံမှ တိုးရစ် အဘွားကြီးတစ်ယောက် အကြောင်း ဖြစ်သည်။ ထိုစဉ်ကလည်း အုပ်စုဖြင့် သွားသော တိုးရစ် ၁၈ ယောက်အဖွဲကြီးကို ကျွန်တော် ဝန်ဆောင်မှု ပေးရသည်။ ၁၉၉၈ ခုနှစ်ခန့်က ဖြစ်သည်။ လည်ပတ်ကြည့်ရှုရမည့် နေရာတစ်နေရာ ရောက်၍ ကျွန်တော်က ဧည့်လမ်းညွှန်တို့ တာဝန်အတိုင်း ပြောစရာ ရှိသမျှ မှာစရာရှိသမျှ ပြောပြ ရှင်းပြလျှင် သူများတွေလို သေသေချာချာ နားမထောင်ဘဲ ငါသိ ငါတတ် လုပ်ကာ ပမာမခန့် လုပ်နေလေ့ရှိသည်။ တစ်နေ့သောအခါ ညောင်ဦးဈေးသို့ သွားရောက်လည်ပတ်ရာ ကျွန်တော်က စကားကြိုသဖြင့် သနပ်ခါးအကြောင်းကို ရှင်းပြရာ ထိုအဘွားကြီးက သေသေချာချာ နားမထောင်ချေ။ ချိန်းဆိုထားသော အချိန်တွင် ကားရပ်ထားရာ နေရာသို့ တိုးရစ်များအားလုံး ပြန်လာကြရာ ထိုအဘွားကြီးလည်း လက်ထဲတွင် အထုပ်တစ်ထုပ်ဖြင့် ပြန်လာပြီး ပြောသည်မှာ-

'မင်း ပြောတဲ့ သနပ်ခါးဈေးနဲ့ ငါ ဝယ်ခဲ့တဲ့ ဈေးက တော်တော်ကွာတယ်၊ အေးလေ ဂိုဒေါ် မပါတော့ ငါ့ကို လျှော့ပေးလိုက်တာပေါ့၊ ဈေး သက်သက်သာသာနဲ့ ရခဲ့တယ်၊ အဲဒါတွေ အားလုံးမှ ငါးရာကျပ်ပဲ ပေးရတယ်'

သူ ဝယ်လာသော သနပ်ခါးများကို ပြရာ ကျွန်တော့်မှာ ဟိုက်ခနဲ ဖြစ်သွား၏။ အကြောင်းမှာမူကား သူက ဈေးပေါသော သနပ်ခါးဟု ဆိုကာ ဝယ်လာသည်များမှာ သနပ်ခါး မဟုတ်ဘဲ ထင်းရှူးဆီများ ဖြစ်နေသော ကြောင့်ပင်တည်း။ ဩော်... နိုင်ငံခြားသားတွေ၊ နိုင်ငံခြားသားတွေ... ဟုသာ ကျွန်တော့်မှာ ညည်းနိုင်ပါတော့သည်။

နောက်တစ်ကြိမ် ကြုံရသည်ကား မင်းကွန်းမှာ ဖြစ်သည်။ မြသိန်းတန် ဘုရားအနီးမှ အအေးဆိုင်တွင် အမျိုးသမီး တိုးရစ်တစ်ဦး အအေး လာသောက်သည်။ အုန်းသီးတစ်လုံး ပေးပါ ဆိုသဖြင့် ဆိုင်ရှင် ကောင်မလေးက အုန်းသီး အစိမ်းတစ်လုံးကို သေသေချာချာ ဓားဖြင့် ဖောက်ပြီး ပိုက်တပ်ပေးလိုက်၏။ အုန်းရည် သောက်ပြီးနောက် အုန်းသီး အသားစားချင်သည် ဆိုသဖြင့် သေသေချာချာ ခုတ်ထစ်ပြင်ဆင်ပေးလိုက်ပြန်သည်။ အုန်းသီးအား ဇွန်းခြစ် လုပ်ပေးလိုက် ခြင်း ဖြစ်သည်။ တိုးရစ်မကား အုန်းသီးများအားလုံး စား၍ ကုန်ခါမှ-

'နင့်အုန်းသီးက စားလို့လည်း မကောင်းဘူး'

ဟု လုပ်လာ၏။ ဆိုင်ရှင်ကလည်း သူ့အုန်းသီး ကောင်းကြောင်း တတ်သလောက် မှတ်သလောက် ရှင်းပြသည်။ သို့သော် ထိုတိုးရစ်က အမျိုးမျိုး အပြစ်ရှာပြီး-

'ကဲ နင့် အုန်းသီးက ဘယ်လောက်လဲ' ဟု မေးရာ-

'ငါးရာကျပ်ပါ' ဟု ဆိုင်ရှင် ကောင်မလေးက ဖြေသည်။ တကယ် ဆိုလျှင် ထိုစျေးသည် စျေးမှန် ဖြစ်သည်။ မြန်မာဘုရားဖူးများ ဝယ်စားလျှင် လည်း ဤစျေးပဲ ရောင်းသည်။ သို့သော် လူလည် လူတတ် လုပ်ချင်သော တိုးရစ်အမျိုးသမီးက ကက်ကက်လန် ရန်တွေ့ပြီး-

'ဟေ့ ငါးရာတော့ မပေးနိုင်ဘူး၊ သုံးရာပဲ ပေးနိုင်မယ် ယူချင်ယူ မယူချင်နေ'

ဟု ပြောကာ ပိုက်ဆံကို စားပွဲပေါ် ချပြီး ဆောင့်ကြိုး အောင့်ကြိုး ထွက်သွား၏။

စျေးသည် ကောင်မလေးမှာ သူ ချထားခဲ့သော ပိုက်ဆံကို ကြည့်ကာ တအံ့တသြဖြစ် ကျန်ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် သုံးရာပဲ ပေးနိုင်မယ် ဟု ပြောကာ ထားခဲ့သော ပိုက်ဆံ သုံးရွက်မှာ တစ်ထောင်တန် သုံးရွက် ဖြစ်နေသောကြောင့် ဖြစ်သည်။

နောက်ထပ် လွဲပုံ တစ်ခုမှာ ပုဂံတွင် ဖြစ်သည်။ မြန်မာပြည်သို့ ရုပ်ရှင်လာရိုက်သော အမေရိကန်ရုပ်ရှင်အဖွဲ့နှင့် ကျွန်တော် ဂိုဒ်လိုက်ရ၏။ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် အမေရိကန်သူဌေးမှာ အလွန်သဘောကောင်းသည်။ ဒါရိုက်တာဖြစ်သူ အမေရိကန်မှာလည်း သဘောထားပြည့်ဝသည်။ သို့သော်

သူတို့က မိုက်ကယ်ဖရီးမန်း ဆိုသော အင်္ဂလိပ်တစ်ယောက်ကို အကြံပေး အဖြစ် ခေါ်လာ၏။ ထိုမိုက်ကယ် ဖရီးမန်းမှာ တကယ်တော့ မြန်မာနိုင်ငံကို တစ်ခေါက်၊ နှစ်ခေါက် ရောက်ဖူးသည်မှတစ်ပါး ဤနိုင်ငံအကြောင်း ဘာမှ မသိဘဲ တတ်ယောင်ကားဖြင့် အကြံပေးရာထူးကို ယူကာ သူဌေးဆီမှ ညာစား နေခြင်း ဖြစ်သည်။

တစ်နေ့တွင် ကျွန်တော်တို့သည် ပုဂံ ရိုက်ကွင်းအတွက် ရှုခင်းရှုကွက် များကို လိုက်ကြည့်ကြ၏။ မိုက်ကယ်ဖရီးမန်းသည် နယ်မြေကိုလည်း မကျွမ်းကျင်၊ ဒေသခံ ကားဆရာများနှင့် ဧည့်လမ်းညွှန်၏ အကြံဉာဏ်ကိုလည်း လေးစား ခြင်း မရှိဘဲ ပုဂံတွင် ဘုရားကြို ဘုရားကြား၌ ရောင်းချသော Pictorial Guide to Bagan ဆိုသော စာတ်ပုံစာအုပ်ကြီးကို တကိုင်ကိုင် လုပ်ကာ ဒီစာအုပ်ထဲက စာတ်ပုံကို သွားချင်တယ်ဟု ဆိုလာ၏။ သူ ပြသောပုံမှာ မထင်မရှား ဘုရားသုံးဆူတန်းလေးတစ်ခု ဖြစ်သည်။ ထိုဘုရားများ၏ နောက် ၌ အာနန္ဒာ စသော နာမည်ကျော် ဘုရားများကို တွေ့ရသည်။ စာအုပ်ထဲမှ ဘုရားသုံးဆူမှာ တစ်ဆူချင်း နာမည်မရှိဘဲ ဘုရားသုံးဆူကို ပေါင်း၍ ပဲနံ့သာ ဘုရားစုဟု ခေါ်၏။ ဉာဏ်တော် အတောင်နှစ်ဆယ်ခန့်သာ ရှိသော ရှေး ဘုရားများ ဖြစ်သည်။ အင်္ဂတေများ ကွာ၍ ရည်ညွှန်းပင် တက်၍နေချေပြီ။

ထိုနေရာသို့ ရောက်၍ ဘုရားများကို ပြလိုက်သောအခါ ပရိဂျုဆာ နှင့် ဒါရိုက်တာ အမေရိကန်များက ဘာမှ မပြောသော်လည်း အကြံပေး ဆိုသော အင်္ဂလိပ်ကြီးက-

'ဒီနေရာ မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ ဒီနေရာက ကြည့် လိုက်ရင် စာတ်ပုံထဲမှာ မြင်ရတဲ့ ဘုရားတွေကို နောက်ခံ မြင်ကွင်းမှာ မတွေ့ ရဘူး' ဟု ဇွတ်ခံငြင်းနေလေသည်။ အမှန်မှာ ဤစာတ်ပုံစာအုပ်ကို ထုတ်ဝေ ခဲ့သော စာတ်ပုံဆရာက စာတ်ပုံကို ဤနေရာမှာပင် ရိုက်ခဲ့ကာ နောက်မှ နာမည်ကြီးဘုရားများကို ကွန်ပျူတာဖြင့် ကြည့်ကောင်းအောင် ထည့်ခဲ့ခြင်း ဖြစ်သည်။ ဒါကို ဘုရားဘေးမှ ကွမ်းယာရောင်းသော မိန်းမကပင် သိသည်။ မိုက်ကယ်ဖရီးမန်းက ကျွန်တော်တို့ကို ပြသော စာတ်ပုံကို ကွမ်းယာရောင်း သော အဘွားကြီးအား သွားပြရာ အဘွားကြီးက သေသေချာချာ ကြည့်ပြီး-

'ရှေ့က ဘုရားသုံးဆူကတော့ ဒီနေရာပဲ၊ နောက်ခံဘုရားတွေက ဘာ့ ကွန်ပျူတာနဲ့ လုပ်ထားတာ ဖြစ်မယ်၊ ဒီမှာ ကြည့်လေ၊ အာနန္ဒာဘုရား ပါပြီး သဗ္ဗညုဘုရားကျတော့ မပါဘူး။ ပြီးတော့ ဟိုးအဝေးကြီးက ကန်တော့ ပလ္လင်ဘုရားက အာနန္ဒာနဲ့ မလှမ်းမကမ်းကို ရောက်နေတယ်'

ဤအဘွားကြီး၏ စကားကို ကားဆရာများကလည်း ထောက်ခံသည်။ ပုဂံမှာ မွေးကတည်းက နေလာသော ဒေသခံများ၏ စကားက ယုတ္တိခိုင်မာသည်။ သို့သော် အကြံပေးဟု ဆိုသော အင်္ဂလိပ်က ဇွတ်မှိတ်ငြင်းနေသည်။ အသုံးမကျတဲ့ ဒေသခံတွေ (Stupid locals) ဟုပင် ကျွန်တော်တို့ကို နှိမ်လိုက်ပါသေးသည်။ ကျွန်တော်ကလည်း အားကျမခံပင်-

'မရှိတာကို လိုက်ရှာတဲ့သူမှ တကယ်မိုက်မဲတဲ့သူပဲ'

ဟု ပြုံးပြီး ပြန်ဖြေမိသည်။

ဤတွင် ကျွန်တော်က ကွမ်းယာသည် အဒေါ်ကြီးကို-

'အဒေါ်ရယ် ဒီအင်္ဂလိပ်က ကျွန်တော် ပြောတာကို မယုံဘူး ဖြစ်နေတယ်၊ အဒေါ်ကပဲ တတ်သလောက် အင်္ဂလိပ်လို တိုက်ရိုက်ပြောလိုက်စမ်းပါဗျာ'

ဟု တောင်းပန်လိုက်ရာ Broken အင်္ဂလိပ်စာမှာ မခေသော ပုဂံသူဝီဝီ အမျိုးသမီးကြီးက-

'သစ်ဖိုတို့' 'အစ်' 'ဟီးယား' 'ဘတ်' 'ဒစ်ဂျစ်တယ် ကွန်ပျူတာ'

ဟု ဘိုလို မှုတ်လိုက်ပါလေသတည်း။ ဩော် မသိဘဲနှင့် အသိ၊ မတတ်ဘဲနှင့် အတတ်လုပ်ချင်သော နိုင်ငံခြားသားများပေတကား။

***Real Lives, Real Stories* မဂ္ဂဇင်း၊**
ဩဂုတ်လ၊ ၂၀၁၃ ခုနှစ်။

■

မှောင်ထဲက အလံတော်

မှောင်မည်းသော အခန်းတစ်ခုထဲမှာ ဖြစ်သည်။ 'နိုင်ငံတော် အလံတော်ကို အလေးပြုပါ' ဆိုသော စာသား ပေါ်လာပြီး မရှေးမနှောင်း တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံနှင့်အတူ နိုင်ငံတော် သီချင်းသံ ပျံ့လွင့်လာသည်။ ခန်းမထဲတွင် ရှိကြသော လူအားလုံးအနက် ဆယ်ရာခိုင်နှုန်းထက် မပိုသော လူများက မတ်တတ်ထရပ်ပြီး အလေးပြုကြသည်။ သူတို့ထဲကမှ နှစ်ယောက်၊ သုံးယောက်လောက်ကသာ နိုင်ငံတော် သီချင်း အဆုံးအထိ မတ်တတ်ရပ်နေကြသည်။ မတ်တတ်ရပ်သူ အများစုက တော့ စက္ကန့်အနည်းငယ်ခန့် ဝတ်ကျေဝတ်ကုန် မတ်တတ်ရပ်ကြပြီး ချက်ချင်း ပြန်ထိုင်ကြသည်။ လုံးဝ မတ်တတ်မရပ်ဘဲ နေကြာစေ့၊ ကွာစေ့ စားနေကြသူ များကလည်း လူများစု ဖြစ်သည်။ ဤသည်ကား ယနေ့ခေတ် ရုပ်ရှင်ရုံများသို့ သွားရောက် ကြည့်ရှုတိုင်း မရိုးနိုင်အောင် တွေ့မြင်ရသော မြင်ကွင်း ဖြစ်သည်။

တစ်ခါတွင်တော့ ရုပ်ရှင်ရုံထဲတွင် ဆယ်ကျော်သက်လူငယ် လေးဦး သည် နိုင်ငံတော်သီချင်း ပြီးဆုံးသည်အထိ ခွဲကောင်းကောင်းဖြင့် မတ်တတ်

ရပ် အလေးပြုနေတာ အံ့သြဝမ်းမြောက်ဖွယ် တွေ့ရပေသည်။ လူငယ်သော်လည်း အသိ မငယ်သော အာဂကောင်လေး၊ ကောင်မလေးတွေပါလားဟု စိတ်ထဲမှ ချီးကျူးမိပါသည်။ နိုင်ငံတော်အလံကို အလေးမပြုကြသော ယခုခေတ် မြန်မာနိုင်ငံသား တော်တော်များများနှင့် ပတ်သက်၍လည်း ပြောချင် စရာများ ရှိလာလေသည်။ ထို့ကြောင့် ဤဆောင်းပါးကို ရေးပါသည်။ နိုင်ငံတော်အလံကို အလေးမပြုကြခြင်း၌ ပြောစရာ အချက်နှစ်ချက် ရှိပေသည်။ ပြည်သူလူထုဘက်နှင့် အစိုးရဘက် ဖြစ်သည်။

ပြည်သူလူထုဘက်က ပြောရလျှင် အချို့ မြန်မာနိုင်ငံသား တော်တော်များများသည် နိုင်ငံတော် အလံနှင့် အစိုးရကို သိပ်ပြီး မကွဲပြားကြတာ တွေ့ရသည်။ အစိုးရနှင့် အလံ၊ အလံနှင့် အစိုးရ ပူးတွဲပြီး မြင်ထားသောအခါ အချို့သူများသည် 'ဒီအစိုးရ ငါ ကြိုက်တာမှ မဟုတ်တာ၊ ငါ မဲပေးခဲ့တာသူတို့ မဟုတ်ဘူး၊ ဘာဖြစ်လို့ ငါတို့က ဒီအလံကြီး အလေးပြုရမှာလဲ' ဟု လည်းကောင်း။ အချို့ကမူ-

'တို့က အရင်အလံတော်ကိုပဲ ကြိုက်တယ်။ အခု သုံးရောင်ခြယ်ဝါ စိမ်း နီ အလံကြီးကို မကြိုက်ဘူး၊ ဒီအလံတော်ကို အမျိုးသားညီလာခံမှာ အတည်ပြု သတ်မှတ်ကြတုန်းကလည်း ငါတို့ ပါခဲ့တာ မဟုတ်ဘူး' စသည်ဖြင့် ပြောကြသေး၏။ စင်စစ် နိုင်ငံတစ်နိုင်ငံ၏ အလံသည် ပါတီတစ်ခု၏ အလံ မဟုတ်ပေ။ အစိုးရ ဆိုသည်မှာ ရွေးကောက်ပွဲတွင် နိုင်လိုက်၊ ရှုံးလိုက်၊ တက်လိုက် ကျလိုက် ရှိနေမည် ဖြစ်ပြီး နိုင်ငံတော်အလံမှာ တိုင်းပြည်၏ အချုပ်အခြာ အာဏာပိုင်မှု သင်္ကေတအဖြစ် (လွတ်တော်မှ မပြင်မချင်း) အစဉ်အမြဲ တည်ရှိနေမည် ဖြစ်သည်။ အစိုးရတစ်ရပ်ကို ကြိုက်ခြင်း မကြိုက်ခြင်း၊ ပါတီတစ်ခုကို ကြိုက်ခြင်း မကြိုက်ခြင်းသည် လူတစ်ယောက်ချင်း၏ မွေးရာပါအခွင့်အရေး ဖြစ်သော်လည်း နိုင်ငံတော် အလံကို အလေးပြုခြင်းမှာ ထိုအလံကို ကြိုက်ခြင်း မကြိုက်ခြင်းနှင့် မဆိုင်၊ မိမိသည် အချုပ်အခြာ အာဏာပိုင်စိုးသော လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံမှ နိုင်ငံသား ဖြစ်သည်ဟု ကိုယ့်ဘာသာ ဂုဏ်ယူသည့်အနေဖြင့် နိုင်ငံကို လည်းကောင်း၊ မိမိကိုယ်ကိုယ် လည်းကောင်း လေးစားဂုဏ်ပြုကြခြင်း ဖြစ်သည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်အလံ

ကိုမှ အလေးမပြုချင်သော လူမျိုးသည် နိုင်ငံတစ်ခုနှင့် မထိုက်တန်သော လူမျိုး ဖြစ်သည်။ ကျွန်စော်နံနေသောလူမျိုး ဖြစ်သည်။

မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်တွင် ကိုလိုနီလက်အောက်ခံ ဘဝဖြင့် နေထိုင်ရစဉ်က အိုလံပစ်ပြိုင်ပွဲများတွင် မြန်မာအားကစားအဖွဲ့သည် ဝင်ရောက်ဆင်နွှဲခဲ့ဖူးပါသည်။ ထိုစဉ်အခါက မြန်မာနိုင်ငံသည် ဗြိတိသျှ ကိုလိုနီလက်အောက်တွင် ကျရောက်နေသည့်အပြင် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံ၏ လက်အောက်သို့ သွတ်သွင်းကာ အင်္ဂလိပ်တို့က အုပ်ချုပ်ခဲ့သဖြင့် မြန်မာ အားကစားအဖွဲ့သည် မြန်မာဖြစ်ပါလျက် မြန်မာနိုင်ငံတော်အလံကို ဆွဲကိုင်လွှင့်ထူခွင့် မရ၊ အိန္ဒိယ ဆိုသော အလံအောက်တွင်သာ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရပါသည်။ အချုပ်အခြာအာဏာ မရှိသဖြင့် ကိုယ့်အလံကိုပင် ကိုယ် မလွှင့်နိုင်ဘဲ မျက်နှာငယ်ခဲ့ရသောကာလ ဖြစ်သည်။

ယခုအချိန်အထိ ကမ္ဘာပေါ်ရှိ အချို့နိုင်ငံတချို့သည် လွတ်လပ်ရေး တည်းဟူသော အချုပ်အခြာအာဏာ အပြည့်အဝ မရရှိသေးသဖြင့် နိုင်ငံတကာ အစည်းအဝေးများ၊ ကုလသမဂ္ဂညီလာခံများ၊ အားကစားပြိုင်ပွဲများတွင် မိမိတို့ နိုင်ငံအလံတော်ကို မလွှင့်ထူနိုင်ကြရှာချေ။ ဥပမာ- တိဘက်နိုင်ငံသည် လည်းကောင်း၊ ထိုင်ဝမ်နိုင်ငံသည် လည်းကောင်း၊ ပါလက်စတိုင်းနိုင်ငံသည် လည်းကောင်း အချုပ်အခြာအာဏာ အပြည့်အဝ ပိုင်စိုးသော နိုင်ငံများ မဟုတ်ကြသဖြင့် နိုင်ငံတကာအလယ်တွင် တရုတ်(တိုင်ပေ) ဟူ၍ လည်းကောင်း၊ တရုတ် (တိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) ဟူ၍ လည်းကောင်း၊ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ဟူ၍ လည်းကောင်း စခန်းသွားနေရသည်များကို တွေ့နိုင်ပါသည်။ ထိုနိုင်ငံသားတို့ စိတ်ထဲတွင် နိုင်ငံတကာ၌ ကိုယ့်နိုင်ငံအလံ (အစစ်)ကို တရားဝင် လွှင့်ထူပြီး မတ်တတ်ရပ် အလေးပြုချင်စိတ်တို့ မည်မျှ ရှိလိုက်လေမည်နည်း။ နိုင်ငံတော်သီချင်းကို မည်မျှ အော်ဟစ် သီဆိုချင်ကြ မည်နည်း။

အဖိုးတန်ပစ္စည်းတစ်ခုကို အဖိုးတန်မှန်း မသိဘဲ ကိုယ့်လက်မှ လွတ်ကာမှ အရူးမီးဝိုင်း ကြေကွဲရမှုမျိုးလည်း ဥမ္မာဒန္တီပျို၊ ရွှဲကုန်သည်ပြဇာတ် စသော နိပါတ်တော်များ၊ ပုံပြင်များတွင် ရှိခဲ့ဖူးပါသည်။ လွယ်လွန်း၍ တန်ဖိုး

မထားသော အဖြစ်မျိုးသည် လူတို့၌ ဖြစ်တတ်ပါသည်။ စာရေးသူတို့ နိုင်ငံတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသော မြို့ကြီးများတွင် သင်္ကြန် ပွဲတော်ကြီးများ ဆင်နွှဲပြီး ရေပိုက်များ ရာနှင့် ထောင်နှင့်ချီကာ မြူးကြွ ပျော်ကြ၊ ပက်ကြသော မြင်ကွင်းကို ချောက်၊ ရေနံချောင်း၊ စလေ၊ တောင်တွင်း၊ မင်္ဂေး၊ နတ်မောက် စသော ရေရှားသော အေသများမှ အေသခံများက ငေးကြည့်နေရပါ သည်။ ရန်ကုန်သူ ရန်ကုန်သားနှင့် အခြားမြို့ကြီးများမှ မြို့လူထုကမူ ရေများ အလျှံပယ် သုံးစွဲနေရသည်ကို တန်ဖိုးရှိလှသဖြင့်မှန်း မသိ၊ နှမြောရကောင်းမှန်းလည်း မသိပေ။ အချို့ဆိုလျှင် မိမိအိမ်မှ ရေဘုံဘိုင်ခေါင်းမှ ရေများ လျှံကျကာ မြောင်းထဲသို့ ၂၄ နာရီ ပတ်လုံး အလဟဿ စီးဆင်းနေသည်ကို အရေးတယူ ဆောင်ရွက်ခြင်းမပြုဘဲ အရေးမကြီးသော ကိစ္စတစ်ခုသဖွယ် ပြုမူနေထိုင်ကြ သည်ကို တွေ့ဖူး၊ မြင်ဖူးပါသည်။ ရေတစ်ပုံး ရရန် သုံးမိုင်ခန့် နေပူထဲတွင် ခြေကျင် သွားခပ်ရမှ ရေတန်ဖိုးကို သိကြပါသည်။ ပေါပေါများများ ရနေသူ က တန်ဖိုး နားလည်မည်မဟုတ်ပါ။ စဉ်းစားဉာဏ် ရှိလျှင်မူကား စာနာစိတ် ဖြင့် တွေးကြည့်လျှင် သိနိုင်ပါသည်။ အလံတော် ကိစ္စမှာလည်း ထိုနည်း နှင်နှင် ဖြစ်ပါသည်။

အင်္ဂလိပ် လက်အောက်တွင် နေခဲ့ရစဉ်က ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ ဗြိတိသျှတို့၏ ယူနီယံဂျက် အလံကိုပဲ အရိုအသေ အလေးအမြတ်ပြု(အလေးပြု)ခဲ့ကြရသည်။ ထိုစဉ်က မြန်မာကြီးများ၏ ရင်ထဲဝယ် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး၏ အလံတော်ကို မည်မျှ အလေးပြု ချင်ရှာလိုက်မည်နည်း။ ယခုတော့ ကိုယ့်လူမျိုးသည် လွတ်လပ်ပြီ။ ကိုယ့် အစိုးရနှင့် ကိုယ့်အလံ ရှိလေပြီ။ ကိုယ့်အချုပ်အခြာအာဏာကို ကိုယ် ပိုင်လေ ပြီ။ ကိုယ့်အလံကိုယ် အလေးပြုစရာ ခိုင်ခိုင်မာမာ ရှိလေပြီ။နိုင်ငံတော်သီချင်း ဟူ၍ ထင်ထင်ရှားရှား ရှိလေပြီ။ ယူနီယံဂျက်အလံကို ချ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို ၁၉၄၈ ဇန်နဝါရီ ၄ ရက်နံနက်က လွှင့်တူခဲ့ခြင်းမှာ အလံချ အလံတင် အခမ်းအနားသက်သက်သာ မဟုတ်။ ဗြိတိသျှတို့၏ အာဏာစက် ကျဆုံးသွားပြီး မြန်မာပြည်တွင် မြန်မာတို့၏ အချုပ်အခြာအာဏာ ပြန်လည်ပိုင်စိုးပြီဟူသည့် သင်္ကေတကို ကမ္ဘာသိ ပြလိုက်သော အခမ်းအနား ဖြစ်သည်။

အစိုးရကို မကြိုက်တာနှင့် အလံကို တရားခံရှာစရာ မလိုပေ။ ၁၉၈၈ အရေးအခင်းကာလက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရကို မကျေနပ်သဖြင့် အချို့က နိုင်ငံတော်အလံကို ထဘီလုပ် ဝတ်ခြင်း၊ မီးရှို့ခြင်းများ လုပ်ခဲ့ကြသည်။ အကယ်စင်စစ် အစိုးရကို မကြိုက်လျှင်သော်မှ ထိုအချိန်က တရားဝင်တည်ရှိနေသော နိုင်ငံတော်အလံကိုမူကား အလေးဘား လေးစား ရပေမည်။ အလံတော်သည် အချုပ်အခြာအာဏာ ပိုင်စိုးမှု၏ သင်္ကေတ ဖြစ်သည်။

ယခုအခါ တိုင်းခြား ပြည်ဝေးရှိ ဘင်္ဂါလီအချို့က မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များနှင့် မြန်မာအစိုးရကို မကျေနပ်သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား မီးရှို့ဆန္ဒပြသည့် သတင်းများကို အင်တာနက်မှာ ကြည့်ရှုဖတ်ရပေသည်။ ဤလုပ်ရပ်သည် သန်းခြောက်ဆယ်သော မြန်မာနိုင်ငံသားအားလုံးကို စော်ကားလိုက်ခြင်း ဖြစ်သည်။ နိုင်ငံ၏အလံကို မီးရှို့ခြင်းမှာ နိုင်ငံ၏ အချုပ်အခြာ အာဏာကို မထီမဲ့မြင် ရှုန့်ခြင်း ဖြစ်သည်။ ဤအပြုအမူမျိုးတွင် ရွေးပြည်အေးတရားဟောရမည့်အချိန် မဟုတ်၊ သံတမန်ရေးအရသော်လည်းကောင်း၊ မိဒီယာအရသော် လည်းကောင်း ပြင်းပြင်းထန်ထန် တုံ့ပြန်ရမည့်ကိစ္စ ဖြစ်ပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ဆတ်ဆတ်ထိမခံ တုံ့ပြန်ရမည့်ကိစ္စ ဖြစ်သည်။ ယခုအချိန်အထိတော့ ထိုဌာနနှစ်ခုမှာ သွေးအေးလွန်းနေပါသည်။ နှာစေးနေကြပါသည်။ ထို့ကြောင့် ဘင်္ဂါလီများ ရောင့်တက်ကာ သမ္မတကြီးဦးသိန်းစိန် ဓာတ်ပုံကိုပင် မီးရှို့ပြလိုက်ကြသေးသည်။ ရင်နာဖွယ်ရာ ဖြစ်သည်။ အကြောင်းမသိသူ နိုင်ငံတကာမှ ပြည်သူများ အမြင်တွင် မြန်မာနိုင်ငံသည် အလွန်တရာ ဆိုးသွမ်းနေသဖြင့် နိုင်ငံတော်အလံကို မီးရှို့ခံနေရသယောင် အထင်ခံရနိုင်ပါသည်။ ထိုသို့ အထင်ခံရလည်း မနည်းဘူးဟူသော သဘောဖြင့် ဘင်္ဂါလီများက အကွက်ချကာ အလံတော်ကို မီးရှို့ကြခြင်း ဖြစ်ပါသည်။

မိမိနိုင်ငံ အလံတော်ကို မိမိနိုင်ငံသားများက ကာကွယ်စောင့်ရှောက်ရပေမည်။ နိုင်ငံရေးပါတီကြီးတစ်ခု၏ ပါတီညီလာခံတွင် နိုင်ငံတော် အလံကို ပြောင်းပြန် ဖောက်ထိုးလွှင့်ထူခဲ့သည်ကိုလည်း မြင်ဖူးပါသည်။ တမင်လုပ်သည်လား၊ မတော်တဆ မှားသည်လားတော့ ကာယကံရှင်များပဲ သိပေလိမ့်

မည်။ စင်စစ်သော်ကား မမှားသင့်သည့် အမှား ဖြစ်ပေသည်။ ပြောလိုရင်းကား ပြည်သူလူထုသည် ဘာအကြောင်းကြောင့်ပဲ ဖြစ်စေ တရားဝင် တည်ရှိနေသော ကိုယ့်နိုင်ငံတော်အလံကို လေးစား တန်ဖိုးထားသင့်ပါ၏။ ရုပ်ရှင်ရုံထဲမှာပင် ဖြစ်စေ မထီမဲ့မြင် မပြုလုပ်သင့်ပေ။

နောက်တစ်ခါ ပြောစရာ ရှိသည်မှာ အစိုးရဘက်က ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ သင်္ကေတ ဖြစ်သော အလွန်မြင့်မြတ်သည့် နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းကို ရုပ်ရှင်ရုံထဲသို့ သွင်းသင့် သလားဟူ၍ မေးခွန်းထုတ်စရာ ရှိသည်။ နိုင်ငံတော်သီချင်း ဆိုသည်မှာ နိုင်ငံခြားခေါင်းဆောင်ကြီးများကို ဂုဏ်ပြုတပ်ဖွဲ့မှ ကြိုဆိုရာတွင် လည်းကောင်း၊ နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများတွင် ပွဲမစမီ သီဆိုတီးမှုတ်ရာတွင် သော် လည်းကောင်း၊ ဆုရရှိသောအသင်း၏ နိုင်ငံတော်အလံကို လွှင့်ထူရာ၌ သော် လည်းကောင်း၊ နံနက်တိုင်း ကျောင်းရှေ့ အလံတင် အခမ်းအနားတွင် လည်းကောင်း၊ စစ်တပ်ရဲစခန်းများတွင် ကတိသစ္စာ ဆိုကြရာတွင် လည်းကောင်း သီဆိုတီးမှုတ်ကြရိုး ထုံးစံရှိပါသည်။ ရုပ်ရှင်ရုံထဲတွင် နိုင်ငံတော်အလံကို အလေးပြုစေခြင်းမှာ ကွန်မြူနစ်၊ ဆိုရှယ်လစ် စသော ခေတ်ဟောင်းက နိုင်ငံရေးအရိပ်များ ထိုးနေသလို ဖြစ်နေပါသည်။ ကွန်မြူနစ်နိုင်ငံများတွင် သူတို့၏ ပါတီ မူဝါဒကို နိုင်ငံသားများ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ အတင်းအဓမ္မ ဝါဒဖြန့်လေ့ရှိသည်ဖြစ်ရာ ထိုအထဲမှ တစ်ခုမှာ ရုပ်ရှင်ရုံ မရှောင်၊ စက်ရုံ အလုပ်ရုံ မရှောင် အလံတော်ကို အလေးပြုရခြင်းလည်း ပါဝင်ပေသည်။

ဒီမိုကရေစီနိုင်ငံကြီးများတွင်မူကား ပြည်သူက ရွေးကောက်သော အစိုးရက ပြည်သူကိုယ်စား အုပ်ချုပ်နေသည် ဖြစ်ရာ အစိုးရက ပြည်သူလူထုအား ဇွတ်အဓမ္မ ရုပ်ရှင်ရုံထဲအထိ ဝါဒဖြန့်နေစရာ မလိုတော့ပေ။ ကျွန်တော်သည် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့နှင့် စကော့တလန်နိုင်ငံ အီဒင်ဘရာမြို့များတွင် ရုပ်ရှင် ဝင်ကြည့်ဖူးရာ ကျွန်တော် ကြည့်သော ရုပ်ရှင်ရုံအားလုံးပင် နိုင်ငံတော်အလံကို ပြသခြင်း မရှိကြောင်း သတိပြုမိပါသည်။ နိုင်ငံခြား တိုင်းပြည်များသို့ ရောက်ဖူးသူများအား မေးကြည့်ရာ သူတို့ ကြည့်ခဲ့ဖူးသမျှ ပြည်ပ ရုပ်ရှင်ရုံများတွင် နိုင်ငံတော်အလံနှင့် အမျိုးသားသီချင်း ပြသခြင်း မရှိကြောင်း

တညီတညွတ်တည်း ပြောပြကြပါသည်။ ကျူးဘား၊ မြောက်ကိုရီးယား စသော အာဏာရှင်နိုင်ငံများမှာတော့ ပြဿနာ သေသေချာချာ မသိပါ။

နောက်တစ်ချက်မှာ ခေတ်ကာလ ကွာဟချက် ဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရစဉ် ၁၉၄၈ ခုနှစ်ခန့်က ရုပ်ရှင် ဆိုသည်မှာ အလွန်ထူးဆန်းသောကိစ္စ ဖြစ်ပါသည်။ ကမ္ဘာပေါ်၌ အခြား ဖျော်ဖြေရေးများလည်း များများစားစား မရှိရာ ရုပ်ရှင်မှာ အထွတ်အမြတ် ဖြစ်ပေသည်။ ရုပ်ရှင်ရုံ ဆိုသည်မှာ ထူးခြားဆန်းပြားသော နေရာတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ရုပ်ရှင်သည် ထိုခေတ်ထိုအခါက ကြီးမားဆန်းပြားသော ပွဲလမ်းသဘင်ကြီး ဖြစ်နေပေသည်။ ထို့ကြောင့် လွတ်လပ်ခါစ မျိုးချစ်စိတ် ပြင်းထန်နေသော နိုင်ငံအသစ်တစ်ခုသည် သူတို့နိုင်ငံ၏ အမျိုးသားသင်္ကေတ ဖြစ်သော နိုင်ငံတော်အလံနှင့် အမျိုးသားသီချင်းကို ရုပ်ရှင်ရုံအထဲထိ သွတ်သွင်းခဲ့ကြခြင်း ဖြစ်ဟန်တူပေသည်။ သူ့ခေတ် သူ့အခါနှင့် မှားသည်ဟု ဆို၍ မရပါ။

သို့သော် အချိန်ကာလ ရေစီးကြောင်းနှင့်အတူ ခေတ်သည် ပြောင်းခဲ့ပြီ ဖြစ်သည်။ ယနေ့ခေတ်သည် လွတ်လပ်ရေးရခါစ ၁၉၄၈ ခုနှစ် မဟုတ်တော့သလို၊ စစ်အေးတိုက်ပွဲကာလ ဖြစ်သော ၁၉၇၀-၁၉၈၀ ကာလများလည်း မဟုတ်တော့ပါ။ ကမ္ဘာပေါ်တွင် ကွန်မြူနစ်ဝါဒ၊ အာဏာရှင်ဝါဒများလည်း ခေတ်မစားတော့ပါ။ မျိုးချစ်စိတ်ကို ရုပ်ရှင်ရုံထဲအထိ ဆွဲခေါ်ရမည့်ခေတ် မဟုတ်တော့ပါ။ အီးမေးလ်ခေတ်၊ အင်တာနက်ခေတ်၊ အိုင်တီခေတ်တွင် ရုပ်ရှင်ကြည့်သည် ဆိုသည်မှာလည်း ဘာမှ ထူးဆန်းသောကိစ္စ မဟုတ်တော့ပါ။ ရုပ်ရှင်ရုံထဲသို့ ရောက်လာကြသူများမှာလည်း မျိုးချစ်စိတ်ဓာတ် ရှိခြင်း၊ မရှိခြင်းထက် ခေတ္တခဏ အပန်းဖြေရန် ပေါ့ပေါ့ပါးပါး ရောက်လာကြခြင်း ဖြစ်သည်။ ထိုအနေအထားများကြောင့် ရုပ်ရှင်ရုံထဲတွင် နိုင်ငံတော်သီချင်း ဖွင့်ပြ၍ နိုင်ငံတော်အလံအား အလေးပြုစေခြင်းမှာ သင့်တော်ပါလေစဟု တွေးမိပါသည်။ နဂိုက တန်ဖိုးကြီးမားသော နိုင်ငံတော်သီချင်းနှင့် အလံမှာ အလေးမထားသူများ၏ကြားသို့ ရောက်သွားသောအခါ နေရင်းထိုင်ရင်း တန်ဖိုးကျသွားသလို ဖြစ်နေပေသည်။

မြန်မာစကားပုံတွင် ငရုတ်သီးနှင့် ပေါင်း၍ ကြက်သွန်မှာ ရော အထောင်းခံရသည်ဟူသော စကားပုံ ရှိသည်။ 'ထိုင်နေ အကောင်းသား၊ ထသွားမှ ကိုးမှန်းသိ' ဟူသော စကားလည်း ရှိသည်။ 'ဒူးနေရာဒူး တော်နေရာ တော်' ဟူသော စကားပုံလည်း ရှိသည်။ 'နမ်းပါများတော့ ပြယ်၊ မြင်ပါများ တော့ငယ်' ဟူသော စကားလည်း ရှိ၏။ ထိုစကားအားလုံးကို သုံးသပ်ကြည့် သောအခါ ပစ္စည်းတစ်ခုသည် မည်မျှပင် ကောင်းသော်လည်း နေရာမှားပြီး ရောက်လာပါက တန်ဖိုး ယုတ်လျော့သွားတတ်သည် ဆိုခြင်းကို ညွှန်ပြနေ ပေသည်။

နိုင်ငံတော်အလံ ကိစ္စတွင်လည်း ပြည်သူလူထုဘက်က ကိုယ့်နိုင်ငံတော် အလံကို မည်သည့် အခြေအနေမှာပဲ ဖြစ်ဖြစ် လေးစားဖို့ လိုမှာ ဖြစ်သလို အစိုးရဘက်ကလည်း အမှောင်ထဲမှာ ပြနေသော အလံကို တင့်တင့်တယ်တယ် အလင်းရောင်အောက်သို့ ခေါ်ထုတ်ကာ လိုအပ်သည့် အခမ်းအနားလောက် တွင်မှ တည်တည်တံ့တံ့ အသုံးချသင့်ပါကြောင်း တင်ပြလိုက်ရပေသည်။

News Watch ဂျာနယ်
၂၀-၅-၂၀၁၃။

■

စကော့တလန်မှသည် မြောက်ဥက္ကလာဆီသို့

ယခုခေတ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများ အလွယ်တကူ အသုံးပြုနိုင်ရန် မိုဘိုင်းဖုန်းဆင်းကဒ်များကို အလွန်သက်သာသော နှုန်းထားဖြင့် တစ်ခုလျှင် ၁၅၀၀ ကျပ်ဖြင့် ရောင်းချပေးသောအခါ အတိတ်ကို သတိရမိလေသည်။ အတိတ် ဆိုသည်ကား သိပ်ကြာသေးသည်တော့ မဟုတ်ပါ။ လွန်ခဲ့သော ၉ နှစ်ကျော်က အဖြစ်အပျက်များ ဖြစ်ပါသည်။

ကျွန်တော်သည် ဧည့်လမ်းညွှန်ဘဝဖြင့် လုပ်သက် ကြာလာသော်လည်း ၂၀၀၃ ခုနှစ်အထိ ကိုယ်ပိုင်ဖုန်း မရှိပါ။ ကျွန်တော်တို့ အလုပ်မှာ ကုမ္ပဏီတစ်ခု၏ အမြဲတမ်းဝန်ထမ်း မဟုတ်ဘဲ အလုပ်ရှိပါမှ ခရီးသွားကုမ္ပဏီများက ဖုန်းဆက်ပြီး ဧည့်လမ်းညွှန် ကြိုတင် ငှားရမ်းကြခြင်း ဖြစ်သဖြင့် သူတို့ ဖုန်းဆက်ချိန်တွင် ကိုယ်နှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဖို့ အရေးကြီးလေသည်။ ဖုန်းလာမှ အလုပ်ရသောခေတ် ဖြစ်သဖြင့် တယ်လီဖုန်း အဆက်အသွယ်မှာ အလွန်အရေးကြီးလေသည်။ မြန်မာ့ခရီးသွားလုပ်ငန်းကလည်း ယခုလို ကောင်းမွန်သော အဆင့်မှာ မရှိဘဲ ဖုတ်လှိုက်ဖုတ်လှိုက်ဖြင့် အသက်ငင်နေသောကာလ ဖြစ်သဖြင့် ဂိုဒေါင်တစ်ယောက်ကို ဖုန်းဆက်၍ မရလျှင်

ယခုခေတ်လို ဇွဲကောင်းကောင်းဖြင့် ဆက်သွယ်မနေကြဘဲ အဆင်ပြေမည့် (ဖုန်းခေါ်၍ ရမည့်) နောက်ထပ်ဂိဒ်တစ်ယောက်ကို ပြောင်း၍ ဆက်သွယ်တတ်ကြပါသည်။ ထို့ကြောင့် ကိုယ့်ကို ဆက်သွယ်၍ရမည့် ဖုန်းနံပါတ်တစ်ခု ပေးထားနိုင်ရေးသည် ဧည့်လမ်းညွှန် တစ်ယောက်အတွက် ဗဟုသုတတို့၊ ဘာသာစကား ကျွမ်းကျင်မှုတို့ထက် အရေးကြီးနေသော ကာလလည်း ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် ကိုယ်ပိုင်ဖုန်း မရှိသဖြင့် အိမ်နီးနားချင်း တစ်အိမ်၏ ဖုန်းနံပါတ်ကို ခရီးသွားကုမ္ပဏီများအား ပေးထားရပါသည်။

ထိုအိမ်နီးချင်းမှာ သဘောကောင်းပါသည်။ ဖုန်းလာတိုင်း ကျွန်တော့်ကို ခေါ်ပေးပါသည်။ သို့သော် အခက်အခဲတစ်ခု ရှိရုံမှာ သူ့အိမ်နှင့် ကျွန်တော့် အိမ်သည် ၁၂ လမ်းနှင့် ၁၃ လမ်းတွင် တည်ရှိပြီး အိမ်နောက်ဖေးချင်း ဆက်လျက် ဖြစ်သည်။ ဖုန်းလာလျှင် သူတို့ အိမ်သားတစ်ယောက်က 'ကိုညီညီ၊ ဖုန်းလာတယ်' ဟု အော်လိုက်ပါက နောက်ဖေးချင်းကပ်လျက် ဖြစ်၍ ကျွန်တော်တို့ အိမ်လားများ ကြားကာ 'လာပါပြီ' ဟု ပြန်အော်လိုက်ရသည်မှာ လွယ်ပါသည်။ သို့သော် တကယ်တမ်း ဖုန်းအိမ်သို့ သွားသောအခါ နောက်ဖေးချင်း ကူးသွား၍ မရသဖြင့် ၁၂ လမ်းမှ ၁၃ လမ်း ရောက်အောင် အိမ်ရှေ့မှ လမ်းတစ်ပတ်ကြီး သွားရပါသည်။ တစ်ခါတလေ စက်ဘီးဖြင့် သွားရသည်။ တစ်ခါတလေ ခြေကျင် ပြေးသွားရပါသည်။ ထိုဒုက္ခကို ဂိုဒ် စဖြစ်သော ၁၉၉၅ မှ GSM ဖုန်းဝယ်လိုက်သော ၂၀၀၃ ခုနှစ်အထိ (၈ နှစ်ခန့်) ဒဏ်ခံခဲ့ရပါသည်။ ၂၀၀၂ တွင် မြောက်ဦးဌ နိုင်ငံခြားသားနှင့် Tour ခရီးသွားရာ လေးမြို့မြစ်ထဲတွင် စက်လှေ ပျက်နေသော်လည်း ဟန်းဖုန်း မရှိသဖြင့် ကူမည့်၊ ကယ်မည့်သူကို မဆက်သွယ်နိုင်ခဲ့ပါ။ ထိုခရီးမှ ပြန်လာသောအခါ ဖုန်းတစ်လုံးတော့ မဖြစ်မနေ ဝယ်တော့မည်ဟု ဆုံးဖြတ်ကာ ဖုန်းဝယ်ဖို့ စီစဉ်ပါသည်။ ထိုစဉ်က GSM မိုဘိုင်းဖုန်း ဆင်းကတ်တစ်ခု၏ တန်ဖိုးမှာ သိန်းသုံးဆယ်ခန့် ရှိပါသည်။ တစ်နေ့လျှင် လုပ်အားခ ဒေါ်လာ ၂၀ သာ ရသော ဧည့်လမ်းညွှန် တစ်ယောက်အတွက် တယ်လီဖုန်းတစ်လုံး၏ တန်ကြေးမှာ ရက်ပေါင်း ၁၅၀ တိတိ (၅ လတိတိ) လုပ်ခလစာ ဖြစ်သည်။ ထိုစဉ်က အနေအထားအရ ခရီးသွားရာသီတစ်ခုလျှင် ရက် ၅၀ လောက် လိုက်ရဖို့ကိုပဲ Freelance ဧည့်လမ်းညွှန်များမှာ ကုတ်ကုတ်ကတ်ကတ် ကြိုးစားနေရရာ ၅ လ ဆက်တိုက်

ခရီးသွားပါမှ ရမည့် ပိုက်ဆံနှင့် (ဒါတောင် ရသောငွေကို ထမင်းမစား၊ အသုံးမစွဲဘဲ စုပါမှ) တန်ကြေးညီမျှသည် ဆိုတော့ ဘယ်လောက် ခက်လိုက်မလဲ စဉ်းစားကြည့်စေချင်ပါသည်။ တိုင်းပြည်၏ အညွှန်အဖူးများ၊ ပညာတတ် နည်လမ်းညွှန်များ၏ နဖူးက ချွေး ခြေမ ကျသော သမ္မာအာဇီဝ လုပ်အားခ ငွေများမှာ ဘာမှ မသုံးလိုက်ရဘဲ တယ်လီဖုန်းတစ်လုံးအတွက် ဤနည်းဖြင့် ချွတ်ခြုံကျသွားသော နိုင်ငံမှ မဆင်းရဲလျှင် ဘယ်နိုင်ငံသည် ဆင်းရဲဦးမည်နည်း။

တိုတိုပြောရလျှင် 09 514 ဖြင့် စသော GSM မိုဘိုင်း Sim ကဒ်ကလေး တစ်ခုကို ကျွန်တော် သုံးနှစ်ခန့် မစားရက် မသောက်ရက် ခြစ်ကုတ်စုဆောင်းထားသော ငွေလေးဖြင့် မှောင်ခိုထဲမှ ၂၉ သိန်းတိတိ ပေးပြီး ဝယ်လိုက်ပါသည်။ ဟန်းဆက်ဖိုးပါ ပေါင်းလျှင် ကုန်ကျငွေမှာ သိန်း ၃၀ ဖြစ်သည်။ ထိုစဉ်က နိုင်ငံတော်မှ တရားဝင်ရောင်းချသော ဈေးမှာ ၁၅ သိန်း ဖြစ်သည်။ သို့သော် အပြင်လူများ ဖုန်းတစ်လုံး ဝယ်ခွင့်ရဖို့ ဆိုတာ လူပြည်မှ အပ်တစ်စင်းနှင့် ဗြဟ္မာ့ပြည်က အပ်တစ်စင်း တိုက်မိဖို့ မလွယ်သည်ထက် ပို၍ မလွယ်ကူပါ။ မှောင်ခိုထဲက ဝယ်ရပါသည်။ မှောင်ခို ရောင်းသူမှာ မြန်မာ့ဆက်သွယ်ရေးဝန်ထမ်းများနှင့် နီးစပ်သော အတွင်းလူတစ်ယောက် ဖြစ်သည်။ ကျွန်တော်တို့အတွက် ခက်ခဲလွန်းသော ဖုန်းသည် သူတို့အတွက် လွယ်ကူလွန်းနေပုံမှာ ဖုန်းနံပါတ်များစွာကို တန်းစီ ရေးထားသော စာရွက်တစ်ခုကို ထုတ်ပြကာ ဘယ်နံပါတ် ကြိုက်သလဲဟု ကျွန်တော့်ကို ရွေးခိုင်းပါသည်။ သူခရီးဆောင်လက်ဆွဲအိတ်ထဲတွင်လည်း Sim ကဒ် များစွာ ပါလာပါသည်။ ထိုစဉ်က ခရိုနီဟူသော ဝေါဟာရ ခေတ်မစားသေးပါ။ ပင်ပန်းကြီးစွာ နေပူမရှောင် မိုးရွာမရှောင် စည်လမ်းညွှန်အလုပ်ဖြင့် ရှာထားသော ငွေ ၂၉ သိန်းကို ထိုလူအား ပေးလိုက်သောအခါ ကျွန်တော့်အားလက်မ လက်သည်းခွံလောက် အရွယ်ရှိမည့် ကတ်ကလေးတစ်ခု ပြန်ပေးပါသည်။ ၂၉ သိန်းတန်သော လက်မအရွယ်လောက် ကဒ်ပိစ်လေးကို ကျွန်တော်တို့ လင်မယား တအံ့တသြ ကြည့်ကြရပါသည်။ ဤနည်းဖြင့် ဖုန်းတစ်လုံး ကျွန်တော့်လက်ထဲသို့ ရောက်လာပါသည်။

ရုပ်ရှင်တွေထဲကလို သုံးနှစ် ကြာပြီးနောက်ဟု ဆိုရမည့် ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ကျွန်တော် နိုင်ငံခြားသို့ အလည်သွားပါသည်။ အလည်ဆိုသော်လည်း ခင်မင်ရင်းနှီးသော တိုးရစ်မိတ်ဆွေများက ခေါ်သဖြင့် သွားခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့ သွားရင်း စကော့တလန်နိုင်ငံ အီဒင်ဘရာမြို့သို့ ရောက်နေဆဲ တစ်နေ့ဝယ် ကျွန်တော့်မိန်းမ ရှိရာ ရန်ကုန်မြို့သို့ အီဒင်ဘရာမှ လမ်းဘေးဖုန်းဖြင့် လှမ်းခေါ်လိုက်စဉ် ကျွန်တော့်အမျိုးသမီးက ဝမ်းသာအားရဖြင့်-

"အတော်ပဲ ကျွန်မလည်း ရှင့်ဆီ အခုပဲ အီးမေးလ် ပို့ပြီး အကြောင်းကြားတော့မလို့ပဲ၊ ရှင် တင်ထားတဲ့ ဖုန်းလျှောက်လွှာက မဲပေါက်တယ်သိလား။ မနေ့ကပဲ ဆက်သွယ်ရေးက ဝန်ထမ်းတစ်ယောက် လာအကြောင်းကြားတယ်။ အဲဒါ ပိုက်ဆံ ဆယ်သိန်း သွင်းရမယ်။ ပြန်ရောင်းရင် ၁၂ သိန်းလောက် မြတ်မယ် ပြောတယ်၊ ဒါပေမဲ့ သူတို့က လူကိုယ်တိုင် မလာနိုင်ရင် မှတ်ပုံတင်မူရင်းရယ်၊ အိမ်ထောင်စုစာရင်းရယ် ပြရမယ် ပြောနေတယ်။ အဲဒါတွေ ခုနစ်ရက်အတွင်း မပြနိုင်ရင် အဆုံးတဲ့၊ ထုတ်မပေးတော့ဘူးတဲ့။ ကျွန်မလည်း ရှာတာ နဲ့နေပြီ။ ရှင့်မှတ်ပုံတင် ရှာမတွေ့ဘူး။ အဲဒါ ရှင့်ဆီမှာ ရှိရင် အမြန်ပို့ပေးပါ"

မိန်းမဖြစ်သူ ဖုန်းချသွားသောအခါမှ ကျွန်တော် တစ်ယောက်တည်း စဉ်းစားခန်းဝင်ရသည်။ ထိုစဉ်က ရန်ကုန်မြို့တွင် စာအိတ်ကလေးတွေဖြင့် ဖုန်းလျှောက်လွှာတွေ ရမယ်ဟု လမ်းဘေးတွင် တစ်ဆောင် တစ်ရာဖြင့် လျှောက်လွှာများ ပလူပျံအောင် ရောင်းကြရာ ကျွန်တော်လည်း အများတကာလို ပေါက်လို ပေါက်ငြား ကံစွပ်ကံညှာသဘောဖြင့် သုံး၊ လေးကြိမ် စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားခဲ့ပါသည်။ လျှောက်လွှာတင်ထားတာလည်း တစ်နှစ်လောက် ရှိသဖြင့် မေ့တော့တော့ပင် ဖြစ်နေပါပြီ။ တင်ထားတာ ကြာသဖြင့် မပေါက်တော့ဘူးဟု ထင်ရာမှ ယခုအခါ ဘယ်လျှောက်လွှာက ဘယ်လို ထပေါက်မှန်းပင် မသိတော့ပါ။ ကာယကံရှင် မရှိပါဘူး၊ နိုင်ငံခြား သွားပါသည် ဆိုကာမှ မှတ်ပုံတင်၊ သန်းခေါင်စာရင်းဖြင့် ခုနစ်ရက်အတွင်း လာမထုတ်လျှင် အဆုံး ဆိုသည်မှာလည်း နားလည်ရခက်လှသည်။ လာမထုတ်နိုင်လျှင် သူတို့ပဲ ကြားကဖြတ်၍ ယူချင်လို့ပဲ ဝန်ထမ်းတွေက အကွက်ထွင်သလား၊ မြန်မာ့ဆက်သွယ်ရေး၏ မူဝါဒလား မသိတော့ပေ။

ဤနေရာ၌ ကျွန်တော်ကလည်း ကျွန်တော်ပါပေ။ နိုင်ငံခြားသို့ သွားပါသည် ဆိုကာမှ မှတ်ပုံတင် ဆိုတာကြီးကို ကိုယ်နှင့်မကွာ ယူဆောင် သွားမိသည်။ ကျွန်တော့်အတွေးက မြန်မာနိုင်ငံ မင်္ဂလာဒုံလေဆိပ်သည် မြန်မာ အချင်းချင်း အလွန် အရစ်ရှည်ကာ စစ်လား ဆေးလား ပြဿနာလုပ်လေ့ ရှိသည်ဟု ကြားဖူးသဖြင့် ပြန်လာသောအခါ အထောက်အထား ပြည့်စုံစေရန် (မှတ်ပုံတင်တောင်းက ပြနိုင်စေရန်) ကိုယ်နှင့်မကွာ ယူသွားမိခြင်း ဖြစ်သည်။ လူတို့တွင် အကျင့်ဗီဇဟူသည် ဖျောက်နိုင်ခဲလှ၏။ ကျွန်တော့်မိတ်ဆွေ ရှေ့ဟောင်း သုတေသနအရာရှိတစ်ယောက် ဂျပန်သို့ လေ့လာရေး သွားသောအခါ ဂျပန် ရောက်၍ ခရီးဆောင်သေတ္တာကို ဖွင့်လိုက်သောအခါ သုံးတောင့်ထိုး ဓာတ်မီး ကြီးတစ်လက် ထွက်လာသည် ဆို၏။ အားလုံးက ဘာလို့ ဒါကြီး ယူလာ သလဲဟု မေးသောအခါ သူ ဖြေသော စကားမှာ မီးပျက်ရင် ထွန်းရအောင် လို့ရမည်ရ ယူလာတာပါ ဟူသတည်း။ ယခု ကျွန်တော်လည်း ဤသို့ပင် ဖြစ်နေပါသည်။ စကော့တလန်သို့ နိုင်ငံသားစိစစ်ရေးကဒ်ပြား ယူလာမိကာမှ ရန်ကုန်တွင် တယ်လီဖုန်း လျှောက်လွှာက မဲပေါက်နေချေပြီ။

ထိုကိစ္စကို ကျွန်တော် သိပ်ကြာကြာ မစဉ်းစားလိုက်ရပါ။ မြန်မာ ပြည်သို့ ကျွန်တော်ကိုယ်တိုင် (သို့မဟုတ်) မှတ်ပုံတင်ကတ်ပြား သုံး လေးရက် အတွင်း ပြန်ရောက်မှ ဖြစ်မည်။ ကျွန်တော့် နိုင်ငံခြားခရီးစဉ်သည် မပြီးဆုံး သေး။ ဆွစ်ဇာလန်သို့ ဆက်သွားစရာ ရှိသေးသဖြင့် ချက်ချင်း မြန်မာပြည် ပြန်လာဖို့ မဖြစ်နိုင်။ မှတ်ပုံတင်ကို အချိန်မီ ပြန်မပို့နိုင်ပါက ပေါက်ထားသော ဖုန်းက ဆုံးဦးမည်။ မှတ်ပုံတင်ကို အချိန်မီ ပို့ပေးနိုင်ပါက ဖုန်းစလစ်ကို ပြန်ရောင်းလျှင် ၁၀ သိန်းကျော်၊ ၁၁ သိန်းခန့် အမြတ်ထွက်ပေလိမ့်မည်။

ထို့ကြောင့် ကျွန်တော်သည် စကော့တလန်နိုင်ငံ အီဒင်ဘရာမှ၊ ရန်ကုန်မြို့ မြောက်ဥက္ကလာ နေအိမ်သို့ နှစ်ရက်၊ သုံးရက်အတွင်း မရောက် ရောက်အောင် မှတ်ပုံတင်ကတ်ပြားကို အမြန်ချောပို့ဖြင့် ပို့ပေတော့အံ့ဟု ဆုံးဖြတ်လိုက်ပါသည်။ ကျွန်တော့်အဖြစ်ကို အင်္ဂလိပ်များ၊ စကော့တစ်ရှိ လူမျိုးများကို ပြောပြတော့ တစ်ယောက်မှ နားမလည်ပါ။ တယ်လီဖုန်း မဲပေါက် သည် ဆိုတာကို နားမလည်။ ဘယ်လိုမှ ရှင်းပြလို့မရ။ တယ်လီဖုန်းနဲ့ မဲနဲ့ ဘာဆိုင်လို့လဲဟု ပြောကြသည်။ တယ်လီဖုန်း လက်ခံယူဖို့ နိုင်ငံသား

စိစစ်ရေးကတ်ပြား ပြရမည်ဆိုတော့ ပိုပြီး နားမလည်နိုင်။ ထိုကတ်ပြား မပြနိုင်က နောက်ငါးရက်ခန့်အတွင်း ပေါက်မဲလက်မှတ် ဆုံးမည် ဆိုတော့ အိုးမိုင်ကေါ့ဒ်ဟု အော်ကြသည်။ ကတ်ပြားလေးတစ်ခုကို ပို့ခ စတာလင်ပေါင် ၁၀၀ (ဒေါ်လာ ၁၅၀) ခန့် ကျသင့်မည်ဖြစ်ရာ ဘာ့ကြောင့် ငွေဖြုန်းချင် သနည်းဟု ဝိုင်းမေးကြသည်။ ရှင်းလေ ရှုပ်လေ ဖြစ်နေကြရာ ကျွန်တော်က နောက်ဆုံး၌-

"ခင်ဗျားတို့ နားလည်အောင် ပြောရရင် ဒီကတ်ပြား မြန်မာပြည်ကို သုံး လေးရက်အတွင်း ရောက်သွားရင် ကျွန်တော့်မိန်းမ ဒေါ်လာ တစ်ထောင် လောက် ရမယ်။ မပို့နိုင်ရင် အဲဒီပိုက်ဆံ မရတော့ဘူး" ဆိုကာမှ ဒါဆို ပို့ရမှာပေါ့၊ ဒီလိုလားဟု ဖြစ်ကုန်ကြသည်။ အလွန်ပွေလီရှုပ်ထွေးသော မြန်မာပြည်မှ တယ်လီဖုန်းစနစ် (ကြိုးနီစနစ်) ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်တော့်မိတ်ဆွေ စကော့လူမျိုးသည် လမ်းညွှန်စာအုပ် ကြီးကို ရှာဖွေလှန်လှောကာ အနီးဆုံး DHL အမြန်ချောပို့ရုံးလိပ်စာကို ရှာဖွေပါသည်။ ၄င်းနောက် သူကိုယ်တိုင် ကမ္ဘာကျော် DHL အမြန်ချောပို့ ရုံးခန်းသို့ ကားမောင်းကာ ကျွန်တော့်ကို လိုက်ပို့ပါသည်။ ချောပို့ကုမ္ပဏီက သူတို့မြို့မှ မြန်မာပြည်သို့ ပို့ဖူးသူ တစ်ယောက်မှ မရှိသဖြင့် မြန်မာ ဆိုသော နာမည်ကို စာရင်းစာအုပ်ထဲတွင် ပြန်ရှာကြည့်နေပြီး နောက်ဆုံးမှ 'ရတယ် ရတယ် ပို့လို့ရတယ်၊ ပို့ခ ပေါင် ၁၅၀ ကျတယ်၊ ဒီမှာ ငွေသွင်းပါ' ဟု ပြော သဖြင့် ကျွန်တော်လည်း ဝမ်းသာအားရ မြန်မာငွေ တစ်သိန်းခွဲကျော်ခန့်ကို သွင်းရလေသည်။

ထို့နောက် ကုမ္ပဏီမှ ကျွန်တော့်ကို ဖြတ်ပိုင်း စာရွက်လေး တစ်ရွက် ပေးလိုက်သည်။ ထိုဖြတ်ပိုင်းစာရွက်တွင် DH 81137560 E ဟု ပါရာ အင်တာနက်တွင် www.dhl.com ဟု ရိုက်ပြီး မိမိ ဘောက်ချာနံပါတ်ကို ရိုက်လိုက်ပါက ကျွန်တော် ပို့လိုက်သော ချောစာထုပ်၏ နောက်ဆုံး အခြေ အနေ အသေးစိတ်ကို သိနိုင်ပါသည်ဟု ပြောပါသည်။ ကျွန်တော်လည်း မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ထိုနေ့ ညနေက သူတို့ ပြောသည့်အတိုင်း အင်တာနက်တွင် ပုံစံဖြည့်လိုက်ရာ ကျွန်တော်နှင့်ဆိုင်သော စာမျက်နှာ ပေါ် လာပြီး...

'ညနေ ၅ နာရီတွင် အီဒင်ဘာရာလေဆိပ်သို့ ပို့၊
ည ၇း၅၀ ထွက်သော လေယာဉ်ဖြင့် ဂျာမဏီနိုင်ငံသို့ ထွက်ခွာ'
ဟု ရေးထားတာ တွေ့ရပါသည်။

မြန်မာပြည်ကို ပို့လိုက်တာ ဘယ်လိုဖြစ်ပြီး ဂျာမဏီ ရောက်သွားပါ လိမ့်ဟု တွေးမိသော်လည်း စိတ်တထင့်ထင့်ဖြင့် အိပ်လိုက်ပါသည်။နောက်နေ့ နံနက် အိပ်ရာမှ နိုးနိုးချင်း အင်တာနက်ကို ဖွင့်ကြည့်ရာ...

'ည ၁၁ နာရီ ဂျာမဏီနိုင်ငံ ဖရန့်ဖွတ်လေဆိပ်သို့ ရောက်၊
ည ၁၁း၅၀ တွင် ဖရန့်ဖွတ်မှ ဘန်ကောက်သို့ ထွက်ခွာ'
ဟု ရေးထားသဖြင့် ငါ့မှတ်ပုံတင်လေး ဘန်ကောက်ကိုတော့ သွားနေပါပေါ့။ ငါကိုယ်တိုင် ဂျာမဏီ မရောက်ဖူးပေမယ့် မှတ်ပုံတင်ကတော့ ငါ့ထက် သာသွားပေပြီဟု ဝမ်းသာရပေသည်။ တကယ် သွား၊ မသွားကား မသိချေ။ DHL မှ ဖြီးဖြန်းနေတာလည်း ဖြစ်နိုင်ပေသည်ဟု မြန်မာပီပီ မယုံသင်္ကာ လည်း ဖြစ်မိသေးသည်။ထိုနေ့ တစ်နေ့လုံး အီဒင်ဘာရာတွင် သွားလာ လည်ပတ်၍ အချိန်ဖြုန်းနေပြီး ညနေဘက် တစ်ခါ အင်တာနက် ခေါက်ကြည့် သောအခါ...

'ထိုင်းလေကြောင်းဖြင့် ဘန်ကောက်မှ ရန်ကုန်သို့ ထွက်ခွာ' ဟု ရေးထားပါသည်။

ကျွန်တော်သည် အင်တာနက်ကို တောက်လျှောက်ဖွင့်ထားရာ နောက်တစ်နာရီကျော်ကျော် အကြာတွင်-

'ည ၇း၅၀ ရန်ကုန်လေဆိပ်သို့ ရောက်ရှိ' ဟု စာတစ်ကြောင်း ထပ်တက်လာပါသည်။

မြန်မာစံတော်ချိန်ည ၈း၃၀ ခန့်တွင် 'လိပ်စာရှင်လက်ဝယ်သို့ အောင်မြင်စွာ ပို့ဆောင်ပြီး' ဟူသောစာ ပေါ်လာပါသည်။ စကော့တလန်မှ စတင်ပို့ဆောင်ပြီး ၂၄ နာရီအတွင်းမှာပင် မြောက်ဥက္ကလာသို့ ပို့ဆောင် ပေးနိုင်သည့်သဘော ဖြစ်ပေသည်။ ကျွန်တော်သည် ဟုတ်မှ ဟုတ်ရဲ့လားဟု မယုံသဖြင့် မိန်းမရှိရာ မြောက်ဥက္ကလာသို့ ဖုန်းဆက်ကြည့်ရာ-

''ဟုတ်တယ် အခုလေးတင် DHL က ကားနဲ့ ရောက်လာပြီး စာအိတ်ကို လက်မှတ်ထိုး ယူလိုက်ရတယ်၊ ရှင့်မှတ်ပုံတင် ရပြီ''

ဟူသော သတင်းကောင်းကို ကြားရပါသည်။

သြော်... ကမ္ဘာ့အဆင့် ဝန်ဆောင်မှုနှင့် မြန်မာ့အဆင့် ဝန်ဆောင်မှု တို့ကို အတူတကွ ကွဲကွဲပြားပြား တွေ့ရှိရသော အဖြစ်ပါတကား။

Media One *ကုမ္ပဏီ*
၂၈-၅-၂၀၁၃။

■



ရတနာနတ်မယ်၏ ဘဝဇာတ်ကြောင်း

မြန်မာနိုင်ငံရေး ဇာတ်ခုံတွင် ၁၉၇၈ ခုနှစ်က ခဏတာ ပါဝင်ကပြခဲ့ပြီး စုပ်စမြုပ်စ ပျောက်ကွယ်နေသော ရတနာနတ်မယ်၏ ဘဝဇာတ်ကြောင်းနှင့် လတ်တလော အခြေအနေများကို တင်ပြလိုက်ရပေသည်။

အီတလီနိုင်ငံ၊ ဆန်ဖရီဒီယာနိုခရိုင်၊ Via Camaldoli မြို့ကလေး၌ ၁၉၈၃ ခုနှစ်မှ စကာ အီတလီနှင့် အာရှအစားအစာ ချက်ပြုတ်နည်း သင်တန်းကျောင်းလေး တစ်ကျောင်း ပေါ်လာ၏။ ကျောင်းနာမည်ကိုတော့ 'Associazione Culturale Arte e Gastronomia Orientale' ဟု အီတလီလို အမည်ပေးထားသည်။ ထိုကျောင်းနှင့် တွဲလျက် စားသောက်ဆိုင်လေးတစ်ဆိုင်ကိုလည်း အိမ်ရှေ့တွင် တွဲလျက် ဖွင့်ထား၏။ အကယ်၍ တစ်စုံတစ်ယောက်သည် ကြိုတင် Booking မှာထားပြီး ဆိုင်တွင်းသို့ တံခါးဖွင့်၍ ဝင်သွားသည်နှင့် အသက် ၇၇ နှစ်ခန့်ရှိသော အလွန်ဥပမရုပ် ကောင်းသည့် ဖော်ရွေသော အပြုံးပိုင်ရှင် အမျိုးသမီးကြီး တစ်ဦးက ကြိုဆိုသည့်ခံမည် ဖြစ်သည်။ သူကား June Rose Bellamy ခေါ် ရတနာနတ်မယ်ပေတည်း။ ရတနာနတ်မယ်က-



"ကျွန်မက မြန်မာဆန်ဆန် ဝတ်ချင်တာ၊ ရာသီဥတုက ဒီမှာ အရမ်းအေးလွန်းလို့ ဂါဝန်တွေ ဘာတွေ ဝတ်ထားရတာ"

ဟု ပြုံးပြီး ပြောပေလိမ့်မည်။ သူမ၏ ဆိုင်အတွင်း၌ မြင်းပုံ ပန်းချီကားကြီး တစ်ချပ်၊ (သူမ၏ ဖခင်မှာ သြစတြေးလျလူမျိုး မြင်းပွဲ ဘွတ်ကီဒိုင် မစ္စတာဘယ်လာမီ ဖြစ်သည်။) အရှေ့တိုင်းဝတ်စုံကို ကျန်စစ္စာ ဝတ်ဆင်ထားသော ဥပမရုပ် ခုံညားသည့် လူကြီးတစ်ဦး၏ ဆီဆေးပုံတူကိုလည်း နံရံတွင် ချိတ်ထား၏။ ရတနာနတ်မယ်၏ မိခင်ဘက်မှ ဆွေစဉ်မျိုးဆက်သည် ကုန်းဘောင်မင်းဆက်မှ တိုက်ရိုက်ဆင်းသက်လာသော နန်းဆွေနန်းမျိုးများ ဖြစ်ကြသည်။ စင်စစ် ရတနာနတ်မယ်ကား ခေသူ မဟုတ်။ မြန်မာ့နန်းတွင်းတွင် အများက လေးစားအားထားခဲ့ကြသော အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ မြစ်တော်၊ လင်းပင်မင်းသားကြီး၏ မြေးတော်၊ ထိပ်တင်လတ်မင်းသမီး၏ သမီးတော် ဖြစ်သည်။ သူ့မိခင် ထိပ်တင်လတ်ကို ကာလကတ္တား (ယခု ကိုးလ်ကတ္တား) တွင် ၁၈၉၄ တွင် မွေးဖွားခဲ့၏။

ပထမကမ္ဘာစစ်အပြီးတွင် ရတနာနတ်မယ်၏ အဘိုးဖြစ်သူ လင်းပင်မင်းသားကြီးမှာ မိသားစုနှင့်အတူ ရန်ကုန်သို့ ပြန်လာခွင့် ရခဲ့၏။ ထိုစဉ်က ရန်ကုန်မြို့တွင် မြင်းပွဲများ ခေတ်စားခဲ့ရာ ထိပ်တင်လတ် ခေါ် မလတ် (ရတနာနတ်မယ်၏ မိခင်) သည် မြင်းပွဲသို့ မကြာခဏ သွားရောက်ကြည့်ရှုရာမှ သြစတြေးလျလူမျိုး မြင်းဝါသနာရှင် မစ္စတာဘယ်လာမီနှင့် မေတ္တာမျှခဲ့ကြသည်။ ၁၉၂၈ တွင် ထိပ်တင်လတ်နှင့် ဘယ်လာမီတို့ တရားဝင် လက်ထပ်ခဲ့ကြရာ ထိုစဉ်က မြန်မာပြည်တွင် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်နေသော ကမ္ဘာကျော် စာရေးဆရာ မောရစ်ကောလစ် ကိုယ်တိုင် လက်ထပ်ပေးခဲ့သည်။

ရတနာနတ်မယ်ကို ၁၉၃၂ တွင် မွေးဖွားခဲ့သည်။ အင်္ဂလိပ်နာမည်မှာ June Rose Bellamy (ဂျွန်ရိုစ်ဘယ်လာမီ) ဖြစ်သည်။ မြန်မာမိခင်နှင့်

သြစတြေးလျ ဖခင်မှ မွေးဖွားခဲ့သူ ဖြစ်၍ ငယ်စဉ်ကပင် ယဉ်ကျေးမှုနှစ်ခုနှင့် အတူ ကြီးပြင်းခဲ့ရသည်။

"မယ်မယ်ဘုရားဟာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုနဲ့ နှန်းတွင်း ဓလေ့ထုံးစံတွေကို အတော် လိုက်နာကျင့်သုံးပါတယ်။ အိမ်မှာ ကျွန်မတို့ မြန်မာလိုပဲ ပြောကြတယ်။ ကျွန်မတို့ ပြောတဲ့ မြန်မာစကားက ထီးသုံးနန်းသုံးစကားတွေပါ။ ငယ်ငယ်ကတည်းက ကျွန်မဟာ မြန်မာ၊ အင်္ဂလိပ်နဲ့ ဟင်ဒီစကားတွေကို ပြောတတ်ခဲ့တယ်။ ကျွန်မဟာ ဗုဒ္ဓဘာသာ အဆုံးအဓမ္မတွေနဲ့ ကြီးပြင်းလာတာပါ။ အိမ်မှာဆို အပေါ်ထပ်မှာ ဘယ်တော့မှ ဖိနပ်မစီးရဘူး။ မနက်တိုင်း သံဃာတော်တွေကို ဆွမ်းလောင်းရတယ်။ အဖေဘက်ကလည်း ခရစ်စမတ်ပွဲတွေ ကျင်းပတယ်။ အီစတာပွဲ လုပ်တယ်။ မြင်းစီးတယ်။ သေနတ်ပစ်တယ်။ ကျွန်မက နှစ်မျိုး ရောနေတယ်"

ရတနာနတ်မယ် အသက် ကိုးနှစ်အရွယ် ၁၉၄၂ ဖေဖော်ဝါရီတွင် မိသားစု၏ အလွန်သာယာပျော်ရွှင်နေသော အခြေအနေမှာ ပြောင်းလဲခဲ့သည်။ ဂျပန်များက ရန်ကုန်မြို့ကို ဗုံးကြဲတိုက်ခိုက်ရာ သူမတို့ အိမ်မှာ ဗုံးဒဏ်မှ သီသီလေး လွတ်မြောက်ခဲ့ပြီး အိန္ဒိယသို့ စစ်ပြေးခဲ့ကြရတော့၏။ ယမုံနာနှင့် ဂင်္ဂါမြစ် ဆုံရာ အာလာဟာဘက် ဆိုသော အိန္ဒိယနိုင်ငံမြောက်ပိုင်း တောမြို့လေးတွင် ခိုလှုံ နေထိုင်ခဲ့ကြ၏။ အိန္ဒိယ၌ နေထိုင်စဉ် သူမ အသက် ၁၁ နှစ်၌ ကွန်ဗင့်ကျောင်းတွင် တက်ရောက် ပညာသင်ကြားခဲ့၏။ အသက် ၁၄ နှစ်တွင် စစ်ကြီးပြီးခါစ မြန်မာပြည်သို့ ပြန်လာခဲ့ကြသည်။ မြန်မာပြည် ပြန်ရောက်သော် ရန်ကုန်မှာ မနေဘဲ ပြင်ဦးလွင်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြသည်။ ဖခင်ကြီးသည် ဝါသနာအရ ပြိုင်မြင်းအချို့ကို ဆက်လက် မွေးမြူခဲ့သည်။ ဖခင်ကြီးအား ကိုလိုနီအရာရှိ မလုပ်ဘဲ မြင်းမွေးခြင်း၊ မြင်းစီးခြင်း၊ ဘွတ်ကီဒိုင် လုပ်ခြင်းတို့ကြောင့် ဗြိတိသျှတို့က အထင်အမြင်သေးသလို ဘိုကပြား မိသားစု ဖြစ်သည့် အတွက် မြန်မာအချို့လည်း နာခေါင်းရှုံ့ခဲ့ကြသည်။

"အမေ့ဘက်က မင်းဆွေမင်းမျိုးမို့ အားလုံးက လိုလိုလားလား ဆက်ဆံချင်တယ်၊ တစ်ချို့နှိပ်တည်းမှာပဲ ဘိုကပြားမို့ လူတွေက သိပ်မကြည်ဖြူချင်ဘူး"

ဟု ရတနာနတ်မယ်က ရှင်းပြသည်။ ရတနာနတ်မယ်သည် တဖြည်းဖြည်းနှင့် အရွယ်ရောက်လာရာ မြင်သူတိုင်းက အလွန်ချောမောလှပပါပေသည်ဟု


ရတနာနတ်မယ်

ရိုးမွမ်းသည့်အပြင် အင်္ဂလိပ် စာရေးဆရာ နော်မန်လူးဝစ်က ရတနာနတ်မယ်ကို မေမြို့(ပြင်ဦးလွင်)တွင် မြင်တွေ့ခဲ့ပြီးသောအခါ ၁၉၅၅ ခုနှစ်ထုတ် Golden Earth ဆိုသော စာအုပ်ထဲ၌ ရတနာနတ်မယ်ခေါ် ပွန်ကိုစ်တယ်လာမီ၌ အရှေ့တိုင်းနှင့် အနောက်တိုင်း စပ်ထားသော တုန်ိုင်းမမီသည့် အလှ ရှိနေပါသည်ဟု ရေးသား ဖော်ပြခဲ့ပေသည်။

အက်ဆေးပြိုင်ပွဲတွင် ပထမဆုရသည့်အတွက် ဆုအဖြစ် အမေရိကန်သို့ သုံးလခန့် သွားရောက် လည်ပတ်ခွင့် ရခဲ့သေး၏။ စစ်ရပ်ရှင်ကား တစ်ကားဖြစ်သော ခရမ်းရောင်လွင်ပြင် (The Purple Plain) ဇာတ်ကားတွင် မင်းသား ဂရေဂရီပက် (Gregory Peck) နှင့် တွဲ၍ အဓိကဇာတ်ဆောင် နေရာ၌ သရုပ်ဆောင်ရန် ဆန်ခါတင် အရွေးခံရသေးသည်။ နောက်ပိုင်း၌ ထိုဇာတ်ကားကို သီရိလင်္ကာတွင် စတင်ရိုက်ကူးသောအခါမှ မပါဝင်လိုတော့ဟု ဆိုကာ အမည်စာရင်း တင်သွင်းထားခြင်းမှ နုတ်ထွက်ခဲ့သည်။

"ဇာတ်ကားက ဟောလိဝုဒ် သိပ်ဆန်တယ်၊ အဓိပ္ပာယ်လည်း မရှိပါဘူး။ မြန်မာပြည်နဲ့ ပတ်သက်လို့ ပြကွက်တွေ အားလုံးကလည်း သက်သက် စော်ကားထားသလိုပါပဲ။ ဘုရားပေါ်မှာ ရိုက်တဲ့ ရိုက်ကွင်းကလည်း ကခြော်ကချွတ်နဲ့ ဗုဒ္ဓဘာသာ မြန်မာတွေဟာ ဘယ်သူမှ ဒီလို လုပ်မှာ မဟုတ်ပါဘူး"

ဟု သူမက ဘာကြောင့် ရုပ်ရှင်မှာ မပါဝင်တော့တာလဲ ဆိုတာ ရှင်းပြသည်။

၁၉၅၄ တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တွင် အလုပ်လုပ်နေသော အီတလီဆရာဝန် မာရီယိုပိုစတီဂရီယိုနီ (Mario Posiglione) နှင့် လက်ထပ်ရာ သားနှစ်ဦး ထွန်းကားခဲ့သည်။ မြန်မာပြည်၌ တာဝန်ထမ်းဆောင်နေစဉ် ရတနာနတ်မယ်၏ ခင်ပွန်း မာရီယိုကို ကွန်မြူနစ်သူပုန်များက ပြန်ပေးဆွဲခဲ့သည်။ ပြန်ပေးဆွဲခံရချိန်မှာ ဆိုဗီယက်ခေါင်းဆောင် ခရူးရှက်နှင့် ဘူဂါနစ်တို့

မြန်မာပြည် ရောက်နေချိန် ဖြစ်သည်။ နောက်တော့ သူ့ယောကျ်ား ပြန်လွတ်လာပြီး ကုလသမဂ္ဂက မာရီယိုအား မြန်မာပြည်မှ ထွက်ခွာစေခဲ့သည်။ ရတနာနတ်မယ်သည် သူ့အမျိုးသား မာရီယိုနှင့်အတူ WHO တာဝန်ကျရာ ဒဓတ်စကပ်၊ မနီလာ၊ ဂျနီဗာ စသည့် မြို့ပေါင်းများစွာ၊ နိုင်ငံခြား တိုင်းပြည်များသို့ လှည့်ပတ်နေခဲ့ ကြသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ရှိနေစဉ် ဖခင်ကြီး ဘယ်လာမီ မမာမကျန်းဖြစ်၍ ရန်ကုန်သို့ ပြန်လာခဲ့ရာ သူမ၏ ဖခင်မှာ ၁၉၆၃ တွင် ကွယ်လွန်ခဲ့သည်။

ရတနာနတ်မယ်နှင့် သူ့ခင်ပွန်း မာရီယိုတို့ စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် အိတလီနိုင်ငံတွင် ကွာရှင်းလိုက်ကြသည်။ သားလေး နှစ်ယောက် ဖြစ်သော မိုက်ကယ်နှင့် မောရစ်ကို ရတနာနတ်မယ် အုပ်ထိန်းခွင့် ရသည်။ ထိုအချိန်၌ သူမ၏မိခင် ထိပ်တင်လတ်မှာ အသည်းအသန် နေမကောင်း ဖြစ်နေကြောင်း သူမထံ သတင်းရောက်လာ၏။ အချိန်မှာ မြန်မာနိုင်ငံကို တော်လှန်ရေးကောင်စီအစိုးရက အုပ်ချုပ်နေသောကာလ ဖြစ်သည်။

''မြန်မာပြည် ပြန်ဖို့ ဗီဇာမပေးဘူး ဖြစ်နေတယ်။ ဒါကြောင့် ဦးနေဝင်းဆီ ကြေးနန်းရိုက်ရတယ်။ ဦးနေဝင်းရဲ့ဇနီး ကေတီ(ဒေါ်ခင်မေသန်း)နဲ့ ကျွန်မက ငယ်သူငယ်ချင်းတွေပါ။ ဒါကြောင့် ကျွန်မက ဦးနေဝင်းကို...

'အမေ အသည်းအသန်ဖြစ်၊ ရောမသံရုံးမှ ဗီဇာထုတ်မပေး ကျေးဇူးပြု၍ ကူညီပါ'

ဆိုပြီး သံကြိုးရိုက်လိုက်ပါတယ်။ နောက်တော့ သံရုံးက ဖုန်းဆက်တယ်။ သူတို့ဆီတောင် မလာပါနဲ့တဲ့။ လေဆိပ်ကို ပြည်ဝင် ခွင့်ဗီဇာ လာပေးပါ့မယ်တဲ့။ တကယ်လည်း လာပေးပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ မြန်မာပြည်က သံကြိုးရောက်လာတယ်။ မယ်တော်ဘုရား နတ်ရွာစံသွားပါပြီတဲ့၊ ဒါနဲ့ ကျွန်မလည်း မြန်မာပြည် မပြန်ဖြစ်တော့ဘူး။ ဦးနေဝင်းဆီကိုတော့ ကျေးဇူးတင်ကြောင်း စာတစ်စောင် ရေးပို့လိုက်ပါတယ်။

နောက်တစ်နှစ် ကြာတော့ ဦးနေဝင်း ဥရောပတိုက်ကို ရောက်လာပါတယ်။ ကူညီခဲ့တာတွေအတွက် ကျေးဇူးတင်ကြောင်း ကျွန်မ သွားတွေ့ပြီး ပြောပါတယ်။ အဲဒီတော့မှ သူ့ဇနီး ကေတီလည်း ဆုံးပြီဆိုတာ သိရတယ်။ အဲဒီကစလို့ ကျွန်မတို့နှစ်ယောက် ဆက်သွယ်မိသွားတာပါ။ သူက ကျွန်မ ဒီမှာ(အိတလီ)မှာ ဘာလုပ်နေတာတုံးလို့ မေးပါတယ်။ ကျွန်မက ယောကျ်ားနဲ့

ကွာရှင်းလိုက်တဲ့အကြောင်းရယ်၊ ကလေးတွေအကြောင်းရယ် ပြောပြပါတယ်၊ သူက ကျွန်မ မြန်မာပြည်ကို ပြန်သင့်တဲ့အကြောင်း ပြောပါတယ်။ ဒီအကြောင်းကို ထပ်ပြန်တလဲ ဆွေးနွေးကြပါတယ်၊ နောက်တစ်ခေါက် သူ နိုင်ငံခြားကို လာတော့ ကျွန်မကို သူ လက်ထပ်ခွင့်တောင်းပါတယ်။ အားလုံးဟာ နိုင်ငံခြားမှာပဲ ဖြစ်ခဲ့တာပါ။ နောက်တော့ ကျွန်မ မြန်မာပြည် ပြန်ဖြစ်ပြီး ၁၉၇၈ မှာ ကျွန်မတို့ လက်ထပ်ခဲ့ကြပါတယ်"

ဦးနေဝင်းနှင့် လက်ထပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရတနာနတ်မယ်က ဤသို့ ရှင်းပြ၏။

"သူ ကျွန်မကို လက်ထပ်ခဲ့တာက ကျွန်မဟာ ထီးသွေးနန်းသွေးပါတယ်၊ လင်းပင်မင်းသားရဲ့ မြေးတော် ဖြစ်နေတဲ့အတွက် သူ့ရဲ့ အုပ်ချုပ်ရေးမှာ လူထုရဲ့ ထောက်ခံမှု ပိုရလိမ့်မယ်လို့ သူ ထင်ပုံရတယ်၊ လူတွေကို အသုံးချတဲ့ နေရာမှာ သူဟာ သိပ်ကျွမ်းကျင်ပါတယ်။

ကျွန်မဘက်ကလည်း ရည်ရွယ်ချက် ရှိခဲ့တယ်။ အဲဒါကတော့ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတွေအတွက် ကောင်းရာကောင်းကျိုး ကိစ္စတွေကို ကျွန်မ


MyanmarLife.com

ရတနာပုံ စာအုပ်တိုက်

တက်နိုင်သလောက် လုပ်ပေးချင်တယ်။ ဒါကြောင့် သူနဲ့ ပူးပေါင်းခဲ့တာပါ။ ဒါပေမဲ့ ကျွန်မ ရည်မှန်းချက်ကို အကောင်ထည် မဖော်နိုင်ခဲ့ပါဘူး''

သူမနှင့် ဦးနေဝင်း၏ အိမ်ထောင်ရေးက ငါးလသာ ခံခဲ့သည်။ အနောက်တိုင်းစပိုင် လုပ်လို့ အိမ်ထောင်ရေး ကွဲခဲ့တာလား ဆိုသော စကားကို ရတနာနတ်မယ်က ပြုံးရယ်ပြီး ခေါင်းခါသည်။

''ဒါတွေက ကောလာဟလတွေပါ။ တကယ့်အဖြစ်က တစ်နေ့မှာ ဦးနေဝင်းဟာ ဧည့်ခံပွဲတစ်ခု ကျင်းပပါတယ်။ စစ်အတွင်းက ဂျပန်အကြီးပေး ပုဂ္ဂိုလ်တစ်ယောက်ကို ဧည့်ခံတာပါ။ သူက အခုတော့ သစ်လုပ်ငန်း လုပ်နေတာပါ။ ဧည့်ခံပွဲမှာ လူစုံနေတုန်း ကျွန်မက အမှတ်တမဲ့ မြန်မာနိုင်ငံရဲ့ ဆိုးဝါးလာနေတဲ့ စီးပွားရေး အခြေအနေကို ထုတ်ပြောလိုက်မိတယ်။ ဦးနေဝင်းဟာ အဲဒီကိစ္စအတွက် ရှက်လည်း ရှက်၊ ဒေါသလည်း တော်တော်ဖြစ်ပြီး ဧည့်ခံပွဲ အပြီး အိမ်မှာ ဆက်ပြီး စကားများကြတယ်။ သူဟာ ဒေါသကို မချုပ်တည်း နိုင်ဘဲ ကျွန်မကို ဆေးလိပ်ခြွာခွက်နဲ့ ကောက်ပေါက်ပါတယ်။ အဲဒီအချိန်မှာ အိမ်ဖော်တွေလည်း ရှိတော့ ကောလာဟလဟာ သူတို့ဆီကပဲ ထွက်လာတာ ဖြစ်ဖို့ များပါတယ်။ ဆေးလိပ်ခြွာခွက်နဲ့ ကောက်ပေါက်တာ မှန်ပါတယ်။ ဒါပေမဲ့ စပိုင်လုပ်လို့ ပေါက်တာတော့ မဟုတ်ပါဘူး''

ရတနာနတ်မယ်သည် နောက်တစ်နေ့တွင် သမ္မတအိမ်တော်မှ ထွက်လာခဲ့သည်။ နေအိမ်မှ ထွက်လာပြီး လေဆိပ်သို့ တန်းသွားကာ မြန်မာပြည်မှ ထွက်ခဲ့သည်ဟု ဆို၏။ သူမနှင့် ဦးနေဝင်း ပြတ်စဲကြပြီ ဆိုတာကို အပြင်လူတွေ မသိသေး။ ဦးနေဝင်းက အထက်မြန်မာပြည်သို့ တာဝန်ဖြင့် ထွက်သွားသည်။ နိုင်ငံတွင်းမှ ဘေးမသီရန်မခ ထွက်ခွင့်ရခဲ့သည်မှာ သူမအတွက် ကံကောင်းလှသည်။

''ကျွန်မ မြန်မာပြည်ကနေ အရှုံးနဲ့ ထွက်ခွာလာတာပါ။ ကျွန်မ စရောက်လာကတည်းက ကျွန်မအပေါ် မျှော်လင့်ချက်ကြီးကြီး ထားခဲ့ကြတဲ့ ပြည်သူလူထုကို ဘာမှ မကူညီနိုင်ခဲ့ဘူး။ ဒါပေမဲ့ ကျွန်မ ဘာမှ လုပ်မပေးနိုင်ဘဲ တိုင်းပြည်ထဲမှာ နေနေတာထက် ရတနာနတ်မယ် ထွက်သွားပြီလို့ လူတွေ ပြောကြတာ ကောင်းပါသေးတယ်... အီတလီလိုတော့ 'un peccato di orgoglio' လို့ ပြောတယ်။ မြန်မာလိုတော့ 'ထင်တစ်လုံးရဲ့ အပြစ်' ပေါ့။

ဘာလို့လဲဆိုတော့ ကျွန်မဟာ အခြားသူတွေ မလုပ်နိုင်သေးတာကို ငါ လုပ်နိုင်လိမ့်မယ်လို့ ထင်ခဲ့တာကိုး၊ ကိုယ့်အပြစ်နဲ့ ကိုယ်ခံပေါ့"

ရတနာနတ်မယ်သည် သူ့မိသားစုအကြောင်း အင်္ဂလိပ်ဘာသာဖြင့် အက်ဆေးပေါင်းများစွာ ရေးခဲ့သည်။ ဦးနေဝင်းနှင့် သူမအကြောင်းကိုပင် 'ဦးနေဝင်းနှင့် ရက်ပေါင်းတစ်ရာ' ဆိုသော စာအုပ် ရေးမည်ဟု သတင်းထွက်လိုက်သေး၏။ သို့သော် အကြောင်းကြောင်းကို ထောက်ထား၍ မရေးဖြစ်တော့ဟု သိရသည်။

ယခုအခါ အီတလီတွင် ကျိုကျိုတက် မချမ်းသာသော်လည်း လူတန်းစေ့ နေနိုင်သည်။ မြန်မာ၊ အီတလီ၊ ဟင်းချက်သင်တန်းကျောင်းနှင့် ဆိုင်ရှိသည့် အပြင် နေစရာ အခန်းလည်း အပေါ်ထပ်မှာ ရှိသဖြင့် အဆင်ပြေပါသည်။ သူ့အကြောင်းကို သိရှိကြသော တိုးရစ်များလည်း ဆိုင်သို့ ရောက်လာတတ်သည်ဟု သိရသည်။ မြန်မာပြည်တွင် နာဂစ်ဆိုင်ကလုန်း မုန်တိုင်း တိုက်ခတ်ပြီးနောက် ကျေးရွာအချို့စီ့ အကူအညီများ ပေးပို့လှူဒါန်းခဲ့သည်ဟု သိရ၏။ သူမမှာ သားနှစ်ယောက် ရှိရာ သားအငယ်မှာ ပြီးခဲ့သည့် နှစ်က ကားအက်ဆီးဒင့် ဖြစ်၍ ကွယ်လွန်ခဲ့သည်။

လွန်ခဲ့သည့် နှစ်နှစ်ကတော့ သူမ၏ သားကြီးနှင့်အတူ မြန်မာပြည်သို့ တစ်ခေါက် ပြန်ခဲ့သေး၏။ အဘိုးဖြစ်သူ လင်းပင်မင်းသားကြီး၏ အုတ်ဂူကို ရှိခိုးကန်တော့ပြီး သံဃာအပါး ၁၂၀ ကို အရက်ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့သည်ဟု သိရသည်။

"ကျွန်မဟာ နိုင်ငံခြားမှာ နေနေပေမယ့် အမြဲပဲ ဗုဒ္ဓဘာသာပါ"

ဟု ယခုအခါ ၇၈ နှစ်ရှိပြီဖြစ်သော ဒေါ်ရတနာနတ်မယ်က ဆိုလိုက်ပါတော့သည်။

သွေးသစ်ကျွန်ယ်၊
၂၉-၅-၂၀၁၃။

ကိုးကား-
Between Two worlds by Hamish Mc Donald

■

နိုင်ငံတစ်ခု၏ အင်အား

၆ ဂီလာဒုံလေဆိပ်သို့ အလုပ်သဘောဖြင့် အမြဲလို ဝင်ထွက်နေခဲ့သော်လည်း ဟိုတလောကမှ လေဆိပ်အဝင် လမ်းဘေးဝယ် အနီရောင် ဆိုင်းဘုတ်ကြီးဖြင့် ရေးသားစိုက်ထူထားသော 'တပ်မတော် အင်အားရှိမှ… တိုင်းပြည် အင်အားရှိမည်' ဆိုသော စာတန်းကြီးကို သတိပြုမိ၍ အံ့သြသွားပါသည်။ ဤစာတန်းမျိုးကို ယခင် စစ်အစိုးရလက်ထက်ကတော့ မြို့တိုင်း၊ ရွာတိုင်းတွင် နေရာအနှံ့ တွေ့မြင်နေကျ ဖြစ်၍ အထူးတဆန်း မဖြစ်မိပါ။ စစ်အစိုးရလက်ထက် ဖြစ်သဖြင့် စစ်တပ်ကို ဇန်းတင်သော ကြေညာချက်များ၊ ကြွေးကြော်သံများကို လူမြင်သူမြင် ချိတ်ဆွဲထားပေလိမ့်မည်။ နိုင်ငံခြားသား တိုးရစ်များ ဆိုလျှင် ထိုစဉ်က-

'ပြည်သူ့သဘောထား' (People Desire) တို့၊ 'တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်' (Tatmadaw Shall Never Betray the National Cause) တို့ စာသားများ ပါဝင်သော ရောမ အနီရောင် ဆိုင်းဘုတ်ကြီးများကို မြန်မာနိုင်ငံတလွှား လမ်းဆုံလမ်းခွများတွင်

တွေ့ရသည်နှင့် အထူးတဆန်းဖြစ်ကာ အလုအယက် ဓာတ်ပုံရိုက်ကြပါသည်။ သူတို့က ကတ်သီးကတ်သတ်တွေလည်း မေးသေးသည်။

'အမျိုးသားရေး ဆိုတာ ဘာနဲ့ တိုင်းတာမှာလဲ'

'သစ္စာဖောက်၊ မဖောက် ဘယ်လိုလုပ် သိမလဲ'

စသည်ဖြင့် ဖြစ်သည်။ ကျွန်တော်တို့ ဧည့်လမ်းညွှန်များမှာ ကိုယ့်အစိုးရအကြောင်း မကောင်း မပြောရ၊ နိုင်ငံရေး မဆွေးနွေးရဟု စည်းကမ်းထုတ်ပြန်ထားသောကြောင့် ရေငုံနှုတ်ပိတ်ကာ ဘာမှမပြောဘဲ ပြုံးနေကြရသည်က များပါသည်။

ကိုယ့်နိုင်ငံအကြောင်းတော့ အားလုံး သိပြီးဖြစ်၍ မပြောချင်ပါ။ ကမ္ဘာ့သမိုင်းကို ပြန်ကြည့်သောအခါ တပ်မတော် အင်အားရှိရေးသက်သက်ကို အဓိကထားကာ တိုင်းပြည်ကို စစ်အင်အားဖြင့် တည်ဆောက်ခဲ့ကြသော နိုင်ငံများအကြောင်းကို အကျဉ်းချုပ် ပြောချင်ပါသည်။

မြောက်ကိုရီးယား

မြောက်ကိုရီးယား စစ်တပ်ကို ၁၉၃၂ ဧပြီ ၂၅ တွင် စတင်ထူထောင်သည်။ တပ်မတော်၏ ခေါင်းဆောင်မှာ သွားလေသူ ခေါင်းဆောင်ကြီး ကင်ဂျုံအန်း ဖြစ်သည်။ ၁၉၄၈ ဖေဖော်ဝါရီ ၈ ရက်မှစ၍ ခေတ်မီတပ်မတော်ကို စတင်တည်ဆောက်ခဲ့သည်။ ၂၀၁၀ စာရင်းအရ ကြည်း၊ ရေ၊ လေ တပ်မတော်သားပေါင်း ဆယ့်တစ်သိန်းကျော် (၁,၁၀၆,၀၀၀) ရှိပြီး အရန်တပ်သားပေါင်း ရှစ်သန်းကျော် (၈,၂၀၀,၀၀၀) ရှိသည်။

မြောက်ကိုရီးယား ရေတပ်တွင် ခေတ်မီရေငုပ်သင်္ဘော အစင်း ၇၀ ရှိသည် (စက်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်သော တောင်ကိုရီးယား ရေတပ်မှာပင် ရေငုပ်သင်္ဘော ၁၀ စင်းပဲ ရှိသည်)။ မြောက်ကိုရီးယားလေတပ်၌ တိုက်လေယာဉ် အစီးပေါင်း ၈၂၀ ရှိသည်။ ရွေ့လျားဒုံးပစ်စင် ၂၀၀ ခန့် ရှိသည်။ ၄င်းအပြင် မရေတွက်နိုင်သော အမြောက်လက်နက်များ၊ ဒုံးကျည်များနှင့် နျူကလီးယားလက်နက် တပ်ဆင်ထားသည့် ဒုံးပျံထိပ်ဖူးပေါင်း ၄ ခုမှ ၈ ခုအတွင်း ရှိသည်ဟု နိုင်ငံတကာက ခန့်မှန်းထားသည်။ တပ်မတော်သို့ စစ်မှုမထမ်း မနေရစနစ်ကို ကျင့်သုံးပြီး တပ်ထဲဝင်သူများသည်

အနည်းဆုံး သုံးနှစ်မှ ငါးနှစ်အထိ တာဝန်ထမ်းဆောင်ကြရသည်။ နျူကလီးယား လက်နက် စမ်းသပ်ခြင်း နှစ်ကြိမ်၊ တာဝေးပစ် ဒုံးကျည် စမ်းသပ်ခြင်း ၄ ကြိမ် ပြုလုပ်ခဲ့သည်။

မြောက်ကိုရီးယားတပ်မတော်၏ အသုံးစားရိတ်မှာ နှစ်စဉ် အမေရိကန် ဒေါ်လာ ၆ ဘီလီယံမှ ၁၀ ဘီလီယံ ရှိပြီး၊ တိုင်းပြည်ဂျီဒီပီ (GDP) ၏ ၂၅ ရာခိုင်နှုန်းကို စစ်ဖရိတ် အသုံးပြုခြင်း ဖြစ်သည်။ မြောက်ကိုရီးယား အစိုးရ၏ ပေါ်လစီမှာ ဆွန်ဂန်ဟု ခေါ်သော တပ်မတော် အင်အားရှိဖို့ အဓိက (Military First) ဝါဒ ဖြစ်သည်။ မြောက်ကိုရီးယား အစိုးရ သတင်းဌာနမှ တပ်မတော်၏ အသုံးစရိတ်မှာ တိုင်းပြည် ဘတ်ဂျက်၏ ၁၅.၈ ရာခိုင်နှုန်း ရှိသည်ဟု ကြေညာခဲ့သော်လည်း နိုင်ငံတကာ မဟာဗျူဟာလေ့လာရေးဌာန (International Institute of Strategic Studies) ၏ အဆိုအရ မြောက်ကိုရီးယား၏ စစ်ရေးအသုံးစရိတ်မှာ အစိုးရတစ်ဖွဲ့လုံး ဘတ်ဂျက်၏ ၂၅ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ ရှိနိုင်ကြောင်း သုံးသပ်ခဲ့ကြသည်။

ထိုသို့ တိုင်းပြည်၏ ဘဏ္ဍာငွေကို စစ်စရိတ်အတွက် လွန်လွန်ကျူးကျူး အသုံးပြုမှုကြောင့် တိုင်းပြည်၏ စီးပွားရေးမှာ နာလန်မထူနိုင်အောင် ဖြစ်ခဲ့ရသည်။ တိုင်းသူပြည်သားများမှာ ငတ်မွတ်ခေါင်းပါးမှု ဘေးဒဏ်ကို ခံစားနေခဲ့ကြသည်။ ၁၉၉၅ မှ စတင်ကာ နိုင်ငံတကာမှ အလုံးအရင်းနှင့် ရိက္ခာကူညီထောက်ပံ့ခဲ့သောကြောင့် တိုင်းသူပြည်သားများမှာ သက်သာရာရခဲ့သည်။ သို့သော် တံခါးပိတ်စီးပွားရေးစနစ်နှင့် လွန်ကဲသော စစ်အသုံးစရိတ်များကြောင့် နိုင်ငံသားများမှာ ဆင်းရဲမွဲတေခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းများ ဘေးမှ မလွတ်ကင်းကြသေးပေ။

အီရန်

ကမ္ဘာ့တပ်မတော်အင်အား စာရင်း၌ စစ်သည်တော် ငါးသိန်းကျော် (၅၁၃,၀၀၀) ရှိသော အီရန်နိုင်ငံက ၁၆၆ နိုင်ငံတွင် အဆင့် ၈ ချိတ်ဆွဲ၏။ ကျန်းမာသန်စွမ်းသော အမျိုးသားမှန်သမျှ အသက် ၁၉ နှစ်ပြည့်လျှင် တပ်ထဲသို့ မဝင်မနေရ သွတ်သွင်းလေ့ရှိ၏။ အရှေ့အလယ်ပိုင်းဒေသတွင် အင်အား အကြီးဆုံးသော ဒုံးကျည်စနစ်ကို ပိုင်ဆိုင်ထား၏။ စကတ်(ဘီ)နှင့် စကတ်(စီ)

ကဲ့သို့သော မြောက်ကိုရီးယားလုပ် တာဝေးပစ် ဒုံးကျည်များကို ဝယ်ယူ အသုံးပြုခဲ့သည်။

အင်အားကြီးများသော ကြည်းတပ်၊ လေတပ်များကို ပိုင်ဆိုင်ထားပြီး နျူကလီးယားလက်နက်များ လျှို့ဝှက်ထုတ်လုပ်ရန် ကြံစည်လုပ်ဆောင်နေသည်ဟု နိုင်ငံတကာ အသိုင်းအဝိုင်းက သင်္ကာမကင်းဖြစ်ကာ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) မှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာမှ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ၁၉၉၅ မှစကာ မပြေမလည် ဖြစ်ခဲ့သည်။ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတော်တော်များများက အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်များကြောင့် စီးပွားရေး ပိတ်ဆို့အရေးယူခဲ့ကြသည်။ ကုလသမဂ္ဂက ၁၉၉၆ တွင် စတင် ဒဏ်ခတ်ပိတ်ဆို့ခဲ့ပြီး၊ အမေရိကန်ပြည်ထောင်စုကလည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ အပါအဝင် အီရန်၌ ရင်းနှီးမြှုပ်နှံမှုအားလုံးကို တားမြစ် ရပ်ဆိုင်းခဲ့သည်။ အီရန် ဗဟိုဘဏ် အပါအဝင် ဘဏ္ဍာရေး ဖြတ်သန်းစီးဆင်းခွင့်၊ အာမခံလုပ်ငန်း ငွေကြေးလွှဲပြောင်းမှု၊ အင်တာနက်နည်းပညာနှင့် ငွေကြေးကဏ္ဍကိုပါ အမေရိကန်က ထပ်မံပိတ်ဆို့ခဲ့သည်။ ယူရေနီယံ သန့်စင်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားရန် နိုင်ငံတကာ၏ တောင်းဆိုမှုကို မလိုက်လျောဘဲ အာခံနေသောကြောင့် ပို၍ တင်းကျပ်သော ပိတ်ဆို့ အရေးယူမှုများ ပြုလုပ်ရန် အနောက်နိုင်ငံများက စဉ်းစားနေကြပြီ ဖြစ်သည်။

ပြည်ပသို့ ရေနံတင်ပို့နိုင်မှု ထက်ဝက်ကျော် ကျဆင်းသွားသည့်အပြင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်မလာတော့သောကြောင့် အီရန်တွင် အလုပ်လက်မဲ့နှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းများ တစ်ရှိန်ထိုး ကြီးထွားလာသည်။ ပညာတတ်များ နိုင်ငံခြား ထွက်ခွာမှုနှုန်းများ များပြားလာသောကြောင့် ဦးနှောက်ယိုစီးမှု ပြဿနာကို ရင်ဆိုင်နေရသည်။

အီရတ်

အာဏာရှင် ဆက်ဒမ်ဟူစိန် လက်ထက်တွင် အီရတ်၏ စစ်အင်အားမှာ အရှေ့အလယ်ပိုင်းတွင်သာမက ကမ္ဘာမှာပါ တဖြည်းဖြည်း ကြီးထွားလာလေသည်။ ရေနံတင်ပို့ရောင်းချခြင်းမှ ရသော တိုင်းပြည်၏ နိုင်ငံခြားငွေများကို အီရတ်တပ်မတော် အင်အား ကြီးထွားရေးကို အဓိကထား၍ လုပ်ဆောင်ခဲ့

သည်။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရေရှည်ရင်းနှီးမြှုပ်နှံမှု မပြုဘဲ စစ်တပ်ကိုသာ အင်အားကြီးအောင် တည်ဆောက်ခဲ့သော ဆက်ဒမ်ဟူစိန်သည် စစ်အင်အား ကြီးထွားလာသည်နှင့် အိမ်နီးချင်းနိုင်ငံများကို စစ်ရေးဖြင့် စတင်ခြိမ်းခြောက်လာတော့သည်။ အီရန်နှင့် နှစ်ပေါင်းများစွာ စစ်ဖြစ်သည်။ အိမ်နီးချင်း ကူဝိတ်နိုင်ငံကို ၄င်း၏ ပြည်နယ်တစ်ခုအဖြစ် တစ်ဖက်သတ် ကြေညာပြီး ၁၉၉၁ တွင် ကျူးကျော်ဝင်ရောက် သိမ်းပိုက်ခဲ့ရာ အီရတ်၏ ကျူးကျော်မှုကို တစ်ကမ္ဘာလုံးက လက်မခံဘဲ ကန့်ကွက်ရှုတ်ချခဲ့ကြသည်။ အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်များက ကူဝိတ် လွတ်မြောက်ရေး အတွက် ဝင်ရောက်ကူညီ တိုက်ခိုက်ခဲ့ကြရာ ကန္တာရမှုန်တိုင်းစစ်ပွဲဟု လူသိများခဲ့ကြသည်။ အမေရိကန်သမ္မတ ဂျော့ဘုရှ်(အကြီး)က ကူဝိတ် လွတ်မြောက်ရေး စစ်ပွဲကို ဆင်နွှဲခဲ့သော်လည်း အီရတ်အား သိမ်းပိုက်ခြင်းမပြုဘဲ မြို့တော် ဘဂ္ဂဒက်အနား ရောက်ကာမှ မဟာမိတ်တပ်များကို ပြန်ဆုတ်ခွာစေခဲ့သည်။

အီရတ်နိုင်ငံသည် ထိုအချိန်မှ စကာ ကျားနာတစ်ကောင်သဖွယ် ဖြစ်လာပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးထက် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေးကိုသာ ဦးတည်ကြိုးပမ်းခဲ့သဖြင့် တိုင်းပြည်မှာ တစ်စစ ယိုယွင်းခဲ့ရသည်။ နောင်အခါတွင် သမ္မတ(သား) ဂျော့ဘုရှ်လက်ထက်၌ ဆက်ဒမ်ဟူစိန်လည်း အမေရိကန်တပ်ဖွဲ့ဝင်များ၏ လက်ရဖမ်းဆီးမှုကို ခံရကာ ကြိုးပေးကွပ်မျက်ခံခဲ့ရသည်။ ဆက်ဒမ်ဟူစိန် မရှိတော့သော်လည်း နှစ်ပေါင်းများစွာ လျစ်လျူရှုခဲ့သော တိုင်းပြည်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငြိမ်ဝပ်ပိပြားရေး၊ တရားဥပဒေ စိုးမိုးရေးများကို ခက်ခက်ခဲခဲ ပြန်လည်တည်ဆောက်နေရဆဲ ဖြစ်သည်။

ဆီးရီးယား

ယနေ့ ကမ္ဘာပေါ်တွင် အစိုးရနှင့် အတိုက်အခံ သူပုန်များ အပြင်းထန်ဆုံး တိုက်ပွဲဖြစ်ပွားနေရာ ဆီးရီးယားနိုင်ငံတပ်မတော်ကို ၁၉၄၆ တွင် စတင် ထူထောင်ခဲ့သည်။ လက်ရှိ စစ်တပ်ဖွဲ့စည်းပုံကိုမူ ၁၉၇၁တွင် ဖွဲ့စည်းခဲ့သည်။ တပ်မတော်သည် သမ္မတ ဘာရှားအယ်လ်အာဆတ်၏ ကွပ်ကဲမှု လက်အောက်တွင် ရှိသည်။ စစ်ဌာနချုပ်မှာ မြို့တော် ဒမတ်စကပ်တွင် ရှိသည်။ အသက်

၁၈ နှစ်နှင့်အထက် အမျိုးသားတိုင်း စစ်မှုမထမ်းမနေရ ဥပဒေ ပြဋ္ဌာန်းထားသည်။ စစ်အသုံးစရိတ် နှစ်စဉ် ၁၈ ဘီလီယံဒေါ်လာ အသုံးပြုသည်။ ဆီးရီးယားစစ်တပ်သည် မိမိ ပြည်သူများကို ရက်စက်စွာ သတ်ဖြတ်နှိမ်နင်းမှုများကြောင့် လောလောဆယ်အထိ ဆီးရီးယားပြည်တွင်းစစ်တွင် အရပ်သား ခုနစ်သောင်းအထိ အသက်ဆုံးရှုံးခဲ့ရပြီဟု ကုလသမဂ္ဂက တရားဝင် ထုတ်ပြန်ကြေညာထားသည်။ သမ္မတအာဆတ်၏ လုပ်ရပ်များကြောင့် ဆီးရီးယားစစ်တပ်ကို နိုင်ငံတကာမှ ထောက်ခံမှု မရှိတော့သော်လည်း ရုရှား၊ ဘီလာရုစ်၊ အီရန်၊ တရုတ်၊ မြောက်ကိုရီးယားနိုင်ငံများက ကျောထောက်နောက်ခံ ပေးထားကြသည်။ ၂၀၁၀ ခုနှစ် စာရင်းဇယားများအရ ဆီးရီးယားတပ်မတော်တွင် အမြဲတမ်းတပ်သား နှစ်သိန်းနှစ်သောင်းနှင့် အရန်တပ်သား နှစ်သိန်းရှစ်သောင်း ရှိသည်ဟု ဆိုသည် (ပြည်တွင်းစစ် ဖြစ်နေသဖြင့် ကျဆုံးသွားသူ၊ ဘက်ပြောင်းခိုလှုံသူ၊ တပ်မှ ထွက်ပြေးသူများလည်း ရှိသဖြင့် တပ်သား အရေအတွက်မှာ ယခုအခါ မှန်းဆရ ခဲ့တော်ပါသည်)။

ဆီးရီးယားတွင် တောင့်တင်းသော စစ်အင်အား ရှိပြီး ၁၉၈၂ တွင် လက်ဘနွန်စစ်ပွဲ၊ ၁၉၇၅ မှ ၁၉၉၀ တွင် လက်ဘနွန် ပြည်တွင်းစစ်၊ ၁၉၇၀ ကျော်နှစ်များက အစွန်းရောနှင့် ယွန်ကစ်ပါစစ်ပွဲ၊ ခြောက်ရက်စစ်ပွဲ စသည့် စစ်ပွဲများတွင် ပါဝင်တိုက်ခိုက်ဖူးသည်။ ၁၉၉၁ က ပင်လယ်ကွေ့စစ်ပွဲတွင် အာရတ် တပ်ပေါင်းစုနှင့်အတူ ပါဝင်တိုက်ခိုက်ခဲ့သည်။ ဆီးရီးယားတပ်မတော်၏ ကြီးမားသော စစ်အင်အားတွင် တင့်ကား အစီးပေါင်း ၄၉၅၀၊ တိုက်ခိုက်ရေးယာဉ် ၂၉၅၀ စီး၊ မော်တာ ၁၀၁၀၊ ဟောင်ဝစ်ဇာအမြောက် ၂၁၃၀၊ လေယာဉ်ပစ်အမြောက် ၁၆၇၅ လက်၊ လေဆာလမ်းညွှန်စနစ်သုံး တင့်ဖျက်လောင်ချာပေါင်း ၆၈၉၀၊ ဘက်စုံသုံးဒုံးကျည် အစင်း ၅၀၀၊ တာဝေးပစ်ဒုံးကျည် ၈၆ စင်း၊ မြေပြင်မှ ဝေဟင်စ်လောင်ချာ ၄၂၃၅ စင်း ရှိသည်။

ယခုအခါ အတိုက်အခံ သူပုန်နှင့် ပြည်သူများကို တင့်ကားများ လက်နက်ကြီးများဖြင့် ပစ်ခတ်နှိမ်နင်းရုံသာမက ဓာတုလက်နက်များကိုပါသုံး၍ တိုက်ခိုက်ကြောင်း အနောက်နိုင်ငံများက စွပ်စွဲကြသည်။ ၂၀၁၁-၂၀၁၂ လူထုအုံကြွမှု အရေးအခင်းများတွင်လည်း ဆီးရီးယားစစ်တပ်သည် သမ္မတအာဆတ် နုတ်ထွက်ပေးရေး၊ ဒီမိုကရေစီ တောင်းဆို ဆန္ဒပြသူများကို

တိုက်ခိုက်နှိမ်နှင်းခဲ့သည်။ ပြည်သူလူထုကို ပစ်ခတ် သတ်ဖြတ်ရန် အထက်က ပေးအပ်သော အမိန့်ကို မနာခံလိုကြသဖြင့် အဆင့်မြင့်အရာရှိများ အပါအဝင် ဆီးရီးယားတပ်မတော်သား တစ်သောင်းကျော်သည် ဘက်ပြောင်းခြင်း၊ တပ်မှ ထွက်ပြေးခြင်းတို့ကို ပြုခဲ့ကြသည်။ ဆီးရီးယား၌ နေစဉ်တိုက်ပွဲများကြောင့် အိုးအိမ်စွန့်ခွာပြေးရသူ ဒုက္ခသည်ပေါင်း သန်းချီလျက် ရှိသည်။ တပ်မတော် အင်အားရှိသော်လည်း ဆီးရီးယားမှာ မငြိမ်းချမ်းပေ။

အခြားသာဓကများအဖြစ် ကျူးဘား၊ ဆီယာလီယွန်၊ မာလီ၊ ဂွာတီမာလာ၊ ခမာနီ လက်ထက်က ကမ္ဘောဒီးယား၊ နာဇီပါတီနှင့် ဟစ်တလာလက်ထက်က ဂျာမဏီတပ်မတော်၊ ဒုတိယကမ္ဘာစစ်မတိုင်မီက ဂျပန်တပ်မတော်၊ မူဆိုလိုနီလက်ထက် အီတလီတပ်မတော် စသည်ဖြင့် ဥပမာများစွာ ရှိပါသည်။ စာရှည်မည် စိုးသဖြင့် မဖော်ပြတော့ပါ။

အခြားတစ်ဖက်တွင် တိုင်းပြည်၏ အင်အားကို စစ်အင်အားဖြင့် အဓိကထား မတည်ဆောက်ဘဲ စီးပွားရေး အောင်မြင်မှု၊ နိုင်ငံသားများ၏ လူနေမှုအဆင့်မြင့်မားမှု၊ ပညာရေး ထွန်းကားမှု၊ နိုင်ငံရေး တည်ငြိမ်မှုအားအပေါ်တွင် တည်ဆောက်ယူပြီး တိုင်းပြည် စီးပွားရေးအဆင့်အတန်း မြင့်မားလာသည်နှင့် အမျှ တပ်မတော်အင်အားပါ အလိုလို ခေတ်မီတိုးတက်ခိုင်မာလာစမြဲ ဖြစ်ကြောင်း နိုင်ငံအချို့ကို အကျဉ်းချုပ် ဥပမာဆောင်ပြလိုပါသည်။ ထိုနှစ်နိုင်ငံမှာ စကင်္ကပူနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့ ဖြစ်ကြပါသည်။

စကင်္ကပူနိုင်ငံနှင့် စကင်္ကပူတပ်မတော်

စကင်္ကပူသည် တစ်ချိန်က တံငါရွာကလေး ဖြစ်သည်။ ၁၈၁၉ တွင် ဆာစတန်းဖို့ဒ်ရပ်ဖယ် ဆိုသော အင်္ဂလိပ်လူမျိုးတစ်ယောက်က ပင်လယ်ဆိပ်ကမ်း အဖြစ် စတင်အသုံးပြုခဲ့သည်။ အိန္ဒိယနှင့် တရုတ်ကြားတွင် ကုန်သွယ်ရေးကြားခံဌာနအဖြစ် စတင်ခဲ့ရာမှ အလျင်အမြန် ကြီးထွားလာကာ အရှေ့တောင်အာရှနိုင်ငံများ အားလုံးအတွက် အရေးပါသော ပင်လယ်ဆိပ်ကမ်းတစ်ခု ဖြစ်လာခဲ့သည်။ ၁၉၆၃ တွင် မလေးရှားဖက်ဒရယ်ပြည်ထောင်စုတွင် ပြည်နယ်တစ်ခုအဖြစ် အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးရခဲ့ပြီး ၁၉၆၅ ဩဂုတ်လ ၉ ရက်တွင်မှ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် မလေးရှားထံမှ ခွဲထွက်

ရပ်တည်ခဲ့သည်။ ထိုအချိန်မှစ၍ စက်ာပူသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းကိုသာ တစ်စိုက်မတ်မတ် လျှောက်လှမ်းခဲ့သည်။ သယံဇာတ နတ္ထိ ဖြစ်နေသော စက်ာပူနိုင်ငံကို ဝန်ကြီးချုပ်လီကွမ်ယု ခေါင်းဆောင်သော ပညာတတ် အရပ်သားအစိုးရက လွှမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ပညာရေး ပေါ်တွင် အခြေခံကာ သူ့ဘဝနိုင်ငံတစ်ခု ဖြစ်အောင် အစွမ်းကုန်ကြိုးစားခဲ့ကြ သည်။ ဝန်ဆောင်မှုနှင့် စီမံခန့်ခွဲမှုတို့တွင် စက်ာပူသည် အရှေ့တောင်အာရှ၊ အာရှအဆင့်ကို ကျော်၍ ကမ္ဘာ့အဆင့်ကိုပင် ရောက်ရှိလွှားလေသည်။ စီးပွားရေး ကောင်းလာသောအခါ ကျွဲကူးရေပါ ဆိုသလိုပင် စက်ာပူအမျိုးသားတပ်မတော် မှာလည်း ကမ္ဘာ့အဆင့်မီ ခေတ်မီတပ်မတော်တစ်ရပ် ဖြစ်လာခဲ့လေသည်။ လွတ်လပ်ရေး ရပြီးနောက် ဗြိတိသျှတပ်များ စက်ာပူတွင် တပ်စွဲ၍ ကာကွယ် ရေး တာဝန်ယူခဲ့သေးသော်လည်း ၁၉၇၁ တွင် ဗြိတိသျှတို့က ၄င်းတို့တပ် အားလုံးကို ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။ ထိုအချိန်လောက်ကမှ စက်ာပူ သည် အစွမ်းရေး၏ အကူအညီဖြင့် စက်ာပူတပ်မတော် (Singapore Armed Forces) ကို အလျင်အမြန် စတင်ဖွဲ့စည်းခဲ့သည်။ စက်ာပူသည် ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းကိုသာ ကာကွယ်ရေးအတွက် နှစ်စဉ် သုံးစွဲခဲ့သည်။ ယခုအခါ အာရှတွင် ခေတ်အမီဆုံး လက်နက်များ တပ်ဆင်ထားသည့် တပ်မတော် တစ်ရပ်အဖြစ် စက်ာပူတပ်မတော်ကို အသိအမှတ်ပြုကြသည်။

ဆွစ်တပ်မတော် (Swiss Army)

စီးပွားရေးကောင်းဖြီး တိုင်းပြည် တည်ငြိမ်သော ဆွစ်ဇာလန်နိုင်ငံတွင် အမြဲတမ်း စစ်တပ်ဟူ၍ အရေအတွက် အနည်းငယ်သာ ရှိသည်။ အမြဲတမ်း စစ်တပ်တွင် စစ်သည်ပေါင်း ၁၃၄,၈၀၀ ယောက်သာ ရှိသော်လည်း နိုင်ငံ အတွက် လိုအပ်ပါက တာဝန်ထမ်းဆောင်ရန် စစ်သင်တန်း ဆင်းပြီးသား စစ်သည် (ကျား) ဆယ့်ရှစ်သိန်း၊ (မ) ဆယ့်ရှစ်သိန်း အသင့်ရှိပေသည်။ အသက် ၁၉ နှစ်ပြည့်သူတိုင်း စစ်မှုမထမ်းမနေရစနစ် ဖြစ်ပြီး စစ်မှုထမ်းများ သည် တပ်တွင် အမြဲနေစရာ မလိုဘဲ မိမိအိမ်သို့ လက်နက်နှင့်တကွ ပြန်နေ ခွင့် ရှိသည်။ ကာကွယ်ရေးအတွက် တိုင်းပြည်ဘတ်ဂျက်၏ ၀.၉ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၃.၆ ဘီလီယံဒေါ်လာ) ကို အသုံးပြုသည်။ ကမ္ဘာ့

ခေတ်အမီဆုံးနှင့် စွမ်းရည်အရှိဆုံး တပ်မတော်များတွင် တစ်ခု အပါအဝင် အဖြစ် ဆွဇ်ဇာလန်တပ်မတော်ကို အားလုံးက လေးစား အသိအမှတ်ပြုကြရသည်။

ထို့ကြောင့် အထက်ပါ အကြောင်းအချက်များကို ထောက်ထား ကြည့်ရှုမည် ဆိုလျှင် နိုင်ငံတစ်နိုင်ငံတွင် တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အားရှိခြင်း မဟုတ်ဘဲ၊ တိုင်းပြည်၏ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး အားများ ရှိလာပါက ရေမြှင့် ကြာတင့်ကာ (တိုင်းပြည် အင်အားရှိမှ) တပ်မတော် အင်အားရှိလာမည် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

News Watch ဂျာနယ်၊
၄-၆-၂၀၁၃

ကိုးကား-

http://news.yahoo.com/look-north-koreas-military-capabilities-083923209.html
http://en.wikipedia.org/wiki/Korean_People%27s_Army
http://en.wikipedia.org/wiki/Economy_of_Iran
http://en.wikipedia.org/wiki/Military_of_Switzerland

■

အရှုံးကို လက်ခံတတ်သော ယဉ်ကျေးမှု

ဘော လုံးပွဲ ကြည့်တိုင်း ကျွန်တော် သဘောအကျဆုံး မြင်ကွင်းမှာ ပွဲပြီး သောအခါ နိုင်သည် ဖြစ်စေ၊ သရေကျသည် ဖြစ်စေ၊ ရှုံးသည် ဖြစ်စေ နှစ်ဖက်နည်းပြခရာ နှစ်ဦး လက်ဆွဲနှုတ်ဆက်ကြသော မြင်ကွင်း ဖြစ်သည်။ ရှုံးသည် ဖြစ်စေ၊ နိုင်သည် ဖြစ်စေ လူကြီးလူကောင်း ပီသစွာ ပြုမူကြခြင်း ဖြစ်သည်။

စာရေးသူ မျက်စိထဲတွင် စွဲထင်နေသည်မှာ မနှစ်က FEFA ချန်ပီယံလိဂ် ၂၀၁၁-၂၀၁၂ ဗိုလ်လုပွဲအပြီး မြင်ကွင်း ဖြစ်သည်။ ဗိုလ်လုပွဲတွင် အင်္ဂလန်မှ ချယ်ဆီးအသင်းနှင့် ဂျာမဏီမှ ဘိုင်ယန်မြူးနစ်အသင်းတို့ တွေ့ကြသည်။ ဗိုလ်လုပွဲ ကျင်းပရာ နေရာက ဂျာမနီနိုင်ငံ မြူးနစ်မြို့မှာ ဖြစ်၍ ဂျာမန် ပရိသတ်များအနေဖြင့် ကိုယ့်နိုင်ငံ ကိုယ့်ကွင်းမှာ ကစားရခြင်း ဖြစ်သည်။ သို့သော် မျှော်လင့်ထားသလို အိမ်ရှင်က အသာစီးမရဘဲ အရှိန်ပို ပြီးသည်အထိ တစ်ဂိုးစီ သရေကျနေသဖြင့် ပယ်နယ်တီ ကန်သွင်းရာ ဧည့်သည် ချယ်ဆီးအသင်းက အနိုင်ရရှိသွားသည်။ အင်္ဂလန်မှ လိုက်လာကြသော ချယ်ဆီးပရိသတ်များသည် အော်ဟစ်ဆူညံကာ ကွင်းအတွင်း အောင်ပွဲခံကြသည်။ ဘိုင်ယန်မြူးနစ်

ဘောလုံးသမားများသည် မျက်ရည်ဝဲသူက ဝဲ၊ ခေါင်းငိုက်စိုက်ချသူက ချ။ ခြေပစ်လက်ပစ် ထိုင်သူက ထိုင်ဖြင့် စိတ်ပျက် အားငယ်နေကြသည်။ ဆုပေးပွဲကျင်းပတော့ ချယ်ဆီးပရိသတ်သည် သီချင်းများ ဆိုကာ ပိုမိုအောင်ပွဲခံလာကြသည်။ တကယ်တော့ ချယ်ဆီးပရိသတ်မှာ အိမ်ရှင် ဘိုင်ယန်မြူးနစ် ပရိသတ်နှင့်စာလျှင် လူနည်းစု ဖြစ်သည်။ ဘိုင်ယန်မြူးနစ်ပရိသတ်များ သောင်းကျန်းလျှင် (ရှုံးမဲ့မဲလျှင်) လုံခြုံရေးယူထားသော ရဲများ ရှိစေကာမူ ချယ်ဆီးပရိသတ်အတော်ကို အထိနာမည် ဖြစ်သည်။

ဤတွင် လေးစားလောက်ဖွယ် နိုင်ငံကြီးသား စိတ်ဓာတ်ကို တွေ့ရသည်။ ဘိုင်ယန်မြူးနစ်ပရိသတ်သည် သူတို့အသင်း ပထမဆု မရသော်လည်း ကွင်းထဲမှာ ငြိမ်ပြီး ဆုပေးပွဲကို ကြည့်နေသည်။ ဘယ်သူကမှ ဆဲတာ ဆိုတာ၊ ရေသန့်ဘူးဖြင့် ပေါက်တာ၊ ခဲဖြင့် ထုတာ ရုန်းရင်းဆန်ခတ် လုပ်တာကို မတွေ့ရ။ လူယဉ်ကျေးတို့ ထုံးကို နှလုံးမူကာ အရှုံးကို လက်ခံခဲ့ကြသည်။ ပျော်နေသော ပြိုင်ဘက် ပရိသတ်ကို နားလည်ပေးခဲ့ကြသည်။ ချန်ပီယံလိဂ် ဆုဖလားကြီးကို ငေးကြည့်နေသော ဘိုင်ယန်မြူးနစ်ဘောလုံးသမား ရီဘာရီ၏ မျက်ဝန်းများမှာ တော့ သနားစဖွယ် ဖြစ်သည်။ သူတို့အတွက် အရှုံးမှာ ခါးသီးလှသည်။ သို့သော် အရှုံးကို လက်ခံတတ်သော ပရိသတ်နှင့် ဘောလုံးသမား လေးငါးသောင်း၏ စိတ်ဓာတ်မှာ အံ့သြချီးကျူးဖွယ် ဖြစ်သည်။ သူတို့၏ ဇွဲသတ္တိနှင့် ကြိုးစားမှုကြောင့် မနှစ်က ဆုမရသော်လည်း ယခုနှစ် (၂၀၁၂-၂၀၁၃) ဘောလုံးရာသီတွင်တော့ အကြိမ်ကြိမ် တွေ့လွဲလွဲခဲ့သော ဥရောပ ချန်ပီယံလိဂ် ဆုဖလားကို ဘိုင်ယန်မြူးနစ်အသင်းသည် ဒေါ့မွန်ကို နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ကာ လက်ဝယ်ပိုင်ပိုင် ရယူနိုင်ခဲ့ပြီ ဖြစ်သည်။

စာရေးသူတို့ နိုင်ငံတွင် ကမ္ဘာ့ဖလား အာရုဏ်ခြေစပွဲကို အိမ်ကွင်းအဝေးကွင်းစနစ်အရ ဘာရိန်းအသင်းနှင့် ရန်ကုန်တွင် ကစားသည်။ မျှော်လင့်ထားသည့် အနိုင်ရလဒ် မရသောအခါ ပွဲမပြီးမီမှာပင် မြန်မာပရိသတ် သောင်းကျန်းတော့သည်။ အရှုံးကို လက်မခံနိုင်သော ပရိသတ်များသည် ကွင်းထဲသို့ ဖိနပ်များ၊ ထီးများ၊ ရေဘူးများ၊ အခြားရရာပစ္စည်းများဖြင့် ပစ်ပေါက်တိုက်ခိုက်တော့သည်။ ထိုလုပ်ရပ်၏ ရလဒ်အဖြစ် ဘာရိန်းအသင်းက ဆက်လက်ကစားရန် ငြင်းဆိုပြီး၊ အာရှဘောလုံးအဖွဲ့ချုပ်ကလည်း မြန်မာအသင်းကို ပွဲပယ်

ပြစ်ဒဏ်အပြင် ဆက်လက်မကစားဘဲ ရပ်ခဲ့သော ပွဲကိုလည်း ဘာရိန်းအသင်းအား အနိုင်ပေးခဲ့သည်။ အမှန်စင်စစ်မှာကား အရှုံးကို လက်မခံနိုင်သော မရင့်ကျက်သည့် စိတ်ကြောင့် မည်သူမှာမှ အကျိုးမရှိဘဲ တိုင်းပြည်နှင့် လူမျိုး မျက်နှာပျက်ခဲ့ရခြင်း ဖြစ်သည်။ စင်စစ်သော်ကား အားကစားတွင် ဖြစ်စေ၊ နိုင်ငံရေးတွင် ဖြစ်စေ၊ ပညာရေးတွင် ဖြစ်စေ အနိုင် အရှုံး ဆိုသည်မှာ တစ်လှည့်စီ တွေ့နေဦးမည့် ရလဒ်များ ဖြစ်သည်။ မည်သူမဆို နိုင်ချင်သည် ဖြစ်သော်လည်း ရှုံးနိမ့်လာခဲ့ပါက ကုန်ဆေးမျက် လက်ခံတတ်ရပေမည်။

ယခု ရာသီသည် ဆယ်တန်းစာမေးပွဲ အောင်စာရင်းများ ထွက်လာတော့မည့်ကာလ ဖြစ်သည်။ အောင်စာရင်း ထွက်သောအခါ တွေ့ရလေ့ရှိသည်မှာ သားသမီး စာမေးပွဲ ကျရှုံးသည်ကို လက်မခံနိုင်သော (အရှုံးကို လက်မခံနိုင်သော) မိဘများ၏ ကိုယ်ထိလက်ရောက် ရိုက်နှက်ဆုံးမမှု မြင်ကွင်းများပင် ဖြစ်သည်။ ကျွန်တော်သည် စာမေးပွဲကျဖူးသော်လည်း ကျွန်တော့်မိဘများက တစ်ကြိမ် တစ်ခါမှ ရိုက်နှက် မဆုံးမဖူးပါ။ ထို့ကြောင့် ကျွန်တော်တို့ မောင်နှမများသည် သိပ်ပြီး စိတ်ဖိစီးမှု မရှိလိုက်ဘဲ ဘွဲ့ရပညာတတ်များ ဖြစ်ခဲ့ကြပါသည်။ ကျွန်တော့်တွင် သားနှစ်ယောက် ရှိရာ ယခုထက်ထိ စာမေးပွဲ မရှုံးနိမ့်ဖူးသော်လည်း အကယ်၍ ရှုံးနိမ့်ခဲ့ပါကလည်း ရိုက်နှက်ဆုံးမရန် အစီအစဉ် မရှိပါ။ လူတစ်ယောက်၊ အဖွဲ့တစ်ခု ရှုံးနိမ့်သောအခါ သူများကို အပြစ်တင်တာထက် တာဝန်ရှိသူက မိမိကိုယ်ကိုယ် ဝေဖန်ဖို့ လိုမည် ဖြစ်သည်။ သားသမီး စာမေးပွဲ ကျခြင်း၌ အဓိကတာဝန်ရှိသူမှာ မိဘ ဖြစ်သည်။ သူတို့ တက်ချင်သော ကျောင်းမတက်ရ၍ ကျသလော၊ သူတို့ ကျက်လိုသော အထူးထုတ်စာအုပ်ကို ဝယ်မပေးနိုင်၍ ကျသလော၊ ကျန်းမာရေး ချို့ချာ၍ ကျသလော၊ ကံမကောင်း၍ ကျသလော၊ ဉာဏ်မကောင်း၍ ကျသလော ဆိုသည်များကို မိဘက ပြန်လည် ဆန်းစစ်ရပေမည်။ ဤကမ္ဘာပေါ်၌ ရိုက်နှက်နိုပ်စက်၍ ထူးချွန်လာသော ပညာရှင်များ မရှိပေ။ အခါအခွင့် မသင့်၍ ရှုံးခဲ့သော်မှ မိဘက ထိုအရှုံးကို နားလည် လက်ခံတတ်ဖို့ လိုပေသည်။

နိုင်ငံရေးတွင်လည်း ထိုနည်းနှင်နှင် ဖြစ်သည်။ ရွေးကောက်ပွဲ လုပ်ကြသောအခါ ပါဝင်ယှဉ်ပြိုင်ကြသော အဖွဲ့အစည်းအသီးသီးသည် မိမိတို့ အဖွဲ့အစည်း၊ ကိုယ်စားလှယ်များကို နိုင်စေချင်သည်။ မိမိတို့ ရှုံးပြီး အခြားအဖွဲ့က

အောင်ပွဲခံသောအခါ သဘောထား မကြီးနိုင်ကြတော့ပေ။ ရှုံးသူက နိုင်သူကို လက်ဆွဲနှုတ်ဆက်ဖို့၊ ချီးမွမ်းဂုဏ်ပြုဖို့ ဝေးစွ၊ မျက်နှာပင် မကြည့်ချင်။ နာမည်သော်မှ မကြားချင် ဟူသော ဖြစ်ရပ်များမှာ မြန်မာမှာရော၊ ကမ္ဘာမှာရော ဖြစ်နေပေသည်။ သို့သော် ဤကိစ္စမျိုးတွင် အရှုံးကို လက်ခံတတ်သော စိတ်အတွင်း ယျောဘုယျအားဖြင့် ဥရောပ၊ အမေရိက စသော အနောက်တိုင်း နိုင်ငံများက အာရှနှင့် အာဖရိကနိုင်ငံများထက် သာပေသည်။ အဆိုးဆုံးကား အာဖရိကနိုင်ငံများ ဖြစ်သည်။ ရှုံးသူနှင့် နိုင်သူ သွေးချောင်းစီးအောင် သတ်ဖြတ်ပြီး ပြည်တွင်းစစ် ဖြစ်ကာ ဒုက္ခပင်လယ်ဝေနေသော နိုင်ငံများလည်း မနည်းပေ။

မြန်မာနိုင်ငံတွင်လည်း အနိုးစပ်ဆုံးသမိုင်းကို ပြန်ကြည့်လျှင် ၁၉၉၀ ရွေးကောက်ပွဲကို တွေ့နိုင်လေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲအပြတ်အသတ် အနိုင်ရသောအခါ ဒိုင်လူကြီးနေရာမှ နေပါသည် ဆိုသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ)အစိုးရသည် သူတို့ကျောထောက်နောက်ခံပြုထားသော အဖွဲ့အစည်း၏ ရှုံးနိမ့်မှုကို လက်မခံနိုင်ခဲ့ပေ။ အာဏာလွှဲပေးရန် အကြောင်းအမျိုးမျိုးပြကာ ငြင်းဆိုပြီး အနိုင်ရပါတီကို အမျိုးမျိုး ဖိနှိပ်၍ အဆုံးစွန်အထိ ချေမှုန်းဖို့ ကြိုးစားခဲ့သဖြင့် ကျော်မကောင်းကြားမကောင်းများ ဖြစ်ကာ မြန်မာ့နိုင်ငံရေးသည် ရွှေပြည်တော် မျှော်တိုင်းဝေးခဲ့ကာ နှစ် ၂၀ ခန့် မလိုအပ်ဘဲ ဇာတ်ကျောကြိုး ဖြစ်နေရပေသည်။မြန်မာပြည်တွင် ရွေးကောက်ပွဲ၌ ပါတီတစ်ခု မဲနိုင်သောအခါ အခြားပြိုင်ဘက်ပါတီများက ချီးမွမ်းစကား ပြောကြားခြင်း မရှိကြတာလည်း အံ့သြဖို့ကောင်းလေသည်။ တချို့ဆိုလျှင် ချီးမွမ်းဖို့ နေနေသာသာ အမနာပစကားပင် ပြောလိုက်ကြသေးသည်။

အမေရိကန် သမ္မတ ရွေးကောက်ပွဲ၊ အင်္ဂလန်နိုင်ငံ၏ ပါလီမန် အထွေထွေ ရွေးကောက်ပွဲများတွင် ရှုံးသော ခေါင်းဆောင်က အရွေးအချယ်ခံရသော၊ နိုင်သော ခေါင်းဆောင်ထံသို့ တယ်လီဖုန်းဆက်ကာ ချီးကျူးဂုဏ်ပြုစကား ပြောကြားကြပုံမှာ အလွန်တရာမှ ချီးကျူးထိုက်သော ယဉ်ကျေးမှု ဖြစ်သည်။ ရှုံးသူမှာ နိုင်သူအား ထိုသို့ ဖုန်းဆက် ချီးကျူးလိုက်ခြင်းကြောင့် ဂုဏ်မပျက်ရုံမက သမာသမတ်ရှိသော လူတစ်ယောက်အဖြစ် လူအသိုင်းအဝိုင်းက အထင်အမြင်ကြီးကြပေလိမ့်မည်။ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ပွန်မက်ကိန်းသည် လက်ရှိသမ္မတ ဘားရက်အိုဘားမားနှင့် အကြိတ်အနယ် ယှဉ်ပြိုင်အရွေးခံခဲ့သော်

လည်း ရွေးကောက်ပွဲတွင် သူ ရှုံးနိမ့်သွားသောအခါ အမိုင်ရည္ သမ္မတ အိုဘားမား အား ဖုန်းဆက် ချီးကျူးခဲ့ရုံသာမက 'အခုအခါမှာ သူဟာ ကျွန်တော်တို့ရဲ့ သမ္မတကြီး ဖြစ်သွားပါပြီ' ဟူသော သမိုင်းဝင်စကားကို ပြောကြားခဲ့ပါသည်။

မကြာမီ ၂၀၁၃ ဒီဇင်ဘာတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး၊ ၂၀၁၅ တွင် အထွေထွေရွေးကောက်ပွဲကြီး လာပေတော့မည်။ ပြိုင်ပွဲများ၊ ရွေးကောက်ပွဲများ ထုံးစံအတိုင်း မိမိ နိုင်စေချင်သော၊ မိမိ အားပေးသော အသင်းအဖွဲ့ နိုင်သည်လည်း ရှိမည်၊ ရှုံးသည်လည်း ရှိပေမည်။ ထိုအခါ နိုင်သောအခါ ပျော်ကြပါ၊ အောင်ပွဲခံကြပါ။ အကယ်၍ ကိုယ့်အသင်း ကိုယ့်အဖွဲ့ ရှုံးနိမ့်ခဲ့ပါလျှင်လည်း တစ်ဖက်အသင်း တစ်ဖက်အဖွဲ့၏ အောင်မြင်မှု၊ ပျော်ရွှင်မှု အောင်ပွဲခံမှုတို့ကို စာနာ နားလည်ပေးပြီး ယဉ်ကျေးမှု အဆင့်ရှိသော လူမျိုး တစ်မျိုးအဖြစ် အရှုံးကို လက်ခံတတ်သော ယဉ်ကျေးမှု ထွန်းကားအောင် လိုက်နာ ကျင့်သုံးကြပါဟု တိုက်တွန်းလိုက်ရပေသည်။

မဏ္ဍိမသတင်းစာ
၃၀-၅-၂၀၁၃။

■

နေဝင်တာကို ဘယ်က ကြည့်မလဲ

ပုဂံသို့ ရောက်လာကြသော နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် တော်တော်များများသည် ဥရောပတိုင်းပြည်များမှ ခရီးသည်များ ဖြစ်သည်။ သူတို့ ဥရောပတိုက် ရာသီဥတုသည် အာရှမှာလို အမြဲတမ်း ပွင့်လင်း၍ မနေ။ မိုးအုံ့သလိုလို၊ မြူကျသလိုလို ဖြစ်ကာ တစ်နှစ်တာတွင် သုံးလလောက်သာ နေရောင်ခြည်ကို ကောင်းစွာ မြင်ရသည်။ ကျန်ကိုးလလောက်မှာ များသောအားဖြင့် မှိုင်းတိုင်းတိုင်း အုံ့တုံ့တုံ့နှင့် စိတ်ဓာတ်ကျဖွယ် ရာသီဥတုမျိုးကို ပိုင်ဆိုင်ကြသည်။ ထိုသို့သော နိုင်ငံမျိုးမှ မြန်မာပြည်သို့ ရောက်လာကြသော အခါ အမြဲလို ဖြူဖွေးတောက်ပလွန်းသော နေရောင်ခြည်ကို သူတို့ နှစ်သက်ကြသည်။ ဒီနေရောင်ခြည်ကြောင့်ပဲ အုံ့မှိုင်းသော ဥရောပကို ရှောင်ကာ ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

မြန်မာပြည်သို့ ရောက်သောအခါ နေဝင်ချိန် ရှုခင်းကို ဥရောပတိုက်သားများ တရှိုက်မက်မက်ကြည့်ကြသည်။ ရန်ကုန်တွင် ရွှေတိုဘုရားတော်၏ နေဝင်ဆည်းဆာချိန်မှာ ကမ္ဘာကျော်သည်။ မန္တလေးတွင် အရောက်ဘက် တောင်တန်းများပေါ်သို့ နေလုံးကြီး ဝင်ရောက်သွားပုံကို ခံစားကြည့်ရှုရာ

နေရာမှာ မန္တလေးတောင်ထိပ် ဖြစ်သည်။ ပုဂံ၏ နေဝင်ဆည်းဆာချိန်သည်ကား မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့အလှအပဆုံး နေရာများထဲမှ တစ်ခုဟုပြောသော် ရနိုင်ပါသည်။ ပုဂံသို့ ရောက်လာကြသော တိုးရစ်အများစုသည် တစ်နေကုန် မိမိ အားသန်သော ဒေသများသို့ တကွဲတပြား သွားရောက်လည်ပတ်ကြည့်ရှုကြသော်လည်း နေဝင်ချိန်တွင်မူကား ကမ္ဘာကျော် ပုဂံနေဝင်ချိန် ရှုခင်းကို ကြည့်ဖို့ ဘုရားစေတီပုထိုးများဆီသို့ စက်ဘီးဖြင့် တစ်ဖုံ၊ မြင်းလှည်းဖြင့် တစ်မျိုး၊ ကားဖြင့်တစ်သွယ် ရောက်လာကြမြဲ ဖြစ်သည်။

ပုဂံတွင် လက်ရှိ ဘုရားစေတီပုထိုးပေါင်း ၂၂၁၄ ဆူ ရှိသော်လည်း ဘုရားအများစုမှာ ရှေးဟောင်းသုတေသနဌာနမှ တားမြစ်ထားသဖြင့် အထက်ပစ္စယံသို့ တက်ရောက်ခွင့် မပြုပေ။ ပုဂံဘုရားများမှာ အများအားဖြင့် ၁၁ ရာစုမှ ၁၃ ရာစုအတွင်း တည်ထားခဲ့သော ရှေးဟောင်းဘုရားများဖြစ်ခြင်းကြောင့် ရေရှည် တည်တံ့ခိုင်မြဲစေရန်နှင့် ပြိုကျပျက်စီးမည့် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် အလို့ငှာ ဘုရားပေါ်သို့ တက်ရောက်ခွင့် ပိတ်ပင်ထားခြင်း ဖြစ်ကြောင်း ဂူဘုရား လိုဏ်ပတ်လမ်းများတစ်လျှောက်တွင် ကြော်ငြာများ သတိပေး ချိတ်ဆွဲထားလေသည်။ ပြည်တွင်း ပြည်ပ ဘုရားဖူးများ တက်ရောက်ဖူးမြော်နိုင်သော ဘုရားများအဖြစ် ဘုရားသုံးဆူကိုသာ ခွင့်ပြုထားရာ ထို ဘုရားများမှာ ရွှေဆံတော်ဘုရား၊ ပြာသာဒ်ကြီးဘုရားနှင့် တရုတ်ပြေးဘုရားတို့ ဖြစ်သည်။

သို့သော် ယခုအခါ တရုတ်ပြေးဘုရားပေါ်သို့ တက်ရောက်ခွင့်ကိုပါ ပိတ်လိုက်ပြီ ဖြစ်သည်။ ဓမ္မရာဇိကဘုရားပေါ်သို့ တက်ရောက်ခွင့် ရှိသော်လည်း တစ်ခါတစ်ရံ အမျိုးသမီး မတက်ရ (တစ်ခါတစ်ရံလည်း တက်ခွင့်ပြုပါသည်) ဟူသော ကန့်သတ်ချက်ကြောင့် သေချာပေါက် တက်၍ ရသော အထင်ကရဘုရားမှာ နှစ်ဆူသာ ရှိတော့လေသည်။ ဤဆောင်းပါး၌ ရေးလိုရင်းမှာ ပုဂံသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်း ပြည်ပ ဧည့်သည်အရေတွက်မှာ တစ်နေ့တခြား တိုးပွားလာနေသော်လည်း ဧည့်သည်များ နေဝင်ချိန် ရှုခင်းအလှ ကြည့်ရှုခံစားရန် ခွင့်ပြုထားသော ဘုရား အရေအတွက် အလွန်နည်းပါးလာနေမှု ဖြစ်သည်။ (ရွာဟောင်းကြီး၊ သစ္စာဝတီ၊ အိုးခြမ်းပဲ့ကုန်း၊ ခေမင်္ဂအုတ်ကျောင်း၊ ဘုလည်သီး စသော ဘုရားအသေးလေးများကို

နားလည်မှုဖြင့် တက်ရောက်နေကြသော်လည်း တရားဝင် တက်ရောက်ခွင့်ပြုထားသည်ကား မဟုတ်ပါ။)

စာရေးသူ ဧည့်လမ်းညွှန် စတင်ဖြစ်ခါစ ၁၉၉၅ ခုနှစ်ခန့်လောက်က ဆိုလျှင် ပုဂံ၌ Aureum Palace ဟိုတယ်ကြီး မပေါ်ပေါက်သေးပါ။ ထို့ကြောင့် ထိုဟိုတယ်မှ ပိုင်ဆိုင်သော နန်းမြင့်မျှော်စင် (Viewing Deck) ကြီးလည်း မရှိသေးပါ။ ပုဂံဘုရား တော်တော်များများတွင် (မင်္ဂလာစေတီ၊ ဓမ္မရာဇိက၊ တရုတ်ပြေး၊ ရွှေဆံတော်၊ ဝက်ကြီးအင်း ဂူပြောက်ကြီး၊ နဂါးရုံ ဘုရား စသည်) ဘုရားပေါ်သို့ တက်ရောက်ခွင့် ပေးထားပါသည်။ လာရောက်လည်ပတ်သော တိုးရစ် အရေအတွက်သည်လည်း ယခုခေတ်မှာလို မများလှသေးပါ။ ယခုအခါ ဧည့်သည် များလာကာမှ တက်ရောက်ခွင့်ပြုသော ဘုရားမှာ နည်းလာလေသည်။ နောက်ဆုံး နှစ်ဆူတည်းသော ဘုရားများမှာပင် ညနေတိုင်း ဧည့်သည်တို့ မြင်မကောင်းမျှ စုပြုံတိုးနေကြတော့သည်။

ရှေးဟောင်းဘုရားများ၏ ရေရှည်ကြံ့ခိုင်မှုကို ထိခိုက်မှာစိုးသော အကြောင်းပြချက်ဖြင့် တက်ခွင့်မပြုတာ ဆိုလျှင် ယခု ခွင့်ပြုထားသော ဘုရားများနှင့် တက်ခွင့် ပိတ်ထားသော ဘုရားများမှာ အကြောင်းပြချက်နှင့် လွဲနေသည်ဟု ပြောချင်ပါသည်။ ဘုရားတွင် မင်္ဂလာစေတီ၊ ရွှေစည်းခုံစေတီ၊ ဓမ္မရာဇိကစေတီ၊ ရွှေဆံတော်စေတီ စသော ဘုရားများမှာ Pagoda ဟုခေါ်သော ဂင်ပိတ် (Solid) အဆောက်အအုံများ ဖြစ်၍ ကြံ့ခိုင်မှု နှုန်းထားဖြင့် တွက်လျှင် ပြာသာဒ်ကြီး၊ တရုတ်ပြေး စသော ဂူဘုရား (Temple) များထက် များစွာ သာပါသည်။ သာမန် စဉ်းစားဉာဏ်ဖြင့် တွက်လျှင်ပင် လိုဏ်ခေါင်း တစ်ခုပေါ်သို့ တက်၍ မတ်တတ်ရပ်ခြင်းနှင့် ကွန်ကရစ်တုံးတစ်တုံးပေါ်သို့ တက်၍ မတ်တတ်ရပ်ခြင်းတို့ကို ပြုလုပ်ခဲ့လျှင် ကွန်ကရစ်တုံးသည် လိုဏ်ခေါင်းထက် ပို၍ တောင့်တင်းမှုရှိတာ သေချာပါသည်။ သို့ဆိုလျှင် ပုဂံတွင် ကျစ်ကျစ်လျစ်လျစ် တည်ဆောက်ထားခဲ့သော စေတီတော်ကြီးများဖြစ်သည့် မင်္ဂလာစေတီ၊ ဓမ္မရာဇိက၊ ရွှေစည်းခုံ စသော စေတီကြီးများပေါ်သို့ တက်ခွင့်မပေးဘဲ ဘုရားမှာ အလွန်သေးငယ်၍ ကြီးမားသော လိုဏ်ခေါင်း သဖွယ် ဖြစ်နေသော ပြာသာဒ်ကြီး ဂူဘုရား အမိုးပေါ်သို့ တက်ခွင့်ပြုနေခြင်းမှာ အလွန်လွဲမှားလှသည်။ ဘုရားဖူးများ နေ့စဉ် ရာနှင့်ချီ၍ နင်းတက်နေကြပြီး

နေဝင်ချိန် ရှုခင်းကို ကြည့်နေသော ပြာသာဒ်ကြီးဘုရား ရင်ပြင်တော် နေရာသည် အုတ်များချည်း သီးသန့် (ပုဂံခေတ် လက်ရာဖြစ်၍ ယခုခေတ်လို သံချောင်းများနှင့် သံကူကွန်ကရစ် လောင်းထားခြင်း မဟုတ်သော) တည်ဆောက်ထားသော ခေါင်မိုး ဖြစ်ပါသည်။ ခေါင်မိုးပေါ်သို့ လူရာနှင့်ချီ၍ အပြန်ကြီးပေါ်သို့ နေ့စဉ် လူဦးရေ အကန့်အသတ်မရှိ တက်ကြလျှင် တစ်နေ့နေ့တွင် ခေါင်မိုး ကျိုကျပါလိမ့်မည်။ ထိုခေါင်မိုးပေါ် တက်သော အတွင်းလှေကားမှာ တိုးစီပေါင်းကူး အုတ်စီနည်းဖြင့်သာ အောက်ခံသံချောင်း၊ သစ်သားချောင်း မပါဘဲ တည်ဆောက်ထားခဲ့ခြင်း ဖြစ်ရာ လူတစ်ကိုယ်စာ ကျဉ်းမြောင်းသော လိုဏ်အဝင်လမ်းထဲသို့ လူတစ်ပြုတစ်မကြီး တစ်ပြိုင်တည်း တက်ကြ၊ ဆင်းကြ လုပ်နေကြသည်များမှာ ဘယ်နေ့ လိုဏ်ဝူကျဉ်းကျဉ်းလေး ပြိုကျ၍ ကျော်မကောင်း ကြားမကောင်း ဖြစ်ကြမလဲဟု အမြဲတွေးပူနေရပါသည်။ ၄င်းအပြင် ပြာသာဒ်ကြီးဘုရား အဝင်မုခ်၌ ထိုင်တော်မူဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး ရှိရာ လူတို့က ဘုရားခေါင်မိုးပေါ် တက်ကြသောအခါ ဘုရား ဦးခေါင်းတော်ကို အပေါ်မှ မြင်နေရသောကြောင့် (မရည်ရွယ်ဘဲ) အဂါရဝ ဖြစ်သလို ရှိနေပါသည်။ ရွှေဆံတော်ဘုရားမှာလည်း ပစ္စယံအတက် လှေကားလေးခု သည် မတ်စောက်လွန်းသဖြင့် အသက်ကြီးသော ပြည်တွင်း ပြည်ပ ဧည့်သည်များ တက်ရ ဆင်းရ အန္တရာယ် ကြီးမားလှပါသည်။

ထို့ကြောင့် ပုဂံတွင် ရွှေဆံတော်နှင့် ပြာသာဒ်ကြီးဘုရား နှစ်ဆူထဲ၌ လူတို့ ညနေတိုင်း စုပြုံ တိုးဝှေ့ကြည့်ရှုနေရခြင်းမှ ကင်းလွတ်ပြီး ဘုရားများကို ယခုထက် တည်တံ့စေလိုလျှင် ဗိသုကာပညာအရ ပိုမိုတောင့်တင်းပြီး ခံနိုင်ရည် ရှိမည့် မင်္ဂလာစေတီ၊ ဓမ္မရာဇိက၊ ရွှေစည်းခုံ၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ကန်တော့ပလ္လင်၊ သဗ္ဗညူ စသော ဘုရားများကို အထက်ပစ္စယံသို့ တက်ရောက်ဖူးမြော်ခွင့် တိုးချဲ့ဖွင့်လှစ်ပေးသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

ထိုဘုရားများမှာ မူလ တည်ထားစဉ်ကတည်းက အထက်ပစ္စယာသို့ လူတို့ တက်ရောက်ဖူးမြော်ခိုင်ရန် ရည်ရွယ်ချက်ဖြင့် လှေကားများ ထည့်သွင်း၍ ခိုင်ခံ့စွာ တည်ဆောက်ထားခဲ့ခြင်း ဖြစ်ပါကြောင်း။

Advertisements ကျနော်၊
၇-၆-၂၀၁၃။

■

ဗုန်းတောင်းယာစကာတို့ ပေါများသည့်မြေ

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများကို ဧည့်လမ်းညွှန်အဖြစ် လိုက်ပါပို့ဆောင်ရတိုင်း မန္တလေးသို့ မကြာခဏ ရောက်တတ်ပါသည်။ မန္တလေး ရောက်တိုင်း ကျွန်တော်တို့ ဧည့်လမ်းညွှန်များ မရောက်မဖြစ် ရောက်ကြသောနေရာမှာ အမရပူရ ရွှေမြို့တော်မှ မဟာဂန္ဓာရုံ ဘုန်းတော်ကြီးကျောင်းတိုက် ဖြစ်ပါသည်။ ထိုဘုန်းကြီးကျောင်း စာသင်တိုက်၌ သံဃာအပါး ရှစ်ရာမှ တစ်ထောင်ဝန်းကျင် ရှိတတ်ပြီး သံဃာတော်များ ဆွမ်းစားဆောင်သို့ ကြွချီလာပြီး ဆွမ်းဘုဉ်းပေးပုံမှာ ဗုဒ္ဓသာသနာအတွက် ကြည်ညိုဖွယ် ကောင်းလှသဖြင့် တိုးရစ်များက တကူးတက လာကြည့်ကြခြင်း ဖြစ်သည်။ အများအားဖြင့် မဟာဂန္ဓာရုံတွင် ဆွမ်းစားချိန် မြင်ကွင်းကို ပြပြီးသောအခါ ဧည့်လမ်းညွှန်များသည် ဧည့်သည်ဖြစ်သူ နိုင်ငံခြားသားများကို ခေါ်ကာ ဘုန်းကြီးကျောင်းနှင့် ကပ်လျက်တည်ရှိသော ကမ္ဘာကျော် တောင်သမန်အင်းဆီသို့ ချီတက်ကြစမြဲ ဖြစ်သည်။

တောင်သမန် အင်းရေပြင်၌ ကမ္ဘာကျော် ဦးပိန်တံတား ရှိသည်။ ငှက်လှေကလေးများ ရှိသည်။ ဘူးသီးကြော်ဆိုင်များ ရှိသည်။ ဆရာတော်

ဦးပညာ(အမရပူရ)၏ ကျောင်းသခင်မ်းနှင့် မယ်ဖယ်ပင်တန်း ရှိသည်။ တောင်မင်းကြီး မြတ်စွာဘုရား ရှိသည်။ ချက်ချင်းရေး၊ ချက်ချင်း ရောင်းသော မားခြစ်ပန်းချီဆရာများ ရှိသည်။ 'လွတ်ကြမလား၊ ကုသိုလ်ရပါတယ်' ဆိုသော စာကလေး၊ ဒီးဒုတ်၊ ဇီးကွက်ကလေးများ ရောင်းသော ငှက်လှောင်အိမ်များ ရှိသည်။ ဘော့စကိုင်းအစေ့များကို ပိုက်ဆံအိတ် လုပ်ရောင်းသော ဈေးသည်များ ရှိသည်။ ကျောက်စိမ်းပုတီးများ၊ လက်ကောက်ကလေးများကို မဝယ်မချင်း တောက်တဲ့ကပ် ကပ်ကာ Hello! What is your name ? My name is Mya Mya. ဆိုသော စကားကို နိုင်ငံခြားဘာသာ ၅ ခုလောက်နှင့် ပြောတတ်သော ဈေးသည် ကောင်မလေးတွေ ရှိသည်။ ပြီးတော့ တောင်သမန်၏ သင်္ကေတတစ်ခုသဖွယ် ဖြစ်နေသော တောင်းရမ်းစားသောက်သူတွေ ရှိနေတတ်ပါသည်။

ကျွန်တော့် အတွေ့အကြုံအရ မြန်မာနိုင်ငံတွင် ခွက်ထိုးစီးပွားရေးသမား (သူတောင်းစားဟု ခေါ်ရေးရမှာ အားနာသဖြင့် ဝေါဟာရအသစ် ထွင်လိုက်ပါသည်။) အပေါများဆုံး နေရာ သုံးခုမှာ ဦးပိန်တံတား၊ စစ်ကိုင်းတောင်အဆင်းလမ်းနှင့် ပဲခူးမြို့တို့ ဖြစ်ပါသည်။ အခြား မြို့ရွာများတွင် ကြိုးကြာကြိုးကြာ တွေ့ရတတ်သော်လည်း ၎င်းနေရာ သုံးခုမှာလောက် ရေရှည်စွဲ၍ တစုတဝေးတည်း ကုမ္ပဏီရုံးခန်း ဖွင့်ကြသော နေရာ များများစားစား မရှိပါ။ ရန်ကုန်မြို့ကတော့ ထိုနှစ်နေရာပြီးလျှင် စတုတ္ထနေရာလောက် ချိတ်မည်ဟု ထင်ပါသည်။ ဟိုယခင်ကဆိုလျှင် ဦးပိန်တံတားပေါ်မှာ တောင်းရမ်း စားသောက်သူ ခွက်ထိုးသမားများ ယခုထက် ပေါများပါသည်။ အများအားဖြင့် ၎င်းတို့မှာ ကိုယ်ပျက်နေသော ကိုယ်ရေပြားရောဂါသည်များ ဖြစ်ကြပါသည်။ ကိုယ်ရေပြားရောဂါသည် မဟုတ်သူများလည်း အနည်းငယ် ရှိပါသည်။ လွန်ခဲ့သော သုံး လေးနှစ်လောက်ကမူ သက်ဆိုင်ရာမှ အရေးယူ ဖယ်ရှားလိုက်သောကြောင့် တံတားပေါ်တွင် တောင်းရမ်းနေကြသော ကိုယ်ပျက်နေသည့် ဝေဒနာသည်များကို သိပ်ပြီး များများစားစား မတွေ့ရတော့ပါ။ သို့သော် ထိုက်သင့်သလောက်တော့ ကျန်ပါသေးသည်။

ဦးပိန်တံတား ရောက်တိုင်း ကျွန်တော် အမှတ်ရနေသော ခွက်ထိုးသမားတစ်ယောက်မှာ မျက်စိမမြင်သော လင်မယား ဖြစ်ပါသည်။ မျက်စိ

မခြင်သည်မှာ လင်ယောက်ျားဖြစ်၍ မယားဖြစ်ဟန်တူသူကမူ ခြေအကောင်း၊ လက်အကောင်း မျက်စိလည်း ကောင်းပါသည်။ မိန်းမ၏ အလုပ်မှာ မျက်စိမခြင်သော ယောက်ျားအား တွဲခေါ်ကာ လမ်းပြရပါသည်။ ယောက်ျား လမ်းလျှောက်နိုင်ရန် ဖေးမကူညီရပါသည်။ တစ်ခါတစ်ရံ 'သနားကြပါရှင်' စသည်ဖြင့် ဈေးကွက်ချဲ့ထွင်ကာ ရောင်းအားမြှင့်တင်ရပါသည်။ သူတို့ လင်မယားမှာ အသက်ခြောက်ဆယ်ခန့် ရှိကြမည် ဖြစ်ပြီး ယောက်ျားမှာ မျက်စိမခြင်သည်မှအပ ကိုယ်အင်္ဂါအားလုံး အကောင်း ဖြစ်ပါသည်။ ကိုယ်ပျက်နေခြင်းလည်း မရှိပါ။ နွမ်းဖတ်သော အဝတ်ကိုပင် သပ်သပ်ရပ်ရပ် ဝတ်စားထားကြပါသည်။ ထိုလင်မယားကို သတိထားမိသည်မှာ သူတို့၏ တောင်းရမ်းပုံ နည်းဗျူဟာသည် သူများတကာ လုပ်ငန်းတူသူများနှင့် မတူ ခြားနားသောကြောင့် ဖြစ်ပါသည်။

သူတို့သည် အများသူငါ ပင်ပင်ပန်းပန်း ရှာထားရသော အသုပြာငွေကို မျက်ရည်ခံထိုး၍ အလကား မတောင်းပေ။ သူတို့ တတ်ကျွမ်းသော နည်းဖြင့် ဖျော်ဖြေရေး Live Show ကျင်းပကာ တောင်းရမ်းခြင်း ဖြစ်သည်။ ဖျော်ဖြေပုံမှာ မယ်ဒလင်လေးတစ်လက်နှင့် ဆိုတီးကလေး လက်စွမ်းပြခြင်း ဖြစ်သည်။ အများအားဖြင့် လမ်းလျှောက်သွားရင်း အမျိုးသားဖြစ်သူက မယ်ဒလင်ကို တီးကာ သီချင်းကလေး ညည်းလေသည်။ တစ်ခါတလေ သီချင်းမဆိုတဲ့ တီးလုံးသက်သက် ဖြစ်သည်။ သူတို့ အမြဲတီးလေ့ရှိသော တေးသွားတစ်ပုဒ်မှာ အဆိုတော် ဒိုရာသန်းအေး၏ လှောကလေးကို 'လှော်မည် ဘေးမသန်းပဲ အေးချမ်းတော့မည်' ဟူသော တေးသီချင်း ဖြစ်သည်။ အခြား ခွက်ထိုးသမားများမှာလည်း သူ့နည်းသူ့ဟန်ဖြင့် တောင်းကြရာ တံတားပေါ်တွင် ထိုင်တောင်းသော အခြားတစ်ယောက်မှာကား အင်္ဂလိပ် မြန်မာ ရောလျက် 'ဟရိ ဝမ်းကျပ် တူးကျပ်လောက် သနားခဲ့ပါ' ဟူသတည်း။

ဇန်နဝါရီလအတွင်းက အနီ တောင်သမန်သို့ အမေရိကန် တိုးရစ်သုံးယောက်နှင့် ကျွန်တော် ရောက်ခဲ့ပါသည်။ မိခင်ဖြစ်သူ အသက် ခြောက်ဆယ်ခန့် အဘွားကြီးနှင့် သက်လတ်ပိုင်း သားတစ်ယောက်၊ သမီးတစ်ယောက် ဖြစ်သည်။ ဦးပိန်တံတားပေါ်မှ ခပ်ဝေးဝေးအထိ လျှောက်သွားကြမယ် ဆိုသော အခါ အမောမခံနိုင်သော အဘွားကြီးက 'မင်းတို့ပဲ သွားကြပါ၊ ငါ ဒီနေရာက

စောင့်နေပါ့မယ်' ဟု ဆိုကာ ဦးပိန်တံတားပေါ်ရှိ သစ်သားခုံတန်းလျားတစ်ခုတွင် ထိုင်နေရစ်ပါသည်။ ကျွန်တော်နှင့် တိုးရစ် နှစ်ယောက်လည်း ဦးပိန်တံတားပေါ်တွင် ရှုခင်း ကြည့်ရင်း၊ လတ်ဆတ်သော လေကို ရှူရင်း အရှောဘက်သို့ လျှောက်လာခဲ့ကြပါသည်။ ထိုသို့ သွားလိုက် ရပ်လိုက်၊ နားလိုက်၊ စကားပြောလိုက်ဖြင့် အချိန်ကုန်မှန်းမသိ ကုန်သွားပါသည်။ ၄င်းအပြင် တံတားအလယ်လောက် ရောက်သောအခါ ဘေးလေ့ကားမှ သောင်ပြင်ပေါ်သို့ ဆင်းကာ အအေးဆိုင် ထိုင်ပြီး အုန်းရည်များ သောက်ကြပါသေးသည်။ ထို့အပြင် ၄က်လှော် စီးကြည့်ချင်သည် ဆိုသဖြင့် သမ္မန်တစ်စီး ငှားပြီး လှော်ဖြင့် တံတားအောက်မှ ပြန်ကြပါသည်။ တိုတိုပြောရလျှင် ကျွန်တော်တို့သည် မူလက နာရီဝက်လောက် ကြာလျှင် ပြန်လာကြပါမည်ဟု သူတို့မိခင်ကြီးကို ပြောကာ စောင့်ခိုင်းခဲ့သော်လည်း တစ်နာရီကျော်ကျော် ကြာသွားပါသည်။ ကျွန်တော်တို့ ပြန်ရောက်သောအခါ မိခင်ကြီးမှာ ထိုင်စောင့်နေရာ တံတားပေါ်မှ လှေဆိပ်သို့ ဆင်းသွားပါသည်။ ကျွန်တော်က စောင့်ခိုင်းပြီးမှ ကြာသွားသည့်အတွက် တောင်းပန်ရာ တိုးရစ်အဘွားကြီးက-

''ရပါတယ် ငါလည်း ငါ့ဘာသာ ဖျော်ဖြေရေးလုပ်နေတာ''

ဟု ပြောပါသည်။

ဘာတွေ ဖျော်ဖြေရေး လုပ်နေသနည်းဟု ကျွန်တော်တို့က မေးသောအခါ တိုးရစ် အဘွားအိုက ပြောပြသည်မှာ ကျွန်တော်တို့ ထွက်သွားသည်နှင့် သူလည်း ပတ်ဝန်းကျင်ကို လေ့လာကြည့်ရာ သူနှင့် မလှမ်းမကမ်း၌ အမျိုးသမီးတစ်ယောက်သည် ဖြတ်သွားဖြတ်လာ တိုးရစ်များထံမှ တောင်းရမ်း စားသောက်နေကြောင်း ထိုအမျိုးသမီးက 'ဟလို မန်းနီး မန်းနီး' ဖြင့် အော်ဟစ် တောင်းရှာပါသော်လည်း အသံထွက် မပီသ၍ 'မန်းရီး မန်းရီး' ဟုသာ သူနားထဲတွင် ကြားရကြောင်း။ အသံထွက် မပီသ,သဖြင့် တိုးရစ်များကလည်း အဖက်မလုပ်ဘဲ လှည့်၍ပင် မကြည့်ကြကြောင်း။ သူလည်း ပထမတွင် ထိုမြင်ကွင်းကို အေးအေးလူလူ ထိုင်ကြည့်နေသော်လည်း ခွက်ထိုးအမျိုးသမီး ဈေးဦးမပေါက်တာကို မြင်သဖြင့် တတ်သည့်ပညာ မနေသာ ဆိုသလို ဝင်၍ ကူကြောင်း။ ကူညီပုံမှာ တိုးရစ်များ ဖြတ်သွားသောအခါ 'ဟလို မန်းနီး မန်းနီး' ဟု ကူအော်ပေးကြောင်း၊ အမေရိကန် အသံထွက်စစ်စစ်ကြောင့်

တိုးရစ်များက လှည့်ကြည့်ကြကြောင်း၊ ထိုအခါ တောင်းရမ်းစားသော မိန်းမကို သူက လက်ညှိုးထိုးပြကြောင်း။ ထိုအခါ တိုးရစ်များက သဘောပေါက်သွားပြီး ပိုက်ဆံများ ထည့်ဝင်သွားကြောင်း။ နောင်အခါတွင် လက်ညှိုးထိုးပြရန်ပင် မလိုပဲ သူက 'ဟလို ဟလို မန်းနီး မန်းနီး' ဟု အော်လိုက်သည်နှင့် ထိုမိန်းမက ခွက်ကို ထိုးခံပြီး ဖြစ်နေကြောင်း၊ မြန်မာ အမေရိကန် ပူးတွဲ၍ တောင်းရမ်းသည့် စီမံကိန်းမစ်ရှင်သည် အတော်ပင် ထိရောက်၍ တာသွားကြောင်း ခရေစေ့တွင်းကျ ပြောပြပါသည်။

အမှန်စင်စစ် ထိုအမျိုးသမီးကြီးသည် အမေရိကန်ပြည်ထောင်စု၌ သူဌေးကြီးတစ်ဦး ဖြစ်သည်။ အနှီ သူဌေးရင့်မာကြီး တစ်ယောက်သည် တောင်သမန်အင်းကို ရောက်မှ ဘယ်က ဘယ်လို စိတ်ပါသွားသည် မသိ။ သူဖုန်းစားပါတီတွင် မန်ဘာအသစ် ဖြစ်သွားပေတော့သည်။ ရေမြေကို လိုက်၍ မြန်မာပြည် ရောက်ခိုက် ယာစကာစိတ် ပေါက်သွားသလား၊ ငရုတ်သီးနှင့် လူပေါင်းမှား၍ ကြက်သွန်မှာ ရောအထောင်းခံရခြင်းပေလော၊ သို့တည်းမဟုတ် တစ်သက်လုံး ဆောင်းရမ်းချင်သော ဖွေးရာပါ ဗီဇစိတ်သည် မအောင့်အည်းနိုင်ဘဲ မြန်မာ့မြေတွင် ခေါင်းထောင်ထလာခြင်းပေလော၊ လူလူချင်း ကူညီချင်စိတ်သက်သက်ပေလော ဟူသည်ကား သူပဲ သိပေတော့မည်။ ဤကား ကျွန်တော် ကြုံတွေ့ခဲ့သော တောင်သမန်အင်းစပ်မှ ဇာတ်လမ်း ဖြစ်ပေသည်။

ပဲခူးတွင် တောင်ပုံမှာ ပို၍ ရုပ်ပျက်လေသည်။ သူဖုန်းစား ခွက်ထိုးသမားများသည် တိုးရစ်ကို ပစ်မှတ်ထား၏။ တိုးရစ် လာရာလမ်းကြောင်းကို မှန်းဆရာ၌ ခရီးသွားကုမ္ပဏီများထက် တော်၏။ သူတို့သည် နေရာတကာသို့ နေပူခံကာ လျှောက်မသွားပေ။ နေ့လယ်စာ မစားမီ အချိန်လောက်ဆိုလျှင် ကြခတ်ဝိုင်း ဘုန်းကြီးကျောင်းအထွက်က စောင့်တောင်း၏။ ထိုဘုန်းကြီးကျောင်းမှာ မန္တလေး မဟာဂန္ဓာရုံကျောင်းလိုပင် နာမည်ကျော်သဖြင့် သံဃာတော်များ ဆွမ်းစားချိန်တွင် တိုးရစ်များ လာကြည့်ကြသည်။ ထိုအချိန်ကောင်းကို စောင့်ပြီး ဘုန်းကြီးကျောင်း အထွက်မှ စောင့်၍ တောင်းခြင်း ဖြစ်သည်။

ဆွမ်းစားပြီးချိန် တိုးရစ်များ လူစုကွဲသောအခါ ခွက်ထိုး ဘစ်စနက် သမားများသည် နေရာရွှေ့ကြပြန်ကုန်၏။ ဤတစ်ကြိမ်တွင်မူကား မလွဲနိုင်သော နေရာများ ဖြစ်သည့် တိုးရစ်များ ပဲခူးတွင် အများဆုံး နေ့လယ်စာ

စားသုံးရာ စားသောက်ဆိုင် နှစ်ဆိုင် ဖြစ်သည့် ဟံသာဝတီ စားသောက်ဆိုင်နှင့် သရီးဖိုက် စားသောက်ဆိုင်တို့ရှေ့မှ နှစ်ဖွဲ့ ခွဲ၍ ပိတ်စောင့်ကြရာ တိုးရစ်များနှင့် ညှော့လမ်းညွှန်များမှာ ပြေးစရာမြေ မရှိကြတော့ပေ။ တောင်သမန်အင်းနှင့် ကွာသော အချက်မှာ ပဲခူးမှ ခွက်ထိုးသမားများမှာ သူတို့ကို သနားသည်ထက် သနားလာစေရန် ကိုယ်ပိုင်လား၊ နေ့စားဖြင့် ငှားထားသည်လား မသဲကွဲသော နို့စို့အရွယ် ကလေးများကို ကိုယ်စီကိုယ်ငင ချီပိုး၍ တောင်းရမ်းကြခြင်း ဖြစ်သည်။ ကလေးများမှာလည်း ငိုယိုခြင်း မရှိဘဲ တညီတညွတ် တည်းပင် (ဘာမီတွန်များ တိုက်ထားသည့်သဖွယ်) အိပ်မောကျနေကြပေ၏။

ထိုမြင်ကွင်းကို တွေ့သောအခါ စေတနာကောင်းသော တိုးရစ်များက မြန်မာကျပ်ငွေ၊ ဒေါ်လာ၊ ဘတ်ငွေ စသည်များကို ပေါပေါများများ ထည့်ဝင်ကြပေ၏။ အချို့ကမူ သူတို့က တကယ် စားစရာမရှိလို့ တောင်းနေတာလား၊ ဂိုဏ်းဖွဲ့ပြီး တောင်းနေတာလား၊ သူတို့က ကျောင်းမနေကြဘူးလား၊ ကျောင်းမနေရင် အိုးရက အရေးမယူဘူးလား၊ အိုးရက လူမှုဖူလုံရေး အထောက်အပံ့တွေ မပေးဘူးလား၊ မြန်မာပြည်မှာ အလုပ်လက်မဲ့နှုန်းက ဘယ်လောက်ရှိသလဲ စသည်ဖြင့် လျှာကြော်ရှည်နေကြပေရာ တစ်နေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ပါသော်လည်း ထမင်းစားချိန်တွင် ထမင်း ကောင်းကောင်းမစားရဘဲ အပိုဆာဒါးများနှင့် ဝိုင်းဝိုင်းလည်လာကြသောကြောင့် ညှော့လမ်းညွှန်မှာ ကျွဲမြီးတိုလာကာ လက်ထဲတွင် အသင့်ကိုင်လာသော ကင်မရာဖြင့် ထိုးချိန်လိုက်မှ (သက်ဆိုင်ရာသို့ သက်သေသက္ကာယဖြင့် တိုင်မှာစိုးသဖြင့်) ခွက်ထိုးသမားများမှာ ပြေးသူ ပြေး၊ ပုန်းသူ ပုန်း၊ ဆဲသူက ဆဲ မြည်တွန်တောက်တီးကာ လူစုကွဲလေသည်။

ဤသည်ကား လမ်းပေါ်မှ မာဒင်္ဂ ဂိုဏ်းဝင်များ အကြောင်းပေတည်း။ လမ်းပေါ်တွင် မတောင်းဘဲ အရိပ်ထဲ၊ ရုံးခန်းထဲ၊ အချို့ အဲကွန်းခန်းထဲမှ တောင်းသောသူများကား ပို၍ နည်းဗျူဟာ စနစ်ကျကာ သေသေသပ်သပ် ရှိကြပေသည်။ ကျွန်တော့်အသိ စာရေးဆရာတစ်ယောက် စကီ်ာပူတွင် အလုပ်သွားလုပ်ပြီး ရန်ကုန်သို့ အပြီးပြန်လာခဲ့ရာ ရန်ကုန်လေဆိပ်၌ 'ဆရာက နိုင်ငံခြားမှာ ငါးနှစ်တောင် နေခဲ့တာဆိုတော့ တော်တော်စုမိမှာပဲ ကျွန်တော်တို့ကို မုန့်ဖိုးလေး ပေးခဲ့ပါဦး' ဟု ဝန်ထမ်းတစ်ယောက်က

တောင်းသဖြင့် စကိုပူ ဆယ်ဒေါ်လာ ပူဇော်ပသခဲ့ရသည် ဟူ၏။ တစ်ယောက် ဆယ်ဒေါ်လာနှုန်းဖြင့် တွက်လျှင် ရန်ကုန်လေဆိပ်သို့ နေ့စဉ် လူ အဝင်အထွက် မပြတ်သဖြင့် ဝင်ငွေမှာ နည်းမည် မဟုတ်ပေ။ အမှန်မှာ ကျွန်တော့်မိတ်ဆွေမှာ ကျန်းမာရေး မကောင်းသဖြင့် အလုပ်ထွက်ကာ မြန်မာပြည်တွင် ဆေးကုရန် ပြန်လာခြင်း ဖြစ်သည်။ ကားမောင်းသူ အချို့မှာလည်း လှည့်ကင်းအဖွဲ့က တားလျှင် ဆင်များ၊ ခြင်္သေ့များဖြင့် ရှင်းကြရ၏။ ပါမစ် လျှောက်သောသူမှာလည်း ပါမစ်ကျလိုလျှင် ပေးကြရပြန်၏။ ကျောင်းပြောင်းချင်သော ကျောင်းသားထံမှလည်း ကျောင်းအုပ်ကြီးများသည် တောင်းကြပြန်၏။ နေရာကောင်းသို့ ပြောင်းလိုသော ဝန်ထမ်းအား လုပ်ပိုင်ခွင့်ရှိသော အရာရှိကလည်း ဂါရဝပြုငွေ အလိုရှိပေသည်။ ကန်ထရိုက်လုပ်ငန်းကြီးကြီး ရလိုပါလျှင်လည်း နားလည်မှု ရှိဖို့ လိုသည်။

ကျွန်တော့် မိတ်ဆွေတစ်ဦး၏ သမက်သည် နယ်စပ်မြို့တစ်မြို့သို့ အကောက်ခွန် ဝန်ထမ်းတစ်ယောက်အနေဖြင့် ပြောင်းရွှေ့သွားပြီး ခြောက်လ အတွင်းမှာပင် ရန်ကုန်မြို့ ဆင်ခြေဖုံး၌ အိမ်တစ်လုံး ဝယ်နိုင်သွားလေသည်။ ကျွန်တော့် ငယ်သူငယ်ချင်းတစ်ယောက်မှာလည်း ဆယ်တန်း တဖုန်းဖုန်း ကျနေသဖြင့် သူတို့အမျိုများက (ဟိုစဉ်က) အစိုးရဓာတ်ဆီဆိုင်၌ အကူ ပန့်ကိုင်စာရေးအဖြစ် သွတ်သွင်းပေးလိုက်ရာ လခနည်းသော်လည်း သုံးနှစ် အတွင်းမှာပင် တိုက်နှင့် ကားနှင့် ဖြစ်သော ဟူ၏။ ဆည်မြောင်းဦးစီးဌာနမှ ယာဉ်မောင်း(ဒရိုင်ဘာ)သည်ပင်လျှင် မယား သုံး လေးယောက်ကို တင့်တင့် တယ်တယ် ထားနိုင်သည်အထိ အချို့ပုဂ္ဂိုလ်များ ဝင်ငွေကောင်းခဲ့ကြပေသည်။ အချို့ စစ်ဘက်အရာရှိအချို့မှာလည်း တပ်မတော်အတွင်း အောင်ဘာလေ ထီများ ပေါက်သည် ထင်ရ၏။ သိန်းထောင်ကျော်တန် ကားကြီးများကို စီးနိုင်ကြပေသည်။ အခွန်ဦးစီးမှူးများမှာလည်း ငွေဝင်ဂါထာ ရှိကြပေကုန်၏။ စည်ပင်အရာရှိများ၏ အိမ်တွင်လည်း လာဘ်ရှင်ဂမုန်းတို့ တိုးတက်ဖြစ်ထွန်းကြကုန်၏။ အစိုးရဌာနအသီးသီး၏ ယန္တရားသည် ဆီမထည့်လျှင် မလည်သော အညာမှ ဆီဆုံအဟောင်းကြီးကဲ့သို့ ဆီထည့်မှ တကျွီကျွီ လည်ကြကုန်၏။

ထိုရောအခါ ကျွန်တော်သည် မြင်ခဲ့၊ တွေ့ခဲ့ဖူးသော တောင်သမန်အင်းနှင့် ပဲခူးမှ ပုဂ္ဂိုလ်များကို သတိရ လွမ်းဆွတ်မိပါသည်။ အကယ်စင်စစ် အလုပ်ချင်း တူသော်လည်း အကြံတူ နောက်လူ သာစမြဟူသော စကားပုံအရ သူတို့ လုပ်သော အလုပ်မျိုးကိုပင် လုပ်၍ သူတို့ထက် မြင့်မိုရ်တောင်နှင့် ဆီးစေ့လောက် ကွာဟနေသော ဘဝများကို မြင်ယောင်မိလေသည်။ လမ်းဘေးမှ ကယ်ပါနှင့် စောရများမှာမူကား ဘိစနက် မဟာဗျူဟာ နည်းစနစ် ချို့ယွင်းညံ့ဖျင်းမှုကြောင့် 'ဟယ်လိုမန်းနီး' အဆင့်မှ မတက်နိုင်ကြသေးပါတကား။

Media One ဂျာနယ်
၁၁-၆-၂၀၁၃။

■

အမျိုးသားရေးနှင့် လူ့အခွင့်အရေး

ဘူး သီးတောင်နှင့် မောင်တောမှ ဘင်္ဂါလီများ အိမ်ထောင်စု တစ်စုလျှင် ကလေး နှစ်ဦးသာ ယူခွင့်ပြုသည့် ဒေသန္တရအမိန့်သည် လူ့အခွင့်အရေးနှင့် ဆန့်ကျင်နေသဖြင့် လက်မခံနိုင်ကြောင်း၊ ၂၀၁၃ မေ ၂၇ ရက်နေ့က တော်ဝင်နှင်းဆီစားသောက်ဆိုင်တွင် ကျင်းပသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီ အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်က သတင်းထောက်များအား ပြောကြားလိုက်သောအခါ တစ်နိုင်ငံလုံး ပွက်လောရိုက်ကုန်လေသည်။

မြန်မာနိုင်ငံသား တော်တော်များများက ဒေါ်အောင်ဆန်းစုကြည် ယခုအချိန်တွင် ဒီစကားမျိုး ပြောတာကို အံ့သြကြသည်။ တချို့ကလည်း ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဤစကားမျိုးကို မပြောကြားသင့်ဟု ထင်မြင်ယူဆကြသည်။ အချို့ကလည်း ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မပြောလည်း ဘာမှ မဖြစ်သည့်အချိန်တွင် ဘာကြောင့် လူမုန်းခံပြီး ဒီလို ပြောပါလိမ့်ဟု မချင့်မရဲ ဖြစ်ကြသည်။ NLD ကို ထိုးနှက်ရန် နိုင်ငံရေးတိုက်ကွက် ရှာနေသော ဆန့်ကျင်ဘက် ပါတီများကလည်း ၂၀၁၅ ရွေးကောက်

ပွဲတွင် လက်ညှိုးထိုး ထောက်ပြစရာ အကွက်ကောင်းတစ်ခု ရသွားလေသည်။ ကျွန်တော်ကတော့ ဒေါ်အောင်ဆန်းစုကြည် ဤကဲ့သို့ ပြောကြားသည်ကို မအံ့သြပါ။ ဒဂိုးပြားတစ်ခုၵ္ခ် ခေါင်းနှင့် ပန်း ဟူ၍ နှစ်ဖက်ရှိရာ ခေါင်းဘက်မှ သက်သက်ကြည့်သူသည် ခေါင်းကိုသာ မြင်မည် ဖြစ်ပြီး ပန်းဘက်မှ ကြည့်သူသည် ပန်းကိုသာ မြင်မည် ဖြစ်သည်။ ထို့အတွက် သူ ဘာမြင်သည် ဆိုသည်ကို မအံ့သြပါ။ သူ ဘယ်နေရာက ရပ်ကြည့်သလဲ ဆိုတာကသာ အဓိကကျပါသည်။ အမှန်တရား ဆိုသော်လည်း တစ်ခါတစ်ရံတွင် ကြည့်သူကို လိုက်၍ ဘက်နှစ်ဖက် ရှိပါသည်။ ဒေါ်အောင်ဆန်းစုကြည် ရပ်သည့် ဘက်မှ ကြည့်သောအခါ လူအခွင့်အရေး ဆိုသော ဒဂိုးခေါင်းကို တွေ့ရမည် ဖြစ်သည်။ သို့သော် ပြည်သူလူထုဘက်က ကြည့်သောအခါ အခြား မြင်ကွင်း တစ်ခု ရှိနေပေသေးသည်။

ရခိုင်တွင် ဘင်္ဂါလီများ၏ လူဦးရေ မွေးဖွားနှုန်းကို ကန့်သတ်ထားခြင်းမှာ လူအခွင့်ရေးရှုထောင့်မှ ကြည့်လျှင် တရားမျှတမှု မရှိပါဟု ဆိုခြင်းမှာ မှန်ကန်ပါသည်။ ဤကမ္ဘာကြီး၌ မည်သူမဆို မိမိ ကျွေးမွေးနိုင်မည် ဆိုပါက မည်ရွေ့မည်မျှဟု မကန့်သတ်ဘဲ ကြိုက်သလောက် သားသမီး ယူပိုင်ခွင့် ရှိရမည်မှာ လူတစ်ယောက်၏ မွေးရာပါ အခွင့်အရေး ဖြစ်သည်။ ဤသည်ကို တားဆီးပိတ်ပင်ခြင်းသည် တရားမျှတမှု မရှိရာ ရောက်ပါသည်။ ဤကား လူအခွင့်အရေးရှုထောင့်သက်သက်မှ ကြည့်သောအခါ မြင်ရမည့်အမြင် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဤရှုထောင့်မှ ကြည့်၍ ဝေဖန်သုံးသပ်ခြင်း ဖြစ်၍ သူ့အမြင်နှင့်သူ မှန်ကန်ပေသည်။

သို့သော် ဤကမ္ဘာကြီး၌ လူအခွင့်အရေးနှင့် တန်းတူ ကမ္ဘာ့နိုင်ငံအသီးသီးက အလေးထားသော အရာတစ်ခုမှာ အမျိုးသားအကျိုးစီးပွား (National Interest) ဖြစ်ပေသည်။ တစ်ခါတစ်ရံ နှုတ်မှ ဖွင့်ဟမပြောကြသော်လည်း အမျိုးသားအကျိုးစီးပွားကို လူအခွင့်အရေးထက် ပို၍ အလေးထားကြသည်ကိုလည်း ကမ္ဘာ့နိုင်ငံအသီးသီး အစိုးရများ၏ ဆုံးဖြတ်ချက်များတွင် မကြာခဏ တွေ့ရလေသည်။ ကိုယ့်နိုင်ငံအတွက် အကျိုးရှိမည်ဆိုလျှင် လူအခွင့်ရေး စံချိန်စံနှုန်းများကို ကျော်လွန် ဆုံးဖြတ်ခဲ့တာတွေလည်း သာဓက အလီလီ ရှိခဲ့ပြီးသား ဖြစ်သည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုတွင်

အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် လိုအပ်လျှင် နိုင်ငံသားတို့၏ တယ်လီဖုန်းကို ကြားဖြတ် နားထောင် ပိုင်ခွင့်၊ စက်ပစ္စည်းတွင် အများပြည်သူပိုင်ဝစ္စည်း ဖျက်ဆီးသူကို ကြိမ်ဒဏ် အပြစ်ပေးခြင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရှည်လျားလှသော သမိုင်းကြောင်းတွင် နိုင်ငံ၏ ကြီးမားထူထပ်သော လူဦးရေကြောင့် ဆင်းရဲမွဲတေမှု သံသရာမှ မထွက်နိုင်ဘဲ နိုင်ငံတော်၏ တိုးတက်ရေးကို အန္တရာယ်ပေး ခြိမ်ခြောက်နေသဖြင့် တစ်အိမ်ထောင် ကလေးတစ်ယောက် မူဝါဒ (One family One Child Policy) မှ စတင်ကာ ချမှတ်ခဲ့သည်။ လူအခွင့်အရေးရှုထောင့်မှ ကြည့်လျှင် သန်းပေါင်းများစွာသော တရုတ်မိသားစုများ၏ သဘာဝက ပေးထားသော အခွင့်အရေးကို အစိုးရက ချိုးဖောက်ခြင်းဟု စွပ်စွဲနိုင်သော်လည်း တစ်နိုင်ငံလုံးရှိ တရုတ်နိုင်ငံသားများ၏ ရေရှည်အကျိုးအတွက် ဤကိစ္စမှာ တရုတ်၏ အမျိုးသားအကျိုးစီးပွား (National Interest) ဖြစ်သည်။ ထို့ကြောင့် သူ့နိုင်ငံသားများ ရေရှည်တွင် ရိက္ခာဖူလုံရေး၊ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်သူတွေ ဘာပဲ ဝေဖန်သည် ဖြစ်စေ တရုတ်အစိုးရက ပြတ်ပြတ်သားသား ကျင့်သုံးခဲ့ခြင်း ဖြစ်သည်။ တရုတ်အစိုးရ၏ အဆိုအရ ၁၉၈၀ နှင့် သက္ကရာဇ် ၂၀၀၀ ခုနှစ်အတွင်း အနှစ် ၂၀ ကာလအတွင်း ဝယ် ဤစနစ်၏ ကောင်းကွက်ကြောင့် လူဦးရေ သန်း ၂၅၀ ကို တိုးပွားမလာအောင် ဟန့်တားနိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။ (အချို့ လေ့လာသူများက လူဦးရေ သန်း ၁၀၀ ခန့်ကိုသာ တိုးပွားမလာအောင် ဟန့်တားနိုင်ခဲ့သည်ဟု ဆိုကြသည်။) မည်သို့ဆိုစေ လူပေါင်းသန်း ၁၀၀ ခန့် ပေါ်ပေါက်မလာအောင် တားဆီးနိုင်ခြင်းပင်လျှင် ကြီးမားသော ရလဒ်ကြီးတစ်ခု ဖြစ်သည်။ လူအခွင့်အရေး ရှုထောင့်မှ ကြည့်လျှင် ချိုးဖောက်မှု ဖြစ်သော်လည်း အမျိုးသားအကျိုးစီးပွားရှုထောင့်မှ ကြည့်လျှင် သူ့နိုင်ငံအတွက် မှန်ကန်သော လုပ်ရပ် ဖြစ်သည်။ ဤအပြုအမူအတွက် လူအခွင့်အရေး လှုပ်ရှားသူများက ဝေဖန်ကြသော်လည်း တရုတ်အစိုးရက မယိမ်းမယိုင် သူ့မူဝါဒကို ဆက်လက် အကောင်အထည်ဖော်လာသောအခါ ကမ္ဘာကြီး၏ ဝေဖန်သံမှာ တဖြည်းဖြည်း အားပျော့သွားကာ တရုတ်အား နိုင်ငံတကာ အသိုင်းအဝိုင်းက ဝိုင်းပယ်ဖို့ကို ဝေးစွ၊ ဘေဂျင်အိုလံပစ်လို နိုင်ငံတကာ အားကစားပြိုင်ပွဲကြီး တစ်ခုကိုပင်

ကျင်းပခွင့် ပေးခဲ့သည်အထိ တရုတ်ကို လိုက်လျောခဲ့ကြပေသည်။ တရုတ်၏ လုပ်ရပ်ကို ထောက်ခံဖော်ပြနေခြင်း မဟုတ်သော်လည်း နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အကျိုးစီးပွားကို ပထမ၊ လူအခွင့်အရေးကို ဒုတိယနေရာမှ ထား ကာ ဖော်ဆောင်နေကြောင်း ပြောလိုရင်း ဖြစ်သည်။

အချို့ကလည်း တရုတ်သည် ဒီမိုကရေစီနိုင်ငံ မဟုတ်ဘဲ ကွန်မြူနစ် နိုင်ငံ ဖြစ်သောကြောင့် ထိုသို့ ထင်ရာစိုင်းသည်ဟု ဝေဖန်ကောင်း ဝေဖန်ပေ မည်။ ထိုကဲ့သို့ ဝေဖန်သူများသည် ဒီမိုကရေစီ အရာတွင် ကမ္ဘာ့စံပြနိုင်ငံ ဖြစ်သော အမေရိကန်ပြည်ထောင်စုကိုလည်း လေ့လာဆန်းစစ်ဖို့ လိုပေမည်။ အမေရိကန်ပြည်ထောင်စုသည် လူအခွင့်အရေးနှင့် ပတ်သက်လာလျှင် သမ္မတ မှသည် ဆံသဆရာ အဆုံး အားလုံး အခွင့်အရေး တန်းတူရရှိသော နိုင်ငံ ဖြစ်သည်။ အသားအရောင် ခွဲခြားခွင့်၊ ကျား မ ခွဲခြားဆက်ဆံခွင့် မရှိပါ။ မြန်မာပြည်မှ အလုပ်ခေါ်စာ ကြော်ငြာများတွင် အရောင်းစာရေး (မ - နှစ်ဦး) ရုံးဝန်ထမ်း (ကျား - တစ်ဦး) စသည်ဖြင့် ဂျာနယ်ထဲမှ ကြော်ငြာကို ပြသောအခါ အမေရိကန် တိုးရစ်များသည် စိတ်ဝင်တစား ကြည့်လျက် သူတို့ နိုင်ငံတွင် ကျား၊ မ ခွဲ၍ ယခုကဲ့သို့ ကြော်ငြာထည့်လျှင် တရားစွဲခံရမည် ဖြစ်ကြောင်း၊ မခန့်ချင်ကမှ နေရော မည်သည့် ရာထူးမဆို ယောကျ်ားများ သာ (သို့မဟုတ်) မိန်းမများသာဟု ခွဲခြားခေါ်ယူခွင့် မရှိကြောင်း ပြောကြ ပါသည်။ လူအခွင့်အရေးအရ မည်သူ တစ်ဦးတစ်ယောက်ကိုမှ ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ၊ တရားမစွဲဘဲ ၂၄ နာရီထက် ပို၍ ချုပ်နှောင်ထားပိုင်ခွင့် မရှိပေ။ ဥပဒေကို ချိုးဖောက်ပါက မည်သူမဆို သမ္မတကိုပင် တရားစွဲဆို ပိုင်ခွင့် ရှိသည်။ (အိမ်ဖြူတော် လုပ်အားပေး မော်နီကာလူဝင်စကီး ဆိုသူ အမျိုးသမီးက သမ္မတဘီကလင်တန်အား လိင်ကိစ္စ မလျော်မကန် ထိပါးမှု ဖြင့် တရားစွဲခဲ့ဖူးသည်။)

ဤကဲ့သို့ လူအခွင့်အရေး အပြည့်အဝရှိသော နိုင်ငံသော်မှ သူတို့ နိုင်ငံ၏ တစ်မျိုးသားလုံးနှင့်ဆိုင်သော အကျိုးစီးပွား (National Interest) ကို ထိခိုက်လာသောအခါ လူအခွင့်အရေးကို ဘေးချိတ်၍ တစ်ဖက်လှည့်ဖြင့် အကြမ်းဖက်မှု နှိမ်နှင်းရေးများကို ဆောင်ရွက်လာတော့သည်။ ဆောင်ရွက်ပုံမှာ စက်တင်ဘာ ၁၁ ရက် အိုစမာဘင်လာဒင်၏ အကြမ်းဖက် တိုက်ခိုက်မှုကြီး

ပြီးသည့် အချိန်မှစ၍ အကြမ်းဖက်မှုဖြင့် မသက်သော အစွန်းရောက် အစ္စလာမ်မစ် စစ်သွေးကြွများကို စီအိုင်အေ ထောက်လှမ်းရေး သတင်းများ အရ တစ်ကမ္ဘာလုံးအနှံ့ လိုက်လံဖမ်းဆီးပြီး စစ်ကြောရေးစခန်းများသို့ ပို့ကာ နှစ်ရှည်လများ ထောင်သွင်း အကျဉ်းချထားပါသည်။ အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံဥပဒေအရ မည်သူကိုမဆို အမေရိကန်နိုင်ငံ နယ်နိမိတ်အတွင်း တရားမစွဲဘဲ ၂၄ နာရီထက် ပို၍ ချုပ်နှောင်ခွင့် မရှိသောကြောင့် ဥပဒေကို လက်တစ်လုံးခြား လုပ်ကာ အမေရိကန်ပြည်ထောင်စု၏ နယ်နိမိတ် ပြင်ပတွင် အကျဉ်းစခန်းများ ဆောက်ကာ အကြမ်းဖက်သမားဟု မသက်သူများကို နှစ်ရှည်လများ ဖမ်းဆီးချုပ်နှောင်ထားပါသည်။ အမေရိကန်ပြည်ထောင်စု၏ တရားစီရင်ပိုင်ခွင့် နယ်နိမိတ်ပြင်ပ ဖြစ်၍ ဂျီနီဗာကွန်ဗင်းရှင်းကိုလည်း လိုက်နာစရာ မလိုဟု အကြံပေးကြပါသည်။ ကျူးဘားရှိ ဂွာတာနာမို အကျဉ်းစခန်းမှာ ထိုသို့သော နာမည်ကျော် အကျဉ်းစခန်း ဖြစ်ပါသည်။ ၂၀၀၂ တွင် သမ္မတ ဂျော့ဘုရှ်၏ အမိန့်ဖြင့် ဂွာတာနာမို ပင်လယ်အော် ရေတပ်စခန်း၌ စတင်တည်ထောင်ခဲ့သည်။ ၂၀၁၃ မတ်လအထိ ဂွမ်တာနာမို အကျဉ်းစခန်း၌ အကျဉ်းသားပေါင်း ၁၆၆ ယောက် ကျန်ရှိနေသေးသည်။

ဂွမ်တာနာမိုတွင် မူဆလင်များကို ထိုသို့ ရုံးတင်စစ်ဆေးခြင်း မပြုဘဲ ဥပဒေမဲ့ ဖမ်းဆီး နှိပ်စက် စစ်ဆေး အကျဉ်းချထားခြင်းသည် လူ့အခွင့်အရေးကို အကြီးအကျယ် ချိုးဖောက်နေခြင်း ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်လည်း သိပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးကြီး ဘန်ကီမွန်းလည်း သိပါသည်။ အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) လည်း သိပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ် သောမတ် ကန်တာနားလည်း သိပါသည်။ ဥရောပသမဂ္ဂလည်း သိပါသည်။ ဘင်္ဂလားဒေ့ရှ် အစိုးရလည်း သိပါသည်။ သို့သော် စူပါ ပါဝါ အမေရိကန် ဖြစ်နေသဖြင့် မည်သူမျှ မပြောရဲပါ။ ဝေဖန်သံတို့ ထွက်မလာပါ။ မသိချင်ယောင်ဆောင်နေကြပါသည်။

ဂွမ်တာနာမို အကျဉ်းစခန်းတွင် နှစ်အကန့်အသတ်မရှိ အကျဉ်းကျခံနေရသော အကျဉ်းသားများ (အများအားဖြင့် မူဆလင် အကျဉ်းသားများ) သည် အမေရိကန်၏ လုပ်ရပ်ကို မခံနိုင်ကြသည့်အဆုံး၊ မည်သည့်နိုင်ငံကမှ

သူတို့အတွက် ဝင်ပြောမပေးကြသည့်အဆုံး သူတို့တာသာပင် ကိုယ့်အားကိုယ် ကိုးကာ အစာငတ်ခံ ဆန္ဒပြ ထောင်တွင်းသပိတ်တိုက်ပွဲ ဆင်နွှဲနေပေသည်။ ကမ္ဘာ့မီဒီယာများကလည်း ထိုသတင်းကို ဝတ်ကျေဝတ်ကုန်လောက်သာ ဖော်ပြ ကြပြီး ပွဲပြီး မီးသေ၊ မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြပြန်သည်။ မြန်မာပြည် အကျဉ်းထောင်ထဲမှာသာ မူဆလင်အကျဉ်းသားတို့ အစာငတ်ခံ ဆန္ဒပြကြ လို့ကတော့ OIC တို့ UN တို့က ကိုယ်စားလှယ်များ စေလွှတ်မည်တို့၊ စုံစမ်းရေးကော်မရှင်ဖြင့် လာရောက်စုံစမ်းမည်တို့ ကျွက်ကျွက်ညံအောင် အော်လိုက်မည့် ဖြစ်ခြင်း။ ဘီဘီစီတို့၊ ဗီအိုအေတို့က ကမ္ဘာပျက်မတတ် အော်လိုက်မည့် ဖြစ်ခြင်း၊ မျိုးတုံးသတ်ဖြတ်ခြင်းတို့ ဘာတို့ ခေါင်းစဉ်ဖြင့် အယ်လ်ဂျာဇီးယားရုပ်သံမှ ထုတ်လွှင့်လိုက်မည့် ဖြစ်ခြင်း။

သမ္မတအိုဘားမား အာဏာမရမီ သမ္မတလောင်းအဖြစ် မဲဆွယ်စည်းရုံး နေစဉ် ကာလက သူသာ အမေရိကန်သမ္မတအဖြစ် အရွေးခံရလျှင် အာဖဂန် စစ်ပွဲကို ရုပ်ပစ်မည်။ ဂွမ်တာနာမို အကျဉ်းစခန်းကို ပိတ်ပစ်မည် စသည်ဖြင့် ကတိပေး မဲဆွယ်ခဲ့ဖူးပါသည်။ တကယ် သမ္မတ ဖြစ်လာ၍ နိုင်ငံ့အရေးအရာ များကို လက်တွေ့ ကိုင်တွယ်ဆောင်ရွက်ရသောအခါ ဤမူဆလင်အစွန်းရောက် အကြမ်းဖက်သမားများကို ဖမ်းဆီးထားခြင်းသည် လူအခွင့်အရေးကို ဆန့်ကျင် သော်လည်း အမေရိကန်၏ အမျိုးသားအကျိုးစီးပွားအတွက် မလုပ်မဖြစ် လုပ်ရမည့် လိုအပ်ချက်တစ်ရပ် ဖြစ်ကြောင်းကို အတွင်းကျကျ နားလည် သဘောပေါက်သွားဟန်ဖြင့် ၄င်းကိစ္စများကို အသံကျယ်လောင်စွာ ထုတ်ဖော် မပြောတော့ပေ။ နှာစေးနေလိုက်ပေသည်။ လူအခွင့်အရေး ဆိုသော ဒဂိုး တစ်ဖက်တည်းမှ မကြည့်တော့ဘဲ အမျိုးသားအကျိုးစီးပွား ဟူသော ဒဂိုး၏ အခြားတစ်ဖက်မှလည်း မြင်တွေ့သွားပြီ ဖြစ်သည်။ ထို့ကြောင့် အာဖဂန်နစ္စတန် မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းခြင်း၊ ဂွတာနာမို အကျဉ်းစခန်း ပိတ်သိမ်းခြင်း ကိစ္စများကို သတိကြီးစွာ ထားလျက် ခပ်နှေးနှေးသာ လုပ်ဆောင် နေသည်ကို တွေ့ရပေမည်။ ၄င်းအပြင် သူတစ်ပါးနိုင်ငံ၏ ဝေဟင်ပိုင်နက် ကိုပင် ကျူးကျော်၍ မောင်းသူမဲ့ လေယာဉ်များဖြင့် အကြမ်းဖက်သမား နှိမ်နှင်းရေးစစ်ပွဲများကို ဆက်လက်လုပ်ဆောင်သွားဦးမည်ဟု လူသိရှင်ကြား ကြေညာခဲ့ပေသည်။ သမ္မတတစ်ဦးအနေဖြင့် လူ့အခွင့်အရေးနှင့် ညီတာ၊

မည်ဟု အပထား။ ကိုယ့်နိုင်ငံသားများကို အစွန်းရောက်တွေ ရန်က ကာကွယ်ဖို့ လိုအပ်တာ မှန်သမျှ လုပ်ဆောင်နေခြင်း ဖြစ်သည်။ ပင်လယ်ကွေ့စပ်ပွဲအတွင်းက အီရတ်နိုင်ငံကို ဝင်တိုက်သည်မှာလည်း ကူဝိတ် နိုင်ငံကို လွတ်မြောက်အောင် ကူညီတာပါသလို ရေနံတည်းဟူသော အမေရိကန် အကျိုးစီးပွားလည်း ပါဝင်နေပါသည်။ ဆီးရီးယားတွင် ထိုကဲ့သို့ အကျိုး အမြတ်မျိုး မရှိသောအခါ လူခုနစ်သောင်း အသက်ဆုံးရှုံးခဲ့ပြီးသည့်တိုင် စစ်ရေးအရ ပါဝင်ဖို့ အမေရိကန်တို့ အလွန် ချိန်ဆနေခဲ့သည်ကို တွေ့နိုင်ပါ သည်။

မြန်မာနိုင်ငံတွင်လည်း ရခိုင်ဒေသနှင့် ဘင်္ဂလီများ ကိစ္စသည် မြန်မာ နိုင်ငံ၏ အကျိုးစီးပွား (National Interest) ကို ထိခိုက်လာနိုင်သော ကိစ္စ ဖြစ်သည်။ အထူးသဖြင့် လူဦးရေ သန်း ၁၅၀ ကျော်ရှိသော အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တိုက်ရိုက်ထိစပ်နေသော ဘူးသီးတောင်နှင့် မောင်တော မြို့များတွင် နိုင်ငံခြားသား ဘင်္ဂလီများ လူဦးရေ မျိုးပွားနှုန်းကို ထိန်းချုပ်ရေးမှာ မှန်ကန်သော မူဝါဒ ဖြစ်သည်။ လူအခွင့်အရေး ရှုထောင့်တစ်ခုတည်းကိုသာ ကြည့်၍ ဘင်္ဂလီတို့ စိတ်ကြိုက်မျိုးပွားခွင့်ကိုသာ ပေးလိုက်ပါက နောင် နှစ်ပေါင်း ငါးဆယ်၊ တစ်ရာ အကြာတွင် ရခိုင်ဒေသ၌ လူအခွင့်အရေး ကြေညာစာတမ်းနှင့် ဘင်္ဂလီများကိုသာ တွေ့ရပါတော့မည်။ မြန်မာ၊ ရခိုင် ဟူ၍ မျိုးပြုတ်သွားပေတော့မည်။ လူဝင်မှုကြီးကြပ်ရေးဌာနမှ ကောက်ခံသော အိမ်ထောင်စု လူဦးရေ စာရင်းတစ်ခုခု၌ မောင်တောခရိုင်အတွင်းရှိ ရွှေယောက် ဒူလာ ဆိုသော ဘင်္ဂလီတစ်ဦးသည် အိမ်ထောင်စုစာရင်း တစ်ခုတည်းမှာပင် မိသားစုဝင် (၈၂) ယောက် ရှိကြောင်း စံချိန်တင် တွေ့ရှိရပါသည်။ ဤလောက် ဆိုလျှင် ဘင်္ဂလီတို့၏ မယား အများအပြား ယူ၍ မျိုးပွားနှုန်းကို သိလောက် ပေပြီ။ နောင်အနှစ် ငါးဆယ်၊ တစ်ရာ၊ နှစ်ရာတွင် ဘယ်လို ဖြစ်မလဲဆိုတာ သိကြဖို့ ကောင်းပါပြီ။ ရခိုင်ပြည်နယ်အတွင်း၌ ရိုဟင်ဂျာပြည်နယ်ကို ပေးဖို့ တောင်းဆိုလာကြပေလိမ့်မည်။ ထိုအခါ ရခိုင်ပြည်နယ်သည် ထိုင်းနိုင်ငံ တောင်ပိုင်းလို ဖြစ်သွားပေလိမ့်မည်။ ဗုဒ္ဓဘာသာ ရဟန်းတော်တို့ ဆွမ်းခံကြွ လျှင် ရဲသား အစောင့်အရှောက်ပါမှ ဆွမ်းခံထွက်ရသော အဖြစ်မျိုး ဆိုက်ပေ လိမ့်မည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဆိုသော စကားလုံး လှလှလေး

များဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ရေရှည်တွင် ကာကွယ်နိုင်စွမ်း မရှိနိုင်တော့တာ သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ခေါင်းဆောင်များ သဘောပေါက်စေချင်ပါသည်။

ယခု အရေးကိစ္စတွင် မြန်မာဘက်က အတော်ကို ပျော့ပျောပျောင်းပျောင်း ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေပုံမှာ ထင်ရှားသည်။ တစ်အိမ်ထောင်ကလေးနှစ်ယောက်ထက် မပိုရ တားမြစ်ချက်မှာ အများ ထင်သလို ရခိုင်ပြည်နယ် တစ်ခုလုံးမှာ ကျင့်သုံးနေသည် မဟုတ်။ မြို့တိုင်း၊ ရွာတိုင်းတွင် ကျင့်သုံးသည် မဟုတ်။ မောင်တောခရိုင်တွင် ပါဝင်သော ဘူးသီးတောင်နှင့် မောင်တော နှစ်မြို့တည်း၌ လိုအပ်ချက်အရ ဒေသန္တရအမိန့်အရ ကြေညာဆောင်ရွက်နေခြင်း ဖြစ်သည်။ ရခိုင်ပြည်နယ်လွတ်တော်က ဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်နေခြင်းပင် မဟုတ်သေးပါ။ ဒေသန္တရအမိန့် ဆိုသည်မှာ သမ္မတ အပါအဝင် အထက်အာဏာပိုင်များ၏ အမိန့်အရ အချိန်မရွေး ပြန်၍ ရုပ်သိမ်းသွားနိုင်ပါသည်။ နိုင်ငံတကာက ဖိအားများ ပေးလာခဲ့လျှင် ရုပ်ပြကောင်းအောင် ဤအမိန့်ကို လိုက်လျော ရုပ်သိမ်းပေးတာမျိုးလည်း ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ဖြစ်နိုင်ပါက မြန်မာ့အနောက်ဘက် ခြံစည်းရိုး လုံခြုံရေး အစီအမံ၊ သားဆက်ခြားရေး ဒေသန္တရအမိန့်အား မည်သူမျှ ဖျက်၍မရသော ဥပဒေတစ်ရပ် ဖြစ်ရန် ရခိုင်ပြည်နယ် လွတ်တော်က အမြန်ဆုံး ဆောင်ရွက်သင့်ပေသည်။ ပြည်နယ်လွတ်တော်၏ ဥပဒေပြုခွင့်အာဏာကို ကျော်နေပါက ပြည်ထောင်စုလွတ်တော်မှ ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီများ တစ်အိမ်ထောင် ကလေးနှစ်ယောက်ထက် ပိုမယူခွင့်ဥပဒေကို အလျင်အမြန် အဆိုတင်သွင်းသင့်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့အဆင့် ခေါင်းဆောင်တစ်ဦးဖြစ်သည်နှင့်အညီ နိုင်ငံတကာက လက်ခံထားသော လူအခွင့်အရေး စံနှုန်းရှုထောင့်မှ ဤဥပဒေဖန်ချက်ကို ပြောခြင်း ဖြစ်သည်။ အဖွဲ့ချုပ် ဥက္ကဋ္ဌအနေဖြင့် ပြည်ပသို့ ခရီးစဉ်များ ထွက်ခွာသောအခါ မူဆလင်များ၊ ဘင်္ဂါလီများ၊ ရိုဟင်ဂျာ ဟု သူတို့ကိုယ်သူတို့ အမည်ပေးထားသော ဘင်္ဂါလီများက မကြာခဏ ဆန္ဒပြ၊ ကန့်ကွက် တောင်းဆို ဖိအားပေးသဖြင့် လူအခွင့်အရေး စာအုပ်ပေါ်တွင် ခြေစုံရပ်၍ ဤကိစ္စကို ပြောခဲ့ခြင်း ဖြစ်ဟန်တူပါသည်။ ကျွန်တော်တို့

ကလည်း မြန်မာပြည်မှာ မွေး၊ မြန်မာပြည်မှာ ကြီးပြင်း၍ မြန်မာ့မှတ်ပုံတင်ကို ကိုင်ထားသော မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် အများကိုယ်စား တောင်းဆိုလိုသည်မှာ လူအခွင့်အရေး ဆိုသော ဒဂ်ါးတွင် ခေါင်းနှင့်ပန်း နှစ်ဖက် ပါရှိပြီး ဒဂ်ါး၏တစ်ဖက်ကို လှန်ကြည့်လိုက်ဖို့ တောင်းဆိုချင်ပါသည်။

ထိုအခါ အမျိုးသားအကျိုးစီးပွား ဟူသော ပန်းကနုတ်များကို တွေ့ရ ပါလိမ့်မည်။

News Watch ဂျာနယ်
၁၁-၆-၂၀၁၃။

■

စက်ဘူလို ဖြစ်ချင်သည်ဆိုလျှင်

ရန်ကုန်မြို့ကြီးကို စင်ကာပူလို ဖြစ်အောင် လုပ်မည်ဟု အစိုးရ အာဏာပိုင်တို့က ဆိုလာသည်။ ကြွေးကြော်သံသည် ကြွေးကြော်သံအဆင့်မှာပဲ ရပ်သွားမည်လား။ လက်တွေ့ အကောင်အထည်ဖော်မည်လော။ အိပ်မက်တို့ လက်တွေ့ ဖြစ်လာရန် ဘာတွေလုပ်ဖို့ လိုမလဲ။ အုပ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ဤဆောင်းပါးကို ရေးရပါသည်။

ကျွန်တော်သည် ဧည့်လမ်းညွှန်တစ်ယောက်အနေဖြင့် လွန်ခဲ့သော ဇွန်လ ၁၄ မှ ၁၇ အထိ ပုဂံသို့ စင်္ကာပူရီယန် တိုးရစ်တစ်ဦးနှင့် သွားရပါသည်။ တိုးရစ်မှာ အသက် ၆၂ နှစ်ခန့်ရှိပြီဖြစ်သော စင်္ကာပူနိုင်ငံသား တစ်ယောက် ဖြစ်ပါသည်။ မြန်မာပြည်က လေယာဉ်စီးရမှာ ကြောက်သဖြင့် ကားနဲ့ပဲ သွားချင်တယ် ဆိုသဖြင့် ရန်ကုန်-ပုဂံ အသွားအပြန် ခရီးကို ကားနဲ့ပဲ သွားခဲ့ပါသည်။ ကားမှာ ရူပါကာစတန် ဖြစ်သဖြင့် တိုးရစ်တစ်ဦး၊ ကျွန်တော်နှင့် ဒရိုက်ဘာ သုံးယောက်မှာ အတော်ပင် ချောင်ချောင်ချိချိ စီးရပါသည်။ ရန်ကုန်၊ နေပြည်တော်-မိတ္ထီလာ အမြန်လမ်းမှ မောင်းလာခဲ့ပြီး၊ မိတ္ထီလာ ရောက်မှ ကျောက်ပန်းတောင်းသို့ ထိုမှတစ်ဆင့် ပုဂံညောင်ဦးသို့ မောင်းခဲ့ပါသည်။

အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် တချို့နေရာများ၌ ခရီးသွားများသည် ကျဲကျဲတောက် ပူလောင်သော နေရောင်အောက်တွင် ကားစောင့်နေကြရာ စင်ကာပူ တိုးရစ်ကြီးက ခရီးသည်များ စောင့်ဆိုင်းရန် အဓိုးအကာပါသော ကားမှတ်တိုင်များ ဘာလို့ လမ်းဘေးတွင် ထည့်သွင်း တည်ဆောက်ပေးမထားတာလဲဟု မေးပါသည်။ သူ မေးမှ ကျွန်တော်လည်း သတိထားမိတော့သည်။ ဘတ်စကားလိုင်း မဆွဲသဖြင့် မှတ်တိုင် ထည့်မဆောက်တာ ဖြစ်နိုင်သော်လည်း ရွာရှိသော နေရာများတွင် ဒေသခံ ရွာသားများ ကားစောင့်ရင်း နားနေနိုင်သော ကားမှတ်တိုင် အဆောက်အအုံလေးများ ရှိလျှင် ကောင်းလေစွဟု စင်ကာပူတိုးရစ်ကြီး တွေးသလို တွေးမိပါသည်။

"ငါတို့နိုင်ငံမှာဆို မိုးရွာရင်တောင် ငါတို့ ပြည်သူတွေ ထီးမဆောင်းဘဲ တစ်နေရာက တစ်နေရာ သွားလို့ရအောင် စကြိန်ပေါင်းမိုးလေးတွေ ဆောက်ပေးထားလို့ တော်တော်အဆင်ပြေတယ်" ဟု ပြောပါသေးသည်။

အပြန်ခရီးတွင် ကျောက်ပန်းတောင်း၌ လက်ဖက်ရည်သောက် ရပ်စဉ် ကျောင်းဆရာမနှစ်ဦးမှ ကားကြုံလိုက်ပါရစေဟု ကျွန်တော်တို့ကို ပြောလာသည်။ ကျွန်တော်ကလည်း ဧည့်သည် နိုင်ငံခြားသားကို ခွင့်တောင်းပြီး လိုက်ခဲ့ပါဟု ခေါ်လာခဲ့သည်။ ထိုဆရာမနှစ်ဦးသည် နေ့စဉ်ပင် အိမ်မှ ကျောင်းသို့၊ ကျောင်းမှ အိမ်သို့ ဤသို့ပင် ကားကြုံတစ်လှည့်၊ လိုင်းကားတစ်လှည့်ဖြင့် ဖြစ်သလို သွားလာနေရပုံရသည်။ ကျွန်တော်သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ယောက် ဖြစ်သည့်အပြင် အစ်မ သုံးယောက်မှာလည်း ကျောင်းဆရာမများဖြစ်သဖြင့် ဆရာ၊ ဆရာမများကို အထူးကြည်ညိုလေးစားပါသည်။ ထိုနေ့က ဆရာမ နှစ်ဦးသည် ၆ မိုင်၊ ၇ မိုင်ခန့် ဝေးသော လက်ပံပျားကျေးရွာ ကျောင်းရှေ့တွင် ကားပေါ်မှ ဆင်းသွားကြသည်။ ကျေးဇူးတင်ပါသည်ဟုလည်း တဖွဖွ ပြောသွားသေးသည်။

ကားကို ဆက်မောင်းလာသောအခါ မိတ္ထီလာ Tour Gate အနီးတွင် အဖြူ အစိမ်း ဝတ်ထားသော ဆရာမ သုံးယောက် ကျွန်တော်တို့ ကားကို တားပြန်သည်။ ကျွန်တော်က နိုင်ငံခြားသား စက်ဘီးပွဲကြီးကို အားနာသဖြင့် ရပ်မပေးနှင့်ဟု ဒရိုင်ဘာကို ပြောလိုက်ပါသည်။ သို့သော် တိုးရစ်ကြီးက ရပ်ပေးလိုက်ပါ၊ ဆရာမများ ဖြစ်သဖြင့် လမ်းကြုံလိုက်ချင်လျှင် ခေါ်ခဲ့ပါဟု ပြောသဖြင့်

ကားကို ရပ်ပြီး နောက်ပြန်ဆုတ်ကာ ဆရာမများကို ကားပေါ်သို့ တက်စေပါသည်။ ဆရာမတစ်ဦးက မိုင်တိုင်အမှတ် ၂၈၀ တွင် ရပ်ပေးပါဟု ပြောသည်။ အခြား ဆရာမနှစ်ဦးက မိုင်တိုင်အမှတ် ၂၈၂ တွင် ရပ်ပေးပါဟု ပြောပါသည်။ ထို့ကြောင့် အဝေးပြေး အမြန်လမ်းမကြီးအတိုင်း မောင်းလာပြီး သူတို့ ပြောသော နေရာများတွင် ရပ်ပေးလိုက်ပါသည်။ ထိုနေရာသည် လူသူလေးပါးလည်း မရှိ၊ တောကြီးမျက်မည်း ဖြစ်သည်။ ဤနေရာမှ ရွာကျောင်းသို့ ရောက်ရန် ဆယ့်ငါးမိနစ်ခန့် လမ်းလျှောက်ရဦးမည်ဟု ဆရာမများက ပြောသဖြင့် သိရပါသည်။ ဆရာမတစ်ယောက် အရင်ဆင်းသွားပါသည်။ နောက်ထပ် နှစ်မိုင်ခန့် ကားမောင်းပြီး သောအခါ ကျန်သော ဆရာမနှစ်ဦး ကားပေါ်မှ ကျေးဇူးတင်ကြောင်း ပြော၍ ဆင်းသွားကြပါသည်။ ထိုအခါ စက်ဘီးတိုးရစ်ကြီးက ကျွန်တော့်ကို ဤသို့ မေးပါသည်။

"မင်းတို့နိုင်ငံက ဆရာ၊ ဆရာမတွေ နေ့တိုင်း ဒီလိုပဲ ကျောင်းသွားရတာလား"

"အများအားဖြင့်တော့ ဒီလိုပဲ သွားရတာပဲ၊ အထူးသဖြင့် နယ်တွေမှာ နေတဲ့ ဆရာ၊ ဆရာမတွေပေါ့"

"သူတို့ကို အစိုးရက ကျောင်းကား စီစဉ်မပေးဘူးလား"

"ဘာကျောင်းကားမှ မရှိပါဘူးဗျာ၊ လိုင်းကား ရှိရင်လည်း လိုင်းကား၊ လိုင်းကား မရှိတဲ့ နေရာမှာ နေရတော့လည်း လာတဲ့ကားကို လမ်းကြုံ တားစီးရတာပေါ့"

"ကားကြုံ မရရင်ရော"

"မရ ရတဲ့အထိစောင့်၊ ဒါမှမဟုတ် ကုန်းကြောင်းလျှောက်ပေါ့"

"စက်ဘီးနဲ့ မသွားဘူးလား"

"အမြန်လမ်းပေါ်မှာ စက်ဘီးစီးခွင့် မရှိဘူး၊ တချို့နေရာတွေကျတော့လည်း စက်ဘီးက ကုန်းတက် ကုန်းဆင်း ဆိုတော့ အဝေးကြီး မနင်းနိုင်ကြဘူးပေါ့"

"မော်တော်ဆိုင်ကယ်ရော"

"ဆရာမတွေ ရတဲ့ လခနဲ့ ဘယ်လိုလုပ် ဆိုင်ကယ် ဝယ်နိုင်မှာလဲ၊ နေ့စဉ် ဓာတ်ဆီဖိုးနဲ့ ပြင်ဆင်စရိတ်က ရှိသေးတယ်"

"အစိုးရက ဆရာတွေကို ဆိုင်ကယ် အခမဲ့ထုတ်မပေးဘူးလား၊ အရစ်ကျစနစ်နဲ့ပဲ ဖြစ်ဖြစ်ပေါ့"

"မပေးပါဘူးဗျာ၊ အရစ်ကျလည်း မရောင်းပါဘူး"

"ကျောင်းဆရာတစ်ယောက် လခ ဘယ်လောက် ရသလဲ"

"ရှစ်သောင်း၊ ကိုးသောင်း၊ တစ်သိန်းလောက်တော့ ရမှာပေါ့၊ စကိုပူဒေါ်လာနဲ့ဆို တစ်လ ဒေါ်လာ ၁၃၀ လောက်တော့ ရမှာပေါ့"

စကိုပူကြီးသည် မြန်မာ့ပညာရေးကို အတော် စိတ်ဝင်စားပုံ (စိတ်ဓာတ် ကျသွားပုံ) ရသည်။ ထို့နောက် သူက ဆက်ပြောသည်မှာ နိုင်ငံတစ်နိုင်ငံတွင် ပညာရေးသည် အရေးအကြီးဆုံး ဖြစ်ကြောင်း၊ စကိုပူနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပညာရေးအပေါ်တွင် အခြေခံ တည်ဆောက်ခဲ့ကြောင်း။ သူတို့ နိုင်ငံတွင် တစ်ချိန်က မူလတန်း ကျောင်းဆရာ၊ ဆရာမများ၏ လစာမှာ အလွန်ပင် နည်းပါးခဲ့ကြောင်း။ သို့သော် နိုင်ငံ့ခေါင်းဆောင်နှင့် ပြည်သူများသည် ပညာရေး စနစ်၏ အဓိကဒေါက်တိုင်မှာ ဆရာ၊ ဆရာမများ ဖြစ်သဖြင့် ကျောင်းဆရာများကို လခတိုးပေးဖို့ အစိုးရကို ဝိုင်းဝန်းတောင်းဆိုကြကြောင်း။ ထို့ကြောင့် ကျောင်းဆရာများ၏ လခကို တိုးမြှင့်သတ်မှတ်ပေးခဲ့ရာ ယခုအခါ စကိုပူတွင် မူလတန်း ကျောင်းဆရာ တစ်ယောက်၏ လခမှာ စကိုပူဒေါ်လာ သုံးထောင် (မြန်မာငွေ နှစ်ဆယ့်နှစ်သိန်းခန့်) ရှိပြီး တက္ကသိုလ်၊ ကောလိပ်များရှိ ကထိက၊ ပါမောက္ခတစ်ယောက်၏ လစာမှာ စကိုပူ ဒေါ်လာ တစ်သောင်း၊ နှစ်သောင်းမှ သုံးသောင်းအထိ (မြန်မာငွေ ၇၄ သိန်း၊ ၁၄၉ သိန်းခန့် မှ ၂၂၃ သိန်းခန့်) အထိ ရှိကြောင်း သိရသဖြင့် ကျွန်တော် အံ့သြရသော အလှည့်သို့ ရောက်လာပါသည်။ သူက ထပ်ပြောသည်မှာ မူလတန်းနှင့် အလယ်တန်း ကျောင်းသားအားလုံးအား ပညာရေး အထွေထွေအသုံးစရိတ်အဖြစ် တစ်လလျှင် စကိုပူဒေါ်လာ ၁၅၀ မှ ၂၀၀ ကြားကို လစဉ် ကျောင်းသား၏ ဘဏ်စာရင်းစာအုပ်ထဲသို့ ထည့်ပေးထားကြောင်း။ ကျောင်းသားမှာ ပညာရေးအတွက် အသုံးစရိတ် လိုသောအခါ (ဥပမာ- စာအုပ် ဝယ်ရန်) အတန်းပိုင်ဆရာ၏ ထောက်ခံချက် လက်မှတ်ဖြင့် ငွေထုတ်နိုင်ကြောင်း၊ မိဘက အရက်သောက် ဖဲရိုက်လုပ်ပစ်မည် စိုးသဖြင့် ထိုသို့ ထိန်းချုပ်ထားကြောင်း။ ထို့ကြောင့် မိဘများမှာ သားသမီး၏ ပညာရေးကို လုံးဝ စိတ်ပူစရာ မလိုကြောင်း။ ကျောင်းသား တော်လျှင်

တော်သလောက် အစိုးရမှ ထောက်ပံ့သွားမည် ဖြစ်ကြောင်း ပြောပြပါသည်။ ဒါတောင် သူ ပြောသော တစ်လ စက်ာပူခေါ်လာ ၁၅၀ ဆိုသည်မှာ လွန်ခဲ့သော အနှစ် ၂၀ က ပေးသော ထောက်ပံ့ကြေး ဖြစ်ကြောင်း၊ ယခုခေတ်တွင် ထို့ထက် ပို၍ ရရှိကြမှာ ဖြစ်ကြောင်း ပြောပြပါသည်။

၄င်းအပြင် သက်ကြီးရွယ်အိုများ ပညာသင်ယူလိုပါကလည်း ဥပဒေ ပညာ၊ ဆေးပညာမှ အစ ပညာရပ်အသီးသီးကို အသက် ကန့်သတ်ချက်မရှိ လေ့လာနိုင်ရန် နေ့ကျောင်း၊ ညကျောင်း စသည်ဖြင့် ဖွင့်လှစ်ပေးထားရာ စက်ာပူ နိုင်ငံသားများမှာ နေ့မှာ အလုပ်လုပ်၊ ညမှာ ကျောင်းတက်၍ မအားလပ်အောင် ပညာရှာမှီးကြကြောင်း ပြောပြပါသည်။ သူ့ဟန်းဖုန်းမှ မက်ဆိပ်တစ်ခုကို ဖတ်ကြည့်ပါဦးဟု ဆိုပြီး ပြသဖြင့် ဖတ်ကြည့်ရာ အသက်အရွယ် ကြီးရင့်သူများ အတွက် အီးမေးလ် အင်တာနက် အသုံးပြုနည်းသင်တန်းကို အစိုးရမှ အခမဲ့ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်၍ မနက် ၈ နာရီမှ ၁၀ နာရီတန်း ဖြစ်စေ၊ ညနေ ၄ နာရီမှ ၆ နာရီတန်း ဖြစ်စေ အဆင်ပြေရာ သင်တန်းကို ရွေးချယ် တက်ရောက်နိုင်ရန် ဖိတ်ခေါ်ပါကြောင်း အကြောင်းကြားစာ ဖြစ်နေပေသည်။ ဩဘဲ... စက်ာပူမှာကား ပညာလိုချင်သူများ မရလိုက်ရ မရှိလေအောင် အစိုးရမှ သက်ကြီးရွယ်အိုများအထိ အခမဲ့ လိုက်လံပို့ချနေကြလေသည်တကား။

ထိုမျှနှင့် မပြီးသေး။ တက္ကသိုလ်၊ ကောလိပ်သို့ ရောက်လာသော ကျောင်းသားအားလုံးကို အစိုးရက ဘဏ်များတွင် ငွေစာရင်းများ ဖွင့်ပေးပြီး ကျောင်းစရိတ် အဆင်ပြေစေရန် ချေးငွေများ ထုတ်ချေးထားကြောင်း၊ ကျောင်း ပြီး၍ အလုပ်ရမှ တဖြည်းဖြည်း ပြန်ဆပ်ရန် ဖြစ်ကြောင်း ပြောပြပါသည်။ သူတို့နိုင်ငံမှာ ပညာတတ်ဖြစ်ဖို့ တယ်လွယ်ပါလားဟု တွေးမိပါသည်။ ကျွန်တော်တို့ နိုင်ငံဝယ် အစိုးရအဆက်ဆက်သာ ပညာရေးကို ဤမျှလောက် အလေးထား ထောက်ပံ့ခဲ့ပါလျှင် မြန်မာလူငယ်အားလုံး ဘွဲ့ရ ပညာတတ်တွေချည်း ဖြစ်နေ လိမ့်မည်။ ဆရာဝန်၊ အင်ဂျင်နီယာတွေ၊ ကွန်ပျူတာပညာရှင်တွေ ဖြစ်ကုန်ပေ လိမ့်မည်။ နိုင်ငံခြား သွား၍ သက်စွန့်ဆံဖျား ကျွန်ခံရသောဘဝမှ လွတ်မြောက် ကြပေလိမ့်မည်။ ပညာရဲရင့် ပွဲလယ်တင့်ပေလိမ့်မည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အရက်သမား၊ ဖဲသမား၊ ပေတေလေလွင့်နေသော လူငယ် အမြောက်အမြားကို လမ်းမှန်သို့ တင်ဆောင်နိုင်လိမ့်မည်။

ထိုအရာအားလုံး၏ အခြေခံမှာ ပညာရေးဒေါက်တိုင် ဖြစ်သည်။ ပညာရေး၏ အခြေခံမှာ ဆရာ၊ ဆရာမများ ဖြစ်သည်။ ဆရာ၊ ဆရာမများ၏ လူနေမှု အဆင့်အတန်းနှင့် လျော်ညီသော လုပ်ခလစာနှင့် ထောက်ပံ့ကြေးသည် တိုင်းပြည် တိုးတက်ဖွံ့ဖြိုးရေးအတွက် မဖြစ်မနေ လုပ်ကိုလုပ်ရမည့် လမ်းစဉ် ဖြစ်သည်။ ထိုအကြောင်းကို မိဒီယာမှတစ်ဆင့် တိုင်းပြည်သို့ သိအောင် ပြောဖို့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိသည်ဟု တိုးရစ်ကြီးက ဆိုပါသည်။ အနည်းငယ် ရိုင်းသော်လည်း မှန်တာကို ဝန်ခံရလျှင် စကၠူပူမှ အိမ်ဖော်တစ်ယောက်၏ လုပ်ခလစာသည် မြန်မာနိုင်ငံမှ ကျောင်းဆရာတစ်ယောက်ထက် များပါသည်။

ကျွန်တော် ရန်ကုန်တက္ကသိုလ်တွင် တက်စဉ်က နိုင်ငံတကာ ဆက်ဆံရေးပညာဌာန ပါမောက္ခဆရာကြီးသည် နေ့စဉ် ကျောင်းသို့ လိုင်းကား တိုးစီးပြီး ကျောင်းလာရ၏။ ၅၁ လိုင်းကားပေါ်မှ ဆင်းလာသော ပါမောက္ခဆရာကြီးကို မြင်တိုင်း ကျွန်တော်သည် အသည်း တဆတ်ဆတ်နာအောင် ခံစားရပါ၏။ တပ်မတော်တွင် ဗိုလ်မှူးကြီးအဆင့် ဆိုသူများ မာဇဒါကျစ်များ တဝီဝီ စီးနေကြ ချိန်တွင် နိုင်ငံခြားတက္ကသိုလ်တစ်ခုမှ Ph.D ဘွဲ့ရလာသော ပါမောက္ခ ဆရာကြီး တစ်ယောက် လမ်းလျှောက်ပြီး ကျောင်းလာရတာ မည်သို့မျှ မဖြစ်သင့်ပါ။ စစ်ဗိုလ်က ကားစီးကာ ပါမောက္ခက ခြေကျင်လျှောက်နေရသော ကမောက်ကမ နိုင်ငံမှ မဆင်းရဲလျှင် ဤကမ္ဘာပေါ်ဝယ် ဘယ်နိုင်ငံသည် ဆင်းရဲပါဦးမည်နည်း။

ကျွန်တော့် အစ်မကြီးသည် မူလတန်းပြဆရာမတစ်ဦး ဖြစ်သည်။ သူသည် ဝက်ထီးကန်မြို့အနီးမှ ရွာတစ်ရွာတွင် တာဝန်ကျရာ၊ ပြည်မြို့မှ ဝက်ထီးကန်သို့ နေ့စဉ် လိုင်းကားနှင့် သွားရပါသည်။ အစိုးရ၏ သတ်မှတ်ချက် အရ လိုင်းကားဆရာများမှာ ဆရာ၊ ဆရာမများထဲမှ ကားခ တစ်ဝက်သာ ကောက်ခံခွင့် ရှိပါသည်။ သက်ဆိုင်ရာသည် ပညာရေးကို ထောက်ပံ့ပုံမှာ လေဖြင့်၊ အမိန့်အာဏာဖြင့် ဝင်ရောက်ထောက်ပံ့ခြင်း ဖြစ်ရာ ထိုကိစ္စ၏ ရလဒ် အဖြစ် ကားဆရာများသည် ကျောင်းဆရာ၊ ဆရာမများကို မြင်သည်နှင့် ကားကို ရပ်မပေးဘဲ မောင်းပြေးကြခြင်း ဖြစ်သည်။ ထိုသို့ မောင်းမပြေးမီ လမ်းဘေးတွင် ကားစောင့်နေသော ဆရာ၊ ဆရာမများကို မြင်သည်နှင့်

'မောင်း ဆရာရေ၊ ကြိမ်ခွေတွေ လာပြီ' ဟု အော်လေ့ရှိသေးသည်။ 'ကြိမ်ခွေ ဆိုတာ ဘာလဲ' ဟု ကျွန်တော်က မေးတော့-

'ဒီလိုလေ ကြိမ်ခွေဆိုတာ ဝါးဖောင်တွေကို အနားကွပ်တဲ့နေရာမှာ သုံးတာ၊ ဖောင်ကွပ်တော့ ဖွတ်ကောင်ပေါ့ဟယ်' ဟု စဝံမေသုတံ ဤသို့ မှတ်သားရပါသည်။ ဩော် ကျောင်းဆရာများကို နှိပ်ကွပ်သည့်နေရာတွင် စစ်အစိုးရသာမက အသိဉာဏ်နိမ့်သော တိုင်းသူပြည်သားအချို့ကပါ တက်ညီ လက်ညီ ပါဝင်ခဲ့ကြသည်။ ကမ္ဘောဒီးယားမှာ ခမာနီတွေ အုပ်ချုပ်စဉ်ကလို မျက်မှန် တပ်တာနှင့် ပညာတတ်ဟု သတ်မှတ်ကာ သတ်မပစ်တာဘဲ တော်လှပြီဟု ဆိုရမလို ဖြစ်နေပေသည်။ လူတို့၏ အသိပညာ နိမ့်ကျခြင်းမှာ ပညာမတတ်၍ ဖြစ်သလို၊ ပညာမတတ်ခြင်းကြောင့် အသိဉာဏ် နိမ့်ကျကာ အကောင်း အဆိုး မခွဲနိုင်တော့ပေ။

ကျောင်းဆရာများ ကျူရှင်သင်တာ၊ မုန့်ရောင်းတာလောက်ကိုပဲ ပြက်ရယ်ပြု၊ အပြစ်တင်နေကြသော မြန်မာ့လူအိုင်းအိုင်းဝယ် ထိုသို့ ကျူရှင် ပြ၊ မုန့်ရောင်းပြီး ဝင်ငွေရှာရသည်အထိ နိမ့်ကျလာသော နောက်ခံ အကြောင်း တရားများကို မည်သူကမှ စိတ်မဝင်စားကြပေ။ ပညာရေးအတွက် သုံးသော ဘတ်ဂျက်သည် နည်းလွန်းသဖြင့် ကျောင်းများသည် အဓိုးနှင့် အကာပါလျှင် ကျောင်းအင်္ဂါရုပ်နှင့် တူပြီဟု အားလုံးက လက်ခံထားကြရသည်။ ကျွန်တော့် သားကြီး တက်ရောက်ပညာသင်ကြားသော အ.ထ.က (၁) မြောက်ဥက္ကလာ ကျောင်းဆိုလျှင် စာသင်ခန်း ပြတင်းပေါက်များမှာ မှန်များ ကွဲနေသည်။ ထို့ကြောင့် မိုးရွာလျှင် ပြတင်းပေါက်ဘေးတွင် ထိုင်သော ကျောင်းသားများမှာ မိုးရေတွေ ရွဲကုန်သည်။ တချို့စာသင်ခန်းများမှာ ပြတင်းပေါက် ရှိသော်လည်း တံခါးများ မရှိတော့သဖြင့် ရရာ ပျဉ်ပြားများဖြင့် အသေပိတ်ရိုက်ထားရ၏။ သားအငယ် တက်ရသော စာသင်ခန်းဝယ် ပြတင်းပေါက် တံခါးသည် ချိတ်စရာ ချိတ်မရှိသဖြင့် လေတိုက်တိုင်း ဂျိမ်းခနဲ တံခါးပိတ်သည်ကို ကလေးများက ကြည့်ရှောင်နေရသည်။ အိမ်သာမှာလည်း သန့်ရှင်းမှုမရှိ။ ကျောင်းဝင်းသည် လည်း မြက်ရိုင်းများ တောထအောင် ပေါက်နေသဖြင့် မြွေအန္တရာယ်ကို စိုးရိမ် ရသေးသည်။ အချို့ကျောင်းများဆိုလျှင် မိုးရွာလျှင် ရေဝပ်နေသည်။ ခေါင်မိုး

မလုံ၍ မိုးယိုသော စာသင်ခန်းလည်း ရှိသည်။ ကျောင်းများတွင် ရန်ပုံငွေ မလုံလောက်သလို သန့်ရှင်းရေးဝန်ထမ်းပင် အလုံအလောက် မရှိ၊ Landscaping Designer တို့ Gardener တို့ ဆိုသည်မှာ ဝေလာဝေး။ သိပ္ပံခန်းသုံး ပစ္စည်းများမှာ ကျောင်းသားများ မြင်ပင် မမြင်ဖူး၍ အောက်စီဂျင်ကို လေဖြင့် (ပါးစပ်ဖြင့်) စာရွက်ပေါ်မှာ ထုတ်လုပ်ကြရသည်။ ကွန်ပျူတာ ဆိုသည်မှာ ကျောင်းသို့ လူကြီး လာလျှင် ပြရသော အထူးတဆန်းပစ္စည်း ဖြစ်သည်ဟု ကျောင်းသားများက ယုံကြည်ကြသည်။ ပြောရလျှင် ပြောမဆုံးပေါင် တောသုံး တောင်ဟု ဆိုရတော့မည်။ ကျွန်တော် ငယ်စဉ်က ပြည်မြို့ အ·ထ·က (၁) တွင် သချာ်သင်ခဲ့ဖူးသော အလယ်တန်းပြဆရာကြီးတစ်ဦးမှာ ဘဝ နေဝင်ချိန်တွင် ပင်စင်လစာ မလောက်မငြဖြင့် ချို့ချို့တဲ့တဲ့ ကွယ်လွန်သွားရှာသည်။ သူ မသေခင် 'ကျွန်တော် ကျောင်းဆရာ မောင်···· စားစရာမရှိလို့ ငတ်နေပါပြီ ခင်ဗျ' ဟု တစ်ရပ်ကွက်လုံး ကြားအောင် ဝန်ကြားမှ ထွက်၍အော်သေးသည် ဆို၏။ ခပ်ရွတ်ရွတ် ဆရာကြီးမှာ သက်ဆိုင်ရာ အာဏာပိုင်များနှင့် လူအသိုင်းအဝိုင်းကို အရွဲ့တိုက်၍ အော်ခြင်း ဖြစ်ပေမည်။ထိုဆရာကြီးသည် ကျူရှင် မသင်ပေ။

မြန်မာနိုင်ငံကို စကၤာပူကဲ့သို့ ဖြစ်ချင်လျှင် စကၤာပူသည် ပညာရေးအတွက် တိုင်းပြည် ဘတ်ဂျက် ဘယ်နှရာခိုင်နှုန်းကို သုံးသလဲဆိုတာ လေ့လာဖို့ လိုသည်။ မြန်မာနိုင်ငံသည် တိုင်းပြည် ဘတ်ဂျက်၏ ဘယ်နှရာခိုင်နှုန်းကို ပညာရေးအတွက် သုံးနေသလဲဆိုတာ ဆန်းစစ်ဖို့ လိုပေမည်။ စကၤာပူသည် ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပညာရေးအတွက် အသုံးစရိတ်ပေါင်း စကၤာပူ ဒေါ်လာ (၁၁·၆ ဘီလျံ) အသုံးပြုမည်ဟု သိရ၏။ ထိုအထဲမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများအတွက် ၅·၆ ဘီလျံဒေါ်လာ၊ ပုဂ္ဂလိက တက္ကသိုလ်များ၊ အခြားတက္ကသိုလ် ကောလိပ်ကျောင်းများအတွက် ၅·၁ ဘီလျံ ဒေါ်လာ သုံးမည်ဟု သိရသည်။ စကၤာပူသည် နိုင်ငံ၏ နှစ်စဉ် အသုံးစရိတ် ဘတ်ဂျက် စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို ပညာရေးအတွက် အသုံးပြုသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင်မူကား ဘတ်ဂျက်၏ ၂၀ ရာခိုင်နှုန်းကို ကာကွယ်ရေးအတွက် အသုံးပြုပြီး ပညာရေးအတွက် ၄·၄ ရာခိုင်နှုန်း၊ ကျန်းမာရေးအတွက် ၃·၉ ရာခိုင်နှုန်း အသုံးပြုခဲ့သည်။

မြန်မာနိုင်ငံ၏ အနာဂတ်ကို တည်ဆောက်ရာတွင်လည်း 'နတ္ထိဝိန္ဓာ သမံမိတ္တံ' ပညာမှတစ်ပါး ကိုးကွယ်ရာမရှိ ဟူသော စိတ်ထားဖြင့် တည်ဆောက်မှသာ အောင်မြင်ပေမည်။ ထိုသို့ တည်ဆောက်မည် ဆိုပါက သေနတ်ကိုင်သော လက်ထက် မြေဖြူကိုင်သော လက်များမှာ ထိုက်သင့်သော ပုံဝိုးမှုများဖြင့် ပိုမို ပြည့်စုံဖို့ မလွဲမသွေ လိုအပ်မည် ဖြစ်ပါကြောင်း။

News Watch ဂျာနယ်
၂-၇-၂၀၁၃။

■

နှလုံးသားထဲက ရန္ကုပ်

ရန်ကုပ်... တဲ့။

အမည်လေးက လှသည်။ ကဗျာဆန်သည်။ သေးငယ်သော ရွာငယ်လေးနှင့် မလိုက်ဖက်အောင် သူ့ကျော်ကြားမှုက ကြီးမားသည်။ မြန်မာရာဇဝင် ရှိနေသ၍ မြန်မာ့သမိုင်းတွင် သူ တည်ရှိနေပေလိမ့်မည်။ စင်စစ် ဤရွာကလေးသည် ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်မတိုင်ခင်ကအထိ သူလိုငါလို မထင်မရှား ဧရာဝတီမြစ်ကမ်းပါးမှ သာမညရွာလေးတစ်ရွာသာ ဖြစ်သည်။ ထိုစဉ်က ရွာကလေးသည် လည်းကောင်း၊ ရွာထဲတွင် မှီတင်းနေထိုင်ကြသော ရဟန်း၊ ရှင်၊ လူအပေါင်းတို့သည် လည်းကောင်း မြန်မာ့သမိုင်းတွင် မေ့ဖျောက်၍ မရနိုင်တော့မည့် အဖြစ်အပျက်ကြီးတစ်ခု သူတို့ ရွာကလေး၌ ဖြစ်ပျက်တော့မည်ကို စိုးစဉ်းမျှ သိခဲ့ပုံမရချေ။

အချိန်ကား စစ်ကိုင်းမင်း ခေါ် ဘကြီးတော်ဘုရား လက်ထက်။ အင်းဝရွှေနန်းတော်ကြီး၌ ဘုရင်ပြီးလျှင် အဂ္ဂမဟေသီမိဖုရားခေါင်ကြီး မယ်နှင့် မယ်နု၏ မောင်ကြီး မောင်အိုတို့ တန်ခိုးထွားနေချိန် ဖြစ်သည်။ ဘကြီးတော်ဘုရားသည် မိဖုရားကြီးမယ်နု၏ မောင်ကြီး မောင်အိုကို စလင်းမြို့ကို

မြို့စားပေး၍ မင်းသားကြီး နေရာတွင် ထားတော်မူသည့်အပြင် ညီတော်အရင်း သာယာဝတီမင်းထက် သာလွန်ပိုမိုပြီးလျှင် အစီးအနင်း အဆောင်အရွက် ဗောင်း၊ နားတောင်း၊ ဝတ်လုံနှင့်တကွ သတိုးခမ္မရာဇာဘွဲ့အမည်ကို ပေးပြီးလျှင် အိမ်ဖြူပြတင်း ရွှေချု။ ရှေ့ဆောင်ဦးမှီတိုင် ၂ ရွှေပိန်းချ။ နောက်ဆောင်မှီတိုင် ၂ ရွှေပိန်းချ ဆောက်ပေးတော်မူသည်။ လွတ်တက်၍ တိုင်းနိုင်ငံအလုံးကို စီရင်စေရန် လွှဲအပ်တော်မူသည်။ မောင်အိုး၏ မယားကိုလည်း သီရိရတနာသာမဝတီဘွဲ့၊ သမီးကြီးကို သီရိသူကလျာဘွဲ့နှင့် အမြင့်မြို့စား၊ သမီးငယ်ကို သီရိသူကလျာရတနာဘွဲ့နှင့် မင်းတုန်းမြို့စား ပေးသည့်အပြင် အိမ်တော်စံမင်းသမီးတို့ အစီးအနင်း အဆောင်အရွက်ကိုလည်း ပေးတော်မူသည် ဟူ၏။ ဆိုလိုရင်းကား အင်းဝနန်းတော်ဝယ် ဘုရင်၏ ညီတော်အရင်း သာယာဝတီမင်းထက် မိဖုရားကြီး မယ်နှင့် ဘုရင့်ယောက်ဖတော် မောင်အိုသာ တွင်ကျယ်နေခြင်းကို ဆိုလိုပါသည်။ ဤသို့ နန်းတွင်းအခြေအနေ အခင်းအကျင်းတွင် အင်္ဂလိပ်-မြန်မာ စစ်ပွဲ စတင်ဖြစ်ပွားဧ၏။

စစ်ဖြစ်သည်နှင့် သာယာဝတီမင်းသားက အောက်ပြည်ကို ကာကွယ်ရန် မိမိ တာဝန်ယူလိုကြောင်း နောင်တော် ဘုရင်ကြီးသို့ တင်ပြ၏။ အင်္ဂလိပ် သင်္ဘောများ ရန်ကုန်ဆိပ်ကမ်းကို ဆိုက်ရောက်လာကြောင်း ဦးစွာ သတင်းရချိန်၌ သာယာဝတီမင်းက မိမိ၌ စုဆောင်းထားရှိသော လူတစ်သောင်းကျော်ကို အရင်းပြုကာ အောက်အရပ် ပြည်မြို့နှင့် သာယာဝတီနယ်တို့၌ လူသူအင်အား ဖြည့်တင်းကာ ရန်သူကို တွန်းလှန်ပယ်ဖျက်ပါမည် ဆိုလေသည်။ ရှင်ဘုရင်က ညီတော်ကို ချီစေရန် ဆန္ဒရှိတော်မူသည်။ မင်းသားကြီးဦးအိုနှင့် သူ့အဖွဲ့ဝင် မှူးကြီးမတ်ကြီးများက သဘောမတူကြ။ ထိုအချိန်က ဗန္ဓုလသည် ရခိုင်၌ စစ်စခန်းချနေ၏။ မြဝတီဦးစက ပန်းဝါ၌ အင်္ဂလိပ်များကို အနိုင်ရကာ စစ်တကောင်းအထိ ချီတက် သိမ်းပိုက်လိုနေ၏။ မြန်မာစစ်တပ်များ ဘင်္ဂလားနယ်မြေအတွင်း ရောက်ရှိနေသဖြင့် အင်္ဂလိပ်ဘုရင်ခံချုပ် ရုံးစိုက်ရာ ကာလကတ္တားမြို့ပင် ကျိုးလန့်စာစား အခြေမျိုး၌ ချောက်ချားနေလေသည်။ ဤအခြေအနေမျိုး၌ မြန်မာနေပြည်တော်မှ သာယာဝတီမင်းသားလို အဆင့်အတန်းမြင့်သော မင်းသားတစ်ပါး ခေါင်းဆောင်ကာ အင်္ဂလိပ် ရန်သူကို စောစောစီးစီး ခုခံနိုင်လျှင် စစ်သူကြီး မဟာဗန္ဓုလသည် အစီအစဉ်ကို ဖျက်ကာ ပြန်လာ

စရာ လိုမည် မဟုတ်ချေ။ သို့သော် သူ့ထက် သာယာဝတီမင်းသား၏ အစွမ်းအစ ပို၍ ပေါ်လွင်ထင်ရှားမှာကို မလိုလားသော ဦးအိုက ဖျက်၏။

သာယာဝတီမင်းသားကို စစ်တိုက်ခွင့်ပြုပါ၏။ သို့သော် ဗန္ဓုလ ပြန်ရောက်အောင် စောင့်ရသဖြင့် ၅ လ ကြာသွားရာ ထိုအတောအတွင်း အင်္ဂလိပ်တို့က အခြေခံရကာ အရေးသားနေ၏။ သာယာဝတီမင်းသားကို မလွတ်တာ ဦးအိုတို့ စိတ်ကြိုက် ရွေးချယ်စေလွှတ်သော မင်းကြီးမင်းခေါင်နှင့် မင်းကြီးမဟာတို့မှာ မခံရပ်နိုင်ဘဲ တိုက်ပွဲဝင် ကျဆုံးကုန်၏။ မဟာဗန္ဓုလမှာ သတ္တိကောင်းသော်လည်း လက်နက်အင်အား မမျှသဖြင့် ခနဖြုန်း ကျဆုံးရလေသည်။

စစ်ရေးအခြေအနေကို ကောင်းစွာ အကဲခတ်မိသော သာယာဝတီမင်းသားက တစ်ချိန်၌ မြန်မာတို့ အင့်ကိမိသည်ကို အသိအမှတ်ပြုကာ အင်္ဂလိပ်တို့နှင့် စောစော စစ်ရေး ငြိမ်းလို၏။ ဆက်လက်တိုက်ခိုက်နေက မြန်မာတို့ သာလျှင် ပို၍ထိခိုက်နစ်နာဖွယ် ရှိမည်။ ထို့ကြောင့် ပြည်မြို့၌ စခန်းချနေသော သာယာဝတီမင်းက အင်းဝနေပြည်တော်သို့ စစ်ရပ်စဲကာ အင်္ဂလိပ်ထံမှ အရေးတောင်းသင့်ကြောင်း အစီရင်ခံ၏။ သို့သော် ဦးအိုနှင့်အဖွဲ့က စစ်ကို ဆက်လက်တိုက်ချင်၏။ ဦးအိုနှင့် မယ်နတို့ ရွေးနှောတော်သွင်းသည့်အတိုင်း စစ်ကိုင်းမင်း(ဘကြီးတော်)က စစ်ဆင်ရေးကို အားပေးရလေသည်။ စင်စစ် ဦးအိုသည် တိုင်းပြည်၏ သိက္ခာနှင့် ကံကြမ္မာထက် မိမိ၏ အတ္တနှင့် မာန ကို ပို၍ ဦးစားပေး ရွေးချယ်ခဲ့ဟန် ရှိသည်။

ထို့ကြောင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် အင်္ဂလိပ်တပ်များ ချီတက်လာရာ မတွန်းလှန်နိုင်ဘဲ ရန်ကုန်ရွာအထိ ရောက်လာ၏။ အင်းဝနှင့် မိုင် ၄၀ သာ ကွာတော့၏။ မယ်နက ရွှေဘိုသို့ ရှောင်တိမ်းရန် အဆိုပြုသော်လည်း ရာဇသိက္ခာကျဖွယ် ရှိ၏။ သို့ဖြစ်ရာ သာယာဝတီမင်းသား စောစောက အကြံပေးခဲ့သည့်အတိုင်း လိုက်နာတော့သည်။ ပို၍ရှုံးပြီးမှ အရေးဆိုသော အခါ ရန်သူကို ပို၍ပေးရစမြဲပင်။ ထို့ကြောင့် မဏိပူရ၊ အာသံ၊ ရခိုင်၊ တနင်္သာရီ စသော မြန်မာ၏ အတောင်အလက်များ အားလုံး အဖြတ်ခံရလေသည်။ စစ်လျော်ကြေး တစ်ကုဋေကိုလည်း ၄ ရစ်ခွဲ၍ ပေးဆပ်ရသည်။ ရန်ကုန်ရွာကလေးအား သာမန် မထင်မရှား ဘဝမှ ကမ္ဘာကျော်ခဲ့လေပြီ။ အချက် ၁၁ ချက် ပါသော အင်္ဂလိပ်-မြန်မာ စစ်ပြေငြိမ်း စာချုပ်ကို ရန်ကုန်

ရွာကလေးဌ မြန်မာသက္ကရာဇ် ၁၁၈၇ ခု တပေါင်းလပြည့်ကျော် ၄ ရက် (ခရစ်နှစ် ၂၄-၂-၁၈၂၆) နေ့တွင် ချုပ်ဆိုခဲ့ရာ မြန်မာဘက်မှ လယ်ကိုင်းမြို့စား 'မဟာမင်းလှကျော်ထင်' နှင့် ကျိုက်မင်းကြီး 'မဟာမင်းလှသီဟသူ' တို့ စာချုပ် လက်မှတ်ထိုးပြီး အင်္ဂလိပ်ဘက်မှ အရေးပိုင် အာစီဘော်ကဲဘက် နှင့် အရေးပိုင် ရောဘစ်စံတို့ ဖြစ်ကြသည်။ ဤကား အတိတ်မှ ပုံရိပ်များပင် ဖြစ်လေသည်။

♦

၂၀၁၁ ဖေဖြေလ ၂၀ ရက်။ ရန်ကုန်စစ်ပြေငြိမ်းစာချုပ် ချုပ်ပြီး ၁၈၅ နှစ် တစ်လနှင့် ၂၆ ရက်အကြာတွင် ဖြစ်သည်။ အာဗီပေါက်ကံ (R.V.Paukan) အပျော်စီးသင်္ဘောကြီးသည် ရောဝတီမြစ်ကြောင်းအတိုင်း ပုဂံမှ မန္တလေးသို့ တရွေ့ရွေ့ ဆန်တက်လျက် ရှိသည်။ ၄င်းသင်္ဘောကြီးကား မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကို တစ်ဖက်စာစ်လမ်းမှ အထောက်အကူပြုရန် နိုင်ငံတကာ အဆင့်မီ ရေပေါ်ဟိုတယ်ကြီးတစ်ခုအဖြစ် ၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တည်ဆောက်ခဲ့သော ပုဂ္ဂလိကပိုင် သင်္ဘောဟိုတယ်ကြီး ဖြစ်သည်။ သင်္ဘော ပေါ်၌ ခရီးသွားရင်း ကြယ်လေးပွင့်ဟိုတယ်တစ်ခု၏ ဝန်ဆောင်မှုမျိုးကိုပါ ပေးနိုင်ရန် လေ့ကျင့်ထားသော ကျွမ်းကျင်ဝန်ထမ်းများက တာဝန်ယူသွားမည် ဖြစ်သည်။ ပုဂံမှ မန္တလေးကို ၂ ညအိပ်၊ ၃ ရက်ခရီးအဖြစ် သင်္ဘောလည်း



ရတနာပုံ စာအုပ်တိုက်

စီးရင်း၊ အပန်းလည်း ဖြေရင်း၊ လည်ပတ်ကြည့်ရှုစရာ နေရာဒေသများသို့လည်း ရပ်တန့်ဝင်ရောက်ရင်း တရွေ့ရွေ့ ခရီးဆက်ခဲ့ကြပေသည်။

ကျွန်တော်သည် ထိုအပျော်စီးသင်္ဘောကြီးပေါ်သို့ ဩစတြေးလျနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် အယောက် ၂၀ ကို ဧည့်လမ်းညွှန်အဖြစ် တာဝန်ယူကာ လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။ သင်္ဘောမှာ သုံးထပ်သင်္ဘောကြီး ဖြစ်သည်။ သင်္ဘောပေါ်၌ စားသောက်ခန်း၊ ဘားခန်း၊ နေစာလှဲ ကုန်းပတ်၊ အနှိပ်ခန်း၊ လက်ဆောင်ပစ္စည်း အရောင်းဆိုင်၊ လက်ဖက်ရည်၊ ကော်ဖီ ကောင်တာ၊ အိပ်ခန်း စသည်ဖြင့် စုံလင်စွာ ပါပေ၏။ နံနက်စာ၊ နေ့လယ်စာ၊ ညစာနှင့် တစ်နေကုန် လက်ဖက်ရည်၊ ကော်ဖီ၊ အခမဲ့ သောက်ခွင့်များလည်း သင်္ဘောစီးခတွင် ပါပြီး ဖြစ်သည်။ အင်တာနက်တွင် ဖော်ပြထားသော ဈေးနှုန်းများအရ ခရီးသည် တစ်ဦးလျှင် ဈေးအသက်သာဆုံး အခန်းမှာ တစ်ယောက်လျှင် ခရီးစဉ် (၂ ညအိပ် ၃ ရက်) အစအဆုံးအတွက် ၇၈၅ ဒေါ်လာ ပေးရပြီး ဈေးအကြီးအခန်း တွင် နေသူများကတော့ တစ်ယောက် ဒေါ်လာ ၁၂၆၀ ပေးရပေသည်။ သင်္ဘော ပေါ်တွင် ကျွန်တော် တာဝန်ယူ လိုက်ပါလာသော ခရီးသည် ၂၀ နှင့် အခြား ခရီးသည် ၂၀ စုစုပေါင်း တိုးရစ် ၄၀ ခန့် လိုက်ပါလာပေသည်။ အခြား ဧည့် လမ်းညွှန် နှစ်ဦးလည်း လိုက်ပါလာသေးသည်။ သူတို့ကလည်း သူတို့ဧည့်သည် အတွက် လိုက်လာခြင်း ဖြစ်သည်။

နံနက် ၇ နာရီတွင် ဘရိတ်ဖတ်(စ်) စားရ၏။ ဘရိတ်ဖတ်(စ်)မှာ ဘူဖေးစနစ်ဖြင့် ဖွယ်ဖွယ်ရာရာ စုံစုံလင်လင် ကျွေးခြင်း ဖြစ်သည်။ နံနက်စာ စားနေစဉ် ယနေ့ လည်ပတ်လုပ်ဆောင်မည့် တစ်နေ့တာ အစီအစဉ် စာရွက်ကလေး လာပေးသဖြင့် ဖတ်ကြည့်လိုက်သည်။

နံနက် ဝ၆းဝဝ လက်ဖက်ရည်၊ ကော်ဖီ Sundeck တွင် တိုက်ပါမည်။

နံနက် ဝ၇းဝဝ နံနက်စာကျွေးပါမည်။

နံနက် ဝ၈းဝဝ ရန်ပိုရွာသို့ သင်္ဘောဆိုက်ကပ်ပြီး လည်ပတ် ကြည့်ရှု ပါမည်။

အစီအစဉ်ကို ဖတ်ပြီး ကျွန်တော် သဘောကျသွားသည်။ ရာဇဝင်ထဲ က ရန်ပို၊ နှလုံးသားထဲက ရန်ပို။ မြန်မာတို့၏ ပင်လယ်ထွက်ပေါက်များကို ပေးလိုက်ရစေသော ရန်ပို။ ခါးသီးမှုများကို ယူလာပေးသော ရန်ပိုကို မျက်ဝါး

ထင်ထင် တွေ့မြင် လည်ပတ်ရတော့မှာပါလား။ ဤမြို့ ဤနယ် ဤရွာကလေး ဆီသို့ ထိုစဉ်က နယ်ချဲ့အင်္ဂလိပ်တို့၏ မီးသင်္ဘောများ ဆန်တက် ဝင်ရောက် လာပုံကို စိတ်ကူးဖြင့် မှန်းဆ မြင်ယောင်မိသည်။ ယခုလည်း နိုင်ငံခြားသား များ ရောက်လာပြန်ပေပြီ။ သို့သော် ဤတစ်ကြိမ်တွင်တော့ စစ်မက် လိုလား သူများ လာကြခြင်း မဟုတ်။ ကမ္ဘာလှည့်ခရီးသည်များအဖြစ် ဗဟုသုတ ရှာမှီးရန် အလို့ငှာ ရောက်လာကြခြင်းသာ ဖြစ်ပေသည်။ ရန်ကုန်စာချုပ်ခေတ်ကလို သူတို့ လက်ထဲမှာ သေနတ် လက်နက်များကို ကိုင်မထားပါ။ ထိုအစား Nikon, Menolta, Yashika, Sony, Cannon စသော ကင်မရာများကိုသာ ကိုင် ထားပါသည်။ မြန်မာ့မြေပေါ်မှ ဘာကိုမှ သူတို့ ယူသွားမည် မဟုတ်။ ဓာတ်ပုံ များကိုသာ ယူသွားပါမည်။ ဘာကိုမှ မလိုလားအပ်သည်များကို ထားခဲ့သည် မဟုတ်။ ခြေရာများကိုသာ ထားရစ်ခဲ့ကြပါမည်။ ဤသည်ကိုပင် မီးခိုးမထွက် သော စက်ရုံကြီးဟု ခေါ်ကြခြင်း ဖြစ်မည်။

ရန်ကုန်သည် အင်းစိန်မြို့ တောင်ဘက် မိုင် ၄၀၊ မြင်းခြံမြို့ မြောက်ဘက် ၁၀ မိုင်အကွာတွင် ရှိသော ဧရာဝတီမြစ်ကမ်းနဖူးမှ ရွာကြီး ဖြစ်သည်။ အိမ်ခြေ ၆၀၀ ခန့်ရှိသည်ဟု သိရ၏။ ရွာလေးမှာ နေချင်စဖွယ် အေးချမ်းဆိတ်ငြိမ် လှသည်။ သင်္ဘောပေါ်မှ တိုးရစ် အယောက် ၄၀ သည် နှစ်စုခွဲကာ ရွာကို ဝင်ရောက်လေ့လာကြရန် သဘောတူကြ၏။ ကျွန်တော်နှင့် နိုင်ငံခြားသား ၂၀ က တစ်ဖွဲ့၊ အခြား တိုးရစ်အယောက် ၂၀ နှင့် ဂိုဒ် နှစ်ယောက်က တစ်ဖွဲ့ ခွဲ၍ လည်ကြမည်။ ဆယ်နာရီ သင်္ဘောမှာ ပြန်ခဲ့မည်ဟု သဘောတူလိုက်ကြသည်။ ကျွန်တော့်ကို သင်္ဘောဝန်ထမ်း တစ်ယောက်က လိုက်၍ လမ်းပြပေး၏။ ကျန်အဖွဲ့နှင့် သင်္ဘောမန်နေဂျာ ကိုထွန်းနိုင် လိုက်ပါသွားသည်။

၁၉ ရာစုက ရန်ကုန်ရွာသည် ဘာတွေ လုပ်ကိုင်စားသလဲတော့ ရာဇဝင် မှတ်တမ်းများတွင် အတိအကျ မပါ၍ မသိရ။ ကျွန်တော် ရောက်ခဲ့သော ၂၁ ရာစု ရန်ကုန်သည်ကား တစ်ရွာလုံးနီးပါး အိုးလုပ်ငန်းကို အဓိကစီးပွားရေး အဖြစ် လုပ်ကိုင်နေကြပေသည်။ အပျိုဖော်ဝင်စ သူငယ်မလေးမှသည် ဆံဖြူ သွားကျိုး အဘွားအိုအထိ ကိုယ့်အိမ်ရှေ့ ကိုယ် ထိုင်ကာ ရွံများကို လက်ဖြင့် ပုံသွင်းသူက သွင်း၊ လက်ရိုက်တံဖြင့် ပန်းပွင့်ပန်းခက် အစက်အပြောက်များကို ဖော်သူက ဖော်။ အိုးဖုတ်ရန် စပါးခွံ လောင်စာများကို လှည်းဖြင့် တိုက်သူက



တိုက်၊ အသင့်ဖုတ်ပြီး အိုးများကို မြေပေါ်တွင် ညီညီညာညာ ဆင့်ကာ စီသူက စီ စသည်ဖြင့် တပျော်တပါး တက်ညီလက်ညီ အလုပ်လုပ်နေကြလေသည်။ တစ်ရွာလုံးလည်း အရွယ်အမျိုးမျိုးသော အိုးလေး၊ အိုးလတ်၊ အိုးကြီးများဖြင့် ပြည့်နှက်နေလေသည်။ အိမ်တစ်အိမ်၌ကား ဘွဲ့ဝတ်စုံနှင့် ဓာတ်ပုံ သုံးပုံ ချိတ်ထားလေသည်။ ရွာကျောင်းမှ ကျောင်းဆရာဖြစ်သူက ဂုဏ်ယူစွာဖြင့် ဓာတ်ပုံများကို ပြကာ-

"ဒါက ကျွန်တော့်ညီမ ပုံလေ။ သူက စီးပွားရေးပညာနဲ့ ဘွဲ့ရပြီးပြီ။ ကျန်တဲ့နှစ်ယောက်ကလည်း ဝိဇ္ဇာဘွဲ့ တစ်ယောက်၊ သိပ္ပံဘွဲ့ တစ်ယောက်။ သူတို့ သုံးယောက်လုံး ရွာမှာပဲ ပြန်နေပြီး မိဘလက်ငုတ်လက်ရင်း အလုပ်ကိုပဲ ဆက်လုပ်ကြတယ်"

ဟု ရှင်းပြ၏။ ရွာသားများကား ရိုးသားပွင့်လင်းကာ ဖော်ရွေလှ၏။ တိုးရစ်များက သိလိုသမျှ အတောမသတ် မေးကြသည်ကို တစ်ခုချင်း စိတ်ရှည်လက်ရှည် ဖြေကြားပေးကြသည်။ ရွာတွင် မူလတန်းကျောင်း ရှိသည်။ အလယ်တန်းနှင့် အထက်တန်းအတွက်ကိုမူ အနီးအပါးမှ ရွာများဆီ သွားတက်ကြရသည်။ တချို့က မြင်းခြံသို့ သွား၍ ကျောင်းနေကြ၏။ ပညာရေးကို အလေးထားသော ရွာတစ်ရွာ ဖြစ်သည်။ ရွာအဝင်တွင် ဘော်လီဘောကွင်း တစ်ကွင်း (ကလေးများ ဆော့ကစားနေကြသည်)၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်၊ ကုန်စုံဆိုင် တစ်ဆိုင်ကို တွေ့ခဲ့ရ၏။ အရိပ်အာဝါသကောင်းသော သရက်၊ မန်ကျည်း စသော အပင်ကြီး


များ ဝေဝေဆာဆာ ရှိသည်။ အိမ်များကို ထန်းလက်ဖြင့် မိုးထားတာ တွေ့ရသည်။ သွပ်မိုးအိမ်များလည်း များစွာ ရှိသည်။ ကလေးများမှာ အချို့သော ရွာများမှ ကလေးများလို မဟုတ်။ စည်းကမ်းတကျ ကျက်နေရရ ရှိကြသည်။ ရွာသို့ တိုးရစ်တွေ အများကြီး နေ့စဉ်ရက်ဆက် မလာသေးသဖြင့် အကျင့်မပျက်ကြသေးတာ ဖြစ်မည်။ ကျွန်တော် ရောက်ဖူးသော အချို့ရွာများတွင်တော့ တိုးရစ် မြင်တာနှင့် ကလေးတွေ ဝိုင်းအုံကာ (တစ်ခါတလေ လူကြီးတွေပင် ပါသည်။) လက်ဆောင် တောင်းတော့သည်။ ဤအကျင့်ကောင်းလေး ပျောက်သွားမှာ စိုးလှပါသည်။ ကျွန်တော်က အိုးများကို ဘယ်သွားရောင်းသလဲဟု မေးရာ-

"ဘယ်မှ သွားမရောင်းဘူးဗျ။ ကျွန်တော်တို့ ရန္ဒုပိုအိုးဟာ မြန်မာပြည်အနှံ့ နာမည်ကြီးလို့ မန္တလေး၊ စစ်ကိုင်း၊ မြင်းခြံ၊ ကျောက်မြောင်း၊ ရွှေဘိုမြို့တွေကနေ ကုန်သည်တွေက လာဝယ်ကြတယ်။ ကိုယ့်အိမ်မှာ ထိုင်ပြီး လုပ်နေရုံပဲ။ ဈေးကွက်က ရှိပြီးသားလေ"

ဟု ရွာသားတစ်ယောက်က ရှင်းပြ၏။

ရန္ဒုပိုရွာ၏ သင်္ကေတသဖွယ် ဖြစ်နေသော 'မင်းကျောင်းကြီး'သို့လည်း ရောက်ခဲ့သေး၏။ ဆရာတော်မှာ သက်တော် ရှစ်ဆယ်ကျော် ကိုးဆယ်နီးပါး ရှိပေပြီ။ ကျွန်တော်တို့အဖွဲ့ကို ကောက်ညှင်းပေါင်း၊ အကြော်စုံ၊ ငါးမုန့်ကြော်၊ ရေနွေးကြမ်းများဖြင့် တည်ခင်းဧည့်ခံ၏။ နိုင်ငံခြားသားများက မထိုင်တတ် ထိုင်တတ် တင်ပျဉ်ခွေ ထိုင်ကာ ဆရာတော် တည်ခင်းသည်များကို အားပေးကြသည်။ ကျွန်တော်က စပြီး ကျောင်းကြီး ပြုပြင်ဖို့ အလှူငွေ ထည့်တော့ နိုင်ငံခြားသားများကလည်း စိတ်ပါဝင်စားသွားကာ တစ်ယောက် တစ်လက် ဝိုင်းဝန်းလှူဒါန်းကြသည်။ ဤမင်းကျောင်းကြီးမှာ ၁၈၂၆ ရန္ဒုပိုစာချုပ် ချုပ်ဆိုခဲ့စဉ်ကပင် ရှိနေခဲ့သော ကျောင်းဟောင်းကြီး ဖြစ်သည်ဟု သိရသည်။

ရွာကို တစ်ပတ် ပတ်ပြီး လမ်းလျှောက်ကာ မြစ်ကမ်းဘက်ဆီသို့ ပြန်လျှောက်လာခဲ့၏။ တိုးရစ်များက အိုးရောင်းသော ဈေးသည်တစ်ယောက်ထံမှ အမှတ်တရအိုးများ ဝယ်နေကြသည်ကို ကျွန်တော် မာတ်ပုံရိုက်ယူမိ၏။ သူတို့မှာ မြန်မာ့လက်ရာ ရန္ဒုပိုအိုးများကိုလည်း ဝယ်လိုသည်။ နိုင်ငံခြားအထိ သယ်ရမှာလည်း ခက်ခဲလွန်းသဖြင့် အရွယ်အစား သေးသော အိုးလေးများကိုပဲ



ဝယ်နေကြသည်။ ရန်ကုန်မှာ ၁၅၀၀/- ခန့် ပေးရသော သောက်ရေအိုး တစ်လုံးကို ရန်ကုပိုမှာ ငွေငါးရာပဲ ပေးရသည်။ အိမ်ပြန်လက်ဆောင် ဝယ်လိုသော်လည်း သယ်ရမှာ သဘော်တစ်တန်၊ လေယာဉ် တစ်တန်၊ ကားတစ်တန် ဖြစ်နေ၍ လက်လျှော့လိုက်သည်။

အကယ်စင်စစ် ရန်ကုပိုသည် သူ့အလှနှင့်သူ ရှိနှင့်နေပြီးသား မြန်မာရန်သင်းသည့် အညာရွာကလေး ဖြစ်သည်။ သမိုင်းဝင်သော ရန်ကုပိုစာချုပ် ရှိခဲ့သည် ဖြစ်စေ၊ မရှိခဲ့သည်ဖြစ်စေ ရွာ၏ ချစ်စရာ တောသဘာဝ မြင်ကွင်းကတော့ မည်သည့်အခါမျှ ယုတ်လျော့သွားလိမ့်မည် မဟုတ်။ ပဉ္စလက်ဆန်သော သမိုင်းဓာတ်လမ်းတစ်ပုဒ်က ဤရွာလေး၏ နဂိုရှိပြီးသားအလှကို ပို၍သတိပြုမိအောင် ဖန်တီးထားသလို ဖြစ်နေတော့သည်။

ကိုးကားချက် -

ညိုမြ၊ ကုန်းဘောင်ရာပုံတော်။
နီဠိမ်း(အညာတက္ကသိုလ်)
ရန်ကုပိုရှေးဟောင်းရွာသို့ ခရီးတစ်ခေါက်
www.paukan.com
Photo : Frankie Nyi Nyi Naing ■

မြစ်ဆုံက ပြန်ခဲ့တယ်

၂၀၁၁ နိုဝင်ဘာလ ၇ ရက်တွင် ရန်ကုန်မှ မြစ်ကြီးနားသို့ အဲပုဂံ (ဖလိုက် နံပါတ် W9 521) ဖြင့် ကျွန်တော် သွားရောက်ခဲ့ပါသည်။ အမေရိကန် တိုးရစ် လေးဦးအား ဧည့်လမ်းညွှန်အဖြစ် လိုက်ပါပို့ဆောင်ရန် ဖြစ်သည်။ လေယာဉ်သည် အမြင့်ပေ တစ်သောင်း ခုနစ်ထောင်မှ ပျံသန်းပြီး ပျံသန်းချိန် တစ်နာရီနှင့် မိနစ်နှစ်ဆယ် ကြာသောအခါ မန္တလေးလေဆိပ်သို့ ရောက်ပါသည်။ မိနစ် နှစ်ဆယ်ခန့် မန္တလေးလေဆိပ်တွင် ရပ်နားပြီး ဆက်လက် ထွက်ခွာလာရာ ပျံသန်းချိန် တစ်နာရီ ငါးမိနစ်ခန့်အကြာတွင် မြစ်ကြီးနား လေဆိပ်သို့ လေယာဉ် ဆင်းသက်ပါသည်။ ဒေသစံတော်ချိန်မှာ နံနက် ၁၁ နာရီ ၄၅ မိနစ်။ ရန်ကုန်နှင့်စာလျှင် ရာသီဥတုက အေးမြလတ်ဆတ်သည်။

ကျွန်တော်တို့ အစီအစဉ်မှာ မြစ်ကြီးနားတွင် သုံးည အိပ်မည်။ ပန်ဆွန်ဟိုတယ်တွင် တစ်ည Hotel United တွင် နှစ်ည တည်းခိုရန် စီစဉ်ထားသည်။ ပထမနေ့တွင် မြစ်ကြီးနားမြို့ပေါ်၊ ဒုတိယနေ့တွင် လီဇိုလမ်းမကြီး၊ တတိယနေ့တွင် မေခ၊ မလိခ မြစ်ဆုံသို့ သွားကြည့်ဖို့ အစီအစဉ်ဆွဲထားသည်။ ဒေသသည် သိပ်ပြီး မအေးချမ်းသဖြင့် လွတ်လွတ်လပ်လပ် သွားခွင့်ရပါ့မလား

ဟု စိုးရိမ်မိသည်။ ပထမနေ့အဖြစ် မြစ်ကြီးနားဈေး၊ ကမ်းနားလမ်း၊ မြို့လယ် ဘူတာတစ်ဝိုက်ကို လမ်းလျှောက်ပြီး ကြည့်ကြသည်။ ညဘက်တွင် ဥတ္တရလမင်း စာပေအဖွဲ့မှ ဦးသန်းဆွေဆီ ဖုန်းဆက်လိုက်ရာ ဦးသန်းဆွေနှင့် ရှေ့နေ ဦးခင်မောင် ရောက်လာပြီး ကျွန်တော့်ကို ထမင်း လိုက်ကျွေးသည်။ ထိုညက မြစ်၏ တစ်ဖက်ကမ်းမှ သေနတ်သံများ ကြားရသည်ဟု မြို့ခံများက ပြောသော်လည်း ကျွန်တော်တို့ သုံးယောက်မှာ လေပစ်နေကြသဖြင့် မကြားကြပေ။

ဒုတိယနေ့တွင် ကမ္ဘာကျော် လီဒိုလမ်းမကြီးဆီသို့ ထွက်လာကြ၏။ ကျွန်တော့်အည်သည် အာဂိုးကြီးမှာ အမေရိကန်လူမျိုး စစ်ပြန် စစ်မှုထမ်းဟောင်းကြီး တစ်ဦး ဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံတွင် စစ်မှုထမ်းဖူးသည်။ မြစ်ကြီးနားတစ်ဝိုက်တွင် တာဝန်ကျခဲ့ပြီး လီဒိုလမ်းမကြီးပေါ်တွင် အကြိမ်ကြိမ် သွားလာဖူးသည်။ သူ့မိန်းမနှင့် ချွေးမကို အမှတ်တရ ပြန်ခေါ်လာပြခြင်း ဖြစ်သည်။

လီဒိုလမ်းမကြီးသည် တရုတ်၊ မြန်မာ၊ အိန္ဒိယ သုံးနိုင်ငံကို ဆက်စပ် ပေးသော လမ်းမကြီး ဖြစ်သည်။ မြန်မာပြည် မြောက်ဖျားတွင် တာဝန်ထမ်းဆောင် နေသော မဟာမိတ်စစ်သားများကို တရုတ်နှင့် အိန္ဒိယမှ ကုန်းလမ်းဖြင့် ထောက်ပံ့ရေးပစ္စည်းများ တင်ပို့နိုင်ရန် မဟာဗျူဟာမြောက်လမ်းအဖြစ် တော အထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်ကာ ဇွတိသျှန့် မဟာမိတ်တို့က ၁၉၄၂ တွင် ဖောက်လုပ်ကာ ၁၉၄၅ တွင် ပြီးစီးခဲ့သည်။ ထိုလမ်းကြီးသည် တရုတ်နိုင်ငံ ကူမင်းမြို့မှ စတင်ကာ မြန်မာနိုင်ငံ ဗန်းမော်၊ မြစ်ကြီးနား၊ နမ့ဓတီး၊ တနိုင်းမြို့များကို ဖြတ်၍ အိန္ဒိယနိုင်ငံ လီဒိုမြို့အထိ ပေါက်ရောက် သဖြင့် လီဒိုလမ်းဟု ခေါ်ခြင်း ဖြစ်သည်။ လမ်းဖောက်လုပ်ရေး စီမံကိန်းကို စတင် အကြံပြုခဲ့သူ အမေရိကန် ဗိုလ်ချုပ် ဂျိုးဇက်စတီးဝဲ(လ်) (General Joseph Stilwell) ကို ဂုဏ်ပြုသောအားဖြင့် စတီးဝဲ(လ်) လမ်းမကြီးဟုလည်း ခေါ်ကြသည်။

ထိုလမ်းမကြီးကို စစ်ပြန်မိသားစုက အမှတ်တရ လာကြည့်ခြင်း ဖြစ် သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ရာသီမရွေး သွားလာနိုင်သော နှစ်လမ်းသွား လမ်းအဖြစ် ဖောက်လုပ်ခဲ့သော်လည်း ယခုအခါ ပြုပြင်ထိန်းသိမ်းမှု နည်းသဖြင့်

လမ်းမှာ ချိုင့်ခွက်များ ပေါများလှသည်။ မြစ်ကြီးနားမှ နံနက် ၈း၃၀ တွင် ထွက်ခွာလာပြီး လမ်း၌ အထက်မော်ဖောင်းကျေးရွာ၊ အကျဉ်းပြကျေးရွာ စသည်တို့ကို ဖြတ်ကျော်လာပြီး နမ္မတီးလမ်းဆုံသို့ နံနက် ၁၁ နာရီတွင် ရောက်၏။ ထိုလမ်းဆုံရှိ မြတ်မွန်စားသောက်ဆိုင်တွင် ထိုင်ကာ ကော်ဖီမစ် သောက်ကြရင်း လမ်းခရီး အခြေအနေကို စုံစမ်းကြ၏။ အမေရိကန်ကြီးက လီဒိုလမ်းကြီး အတိုင်း ရသလောက် ရှေ့သို့ တိုးပြီး သွားချင်သည်။

''ဆရာတို့ ရှေ့ကို ဆက်မသွားရင် ကောင်းမယ်၊ ရှေ့က ကံလှရွာ အကျော်ကြားမှာ ပြီးခဲ့တဲ့အပတ်ကပဲ တိုက်ပွဲဖြစ်သွားသေးတယ်''

ဆိုင်ရှင် အမျိုးသမီးက ကချင်သံဝဲဝဲဖြင့် သတိပေးသည်။ အဘိုးကြီး ကျေနပ်အောင် နောက်ထပ် တစ်မိုင်ခန့် မောင်းပြီး နောက်ပြန်လှည့်ကာ မိုးကောင်းလမ်းခွဲသို့ ကွေ့ဝင်လိုက်သည်။ မြို့ကြီး ဖြစ်သော မိုးကောင်းတွင် မြို့တစ်ပတ် ကားဖြင့် လျှောက်ကြည့်ပြီး မိုးကောင်းစွေးကို ဝင်ကြည့်ကြသည်။ စွေးထဲတွင် ရောင်းချသည်မှာ တရုတ်ပြည်ဖြစ် အဝတ်အထည်တွေ များသည်။ တရုတ်ပြည် လုပ် လျှပ်စစ်ပစ္စည်းများကိုလည်း တော်တော်များများ တွေ့ရသည်။ ဓာတ်ခဲဖြင့် ထည့်၍ ထွန်းရသော အောက်လင်းဓာတ်မီးများ၊ လက်ဆွဲမီးအိမ်လေးတွေမှာ ချစ်ဖို့ကောင်းပြီး အသုံးဝင်သဖြင့် မီးအိမ်လေးတွေမှာ ချစ်ဖို့ကောင်းပြီး အသုံးဝင်သဖြင့် မီးအိမ်နှစ်လုံး အိမ်အတွက် ဝယ်ခဲ့သည်။ မိုးကောင်း 'ထုံလော့' စားသောက်ဆိုင်တွင် နေ့လယ်စာ စားပြီး မြစ်ကြီးနားသို့ ပြန်ခဲ့ရာ ညနေ ၅ နာရီ ၂၀ တွင် ဟိုတယ်သို့ ပြန်ရောက်သည်။ မြစ်ကြီးနားသည် နေ့လယ်နှင့် ညနေခင်းတွင် စည်ကားပြီး ည ရှစ်နာရီခွဲ၊ ကိုးနာရီခန့်တွင် တစ်မြို့လုံး ခြောက်ကပ် တိတ်ဆိတ်သွားသည်။ ဦးခင်မောင်နှင့် ကျွန်တော် လက်ဖက်ရည် သောက်ချင်သဖြင့် ဆိုင်ကယ်တစ်စီးနှင့် မြို့ကို ပတ်၍ ရှာရာ ဆိုင်အားလုံး ပိတ်နေသဖြင့် လက်လျှော့လိုက်ရသည်။ မြစ်ကြီးနားတွင် မီးပျက်နေသည်မှာ နိုဝင်ဘာ ၁ ရက်နေ့ကတည်းက ဖြစ်သည်။ သို့သော် မီးစက်များဖြင့် မြို့မှာ လင်းထိန်နေသည်။

နောက်တစ်နေ့ ၉-၁၁-၂၀၁၁ တွင် ကမ္ဘာကျော် မြစ်ဆုံသို့ သွားခွင့် ရခဲ့ပါသည်။

''မြစ်ဆုံကို သွားလို့ရသလား''

ဟူသော မေးခွန်းကို အသေခံများက-

''သွားလို့ရပါတယ်၊ ဒါပေမဲ့ သွားတဲ့ ည့်သည်တော့ တော်တော်နည်း သွားတယ်''

ဟု ဖြေကြသည်။ သွားလို့ရလျှင် ဘာပဲဖြစ်ဖြစ် သွားမည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။ မြစ်ဆုံသို့ ၁၉၉၈ တွင် တစ်ခေါက် ၁၉၉၉ တွင် တစ်ခေါက်၊ ၂၀၀၁ တွင် တစ်ခေါက် ကျွန်တော် ရောက်ဖူးရာ မရောက်တာ ဆယ်နှစ်ခန့် ရှိခဲ့ပြီ။ ပထမဆုံး အံ့သြရသည်မှာ မြစ်ဆုံသို့ သွားရာ ကွန်ကရစ်လမ်းကြီး ဖြစ်သည်။ နိုင်ငံတကာအဆင့်မီ နှစ်လမ်းသွား ကွန်ကရစ်လမ်းကြီးမှာ ဖြူးဖြောင့် နေသည်။ မြစ်ဆုံဆည် စီမံကိန်းသို့ သွားရာလမ်း ဖြစ်သဖြင့် တရုတ်ကုမ္ပဏီက ဖောက်လုပ်ထားခြင်း ဖြစ်သည်။ ထိုလမ်းသစ်ကြီးအတိုင်း မောင်းလာခဲ့ရာ မိုင် ၂၀ ခန့် မောင်းပြီးသောအခါ အောင်မြင်သာ(စံပြကျေးရွာ)သို့ ရောက်ပါသည်။ ကျွန်တော် တွေ့ဖူးသမျှ မြန်မာပြည်မှ ရွာများတွင် ဤရွာသည် အကောင်းဆုံးဟု ဆိုနိုင်လောက်ပါသည်။ ပျဉ်ထောင် သွပ်မိုး၊ အုတ်ပတ်ကား နှစ်ထပ်အိမ်ကလေးများကို စီကာရီကာ တွေ့ရ၏။ ခရစ်ယာန်ဘုရားကျောင်း ကြီးမှာ ခေါင်မိုးနီနီဖြင့် ခမ်းနားလှသည်။ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးရုံ၊ အစည်းအဝေးခန်းမများလည်း ခိုင်ခံ့စွာ ခေတ်မီလှသည်။

''ဒီရွာတွေက မြစ်ဆုံရောကာတာ စီမံကိန်းနဲ့ မလွတ်လို့ ရွှေ့လာရတဲ့ ရွာသားတွေကို ပြန်ဆောက်ပေးထားတဲ့ ရွာသစ်လေ...''

ရွာသစ်မှာ ဘယ်လောက်အထိ အခြေကျနေပြီလဲတော့ မသိ။ မြင်ရ သော ရွာအနေအထားကတော့ ကျေနပ်စရာ ဖြစ်သည်။ သို့သော် မိရိုးဖလာ လုပ်ကိုင်လာခဲ့သော လယ်ယာမြေတွေ ရေအောက်သို့ နစ်မြုပ်သွားခဲ့လျှင် တိုက်အိမ်မှာ နေထိုင်ရသော်လည်း သူတို့ ပျော်ရွှင်မည်ဟု မည်သူက အာမခံ ပါမည်နည်း။

လမ်းသစ်ကြီးအတိုင်း ဆက်မောင်းလာခဲ့သည်။ မိုင်တိုင်အမှတ် ၂၂ ကျိန်ခရန်ကျေးရွာသို့ ရောက်သောအခါ လမ်းထိပ်၌ မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းဟု ရေးသားထားပြီး ကွန်ကရစ်လမ်းက ဤမှာ ဆုံး၏။ လက်ဝဲဘက်

လမ်းခွဲ၌ မြစ်ဆုံသို့ဟု ရေးထားသည်။ နောက် ၆ မိုင်ခန့် သွားရသော လမ်းမှာ ဆိုးဝါးလှသည်။ တရုတ်အလုပ်သမားများ စတည်းချခဲ့ရာ တဲတန်းလျားများကိုလည်း တွေ့ရသည်။ ယခုအခါ လူရိပ်လူယောင် မတွေ့ရတော့။

မြစ်ဆုံကတော့ လှပဆဲ ဖြစ်သည်။ သစ်ပင်တွေ၊ သစ်တောတွေတော့ လွန်ခဲ့သော ဆယ်နှစ်ခန့် ကျွန်တော် ရောက်ခဲ့စဉ်ကနှင့်စာလျှင် လျော့နည်းသွားသည်။ သို့သော် သဘာဝတရားသည် ဤဒေသ၌ ညှို့ချက်ပြင်းပြင်းနှင့် ဖမ်းစားနိုင်ဆဲပင်။ အချို့နေရာတွေတွင်တော့ ရွှေတူးသူများကြောင့် ကမ်းပါးပြိုကာ မြစ်ဆုံ၏ အလှက အတည်းတန်နေသည်။ လူတို့၏ လောဘကို ဥပဒေဖြင့် အချိန်မီ မတားဆီးနိုင်လျှင်ဖြင့် ကြည်လင်သော စမ်းချောင်းကလေးလို လှပခဲ့သော နေရာသည် ရေနီမြောင်းသာသာ ရုံဖွက်အိုင်တစ်ခု ဖြစ်သွားပေလိမ့်မည်။

"ဒီဘက်က မေလိခမြစ်... ဟိုဘက်က မြစ်ကတော့ မေခမြစ်၊ မြန်မာပြည်မြောက်ဖျား ရောခဲတောင်တွေပေါ်က စီးဆင်းလာပြီး ဒီနေရာမှာ ပေါင်းဆုံတာ။ ဒေသခံတွေက မလိခနဲလို့ ခေါ်တဲ့ ဧရာဝတီမြစ်ကြီးဟာ ဒီနေရာက စတာပဲ"

ဟု ကျွန်တော်က ရှင်းပြသည်။

"ရောခဲတောင်ပေါ်က စီးလာတာဆိုရင် မြစ်ရေက ဘာလို့ နောက်နေတာလဲ"

အမေရိကန် တိုးရစ်၏ အမေးကို ကျွန်တော် တော်တော်နှင့် မဖြေနိုင်။ ဘဲ ငိုင်ကျသွားသည်။ ကံကောင်းထောက်မစွာ ကမ်းစပ် သဲသောင်ပြင်နှင့် ကျောက်ဆောင်ကြားခွဲ စိမ့်စမ်းအိုင်ကလေးတစ်ခု တွေ့ရာ အိုင်ထဲမှ ရေမှာ ပကတိ သန့်ရှင်းကြည်လင်နေသော အောက်ခြေအထိ မြင်ရပေသည်။

"လွန်ခဲ့တဲ့ ဆယ်နှစ်က ကျွန်တော် ဒီနေရာ ရောက်ခဲ့တုန်းက မြစ်ကြီးတစ်ခုလုံးဟာ ဒီစမ်းရေအိုင်ထဲက ရေလို သန့်ရှင်းကြည်လင်နေပါတယ်။ အခုတော့ ရွှေတူးသူတွေကြောင့် မြစ်ဟာ ညစ်ညမ်းခဲ့ပြီ။ ဒါတောင် ကံကောင်းလို့ ဒီနေရာဟာ ရေအောက်ကို နစ်မြုပ်ပျောက်ကွယ်တော့မလို့။ အခုတော့ ဘုရားမ တာပဲ။ ရေကြည်ချင် ကြည်၊ နောက်ချင် နောက်၊ ငါတို့ မြစ်ကြီးကို ငါတို့ ပြန်ရလိုက်တာ အရမ်းဝမ်းသာတာပဲ"

ဟု ကရားရေလွှတ် ကျွန်တော် ပြောချလိုက်သည်။

ကံကောင်းသဖြင့် ရေအောက်သို့ ရောက်မည့်ဘေးမှ လွတ်ခဲ့သော မြစ်ကမ်းပါးမှ ရွှေရောင်စေတီကလေးကလည်း ကျွန်တော့်စကားကို ထောက်ခံသည့်အလား ဆည်းလည်းသံ တချွင်ချွင် ပေးနေပါသည်။

New Watch ဂျာနယ်၊
နိုဝင်ဘာလ၊ ၂၀၁၁ ခုနှစ်။

■

မြန်မာပြည်အတွက် ကြော်ငြာကောင်းတစ်ခု

မြန်မာ့ကွေ ကျပ်သိန်း ၉၀ ခန့်နှင့် ညီမျှသော အမေရိကန်ဒေါ်လာများ… ထိုငွေများ ပျောက်ဆုံးသွားပါသည်ဟု ဆိုသော တိုးရစ်နှစ်ဦး… ထိုတိုးရစ်များကို လိုက်ပါပြသရသော စာရေးသူ ကျွန်တော်… ဇာတ်လမ်းလေးက စိတ်ဝင်စားဖွယ်ကောင်းသည်။ ပြီးတော့ ကမ္ဘာ့ခရီးသွားလောကတွင် မြန်မာဟူသည့် စာမျက်နှာတစ်ခုကို ဂုဏ်ယူစွာ ဖွင့်လှစ်နိုင်ခဲ့သည့် ဖြစ်ရပ်ကလေးတစ်ခုကို တင်ပြလိုက်ရပါသည်။

♦

၂၀၀၅ ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက် ၉ နာရီခန့်တွင် ပုဂံမြို့၊ ရွှေကွန်ချာသင်္ဘောဆိပ်သို့ ကျွန်တော် ကြိုတင်ရောက်ရှိနေခဲ့သည်။ ယနေ့ မနက် ပုဂံသို့ ရောက်ရှိလာမည့် မန္တလေး-ပုဂံ ဓိမ်ခံ အပျော်စီးသင်္ဘော 'ပန်းတော်' နှင့် ကျွန်တော့်ည့်သည်နှစ်ဦး လိုက်ပါလာမည်မို့ ပုဂံသင်္ဘောဆိပ်မှ ကြိုတင်စောင့်ဆိုင်းနေရခြင်း ဖြစ်သည်။ ည့်သည်မှာ ဂျာမနီနိုင်ငံသားများ ဖြစ်သော Mr.Gunter Peitzner နှင့် Mrs.Evelyn Peitzner တို့

လင်မယား ဖြစ်သည်။ သူတို့နှင့် ကျွန်တော် ရန်ကုန်မှ အတူလာခဲ့ကြသည်။ မန္တလေးတွင် လည်ပတ်ကြည့်ရှုပြီးသောအခါ သူတို့လင်မယားကို ပန်းတော်သဘော်ပေါ်သို့ တင်ပေးလိုက်ပြီး ကျွန်တော်က လေယာဉ်ဖြင့် ပုဂံသို့ ကြိုသွားကာ သူတို့ကို လာစောင့်ရခြင်း ဖြစ်သည်။ မန္တလေးမှ ပုဂံသို့ သာမန် သဘော်ခုတ်မောင်းချိန်မှာ ၇ နာရီခန့်သာ ကြာသော်လည်း ပန်းတော်မှာ ဇိမ်ခံသဘော်တစ်မျိုး ဖြစ်၍ တစ်ညအိပ် ခရီးစဉ် ဖြစ်ပါသည်။

သဘော်များ ပုဂံသို့ အချိန်မှန်ပင် ဆိုက်ပါသည်။ ငှင်းနောက် ဧည့်သည်များကို ကျွန်တော်တို့ တည်းခိုမည့် သီရိပစ္စယာ ဆာကူရာဟိုတယ်သို့ ခေါ်ဆောင်ခဲ့ပါသည်။ လမ်းတွင် ဂျာမန်အမျိုးသားက-

"ညီညီ... ငါတို့ ဒီနေ့မနက် အပြင်ထွက်ပြီး မလည်နိုင်သေးဘူး။ သဘော်ပေါ်မှာ ချော်လဲလို့ ငါ့တင်ပါး နာနေတယ်။ ငါ့ကို ပလာစတာနဲ့ လိမ်းဆေး ဝယ်ပေးပါလား"

ဟု ပြောရာ "ကျွန်တော်က စိတ်ချလက်ချ ဟိုတယ်အခန်းထဲမှာ နားနေပါ၊ ညောင်ဦးဈေးမှာ ဆေးသွားဝယ်ပြီးသည်နှင့် အခန်းထဲသို့ လာပို့ပါမည်ဟု ပြောကာ သီရိပစ္စယာဟိုတယ်တွင် ဧည့်သည် (Check in) ကိစ္စများ ကူညီဆောင်ရွက်ပေးပြီး ကားဖြင့် ဈေးသို့ ပြေးခဲ့ပါသည်။ ဆေးဝယ်ပြီး ဟိုတယ် ပြန်ရောက်သောအခါ ဧည့်ကြိုခန်းမထဲ၌ ဂနာမငြိမ်စွာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ကျွန်တော့်ဧည့်သည် ဂျာမန်ကြီးကို တွေ့ရပါသည်။

"ညီရေ... ငါတော့ ပြဿနာပေါ်နေပြီ"

"ဟော... ဘာဖြစ်လို့လဲ"

"ငါ့ပိုက်ဆံအိတ် မရှိတော့ဘူး၊ ပျောက်သွားပြီ၊ အခိုးခံရပြီ ထင်တာပဲ"

"ဘယ်မှာ ပျောက်တာလဲ"

"ငါလည်း သေသေချာချာ မမှတ်မိဘူး၊ မန္တလေး ဆီဒိုးနားဟိုတယ်မှာ ကျန်ခဲ့တာလား မသိဘူး။ ဒါမှမဟုတ် မနေ့က သဘော်ပေါ်မှာ အခိုးခံရတာလည်း ဖြစ်နိုင်တယ်"

ဧည့်သည်မှာ သူ့ပိုက်ဆံ ဘယ်နေရာမှာ ပျောက်မှန်း တိတိကျကျ မပြောနိုင်ဘဲ အခိုးခံရသည်ဟုသာ ထပ်တလဲလဲ ရေရွတ်နေသည်။

"နေဦး... ခင်ဗျား စိတ်အေးအေးထား၊ ဖြစ်နိုင်တာတွေကို ကျွန်တော် စဉ်းစားပေးမယ်။ ပန်းတော်သင်္ဘောဟာ နိုင်ငံတကာအဆင့်မီ ဓိမ်ခံသင်္ဘော ဖြစ်တဲ့အတွက် နိုင်ငံခြားသား ခရီးသည်နဲ့ ဝန်ထမ်းတွေကလွဲရင် သင်္ဘောပေါ် ကို အပြင်လူ တက်ခွင့်မရှိဘူး။ မြန်မာဝန်ထမ်းထဲကလည်း ဒီလို စာရိတ္တ ပျက်တဲ့ ကိစ္စမျိုး တစ်ခါမှ မရှိခဲ့ဖူးဘူး။ အဲဒါကြောင့် ခင်ဗျား ပိုက်ဆံအိတ်ဟာ သင်္ဘောပေါ်က အိပ်ခန်းထဲမှာ မေ့ကျန်ခဲ့တာလည်း ဖြစ်နိုင်တယ်။ အဲဒီတော့ သင်္ဘော ပုဂံက ပြန်မထွက်ခင် သွားမေးပေးမယ်။ ဒါပေမဲ့ သေချာအောင် မန္တလေး ဆီဒိုးနားဟိုတယ်ကို ကျွန်တော် ဖုန်းဆက် မေးဦးမယ်။ သူတို့ဆီမှာ မကျန်ခဲ့ဘူးဆိုမှ သင်္ဘောကုမ္ပဏီကို သွားပြောမယ်၊ နို့မို့ရင် မျက်နှာပျက်စရာ တွေ ဖြစ်ကုန်မယ်။

ဤသို့ဖြင့် မန္တလေး ဆီဒိုးနားဟိုတယ်သို့ ဖုန်းဆက်ရပါသည်။ ဤတွင် စကားစပ်၍ ပြောလိုသည်မှာ တောကြီး တောင်ကြီးထဲတွင် ကားပျက်၊ မော်တော် စက်ပျက်သည့်အခါမျိုး၊ ထိခုလို အရေးပေါ် ဖုန်းဆက်ရမည့် အရေးကိစ္စများ ပေါ်လာပါက ဧည့်လမ်းညွှန် အများစုမှာ (၂၀၀၅ ခုနှစ်က ဖုန်းဈေးကြောင့်) မိုဘိုင်းဖုန်းများ မရှိသည့်အတွက် အလွန် အခက်အခဲတွေ့တတ်ပါသည်။ (ဧရာဝတီမြစ်ထဲတွင် တစ်ခါ၊ လေးမြို့မြစ်ထဲတွင် တစ်ခါ နိုင်ငံခြားသားနှင့် သွားရင်း မော်တော်စက်ပျက်သဖြင့် အဆက်အသွယ် ပြတ်တောက်ကာ နာရီ ပေါင်းများစွာ သောင်တင်နေခဲ့ဖူးပါသည်။) ယခုကိစ္စတွင်တော့ သီရိပစ္စယာ ဟိုတယ်မှ ဖုန်းခေါ်ရခြင်း ဖြစ်၍ ဖုန်းပြောခ သုံးမိနစ်လျှင် တစ်ထောင်ကျပ် ကောက်ခံခြင်းမှတစ်ပါး ခေါ်ဆိုရ လွယ်ကူပါသည်။

ဆီဒိုးနားဟိုတယ်(မန္တလေး)မှ တာဝန်ရှိသူများက ကျွန်တော့်ဧည့်သည် တည်းခိုသွားသော အခန်းကို သွားကြည့်ပေးပါမည်။ နောက်ဆယ့်ငါးမိနစ် ကြာလျှင် သီရိပစ္စယာဟိုတယ်သို့ ဖုန်းပြန်ဆက်လိုက်ပါမည်ဟု ပျူငှာစွာ ပြောသည်။ အခြေအနေကား ဘာမှန်း မသိရသေး။ စောင့်စားရသော အချိန်ကား ရင်မောဖွယ်ကောင်းသည်။ တိတ်တိတ်ဆိတ်ဆိတ်ဖြင့် ဆယ့်ငါးမိနစ် အချိန်ကုန် သွားသည်။ ဖုန်းကတော့ မလာ။ မစောင့်နိုင်သော ကိုယ်က ဖုန်းပြန်ခေါ်ရသည်။

"ဟယ်လို... အခြေအနေ ဘယ်လိုလဲ ခင်ဗျာ"

"... ... ..."

"ဗျာ.. ပြန်တွေ့တယ် ဟုတ်လား"

နားစွင့်နေသော ဂျာမန်ကြီးကို လက်မ ထောင်၍ အောင်မြင်မှုသင်္ကေတ ပြလိုက်သည်။ ဂျာမန်ကြီး ဝမ်းသာအားရ ထခုန်သည်။ အခန်းထဲတွင် ပိုက်ဆံအိတ် တစ်အိတ်၊ စာအိတ်နှင့် ထည့်ထားသော အထုပ်တစ်ထုပ်၊ ကတ္တီပါအိတ်၌ လေးတစ်ခု စုစုပေါင်း ပစ္စည်းသုံးမျိုး တွေ့ရှိရပါသည်ဟု မန္တလေး ဆီဒိုးနား ဟိုတယ်မှ ဂျူတီမန်နေဂျာ ဒေါ်ဝင်းဝင်းတင်က အကြောင်းကြားသည်။ စိတ်ရော၊ ကိုယ်ပါ စေတနာအပြည့်ဖြင့် ကူညီခဲ့ကြသော ဆီဒိုးနားဟိုတယ် ဝန်ထမ်းများ၏ ဝန်ဆောင်မှုမှာ အလွန်ချီးကျူးဖွယ်ကောင်းလှပါသည်။

ပိုက်ဆံအိတ် ပြန်တွေ့သောကိစ္စ ပြီးသောအခါ ထိုပိုက်ဆံအိတ်ကို ဘယ်လို ပြန်ယူမလဲဟူသည့် အပိုင်းက ပေါ်လာသည်။ 'မင်း ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံ ဘယ်လောက် ပါသလဲ' ဟူသော မေးခွန်းကိုတော့ ယဉ်ကျေးမှုအရ ကျွန်တော်က မမေး၊ သူကလည်း ငွေဘယ်လောက်ဟု ဖွင့်မပြော။ ပိုက်ဆံအိတ်မှာ အလွန်အရေးကြီးသည်၊ မန္တလေးကို မင်း လေယာဉ်နဲ့ လိုက်သွားပြီး ယူပေးပါ၊ ပြီးတော့ လေယာဉ်နှင့် ပုဂံကို ပြန်လာပါ၊ ကုန်ကျစရိတ် အားလုံး သူ ခံပါမည်ဟု ဆို့သည်က ပြောသည်။

ကျွန်တော်ကလည်း ဆောင်ရွက်ပေးပါမည်ဟု သဘောတူလိုက်သည်။ အချိန်က နေ့လယ် ၁၂ နာရီခန့်ရှိပြီ။ ဖုန်းများစွာ ခေါ်ဆိုရသည်။ ရန်ကုန်မှ Gracrious Myanmar Tour ခရီးသွားကုမ္ပဏီကို အကျိုးအကြောင်း ပြောရသည်။ မန္တလေး ဆီဒိုးနားကို ဆက်ရသည်။ မန္တလေးမှ GMT ဒေသခံမန်နေဂျာ ကိုမျိုးဝင်းဆီ ဆက်ရသည်။ ပုဂံမှ လေကြောင်းကုမ္ပဏီ ရုံးခွဲတွေဆီ ဆက်ရသည်။ ခက်သည်က ပုဂံ-မန္တလေး လေယာဉ်ခရီးစဉ်က နေ့လယ်နှင့် ညနေဘက်မှာ မရှိ။ နံနက်ပိုင်းမှာပဲ ရှိသည်မို့ မန္တလေးသို့ သွားချင်လျှင် နောက်နေ့နံနက်မှ သွားနိုင်မည်။ ကျွန်တော် မန္တလေး သွားယူပေးရလျှင် နောက်နေ့ ညနေမှ ပုဂံသို့ ပြန်ရောက်မည် ဖြစ်ရာ အချိန်တွေ ပုပ်ပြီး ပုဂံမြို့ လှည့်လည်ကြည့်ရှုခြင်းလည်း ထိခိုက်တော့မည်။ ဆို့သည်လည်း လည်တဆန့်ဆန့် ဖြစ်နေ၍ ဘုရားဖူးရတာ ဖြောင့်မည် မဟုတ်တော့။ ထို့ကြောင့် ကျွန်တော်က ဆို့သည်ကို ယခုလို မေးရသည်။

"ခင်ဗျား ကျွန်တော့်ကို ယုံသလား"

''ယုံတာပေါ့ကွာ၊ ငါ ယုံလို့ပဲ မင်းကို လွှတ်တာပေါ့''

''ကျွန်တော့်ကို ယုံရင် ကျွန်တော် အာမခံတဲ့လူကိုလည်း ယုံပါ၊ ကျွန်တော်တို့ ခရီးသွားကုမ္ပဏီရဲ့ ဒေသခံမန်နေဂျာ မန္တလေးမှာ ရှိတယ်။ သူ့ကို ဆီဒိုးနားမှာ ပိုက်ဆံအိတ် ဝင်ယူခိုင်းပြီး ဒီညနေ မန္တလေး-ပုဂံ လေယာဉ်တစ်စင်း ရှိတယ်။ အဲဒီလေယာဉ်နဲ့ လိုက်လာမယ်ဆိုရင် သူ ပုဂံကို အခုညနေ ရောက်လာမယ်။ အဲဒါ အကောင်းဆုံးနည်းလမ်းပဲ၊ သူ့အတွက် အသွားအပြန် လေယာဉ်လက်မှတ်ခနဲ့ ကုန်ကျစရိတ် အားလုံးကိုတော့ ခင်ဗျား ခံပါ''

ဟု ကျွန်တော် ပြောတော့ သူ သဘောတူသည်။

ထိုကိစ္စကို အစီအစဉ်ဆွဲတော့ မန္တလေးမှ မန်နေဂျာ ကိုမျိုးဝင်းက သူ မအားသဖြင့် ကိုယ်တိုင် မလာနိုင်ပါ၊ ပိုက်ဆံအိတ်ကို ကိုယ်တိုင် သွားယူပြီး စိတ်ချရသော သူ့တပည့် မောင်ကျော်လင်းခိုင် (၉/ညဥန(နိုင်)၁၅၁၈၃၃)ကို ယခု ညနေ လေယာဉ်နှင့် လွှတ်လိုက်ပါမည်ဟု ပြောသည်။ ညနေကျတော့ ကျွန်တော်က ပုဂံ-ညောင်ဦး လေဆိပ်သို့ သွား၍ မောင်ကျော်လင်းခိုင်ကို ကြိုမိသည်။ သူ လိုက်ပါလာသော ရန်ကုန်အဲယားဝေး ခရီးစဉ်အမှတ် HK-824 က ပုဂံသို့ သတ်မှတ်ချိန်ထက် ၂၅ မိနစ်ခန့် နောက်ကျပြီး ဆိုက်ရောက်လာသည်။ လေဆိပ်မှာ တွေ့ကြတော့ မောင်ကျော်လင်းခိုင်ကို ကျွန်တော်က-

''မောင်ရင်တို့ လေယာဉ် နည်းနည်းနောက်ကျတယ်နော်''

ဟု စကားစတော့ သူက ပြုံးပြီး 'အစ်ကို မသိသေးဘူးပဲ' ဟု အစချီကာ သူ့အဖြစ်ကို ပြောပြ၏။

''ကိုမျိုးဝင်းက သွား ဆိုလို့ ခါးဝတ်ခါးစားနဲ့ ထလာခဲ့တာ။ ဒီအိတ်ထဲမှာ ဧည့်သည် ပိုက်ဆံအိတ် ပါတယ် ဆိုတာကလွဲလို့ ကျွန်တော်က ဘာမှ အသေးစိတ် သိတာ မဟုတ်ဘူး။ လေဆိပ်မှာ ထုံးစံအတိုင်း စစ်ဆေးရေးစက်ကို ဖြတ်တော့ ကျွန်တော့်အိတ်ကို စစ်တယ်။ အဲဒီမှာတင် ပြဿနာတက်တော့တာပဲ။ ဒေါ်လာတွေ အများကြီး (ဒေါ်လာတစ်သောင်းနှင့် ယူရိုငွေများ) လက်ဝယ်တွေ့ရှိမှုနဲ့ မသင်္ကာဖြစ်ပြီး ကျွန်တော့်ကို လေဆိပ် လုံခြုံရေးက ခေါ်ထားပြီး စစ်တော့တာပဲ။ ကျွန်တော်က ဒီပစ္စည်းတွေဟာ ကျွန်တော့်ဟာတွေ မဟုတ်ဘူး။ ကျွန်တော်က ဧည့်သည် ကျွန်ခဲ့လို့ သွားပြန်ပို့တာ၊ စာအိတ်နဲ့ ထုပ်ထားတော့ အထဲမှာ ငွေ ဘယ်လောက်ပါမှန်းလဲ ကျွန်တော် မသိဘူး။ ဖွင့်ကြည့်လို့လည်း

မသင့်တော်လို့ ဖွင့်မကြည့်မိဘူးလို့ ရှင်းပြလိုက်တယ်။ မယုံရင် ဆီဒိုးနားဟိုတယ်ကို ဖုန်းဆက်ကြည့်ပါ ဆိုတော့ ဆက်ကြည့်တယ်။ ဟိုတယ်ကလည်း ဟုတ်မှန်ကြောင်း အာမခံတယ်။ ဒါပေမဲ့ လုပ်ထုံးလုပ်နည်းအရ လူတစ်ယောက် ကိုယ်တိုင်လာပြီး အာမခံရမယ်ဆိုလို့ မန္တလေးက ကိုမျိုးဝင်းဆီ ဖုန်းဆက်ရတယ်။ ကိုမျိုးဝင်းနဲ့ လုံခြုံရေးအရာရှိ စကားပြောကြတယ်။ ကိုမျိုးဝင်းက ကိုယ်တိုင်လာချင်ပေမယ့် မန္တလေးကနေ တံတားဦးလေဆိပ်ကို တစ်နာရီတောင် လာရမှာဆိုတော့ လေယာဉ်က အဲဒီလောက်ကြီး စောင့်နေရမှာကျတော့ အဆင်မပြေပြန်ဘူး။ ဒါဆိုရင် ကာယကံရှင် နိုင်ငံခြားသား (ဒါမှမဟုတ်) ဧည့်လမ်းညွှန်ကိုယ်တိုင် ဖုန်းဆက်ပြီး တာဝန်ယူတယ်ဆိုရင်တော့ ဖြစ်တယ်ဆိုလို့ အစ်ကို့ဆီ ဖုန်းဆက်တော့လည်း အစ်ကိုက ဟိုတယ်မှာ မရှိဘူး။ (ကျွန်တော်က လေဆိပ်မှာ သူ့ကို သွားစောင့်နေချိန် ဖြစ်သည်) အဲဒါနဲ့ ကိုမျိုးဝင်းက နိုင်ငံခြားသားဆီဆက်၊ နိုင်ငံခြားသားက မန္တလေးလေဆိပ်ကို ဆက်ပြီး ဟုတ်မှန်ကြောင်း သက်သေခံလို့ ကျွန်တော် လေယာဉ်ပေါ် တက်ခွင့်ရတာ။ (လေဆိပ်လုံခြုံရေးအရာရှိက ပြေပြေလည်လည်ပဲ ရှင်းပြပါတယ်။ မင်း ဒီလို ပိုက်ဆံတွေ ဘယ်လောက်မှန်း မသိဘဲ ယူလာရင် ဟိုကျတော့ လျော့နေတယ်လို့ နိုင်ငံခြားသားက စွပ်စွဲရင် ဘယ်လို လုပ်မလဲတဲ့)။ ကျွန်တော်ကတော့ သူများပစ္စည်းဆို ဖွင့်ကို မကြည့်တတ်ပါဘူးဗျာ"

ဤသို့ဖြင့် ပိုက်ဆံအိတ် ပျောက်ကြောင်း စတင်သိရှိရသည့် နံနက်ဆယ့်တစ်နာရီမှ ရှစ်နာရီအကြာ ည ခုနစ်နာရီတွင် သက်ဆိုင်သူ ကျာမန်တိုးရစ်ကြီး Mr. Peitzner လက်သို့ အပျောက်အရှာ မရှိ ဂုဏ်ယူစွာ ပြန်လည်အပ်နှံနိုင်ခဲ့ပါသည်။ ဤသို့ ဒေါ်လာတစ်သောင်းကျော် ပြန်လည်ရရှိအောင် ဆောင်ရွက်ရာ၌ ကျွန်တော် တစ်ယောက်တည်း၏ အစွမ်းကြောင့် မဟုတ်ဘဲ ပုဂံ သီရိပစ္စယာ ဟိုတယ် ဝန်ထမ်းများ၊ မန္တလေး ဆီဒိုးနားဟိုတယ် ဝန်ထမ်းများ၊ မန္တလေးမှ ကိုမျိုးဝင်းနှင့် မောင်ကျော်လင်းခိုင်တို့နှင့် ရန်ကုန် GMT ရုံးမှ ပုံပိုးမှု၊ ပူးပေါင်းကူညီမှုတို့ကြောင့်သာ ဖြစ်ပါသည်။ ပိုက်ဆံအိတ် ပြန်ရပြီးနောက် ကာယကံရှင် ကျာမန်အမျိုးသမီးကြီး ပြောသော စကားတစ်ခွန်းမှာ မှတ်သားဖွယ်ရာ ကောင်းသည်။

"ခုလို မေ့ကျန်ခဲ့တဲ့ ပစ္စည်းကို ဘယ်နိုင်ငံမှာမှ လွယ်လွယ်ပြန်မရနိုင်ဘူး။ အချို့နိုင်ငံတွေမှာဆို လိုချင်လို့ကို တမင်လိုက်နှိုက်၊ လိုက်လုနေကြတာ၊ မြန်မာပြည်နဲ့ မြန်မာပြည်သူတွေဟာ ဝင်ငွေ နည်းပါးပေမယ့် စာရိတ္တကတော့ အံ့သြဖို့ကောင်းလွန်းအောင် အဆင့်မြင့်ပါတယ်။ အဲဒါဟာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအတွက် ကြော်ငြာကောင်း တစ်ခုပါပဲ"

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊
ဇွန်လ၊ ၂၀၀၅ ခုနှစ်။

■

မြန်မာပြည်မှာ နေဖူးတယ်

၁၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်၊ ညနေ ၆ နာရီ ၄၀ ခန့်။ ရန်ကုန်လေဆိပ် အပြည်ပြည်ဆိုင်ရာ ဆိုက်ရောက်ခန်းမထဲဝယ် အသက် ၄၄ နှစ်ခန့် စတစ်ကော်လာဖြူအင်္ကျီ၊ မနက်ချည်းစေ့ရောင် လုံချည်ကို တိုက်ပုံအဖြူနှင့် တွဲ၍ ဝတ်ထားသော ဧည့်လမ်းညွှန်တစ်ဦးသည် လက်ထဲဝယ် စာရွက်ကလေး တစ်ရွက်ကို ကိုင်လျက် ခန်းမထဲမှ ထွက်လာသော နိုင်ငံခြားသားများကို စောင့်ကြိုကြည့်ရှုနေ၏။ သူ့လက်ထဲတွင် ကိုင်ထားသော စာရွက်ကလေးတွင်တော့-

Mr. & Mrs. Douple ဟူ၍ ရေးသားထားသည်။

ခဏအကြာတွင် အသက် ၆၅-၇၀ ခန့်ရှိသော အနောက်တိုင်းသားအဘိုးကြီးတစ်ယောက်နှင့် အဘွားကြီးတစ်ယောက်က စာရွက်ကိုင်ကာ ရပ်နေသော ဧည့်လမ်းညွှန်ကို ပြုံးရွှင်စွာ လာနှုတ်ဆက်သည်။

"ဟလို... ငါက အီဗန်ပါ၊ ဒါက ငါ့ဇနီး ဗရန်ဒါတဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့် နာမည် ညီညီပါ၊ ညီလို့ ခေါ်နိုင်ပါတယ်၊ မြန်မာပြည်က ကြိုဆိုပါတယ်"

"ကောင်းပါပြီ ညီ၊ ဒါနဲ့ ကျုပ် ဘာကြောင့် မြန်မာပြည် လာခဲ့သလဲ ဆိုတဲ့ အဓိကအချက်ကိုရော မင်း သိပြီး ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်"

"မန္တလေးမှာ အဆောက်အအုံတချို့ လိုက်ရှာမယ်လို့တော့ သိတယ်၊ ခရီးသွားကုမ္ပဏီက ပြလို့ ဓာတ်ပုံတွေတော့ ကြည့်ရတယ်၊ အသေးစိတ်တော့ မသိပါဘူး"

"ဒီလိုဗျ... ကျုပ်အသက် ၁၁ နှစ်သားလောက်က မြန်မာနိုင်ငံ၊ မန္တလေးမြို့မှာ နေခဲ့ဖူးတယ်။ လွန်ခဲ့တဲ့ ၅၈ နှစ်လောက်ကပေါ့။ မှတ်မှတ်ရရ ၁၉၅၄ ခုနှစ်ကပဲ။ အဲဒါ ကျုပ် နေတဲ့ အိမ်ကလေးကို သွားပြန်ရှာချင်တယ်။ အိမ်လိပ်စာတော့ မမှတ်မိတော့ဘူး။ ဓာတ်ပုံတော့ ရှိတယ်"

"ဟုတ်ကဲ့၊ အိမ်ဓာတ်ပုံကို ကျွန်တော် မြင်ခဲ့ပြီးပါပြီ"

"ဘယ်လိုလဲ... ဒီအိမ်ကို ငါ့အတွက် ရအောင် ရှာပေးနိုင်မယ် မဟုတ်လား"

"သေချာပေါက်တော့ မပြောနိုင်ပါဘူး။ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပြီး ရှာပေးပါ့မယ်"

♦

အထက်တွင် ဖော်ပြခဲ့သည်ကား အမေရိကန် ဇနီးမောင်နှံနှင့် ကျွန်တော် စတင်တွေ့ဆုံပုံ ဖြစ်သည်။ အဘိုးကြီးမှာ အသက် ၆၉ နှစ် ရှိပေပြီ။ အဘွားကြီးမှာ ၆၅ နှစ်ခန့် ရှိမည်။ နှစ်ယောက်စလုံး ကျန်းကျန်းမာမာ၊ ရွှင်ရွှင်လန်းလန်းနှင့် အလွန်သဘောကောင်းပြီး ဖော်ရွေသည်။ အဘိုးကြီးမှာ ကင်ဆာသုတေသန ဌာနမှ ဌာနမှူး ဒေါက်တာတစ်ယောက် ဖြစ်သည်။ ဂျပန်နိုင်ငံတွင် လက်ရှိ နေထိုင်ပြီး အဏုမြူဗုံးဒဏ် ခံစားခဲ့ရသော ဟီရိုရှီးမားမြို့တွင် ကင်ဆာရောဂါနှင့် အဏုမြူဗုံး ဆက်စပ်မှု ပြဿနာကို သုတေသနလုပ်နေသူ ဖြစ်သည်။

"မြန်မာပြည်ကို လာချင်တာ ကြာပါပြီ၊ ငါ့တစ်သက်ပဲ ဆိုပါတော့၊ ဒါပေမဲ့ အခြေအနေ အကြောင်းကြောင်းကြောင့် မလာနိုင်ခဲ့ဘူး။ အခုမှပဲ တကယ် လာဖြစ်တော့တယ်"

ဟု မစ္စတာအီဗန်ဒူပယ်က ဆိုသည်။

''အဲဒီတုန်းက ငါ့အသက် ဆယ့်တစ်နှစ်ပေါ့။ ငါညီလေးက ခြောက် နှစ်သား။ ၁၉၅၄ ခုနှစ်မှာပေါ့။ ငါ့အဖေက တက္ကသိုလ်က ပါမောက္ခတစ်ယောက် ပါ။ ပင်ဆန်ပေးနီးယားပြည်နယ် ကောလိပ်က ဆရာပေါ့။ အဲဒီအချိန်က မြန်မာပြည် မှာ ဦးနု အစိုးရ အုပ်ချုပ်နေတဲ့ ကာလပေါ့။ အမေရိကန်လွတ်တော်အမတ် ဖူးလ်ဘရိုက် ဆိုသူ ထောင်ထားတဲ့ ဖူးလ်ဘရိုက်ဖောင်ဒေးရှင်း ဆိုတာနဲ့ မြန်မာ အစိုးရ နှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ် တစ်ခုကို စခဲ့တယ်။ ပညာရေးပူးပေါင်း ဖလှယ်မှု အစီအစဉ်ပေါ့။ ဒီအစဉ်အရ မြန်မာကနေ အမေရိကန်ပြည်ထောင်စု ကို ပညာတော်သင် ကျောင်းသားတွေ လွှတ်ဖို့၊ အပြန်အလှန်အားဖြင့် အမေရိကန် ပြည်ထောင်စုကနေ မြန်မာနိုင်ငံကို ဆရာတွေ လွှတ်ပေးဖို့ သဘောတူကြတယ်။ အမေရိကန်က ပရော်ဖက်ဆာ နှစ်ယောက်ကို လွှတ်ပေးခဲ့တယ်။ ရန်ကုန်တက္ကသိုလ် အတွက် ပါမောက္ခဝဲလ်ဟော (Professor Walthal) ကို ပို့ခဲ့တယ်။ မန္တလေး ဆရာအတတ်သင်ကောလိပ် (TTC) ကိုတော့ ငါ့အဖေ ပါမောက္ခ အန်းဂတ်(စ်) ဒူပယ် (Angus Douple) ကို စေလွှတ်ခဲ့တယ်။ အဖေနဲ့အတူ အမေရယ်၊ ငါတို့ ညီအစ်ကိုနှစ်ယောက်ရယ် မြန်မာပြည်ကို အတူတူ လိုက်လာခဲ့ကြတယ်''



ရတနာပုံ စာအုပ်တိုက်

မစ္စတာဒူပယ်က ခရီးရောက်မဆိုက်ပင် သူ့ခရီးဆောင်အိတ်ထဲမှ ဓာတ်ပုံများကို ထုတ်ပြပါသည်။

"ဒါက ငါတို့ငယ်ငယ်က မန္တလေးမှာ နေခဲ့ရတဲ့ အိမ်၊ ဒါက ငါ့အဖေ စာသင်တဲ့ TTC ကျောင်း၊ ဒါက အိမ်နောက်ဖေးဘက်မှာ အဖေရယ်၊ အမေရယ် ငါတို့ ညီအစ်ကိုနှစ်ယောက်ရယ် ရိုက်ထားတဲ့ပုံ။ ဒါကတော့ အဖေရယ်၊ ငါတို့ ညီအစ်ကိုနှစ်ယောက်ရယ် အိုးစည်လေးတွေနဲ့ ရိုက်ထားတဲ့ပုံ"

ဓာတ်ပုံများမှာ ဆေးသား တော်တော်ကောင်းမွန်သေးသည်။ ၁၉၅၄ ခုနှစ်က ရိုက်ထားခဲ့သော ဓာတ်ပုံများ ဖြစ်သော်လည်း အဖြူ အမည်း မဟုတ်။ ရောင်စုံပုံများ ဖြစ်နေ၍ အံ့သြရသည်။ ဓာတ်ပုံထဲမှ ကလေးလေးသည် ယခု ကျွန်တော့်ရှေ့သို့ ရောက်နေသော အဘိုးကြီး ဖြစ်နေပေပြီ။ အချိန်တို့ကား တရွေ့ရွေ့ ကုန်လွန်ခဲ့ပေပြီ။

မစ္စတာဒူပါက ဓာတ်ပုံ နောက်တစ်ပုံ ထပ်ပြသည်။ ဓာတ်ပုံသည် လူအုပ်စုလိုက် စနစ်တကျ နေရာယူ၍ ရိုက်ထားသောပုံ ဖြစ်သည်။ အများစုမှာ ပုခိုးနှင့် တိုက်ပုံနှင့် ခေါင်းပေါင်းများပါ ပေါင်းထားကြသည်။ ဆရာမ ဖြစ်ဟန် တူသော အမျိုးသမီးများလည်း ပါသည်။ မြန်မာအများစုကြားတွင် အနောက်တိုင်းသား တစ်ဦးနှင့် ကလေးနှစ်ဦးကိုလည်း တွေ့ရသည်။ ဂါဝန် အပြာနှင့် အနောက်တိုင်းသူ တစ်ဦးလည်း ပုံထဲမှာ ပါသည်။



ရတနာပုံ စာအုပ်တိုက်

"ဒါက ဆရာအတတ်သင်ကောလိပ်မှာ ဆရာ၊ ဆရာမတွေ စုပေါင်း ရိုက်ထားတဲ့ပုံလေ၊ အဲဒီထဲက ဘယ်ဘက်အစွန် အလယ်တန်းက ကလေးဟာ ငါပေါ့။ ဒီပုံဟာ ငါ့အဖေ ရောက်ရောက်ချင်း ကြိုဆိုပွဲမှာ ရိုက်သလား၊ ဒါမှမဟုတ် တာဝန်ပြီးဆုံးလို့ ပြန်ခါနီးမှာ ရိုက်တာလား ဆိုတာတော့ မမှတ်မိတော့ဘူး"

"ဒါဆို ခင်ဗျားတို့ မြန်မာပြည်မှာ ဘယ်လောက်ကြာကြာ နေခဲ့ကြ တာလဲ"

"ဆယ့်လေးလ... ဆယ့်လေးလလုံး မန္တလေးမှာ နေခဲ့တယ်"

ဤသို့ဖြင့် မန္တလေးသို့ ကျွန်တော်တို့ ရောက်ရှိလာကြပါသည်။ ကျွန်တော့်စိတ်ထဲတွင် ဓာတ်ပုံပြလိုက်တာနှင့် ခပ်လွယ်လွယ်ပဲ ရှာတွေ့လိမ့်မယ် ဟု တွေးထင်ခဲ့ပါသည်။ သို့သော် ဓာတ်ပုံပြလိုက်တာနှင့် မန္တလေးမြို့ခံများက တစ်ယောက် တစ်ပေါက် ပြောကြပါသည်။

"ဒါက တိတီစီပဲ၊ အခု မန္တလေးပညာရေးကောလိပ်ပေါ့"

"မဟုတ်ဘူး၊ ဒါက နော်မန်ကျောင်းနဲ့ တူတယ်နော်"

"မဖြစ်နိုင်ဘူး၊ ကျောင်းက အကြီးကြီးပဲဗျ။ မန္တလေးတောင်ခြေဘက် က အ.ထ.က (၁) ထင်တယ်"

"GTC လည်း ဖြစ်ချင် ဖြစ်မှာပေါ့"

"စစ်ကိုင်းကောလိပ်များ ဖြစ်မလား ခင်ဗျာ"

"စီဒီလိုင်းဘက်မှာ ရှာကြည့်ဖို့တော့ လိုမယ်"

ဤသို့ တစ်ယောက် တစ်မျိုး မှတ်ချက်ပေးကြသဖြင့် ကျွန်တော် လည်း ဘယ်နေရာက စရှာရမည်မသိ ဖြစ်သွားကာ-

"အင်း... ခင်ဗျား အဖေက TTC မှာ အလုပ်လုပ်ခဲ့တာ ဆိုတော့ မန္တလေး TTC ကပဲ စပြီး စုံစမ်းကြတာပေါ့"

ဟု ဦးသည်ကို ပြောကာ မန္တလေး TTC (ယခု မန္တလေး ပညာရေး ကောလိပ်)သို့ ထွက်လာခဲ့ပါသည်။ မန္တလေး တိတီစီဝင်းထဲသို့ ရောက်သော အခါ ခုံညားထည်ဝါသော အဆောက်အအုံကြီး တစ်လုံးကို တွေ့ပါသည်။ အဆောက်အအုံမှာ ကွန်ကရစ်နှစ်ထပ် အဆောင်ရှည်ကြီး ဖြစ်ပါသည်။ အစ ပထမတွင် မစ္စတာဒူပယ်၏ ဓာတ်ပုံထဲမှ အဆောက်အအုံကြီးဟု တွေးဆကာ ဝမ်းသာအားရဖြင့်-

"တွေ့ပြီ... ဒါပဲ၊ ဒီအဆောက်အအုံပဲ"

ဟု ကျွန်တော် ပြောမိပါသည်။ နိုင်ငံခြားသားကြီးလည်း ဓာတ်ပုံထဲမှ TTC အဆောက်အအုံကို ကြည့်လိုက်၊ ကျွန်တော်တို့ရှေ့မှ TTC အဆောင်ကြီးကို ကြည့်လိုက် လုပ်ကာ-

"သိပ်မတူဘူးကွ၊ ပြတင်းပေါက်တွေက မတူဘူး၊ အပေါ်ထပ်ကလည်း ဓာတ်ပုံထဲကနဲ့ သိပ်မတူဘူး"

ဟု ပြောပါသည်။ သူ ပြောမှ သတိထားပြီး ကြည့်မိရာ ဟုတ်ပေသည်။ ဗိသုကာလက်ရာသည် သိသိသာသာ ကွဲလွဲနေပေသည်။ ဓာတ်ပုံထဲမှ ကျောင်းကြီးမှာ သစ်သားနှင့် အုတ် ညှပ်၍ ဆောက်ထားသော အဆောက်အအုံ ဖြစ်ပြီး လက်ရှိ တီတီစီ အဆောက်အအုံမှာ အင်္ဂတေများ၊ အုတ်များဖြင့်သာ အဓိကတည်ဆောက်ထား၏။ အရွယ်အစားချင်း ခပ်ဆင်ဆင် ဖြစ်သော်လည်း မတူချေ။

"ဘာပဲဖြစ်ဖြစ်ဗျာ... လာမိလက်စနဲ့ ကျောင်းထဲတော့ ဝင်ကြည့်ပြီး စုံစမ်းကြည့်ဦးမယ်"

ကျွန်တော်က ပြောပြောဆိုဆို နိုင်ငံခြားသား နှစ်ဦးကို ဦးဆောင်ကာ တီတီစီ ကျောင်းဆောင်ထဲသို့ ဝင်သွား၏။ ကျောင်းထဲတွင် တွေ့ရသော ဆရာမတစ်ဦးအား ကျွန်တော်တို့ ယူလာသော ဓာတ်ပုံများကို ပြ၍ အကူအညီတောင်းရာ ဆရာမက-

"ဒါဆိုရင် ကျောင်းအုပ်ဆရာမကြီးကို ဝင်တွေ့လိုက်ပါ၊ သူက ကူညီတတ်ပါတယ်"

ဟု ပြောကာ ကျွန်တော်တို့အား ဆရာမကြီး ရုံးခန်းသို့ လိုက်ပို့ပါသည်။ အသက် ငါးဆယ်ကျော်ခန့် အသားဖြူဖြူ ဥပဓိရုပ်ကောင်းကောင်း ဆရာမကြီးတစ်ယောက်က ကျွန်မတို့ကို ပြုံးပြီး ဆီးကြိုနှုတ်ဆက်သည်။

"ကျွန်မနာမည် ခင်မြသက်ပါ၊ မန္တလေး ပညာရေးကောလိပ် ကျောင်းအုပ်ကြီးပါ"

ကျွန်တော်တို့က အကျိုးအကြောင်းကို ရှင်းပြပြီး ဓာတ်ပုံများကို ပြတော့ ဆရာမကြီး ဒေါ်ခင်မြသက်က စိတ်ဝင်စားစွာ ဓာတ်ပုံများအား ကြည့်ရှုနေသည်။ အုပ်စု ဓာတ်ပုံကို သေသေချာချာ စိုက်ကြည့်နေကာ-

"ဒါ ဘယ်နှခုနှစ်က ရိုက်ထားတာလဲ" ဟု မေးပါသည်။

"၁၉၅၄ ကပါ၊ အဲဒီတုန်းက ကျောင်းအုပ်ဆရာကြီး ဦးဘကျော်လက်ထက်ပါ"

ဟု တိုးရစ်ကြီးက မဆိုင်းမတွ ဖြေဆိုပါသည်။

"ဩော်... ဦးဘကျော် ဆိုတာ ကျွန်မတို့ TTC ရဲ့ ပထမဆုံး ကျောင်းအုပ်ကြီးပဲ... ကဲ... အောက်ထပ်မှာ ချိတ်ထားတဲ့ ဆရာကြီးဦးဘကျော် ဓာတ်ပုံကို တစ်ယောက်လောက် သွားယူခဲ့ပါဦး"

ဟု ဆရာမကြီးက ညွှန်ကြားလိုက်ရာ မကြာမီမှာပင် တိုက်ပုံအင်္ကျီ အနက်၊ မောင့်ကျက်သရေ ခေါင်းပေါင်းတို့ဖြင့် တင့်တယ်စွာ ဝတ်ဆင်ထားသော ကျောင်းအုပ်ကြီး ဦးဘကျော်၏ မှန်ပေါင်သွင်းထားသော ဓာတ်ပုံကြီး ကျွန်တော်တို့ရှေ့သို့ ရောက်လာပါသည်။

သေချာပါသည်။ နိုင်ငံခြားသားကြီး ယူလာသော သူ့ဖခင်၏ ဓာတ်ပုံထဲမှ ဆရာ၊ ဆရာမများ အလယ်၌ ထိုင်နေသော ပုဂ္ဂိုလ်မှာ ဆရာမကြီး ယူလာပြသော ဓာတ်ပုံထဲမှ ဦးစောကျော်ပင် ဖြစ်သည်။ ဤတွင် ဆရာမကြီးက-

"ဆရာအတတ်သင် ကောလိပ်ကို ယခု နေရာသို့ ၁၉၅၅ မှာ ပြောင်းလာခဲ့ပါတယ်။ အဲဒီမတိုင်ခင်က နော်မန်ကျောင်းမှာ ယာယီဖွင့်ခဲ့တယ်။ အခု အ.ထ.က (၄) နေရာမှာပေါ့၊ ဒီဓာတ်ပုံထဲက အဆောက်အအုံဟာ အ.ထ.က (၄) ဖြစ်နိုင်တယ်၊ သွားကြည့်လိုက်ပါ"

"ကျေးဇူးတင်ပါတယ်"

"ဩော်... ဒါနဲ့ ရှင် ရှာချင်တာ ရှင့်အဖေ အလုပ်လုပ်ခဲ့တဲ့ ကျောင်းကို ရှာချင်တာလား၊ ရှင်တို့ နေခဲ့တဲ့အိမ်ကို ရှာချင်တာလား"

"နှစ်ခုစလုံးပါပဲ။ ဒီနှစ်ခုအနက် တစ်နေရာကို တွေ့ရင် နောက်တစ်နေရာကို ရှာဖို့ မခက်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် မှတ်မိသလောက်တော့ ကျောင်းနဲ့ အိမ်ဟာ မဝေးဘူး ခင်ဗျ။ မနက်တိုင်း အဖေဟာ ကျောင်းကို စက်ဘီးနဲ့ သွားတော့ ကျွန်တော်က နောက်က ထိုင်လိုက်ရလို့ မှတ်မိတာပါ။ အိမ်နဲ့ မနီးမဝေးမှာ ဘုရား ရှိတယ်"

ဟု မစ္စတာအီဗန်ဒူပယ်က ဆိုပါသည်။

"မစ္စတာဒူပယ်ရယ်၊ ခင်ဗျား အိမ်နဲ့ ပတ်သက်လို့ ဘာများ မှတ်မိတာ ရှိသေးလဲဗျာ"

ဟု ကျွန်တော် မေးရာ-

"ငါက ငယ်သေးတော့ လိပ်စာတော့ မမှတ်မိဘူးကွ၊ ငါ မှတ်မိတာကတော့ အိမ်နောက်ဖေးဘက်မှာ နာနတ်ပင်တွေ ရှိတယ်"

နာနတ်ပင် အိမ်နောက်ဖေးမှာ ပေါက်နေတာလောက်နှင့် ဘာသဲလွန်စမှ မရနိုင်သဖြင့် ကျွန်တော် စိတ်ပျက်သွားမိသည်။

"နောက်ထပ် ထူးခြားတာရော ဘာမှတ်မိသေးလဲ"

"အင်း... ဒီအိမ် ပြန်ရှာတာနဲ့ ဆိုင်လား၊ မဆိုင်လားတော့ မသိဘူး၊ ငါ မှတ်မိတာတော့ ငါတို့ အိမ်အနီးတစ်ဝိုက်မှာ သစ်ပင်တွေ၊ ချုံကြီးတွေ တောထနေတယ်၊ တစ်နေ့တော့ ငါတို့အိမ်က ဒရုမ်ကြီး မွေးထားတဲ့ မျောက်ကို ကျားသစ်တစ်ကောင်က လာဆွဲသကွ၊ မျောက်လည်း သေသွားတယ်။ ကျားသစ်ကို သေနတ်နဲ့ ပစ်ဖို့ ဒရုမ်ကုလားက ငါ့အဖေကို တောင်းဆိုတယ်ကွ၊ အဖေက ခွင့်မပြုဘူး၊ အကြာကြီး ငြင်းကြ ခုံကြ ဖြစ်ပြီးမှ အဖေက သေနတ်နဲ့ ထွက်ပစ်တယ်၊ ဒါပေမဲ့ မမှန်ဘူး ထင်တာပဲ။ အဲဒါတော့ ကောင်းကောင်း မှတ်မိတယ်၊ နောက်ပြီး ကျောင်းသွားခါနီးလို့ စက်ဘီးထုတ်ရင် စက်ဘီးကို မကိုင်ခင် သေသေချာချာ ကြည့်ရတယ်။ စပုတ်တံတွေမှာ မြွေက ခွေနေတတ်တယ်။ တစ်ခါတလေ ငါတို့အိမ်ရှေ့မှာပဲ နွားတွေ လွတ်ထားကြတယ်"

လိပ်စာ ရှာရာတွင် အသုံးဝင်လား၊ မဝင်လားတော့ မသိ။ မစ္စတာ အီဗန်ဒူပယ်ထံမှ သိရသမျှမှာ ဤမျှသာတည်း။ မန္တလေးမြို့ ရာဇဝင်နှင့် ပတ်သက်၍ တိုးရစ်ကြီး ပြောစကားအရရော၊ ဓာတ်ပုံအထောက်အထားအရရော သိလာရသော အချက်မှာ ဟိုယခင် ၅၈ နှစ်ခန့်က မန္တလေးမြို့ နေရာတော်တော်များများသည် သစ်ပင် တောတောင်များဖြင့် မှိုင်းညို့နေသည်။ သားရဲတိရစ္ဆာန်များကိုပင် ရံဖန်ရံခါ တွေ့မြင်နိုင်သည်။ ခြံကြီး၊ ဝင်းကြီး ပေါများသည်။ မြေလွတ် မြေရိုင်း၊ ဖုန်းဆိုးမြေများ ထူပြောသည်ဟူသော အချက်များပင် ဖြစ်သည်။

တီတီစီ (ဆရာအတတ်သင်ကောလိပ်) ကျောင်းအုပ်ဆရာမကြီး၏ အကြံပေးချက်အရ နော်မန်ကျောင်း (အ.ထ.က ၄) သို့ ကျွန်တော်တို့ ထွက်လာခဲ့ကြပါသည်။ တီတီစီကျောင်းမှ ကျောင်းအုပ်ဆရာမကြီးမှာ ဆက်ဆံရေး ကောင်းပြီး ဖော်ရွေသလောက် အ.ထ.က (၄) မှ ကျောင်းဆရာမကြီးမှာ ဆက်ဆံ

ရေး ကျဲလှသည်။ ကျွန်တော်တို့က ကျောင်းဝင်ပေါက်တွင် တွေ့ရသော ဆရာမများအား ကျွန်တော်တို့သည် ဤဓာတ်ပုံထဲမှ ကျောင်းအုပ်ကြီးကို လိုက်ရှာနေကြောင်း၊ ဤတိုးရစ်ကြီး၏ ဖခင်မှာ ယခင် တိတီစီကျောင်းတွင် ဆရာတစ်ယောက် ဖြစ်ကြောင်း၊ တိတီစီကျောင်းသို့ သွားရောက် စုံစမ်းရာတွင် ယခင်က ဤ အ.ထ.က (၄) မှာ ဆရာအတတ်သင်ကောလိပ် ဖွင့်ခဲ့ဖူးကြောင်း လမ်းညွှန်လိုက်၍ လာရောက်ကြည့်ရှုပါကြောင်း၊ ဖြစ်နိုင်လျှင် ကျောင်းကို တစ်ပတ် ပတ်ကြည့်ချင်ပါကြောင်း၊ အာယ်ကြောင့်ဆိုသော် ရှေ့မှ ကြည့်ရတာ တူသလိုလို ရှိသော်လည်း သိပ်မသေချာ၍ ဝင်ကြည့်လျှင် (နောက်ဘက်မှ အနေအထားကို မြင်ခွင့်ရလျှင် ပိုပြီး သေချာသွားမည် ဖြစ်ကြောင်းကို ဓာတ်ပုံ အထောက်အထားများနှင့် ဓာတ်ကြောင်းပြန် ရှင်းလင်းပြောပြကြပါသည်။ (ဤဓာတ်ကြောင်းကိုပဲ ထပ်ကာထပ်ကာ ပြောရပါများသဖြင့် လူဘယ်နယောက်အား ပြောခဲ့ရသလဲ ဆိုတာ မမှတ်မိတော့ပါ။)

ထိုအခါ ဆရာမလေးများက ဝမ်းသာအားရ ကူညီချင်ဟန်ဖြင့်-

"ဒါဆို ဆရာမကြီးကို သွားပြောပေးမယ်၊ ခဏစောင့်ပါ"

ဟု ပြောသည်။ ပြောရင်းဆိုရင်းပင် ဆရာမကြီး ဆိုသူသည် ဆိုင်ကယ်တစ်စီး၏ နောက်မှာ ထိုင်လျက် ပြန်ရောက်လာပါသည်။ ဆရာမများက အကျိုးအကြောင်း ပြောပြကြသည်။ ဆရာမကြီးသည် ဆိုင်ကယ်ပေါ်မှပင် မဆင်းဘဲ ထိုင်လျက် နားထောင်ပြီး-

"ကျောင်းနောက်ဘက်တော့ ဝင်လို့ မရဘူး၊ ရှေ့ကပဲ ကြည့်ပါ"

ဟု ပြောပါသည်။ ကျွန်တော်က ဘာသာပြန်ပြရာ တိုးရစ်ကြီးမှာ စိတ်ဓာတ်ကျသွားပြီး အ.ထ.က (၄) ကျောင်းကိုပဲ ရှေ့ဘက်မှ ဓာတ်ပုံရိုက်ရန် ကင်မရာကို ချိန်လိုက်ရာ-

"No Photo... No Photo"

ဟု အော်ကာ ကျောင်းအုပ်ဆရာမကြီးက တားမြစ်ပါသည်။

"ဓာတ်ပုံမရိုက်ပါနဲ့၊ ဒီအတိုင်းပဲ ကြည့်ပါ"

ဟု ထပ်ပြောသေးသည်။ ဆရာမကြီး၏ အပြုအမူကို ကျွန်တော် နားမလည်နိုင်ပါ။ ဤကဲ့သို့ လျှို့ဝှက်လွန်းသော ကန့်သတ်မှုမျိုးမှာ တစ်ပါတီ အာဏာရှင်စနစ် လက်ထက်တွင် နားလည်ပေး၍ ရသော်လည်း ယခုကဲ့သို့

အာကာသာကာက ပွင့်လင်းလာသော ဒီမိုကရေစီခေတ်ကြီးတွင် အကြောက်တရား များ၊ ရှေးရိုးစွဲ ကန့်သတ်ပိတ်ပင်မှုများ မရှိသင့်တော့ပါ။ နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်ကပင် တိုးတက်သော အမြင် မရှိသည့် ရှေးရိုးစွဲများနှင့် ခေတ် နောက်ပြန်ဆွဲလိုသူများကို ချုန်ထားခဲ့မည် ဖြစ်ကြောင်း တရားဝင် ပြောကြားခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့ ဘာမှ မတတ်နိုင်ပါ။ သူ့အရပ်နှင့် သူ့ ဇာတ်။ သူ့ကျောင်းနေ သူ့စာအံရမည် ဖြစ်သောကြောင့် ကျွန်တော်တို့ လက် လျှော့ကာ ပြန်လာရပါသည်။ ဤသို့ဖြင့် ရှာဖွေရေး ပထမနေ့တွင် အိမ်ကိုသော် လည်းကောင်း၊ ကျောင်းကိုသော် လည်းကောင်း မတွေ့ရပါ။ နောက်တစ်နေ့ တော့ ဆက်၍ ကြိုးစား ရှာဖွေပါဦးမည်။

ဒုတိယနေ့၊ ၂-၅-၂၀၁၂။

နံနက်စောစော တိတိစိကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြသက် ကျွန်တော့်ထံ ဖုန်းဆက်သည်။

"ကိုညီညီရေ... ကျွန်မ သဲလွန်စ နှစ်ခုတော့ ရပြီ၊ မနေ့က ကိုညီတို့ ပြန်သွားတော့ ဆရာတွေ စုရိုက်ထားတဲ့ Group Photo ကို ကျွန်မ ပြန်ကြည့် တယ်၊ ဆရာကြီးဦးဘကျော် လက်ထက်က တာဝန်ထမ်းဆောင်ခဲ့ ဆရာ နှစ်ယောက်ဟာ ခုထိ သက်ရှိထင်ရှား ရှိသေးတယ်၊ သူတို့ကို ကျောင်းဟောင်း ဓာတ်ပုံ ပြပြီး မေးလိုက်ရင် ဘယ်နေရာဆိုတာ ပြောနိုင်လိမ့်မယ်"

အာဂဆရာမကြီးပေတကား၊ ကိုယ့်ထမင်း ကိုယ်စား၊ ကိုယ့်စရိတ် ကိုယ်စား၍ ကျွန်တော်တို့ကိစ္စကို အားတက်သရော စုံစမ်းပေးဖော်ရပေသည်။

ဤသို့ဖြင့် မန္တလေး ပညာရေးကောလိပ်ကျောင်းသို့ ဒုတိယမြောက် ရောက်ရပြန်သည်။ ဒီတစ်ခေါက် တွေ့တော့ ကျောင်းအုပ်ကြီး ဒေါ်ခင်မြသက် မှာ ကျွန်တော့်ကို မသိသလို ကြည့်နေသည်။

"ဘာကိစ္စလဲ မသိဘူး"

ဟုပင် မေးလိုက်သေး၍ ကျွန်တော် အံ့သြသွားသည်။ အပြောင်းအလဲ က မြန်လှချေလား၊ မနေ့ကတောင် ဖော်ဖော်ရွေရွေနှင့် မုန့်တွေကျွေး၊ အားေး တွေ တိုက်သေးသည်။

"ဆရာမ ဖုန်းဆက်လို့ လာတာလေ၊ အတိုးကြီး နှစ်ယောက်ကို သွားတွေ့ မယ်ဆို၊ ဟိုမှာ နိုင်ငံခြားသား လင်မယားလည်း ပါလာတယ်"

"ဩော်... ခင်မြသက်ကို ပြောတာ ထင်တယ်၊ သူ ရုံးခန်းထဲမှာ ရှိမယ်၊ ဆရာမလေးရေ... လိုက်ပို့လိုက်ပါကွယ်"

ခင်မြသက်ကို တွေ့နေပါလျက်နှင့် ခင်မြသက်ဆီ လိုက်ပို့လိုက်ပါ ဆို၍ ကျွန်တော်တို့ အအံ့သြကြီး အံ့သြကာ ဆရာမလေး ဦးဆောင်ရာနောက် သို့ လိုက်လာခဲ့ပါ၏။ ပို၍ အံ့သြဖို့ကောင်းသည်ကား နောက်ထပ် ခင်မြသက် တစ်ယောက်သည် ကျောင်းအုပ်ကြီး ရုံးခန်းထဲဝယ် မိန့်မိန့်ကြီး ထိုင်နေခြင်းပင် ဖြစ်သည်။ ကျွန်တော်တို့သည် ဇဝေဇဝါ ဖြစ်သွားကာ-

"ခုန အပေါ်ထပ်မှာ တွေ့ခဲ့တာက..."

ဟု စကားဆက်မပြောနိုင်ဘဲ ဖြစ်ရပေသည်။

"ဩော်... ကျွန်မအစ်မကို တွေ့ခဲ့တယ် ထင်တယ်၊ ကျွန်မတို့က အမြွာညီအစ်မလေ၊ ကျွန်မက ခင်မြသက်၊ သူက ခင်မြခက်တဲ့"

"အမယ်လေး... လှိုက်လှဲသည်းဖိဝတ္ထုတွေထဲကလိုပဲနော်၊ ရှင်းမပြ ရင် ရူးတောင် ရူးချင်လာပြီ"

ဆရာမကြီး ဒေါ်ခင်မြသက်ကား ကျွန်တော်တို့အတွက် ပန်းသီးများ ကို ကျကျနန စိတ်၍ ဧည့်ခံကျွေးမွေးပြန်သည်။

"ကျွန်မ တွေ့ထားတဲ့ ဆရာဟောင်းကြီး နှစ်ယောက်ဟာ အိုလှပါပြီ၊ တစ်ယောက်ကတော့ မကျန်းမာလို့ ဆေးရုံ ရောက်နေသတဲ့၊ သူ့ဆီ အရင်သွား ကြတာပေါ့၊ သူကတော့ ကျောင်းအုပ်ကြီး ဦးဘကျော် လက်ထက်မှာ တာဝန် ထမ်းဆောင်ခဲ့တာပဲ"

"ဟုတ်ပြီ... ကောင်းတယ်၊ သွားကြတာပေါ့"

ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီးသည် ကျွန်တော်တို့ ကိစ္စ ကို သူ့ကိစ္စသဖွယ် သဘောထားလျက် သူ၏ကိုယ်ပိုင်ကားဖြင့် ရှေ့မှ မောင်း၍ ဦးဆောင် ခေါ်သွားပါသည်။ ကျွန်တော်နှင့် တိုးရစ်လင်မယားက ကျွန်တော်တို့ ကားဖြင့် နောက်မှ လိုက်ကြသည်။ ၆၈ လမ်းအတိုင်း တောင်မှ မြောက်သို့ မောင်းလာရင်း ၃၃ လမ်းထိပ်သို့ ရောက်သောအခါ မစ္စတာဒူပယ်က-

"ဟိုမှာ... ဟိုမှာ"

ဟု အိမ်တစ်လုံးကို လက်ညှိုးညွှန်ပြပါသည်။ ကားရပ်၍ ကြည့်သော အခါ မစ္စတာဒူပယ်တို့ ငယ်စဉ်တာ နေခဲ့သည် ဆိုသော ဓာတ်ပုံထဲမှ နှစ်ထပ် တိုက်ကလေးနှင့် အတော်ပင် ဆင်တူသော ဝင်းနှင့် ခြံနှင့် အိမ်တစ်လုံးကို တွေ့ရပေသည်။ ကျွန်တော်တို့လည်း ကမန်းကတန်း ကားပေါ်မှ ဆင်း၍ ထို အိမ်ကို သွားကြည့်ကြသည်။ တူတာတော့ အတော်ကို တူသည်။ အပေါ်ထပ် တွင် ပြတင်းပေါက် သုံးပေါက် ရှိတာချင်း တူသော်လည်း ဓာတ်ပုံထဲ၌ ပြတင်းပေါက် အောက်ဘက်၌ ပျဉ်များ ကာရံထားပြီး ယခုအိမ်၌ အုတ်ပတ်ကား ပုံစံမျိုး ဖြစ်နေသည်။ ၅၈ နှစ်တာ ကာလအတွင်း ပြန်ပြင်ထားတာရော မဖြစ် နိုင်ဘူးလားဟု စဉ်းစားမိသည်။

ထိုအခိုက် ကျွန်တော်တို့ ကြည့်နေသော ဘိုအိမ်လို နှစ်ထပ်တိုက်ခံ အိမ်လေးထဲမှ အသားဖြူဖြူ၊ ခပ်ပိန်ပိန် အိမ်ပိုင်ရှင် ဖြစ်ဟန်တူသော အသက် ငါးဆယ်ကျော်ခန့် လူတစ်ယောက် ထွက်လာသည်။ မန္တလေးသားတို့ ထုံးစံ အတိုင်း ဖော်ရွေသော မျက်နှာထားဖြင့်-

"ဘာများ ကိစ္စရှိလို့ပါလဲ ခင်ဗျာ"

ဟု ယဉ်ကျေးစွာ နှုတ်ဆက်၏။ ကျွန်တော်တို့က ဓာတ်ပြားဟောင်း ကြီးကို ဖွင့်ရပြန်သည်။ အိမ်ရှင်က ကျွန်တော်တို့ ပြသော ဓာတ်ပုံထဲမှ အိမ်ကို သေသေချာချာ ကြည့်ပြီး-

"ဩော်... ဒါက ကျွန်တော့်အိမ် မဟုတ်ဘူးဗျ၊ ဟိုဘက်လမ်းထဲက အိမ်"

"ဟုတ်ရဲ့လားဗျာ၊ သေသေချာချာ ကြည့်ပါဦး"

"ဟုတ်ပါတယ်၊ ကျွန်တော်က ဒီအိမ်မှာ မွေးတာ ၁၉၅၆ ထဲက ဒီမှာ နေလာတာ၊ သေသေချာချာ သိတာပေါ့၊ ခင်ဗျားတို့ ရှာနေတဲ့အိမ်က ကျွန်တော့်ခြံရဲ့ ဟိုဘက်ထိပ် ၃၂ လမ်းပေါ်မှာ၊ အိမ်ပိုင်ရှင်က ဦးဘိုးစိန်တဲ့။ ဒါပေမဲ့ အိမ်ဟောင်းက မရှိတော့ဘူး၊ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က အိမ်ပိုင်းကို နှစ်ပိုင်း ခြမ်းပြီး ရောင်းတော့ အိမ်ရှင်အသစ်တွေက အိမ်ဟောင်းကို ဖြိုချပြီး အိမ်နှစ်လုံး ပြန်ဆောက်လိုက်တာ၊ ခင်ဗျားတို့ ကြည့်ချင် ကျွန်တော် လိုက်ပြမယ်"

ဘေးမှ ရပ်ကြည့်နေသော ဘုန်းကြီးကျောင်းသား တစ်ယောက်က လည်း-

"ဒီအိမ်ကြီးကို ကျွန်တော် သိတယ်၊ အရင်တုန်းက အဲဒီအိမ်က အတွားကြီးက ကျွန်တော်တို့ ဆရာတော်ကို ကိုးကွယ်တယ်။ ဆရာတော် တရားဟော ကြွပြီဆို ကျွန်တော် လိုက်ရလို့ အိမ်ကြီးကို မှတ်မိနေတာ အခုတော့ မရှိတော့ဘူး"

ဟု ဝင်ရောက် ထောက်ခံ ပြောဆိုပါသည်။ ဖော်ရွေသော အိမ်ရှင်က လိုက်ပြသဖြင့် ၃၂ လမ်း (၆၇/၆၈) ကြားရှိ အိမ်အဟောင်း တည်နေရာကို တွေ့ရပါသည်။ ယခုအခါ ၁၉၅၄ က မစ္စတာဒူပယ်တို့ မိသားစု နေခဲ့သည် ဆိုသော အရိပ်အယောင်၊ အထိမ်းအမှတ် ဘာမှ မတွေ့ရတော့။ နာနတ်ပင်၊ တောအုပ်၊ နှစ်ထပ် ဗိုလ်အိမ်တို့မှာ ဘာမှ မရှိတော့ဘဲ ထိုနေရာတွင် ခေတ်မီ တိုက်သစ် နှစ်လုံး ရောက်နေကာ-

'ရွှေမြို့သစ် အသားကင်နှင့် စည်ဘီယာ' ဆိုင်အဖြစ် အသွင်ပြောင်း နေတာ တွေ့ရပေသည်။ ဤနေရာတွင် သူတို့အိမ် ရှိခဲ့ပါသည် ဆိုတာ လိုက်ပြ သော တစ်ဖက်လမ်းမှ အိမ်ရှင်ကြီးနှင့် ဘုန်းကြီးကျောင်းသား၏ စကားမှတစ်ပါး ဘာအထောက်အထားမှ ဖော်ရဲခဲ့ပါ။ ဤနေရာမှ သို့လော၊ သို့လောဖြင့် ထွက်ခဲ့ ကြပါတော့သည်။

ထို့နောက် ကျွန်တော်တို့ကို ဆရာမကြီး ခင်မြသက်က ပုဂ္ဂလိက ဆေးခန်းတစ်ခုသို့ ခေါ်သွားပါသည်။ ငြိမ်း အထူးကုဆေးခန်းဟု အမည်ရပြီး ၈၂ လမ်း (၂၉ လမ်းနှင့် လမ်း ၃၀ ထောင့်)တွင် ရှိပါသည်။ ဆေးရုံအဝင် ဧည့်ကြိုဌာနတွင် စုံစမ်းပြီးသောအခါ-

"အခု သွားတွေ့မယ့် ဆရာကြီးနာမည်က ဦးတင်ဖေတဲ့၊ သူက တီတီစီမှာ ဆရာကြီးဦးဘကျော် လက်ထက်တုန်းက သိပ်ခံဆရာပဲ၊ သူ့ကို မေးကြည့်ရင်တော့ အဖြေပေါ်နိုင်တယ်"

ဟု ခေါ်ခင်မြသက်က ပြောပါသည်။

လူနာ အခန်းတွင်းသို့ ဝင်သွားရာ အရေးပေါ်ပစ္စည်း အစုံအလင်နှင့် ကုသထားသော လူမမာ အဘိုးကြီးတစ်ဦး ခုတင်ပေါ်၌ ပက်လက် လဲလျောင်း နေသည်ကို တွေ့ရပါသည်။ လူနာ၏ သားဖြစ်သူကို ဆရာမကြီးက မိတ်ဆက် ပြီး လာရခြင်း အကြောင်းကို ရှင်းပြသည်။ သားဖြစ်သူကလည်း ဖော်ဖော်ရွေရွေ ပင်၊ သူ့အဖေကို အိပ်ရာက နှိုးပြီး ခေါင်းထူပေးသည်။ ဆရာမကြီး ခေါ်ခင်မြသက် က တီတီစီကျောင်းမှ အုပ်စုဓာတ်ပုံကို ပြပြီး-

"ဆရာကြီး.. ဒီဓာတ်ပုံ ဘယ်မှာ ရိုက်ခဲ့တာလဲ သိချင်လို့ပါ"

ဦးတင်ဖေ ဆိုသော အဘိုးကြီးသည် အားယူပြီး မှုန်မှိုင်းဝေသီသော မျက်လုံးများဖြင့် ဓာတ်ပုံကို ကြည့်လိုက်သည်။ သူ၏ မျက်ဝန်းဝယ် အရောင်တစ်မျိုး လင်းလက်သွားသည်။ လွန်ခဲ့သော နှစ်ငါးဆယ်ကျော်က အဖြစ်အပျက်များသည် သူ့မှတ်ဉာဏ်တံခါးကို တွန်းဖွင့်ကာ တရကြမ်း စီးမျောဝင်ရောက်လာသည့်နှယ် ဖြစ်သည်။

"ငါဟာ ကျောင်းဆရာဘဝကို ဝါသနာပါလို့ ဝင်လုပ်ခဲ့တယ်၊ ရတဲ့လခကို မက်လို့ မဟုတ်ဘူး၊ အဲဒီတုန်းက ငါ ရတဲ့ လခဟာ..."

ဟု အစချီကာ ကျောင်းဆရာကြီးဟောင်း ဦးတင်ဖေက ဖြည်းဖြည်းနှင့် မှန်မှန် စပြောသည်။ သူ ပြောသော စကားများမှာ သူ၏ လစာအသေးစိတ်၊ တာဝန်ထမ်းခဲ့သော ဌာနနှင့် ခုနှစ်များ၊ တွေ့ဆုံခဲ့ရသော ပုဂ္ဂိုလ်များ၊ သူ့ကို ရပ်ရွာက ကြည်ညိုပုံ၊ ငှင်းနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ပါတီသို့ စတင်ဝင်ရောက်ခဲ့ပုံ၊ ငှင်းနောက် ပါတီတွင် အဆင့်မြင့်တာဝန်များ ထမ်းဆောင်ခဲ့ပုံများကို ပြောရင်း စကားပြောသောအရှိန်မှာ စိတ်ပါလက်ပါ ဖြစ်ပြီး နည်းနည်းမြန်လာသည်။ အနည်းငယ်လည်း မောလာပုံရသည်။ စကား အများကြီး ပြောလိုက်သော်လည်း ကျွန်တော်တို့ သိလိုသော ဓာတ်ပုံထဲမှ ကျောင်းလိပ်စာ မပါသေးပေ။ လူသည် သေခြင်းတရားနှင့် ရင်ဆိုင်ရသောအခါ သို့မဟုတ် သေအံ့မူးမူးဖြင့် ရောဂါ၏ ဖိစီးနှိပ်စက်မှုကို ခံလာရသောအခါ မိမိ၏ ဘဝတစ်သက်တာတွင် အဓိက ဖိစီးထားသော အကြောင်းများက ရှေ့ဆုံးမှ အာရုံထဲဝယ် ပေါ်လာကြသည်။ ဦးတင်ဖေသည် သူ ပါတီတာဝန်ခံ ရာထူးမှ ထွက်ခဲ့ရသော အဖြစ်ကို သိစိတ်တွင်ရော၊ မသိစိတ်တွင်ပါ လက်မခံနိုင်ဖြစ်နေပုံရသည်။

"အစည်အဝေး လုပ်ကြပြီး ငါ့ကို ပါတီရာထူးမှာ ဆက်ထားသင့်၊ မထားသင့် မဲခွဲ ဆုံးဖြတ်ကြတယ်၊ ၅ မဲ ၄ မဲနဲ့ ငါ အဖြုတ်ခံရတယ်၊ လူရင်းတွေက ငါ့ကို သစ္စာဖောက်တာပဲ"

အဘိုးအိုမှာ စိတ်လိုက်မာန်ပါ စကားပြောရင်း အမောဖောက်ကာ သတိလစ်မလို ဖြစ်လာသည်။ အောက်ဆီဂျင်ဘူး လာတပ်ပေးဖို့ သူနာပြုဆရာမကို ခေါ်နေသံတွေ ကြားရသည်။ မဖြစ်တော့။

ကျွန်တော် လာ၍ မန္တလေးမှာ အဘိုးကြီးတစ်ယောက် ဆုံးပါးရသည် ဆိုလျှင် လူကြား၍မကောင်း ဖြစ်တော့မည်။ ဆရာမဒေါ်ခင်မြသက်ကို အသာ မျက်ရိပ်ပြကာ ကျွန်တော်တို့ လူနာခန်းထဲမှ ထွက်လာခဲ့သည်။ ဤနေရာသို့ လာသဖြင့် ဘာမှ ပို၍ ရေရေရာရာ မသိခဲ့ရပါ။

"စိတ်မပျက်ပါနဲ့ ကိုညီ၊ ကျွန်မ သိတဲ့ အဘိုးကြီး နောက်တစ်ယောက် ရှိသေးတယ်၊ သူက ဦးဘကျော် လက်ထက်က တီတီစီမှာ ဆရာပဲ"

"ဒါဖြင့်လည်း ငုပ်မိသဲတိုင်လို့ သဘောထားပြီး သွားကြတာပေါ့"

ကျွန်တော်မှာ ဧည့်လမ်းညွှန်တစ်ယောက်ထက် စုံထောက်ကြီးဦးစံရှား လိုလို၊ ရှားလော့ဟုမ်းလိုလို၊ ဆားပုလင်းနှင်းမောင်လိုလို ဖြစ်လာနေပေတော့သည်။

ကျွန်တော်တို့ သွားတွေ့သော အဘိုးကြီးမှာ ဦးစန္ဒီး ဆိုသော ကုလား အဘိုးကြီးတစ်ယောက် ဖြစ်သည်။ သူက နော်မန်ကျောင်းနားမှာ နေသည်။ အစိုးရကျောင်းမှာ အင်္ဂလိပ်စာသင်ဆရာ။ နှစ် ၄၀ ကျော် အင်္ဂလိပ်စာ ကျူရှင် ပြခဲ့သူဟု သိရသည်။ အင်္ဂလိပ်လို ကောင်းစွာ ပြောနိုင်သည်။ ကျန်းမာရေး အလွန်ကောင်းသည်။ မှတ်ဉာဏ်လည်း အထိုက်အလျောက် ကောင်းသေးသည်။ သို့သော် ထိုသို့ အဘက်ဘက်မှ အဆင်ပြေနေသော်လည်း ကျွန်တော်တို့ စိတ် အပျက်ကြီး ပျက်ရသော အဖြစ်မှာ မကြာခင် ပေါ်လာသည်။ ဖြစ်ပုံမှာ ထိုဦးစန္ဒီး ဆိုသော အဘိုးအို့မှာ မျက်စိနှစ်ကွင်း အလင်းမရတော့။ မကြာမီ နှစ်အနည်းငယ်က အတွင်းတိမ်ရောဂါဖြင့် မျက်စိနှစ်ဖက်လုံး ကွယ်ခဲ့လေပြီ။ သူကတော့ ကူညီချင်ပါသည်။ သိသမျှကိုလည်း ပြောပြသည်။ ငါ အားလုံး သိတယ် (I know everything) ဟု အင်္ဂလိပ်လို ခဏခဏ ပြောသည်။ ကျွန်တော်တို့ ပြသော ကျောင်းအဆောက်အအုံ ဓာတ်ပုံ၊ ဆရာကြီးဦးဘကျော် နှင့် တွဲရိုက်ထားသော နိုင်ငံခြားသား၏ ဓာတ်ပုံများကို မမြင်နိုင်တော့၍ သူ့ ဆီမှ အဖိုးတန် မှတ်ချက်စကားများ မရနိုင်တော့။ မျက်စိမမြင်သဖြင့် ကျွန်တော့် ကို နိုင်ငံခြားသား ထင်၍ အင်္ဂလိပ်လို ပြောနေသည်။ သူ့သမီးများက-

"အဖေ အဲဒါ ဂိုဒ်၊ နိုင်ငံခြားသားက ဒီဘက်မှာ"

ဟု လမ်းညွှန်ပေးရသည်။

"အေး ဟုတ်ပြီ၊ ဒီမှာ ခင်ဗျားနာမည် မစ္စတာဂရေဟမ်ကူးပါး မဟုတ် လား၊ ခင်ဗျားကို ဘယ်မေ့နိုင်မလဲ၊ ကျုပ်အိမ်မှာ မီးမလာတော့ ခင်ဗျားကိုယ်တိုင် ဖန်ချောင်းချုပ်ကို လဲပေးတာ၊ ကျုပ် အမြဲသတိရပါတယ်"

ထိုအခါ ကျွန်တော်က ယခု လာသူမှာ မစ္စတာအီဗန်ဒူပယ် ဖြစ်ကြောင်း၊ ထိုစဉ်က အီဗန်မှာ အသက် ဆယ့်တစ်နှစ်အရွယ် ကလေးသာ ဖြစ်၍ မီးချောင်း ချပ်လဲပေးသူ နိုင်ငံခြားသားကြီး ဆိုသူမှာ ယခုလာသူ မဖြစ်နိုင်ကြောင်း၊ ဖြစ်ခြင်းဖြစ်လျှင် သူ၏ဖခင် ဖြစ်ကောင်းဖြစ်နိုင်ကြောင်း ဝင်၍ ရှင်းပြရပါသည်။

ထိုအခါ ကုလားကြီးက တစ်မျိုး ပြောပြန်သည်။

"ဟုတ်တာပေါ့၊ အဲဒါ သူ့အဖေပဲ၊ ငါ့အိမ်မှာ ငှားနေသွားတာပဲ၊ ဟိုဘက် တစ်အိမ်ကျော်က အိမ်ပေါ့၊ အိမ်က ရှေးလက်ရာအတိုင်း ရှိသေးတယ်၊ ဒီမှာ မစ္စတာအီဗန်၊ ခင်ဗျား အဖေမှာ ခယ်မနှစ်ယောက် ပါလာတယ်၊ ခပ်ချောချောတွေပဲ... ဟုတ်တယ် မဟုတ်လား၊ I know everything ကျုပ်အိမ်မှာ သူတို့ နေသွားတာပဲ"

ထိုအခါ ကျွန်တော်က အင်္ဂလိပ်ဘာသာဖြင့်ပင် မစ္စတာအီဗန်ဒူပယ် ဆိုသော တိုးရစ်လင်မယားအား-

"အီဗန်ရေ... ဇော်လမ်းကတော့ ရွှပ်သထက် ရွှပ်လာပြီဗျို့၊ စကား တွေ များပြီး လိုရင်းကို မရောက်တော့ဘူး၊ ကျွန်တော်က ရှားလော့ဟုမ်းဝတ္ထု တွေ တော်တော်များများ ဖတ်ထားတော့ အခုချက်ချင်း ဟုတ် မဟုတ် ရှင်းပေးမယ်"

ထို့နောက် ကုလားကြီး ဦးစွန်းဘက် လှည့်၍-

"ကျွန်တော် တစ်ခုလောက် မေးပါရစေ... အဲဒီ အိမ်ငှားနေတယ် ဆိုတဲ့ နိုင်ငံခြားသားမှာ အိမ်သား မိသားစု ဘယ်နယောက် ရှိသလဲ"

"သူရယ်... သူ့မိန်းမရယ်... ခယ်မနှစ်ယောက်ရယ်... သား တစ်ယောက်ရယ်.. စုစုပေါင်း ငါးယောက်"

"ဟုတ်ပြီ"

ကျွန်တော် တိုးရစ်ကြီးဘက်ကို လှည့်၍-

"ခင်ဗျားတို့ မြန်မာပြည် လာတော့ လူ ဘယ်နယောက် ပါလဲ"

"အဖေရယ်.. အမေရယ်.. ကျုပ်တို့ ညီအစ်ကို နှစ်ယောက်ရယ်၊ စုစုပေါင်း ၄ ယောက်တည်းရယ်"

"ခင်ဗျား အမေမှာ ညီမ နှစ်ယောက် ရှိလား၊ မြန်မာပြည်ကို သူတို့ လိုက်လာကြသလား"

"မလာဘူး၊ ညီအစ်မလည်း မရှိဘူး"

"ကဲ ဒါဆို ရှင်းပြီ၊ ဦးစန္ဒီး ပြောတဲ့ အိမ်ငှားမိသားစု ဆိုတာ တခြား နိုင်ငံခြားသားတွေ ဖြစ်ပါလိမ့်မယ်"

ဦးစန္ဒီးအိမ်မှ ကျွန်တော်တို့ ပြန်ထွက်လာကြသည်။ လိုရမည်ရ ဦးစန္ဒီး ပြောသော နိုင်ငံခြားသား မိသားစု ငှားနေခဲ့သည် ဆိုသော အိမ်ကို သွားကြည့် ခဲ့ပါသည်။ ၂၃ လမ်း (၈၁/၈၂ ကြား)တွင် ရှိသော ရှေးလက်ရာ အိမ်ဟောင်း တစ်လုံးကို တွေ့ရသည်။ ခပ်ဆင်ဆင် တူသော်လည်း ဓာတ်ပုံထဲမှ အိမ်နှင့် မတူပါ။ ကုလားအဘိုးကြီးထံမှ အဖိုးတန် သဲလွန်စတစ်ခုကိုကား ရခဲ့သည်။

"တီတီစီကျောင်းဟာ နေရာ သုံးနေရာ ပြောင်းခဲ့တယ်၊ ပထမဆုံး နော်မန်ကျောင်းမှာ... နောက်တော့ နော်မန်ကျောင်းကို အမျိုးသမီးကျောင်း ပြောင်းလိုက်တယ်၊ နေဦးကွ... တစ်ခုတော့ ရှိတယ်၊ တီတီစီ ကျောင်းအသစ် ကြီး မပြီးခင် ဂျီတီစီကျောင်းမှာ ယာယီဖွင့်ခဲ့သေးတယ်၊ တစ်နှစ်လောက် အဲဒီမှာ ဖွင့်ခဲ့တာကွ၊ ၁၉၅၄ လောက်က ဖြစ်မယ်"

"ဒါဆို ဓာတ်ပုံထဲက အဆောက်အအုံဟာ နော်မန်ကျောင်း၊ ဒါမှမဟုတ် ဂျီတီစီကျောင်းပဲ ဖြစ်နိုင်တာပေါ့"

"ဒါဆို အိမ်ချင်းကလည်း ကပ်နေတဲ့ နော်မန်ကျောင်းကို ဝင်ကြည့် လိုက်ရအောင်၊ မဟုတ်ဘူး ဆိုမှ ဂျီတီစီကို သွားကြမယ်"

အမှန်မှာတော့ ဂျီတီစီရော၊ နော်မန်ကျောင်းရော မနေ့က ကျွန်တော် တို့ ကြည့်ခဲ့ပြီးပါပြီ။ သို့သော် ယခုလို သတင်းအစအန ထပ်ရသောအခါ ပြန်သွားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ နော်မန်ကျောင်းအုပ်ဆရာမကြီးမှာ သူ့ ကျောင်းထဲ အဝင်မခံရုံမက ဓာတ်ပုံပင် အရိုက်မခံ၍ ထပ်သွားရမှာ အဆင်မပြေ ကြောင်း ကျွန်တော်တို့က ညည်းညူကြရာ တီတီစီ ကျောင်းအုပ်ဆရာမကြီးနှင့် အခြေခံပညာဦးစီးဌာနမှ ဆရာတစ်ဦးက သူတို့ လိုက်ပြောပေးပါ့မည်ဟု ပြော ကာ စေတနာ့အကျိုးဆောင် လိုက်ပါ ကူညီပါသည်။ ဓာတ်ပုံထဲမှ အဆောက်အအုံ နှင့် တိုက်ကြည့်သောအခါ နော်မန်ကျောင်းနှင့် အတော်ကြီး ကွဲလွဲနေပါသည်။

ထို့ကြောင့် ဂျီတီစီ ခေါ် (Government Technical School) သို့ သွားကြပါသည်။ ထိုအဆောက်အအုံနှင့် ဝင်းကြီးတစ်ခုလုံးမှာ ယခုအခါ သားဖွားသင်တန်းကျောင်းနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီး ဖြစ်နေပေပြီ။ မနေ့

က ဤဆေးရုံကြီးဝင်းထဲသို့ ကားဖြင့် တစ်ခေါက် ရောက်ခဲ့သော်လည်း ပင်မ ဝင်ပေါက်မှ ကားမောင်း၍ ဝင်လာခဲ့သဖြင့် ရှေးဟောင်းအဆောက်အအုံကြီးကို မတွေ့ခဲ့ပါ။ ထိုရှေးဟောင်းအဆောင်ကြီးကို မျှင်းပြိုင်သဖွယ် ဆောက်ထားသော တိုးချဲ့အဆောင်များကိုသာ ကျွန်တော်တို့ မြင်ခဲ့ရခြင်း ဖြစ်သည်။

"ဂျီတီစီ ကျောင်းဟောင်းက ဒါပဲ"

ဟု ဆရာမကြီးဒေါ်ခင်မြသက်က ကျွန်တော်တို့ကို အဆောင်တစ်ခုကို ညွှန်ပြရင်း ပြောလိုက်သည်။ သူ ညွှန်ပြသော အဆောင်မှာ ယခုအခါ သူနာပြုဆရာမများ ဘော်ဒါဆောင်အဖြစ် အသုံးပြုထားလေသည်။ ကျွန်တော်သည် မျက်စိရှေ့မှာ မြင်ရသော အဆောင်ကြီးနှင့် ဓာတ်ပုံထဲမှ တီတီစီကျောင်းကြီးကို တိုက်ဆိုင်စစ်ဆေးကြည့်ရာ ရာခိုင်နှုန်း တော်တော်များများ ဆင်တူပေသည်။ အထူးသဖြင့် ထောင့်ချိုးတစ်ခုတွင် အုတ်ကို သစ်သားတန်း ညှပ်၍ ထည့်ထားပုံမှာ တိုင်လုံးရေ အတိအကျ တူညီလှသည်။ ခန်းဖွင့်တစ်ခုတွင် အလျားလိုက် သစ်သားတန်း သုံးတန်း၊ ဒေါင်လိုက် သစ်သားတန်း သုံးတန်း မြှုပ်ထားပုံမှာ တထေရာတ်ည်း တူလှသည်။ သို့သော် ကျွန်တော်တို့ စိတ်ကို မတင်မကျ ဖြစ်ရပုံမှာ ပုံဟောင်းထဲက အဆောက်အအုံမှာ ပေ ၂၀၀ ခန့် ရှည်သော အဆောက်အအုံ ဖြစ်ပြီး ယခု တွေ့ရသော အဆောက်အအုံမှာ ပေ ၈၀ ခန့်ပဲ ခန်းဖွင့်အရှည် ရှိပါသည်။ ဗီသုကာပုံစံ ခပ်ဆင်ဆင်တူသော အဆောက်အအုံလားဟု သံသယဖြစ်ကြရသည်။

ပို၍ ရှင်းလင်းသေချာသွားအောင် အဆောင်ကို တစ်ပတ် ပတ်၍ ကြည့်ပါရစေ ဆိုတော့ သဘောကောင်းသည့် အဆောင်မှူး သူနာပြုဆရာမကြီး (မေထရွန်)က ခွင့်ပြုပါသည်။ ကျွန်တော်၊ တိုးရစ်လင်မယား၊ ကားဆရာတို့ အဆောင်ကို နောက်ဘက်အထိ လှည့်ပတ်ကြည့်ကြသည်။ ပေါ်တီကို အောက်သို့ ရောက်သောအခါ ကျွန်တော့်ခေါင်းထဲမှာ ထူးခြားမှုတစ်ခုကို စမြင်သဖြင့် ဓာတ်ပုံဟောင်းကို ပြန်ကြည့်မိသည်။ ဓာတ်ပုံ၏ လက်ဝဲဘက်တွင် ဆင်ဝင်ကဲ့သို့ ပင်မဝင်ပေါက်ကြီး ရှိသည်။ ယခု ကျွန်တော် ရောက်နေသော နေရာသည် ထိုနေရာ ဖြစ်မည်။ ထုံးစံအတိုင်း နံရံတွင် မြှုပ်ထားသော သစ်သားတန်းများ၏ အရေအတွက်နှင့် တည်နေပုံကို စစ်ရသည်။ အားလုံး ကွက်တိပင် ဖြစ်သည်။ သစ်သားတန်းများ အလယ်ရှိ ပြတင်းပေါက်က ပါလာ၍ တူနေသည်။ တိုက်ဆိုင်မှုသက်သက်တော့ မဖြစ်နိုင်တော့။

နောက်ထပ် သက်သေတစ်ခုမှာကား ၁၉၅၄ က အုပ်စုလိုက် စုရိုက်ထားသော ဓာတ်ပုံ၏ နောက်ခံတွင် သစ်သားနှင့် မှန်ကွက်ကျားထားသော ပြတင်းပေါက် သုံးပေါက် ပါရှိရာ လက်ရှိအဆောက်အအုံတွင်လည်း အပြင်မှ သံဆန်ခါများ ထပ်တပ်ထားသည်မှအပ မူလ ပြတင်းပေါက်အတိုင်း အတိအကျ တွေ့ရချေသည်။ ဥပမာ တံခါးရွက်တစ်ခုတွင် လေးထောင့်ပုံ သစ်သားကွက် ရှစ်ကွက် ရှိပြီး အပြင်တွင်လည်း အတိအကျ ရှစ်ကွက် တွေ့ရသည်။ လေဝင်ပေါက် မှန်တံခါး၌ သစ်သားချောင်း လေးချောင်း ကန့်လန့်ဖြတ် ဓာတ်ပုံထဲမှာ ပါလျှင် အပြင်မှာလည်း လေးချောင်း အတိအကျ တွေ့ရ၏။ အသေးစိတ် စစ်ဆေးကြည့်လေလေ တူလေလေ ဖြစ်ပေသည်။ ကျွန်တော်သည် တိုးရစ်လင်မယားကို ခေါ်ကာ တစ်ချက်ချင်း ဓာတ်ပုံနှင့် တိုက်၍ ရှင်းပြလိုက်ရာ သူတို့ ဝမ်းသာအားရ ထခုန်ကြ၏။

ရှည်ရာမှ တိုသွားသော အဆောက်အအုံကြီး အကြောင်းကိုကား ကျွန်တော် ရှင်းမပြတတ်။ ထို့ကြောင့် အဆောင်၏ အစွန်ဆုံးသို့ ရောက်အောင် သွားတော့မှ အဖြေတွေ့ပါသည်။ လွန်ခဲ့သော ၅၈ နှစ်ခန့်က မြေများ ပေါချင် တိုင်း ပေါကာ ဖုန်းဆိုးမြေကြီးသဖွယ် ဖြစ်ခဲ့သော ကွင်းပြင်ကျယ်ကြီးသည် ယခုအခါတွင်တော့ အိမ်ဝင်း အိမ်ခြံများနှင့် ပြည့်သိပ်ကာ သူ့ခြံ၊ ကိုယ့်ခြံ၊ သူ့ဝင်း၊ ကိုယ့်ဝင်းဟု အစိတ်စိတ်အမြွာမြွာ ဖြစ်လာခဲ့ပေပြီ။ ဤခြံဝင်းကြီးသည်လည်း ဆရာဝန်များ အဆောင်၊ လူနာအဆောင်၊ စာသင်ခန်း စသည်ဖြင့် ဝင်းခြံများ သီးခြားသတ်မှတ်ကြသည်တွင် တစ်ဖက် ခြံဝင်းအတွင်းသို့ ကျရောက်သွားသော ကျောင်းဆောင်ကြီး၏ တစ်ဝက်ကို ဖြိုချ ဖျက်ဆီးပစ်လိုက်ဟန် တူပေသည်။ တစ်ဝက်လောက်မှ တိတိရိရိ ဖြတ်ချ၍ အသစ်ပြန်လည် တပ်ဆင်ထားသော ပိုက်လုံးများ၊ အင်္ဂတေများက ကျွန်တော်၏ အဆိုကို ပိုမိုခိုင်မာပါစေတော့သည်။ သူများ ပြောသမျှ အလွယ်တကူ မယုံတတ်သော နိုင်ငံခြားသားကြီးလည်း ကျွန်တော် အထောက်အထားနှင့် ပြသည်ကို ကျေနပ်ဝမ်းမြောက်စွာ လက်ခံလိုက်လေတော့သည်။

''၁၉၅၄ ခုနှစ်က ရိုက်ကူးခဲ့သော ဓာတ်ပုံထဲမှ ဆရာအတတ်သင် ကောလိပ်ကျောင်းကြီးမှာ ယခု မန္တလေးမြို့ ၆၈ လမ်းရှိ သားဖွားသင်တန်း ကျောင်းဆောင်ပါတကား''

ဘီယာဆိုင် ဖြစ်နေသည် ဆိုသော သူ ငယ်စဉ်က နေခဲ့သည့် အိမ်ကို လည်း ပြန်သွားကြည့်ကြသည်။ ထိုအိမ်သည် ၃၂ လမ်း (၆၇/၆၈ ကြား)မှာ ရှိသဖြင့် အိမ်နှင့် တိတိစီကျောင်း နီးသဖြင့် နံနက်တိုင်း စက်ဘီးနှင့် သွားရပါသည် ဆိုသော အချက်နှင့်လည်း ကိုက်ညီနေပေသည်။ အချို့ပေါ် သကာဆင့် ထပ်တွေ့ရသည်မှာကား သူ့အိမ်နှင့် မျက်စောင်းထိုး လမ်းထောင့်တွင် ရှေး အုတ်တံတိုင်းဟောင်းတွေနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း တွေ့ရာ ထိုဘုန်းကြီး ကျောင်းထဲမှ ဘုရားတစ်ဆူကို မြင်သည်နှင့် သူ ငယ်ငယ်က တွေ့ခဲ့ရသော ဘုရားမှာ ဤဘုရား ဖြစ်ပါသည်ဟု ငယ်ဘဝကို ပြန်အမှတ်ရလာခြင်းပေတည်း။

ထိုနေ့က မစ္စတာဒူပယ်သည် ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ကာ-

"မစ္စတာညီ... မင်း စုံထောက်ဘက်ကို မဝင်လိုက်တာ တိုင်းပြည်မှာ ရှားလေ့ဟုမ်းတစ်ယောက် ဆုံးရှုံးနစ်နာရတာပါပဲ"

ဟု ပြောဆိုလေသည်။

"နေပါစေ မစ္စတာဒူပယ်... ကျွန်တော်သာ စုံထောက်တစ်ယောက် ဖြစ်ခဲ့ရင် ခင်ဗျားတို့နဲ့ အခုလို ဘယ်တွေ့ရပါ့မလဲ၊ အခုကိစ္စမှာလည်း ကျွန်တော် တော်တာထက် အားလုံးက ဝိုင်းပြီး ကူညီကြလို့ အောင်မြင်တာပါ။ ခင်ဗျား မျှော်လင့်ချက်တွေ ပြည့်လို့ ဝမ်းသာပါတယ်၊ ကျွန်တော်ကတော့ ဧည့်လမ်းညွှန် ဖြစ်ရတာကိုပဲ ဂုဏ်ယူပါတယ်"

"ငါ့အဖေ မသေခင်က သားရယ်၊ အဖေတို့ မြန်မာပြည်မှာ နေခဲ့တဲ့ အိမ်နဲ့၊ အဖေ စာသင်ခဲ့တဲ့ကျောင်းကို တစ်ခေါက်လောက်တော့ ရောက်အောင် သွားဖို့ ကတိပေးစမ်းပါလို့ မှာခဲ့တာကို ဖြည့်ဆည်းပေးနိုင်ခဲ့လို့ အရမ်းဝမ်းသာ ဂုဏ်ယူပါတယ်"

ဟု ယခုအခါ အသက် ၆၉ နှစ်ရှိပြီဖြစ်သော မစ္စတာအီဗန်ဒူပယ်က အတိတ်ကို တမ်းတကာ ဆွေးဆွေးမြည့်မြည့် ပြောလိုက်ပါတော့သည်။

ဩော်... ရှေးယခင်ကနှင့်... ယခု မန္တလေး
အရာရာ ပြောင်းလဲသွားပါပကော...။

***Real Lives, Real Stories* မဂ္ဂဇင်း၊**
ဖေဖော်ဝါရီလ၊ ၂၀၁၃ ခုနှစ်။

■

နိုင်ငံခြားသားများနှင့် ၂၀၁၀ မြန်မာသက်ဆိုင်

သက်ဆိုင်သည် ပူပြင်းခြောက်သွေ့သော ကာလ ဖြစ်သဖြင့် နိုင်ငံခြားသားများ အလာကျဲသော ကာလတွင် ပါဝင်သည်။ များသောအားဖြင့် ဧည့်လမ်းညွှန်များသည် ဧပြီလတစ်ဝိုက်တွင် အလုပ်ပါးတတ်သည်။ ကျွန်တော်သည်ပင် ဧည့်လမ်းညွှန်လုပ်သက် ၁၅ နှစ်အတွင်း သက်ဆိုင်တွင်းမှာ သုံးခါသာ အလုပ်တာဝန်နှင့် ခရီးသွားဖူးသည်။ ပထမအခေါက်က ၁၉၉၆ တွင် အင်္ဂလိပ်လူမျိုး ၁၆ ယောက်နှင့် ခရီးသွားရခြင်း၊ နောက်တစ်ခေါက်က ၂၀၀၃ ဧပြီလတွင် ဩစတြေးလျလူမျိုး ၁၀ ယောက်နှင့် ယခု နောက်ဆုံးအခေါက်ကတော့ ၂၀၁၀ သက်ဆိုင်မှာ ဖြစ်သည်။ အမေရိကန် တစ်ယောက်၊ ကနေဒါ သုံးယောက်၊ စုစုပေါင်း တိုးရစ် လေးယောက်နှင့် ခရီးသွားရခြင်း ဖြစ်သည်။ တိတိကျကျ ဆိုရသော် လင်မယားနှစ်ယောက်နှင့် ကလေးနှစ်ယောက် ဖြစ်သည်။ လင်ဖြစ်သူက အမေရိကန်နိုင်ငံသား တရုတ်လူမျိုး Mr.Stanley Wang ၊ ဇနီးဖြစ်သူက ကနေဒါသူအစစ် ဖြစ်၍ မွေးလာသော ကောင်လေးနှစ်ယောက်မှာ အရှေ့တိုင်းသွေး တစ်ဝက်၊ အနောက်တိုင်းသွေး တစ်ဝက် နှောထားသော တရုတ်၊ ကနေဒါ ကပြားလေးများ ဖြစ်ကြသည်။

အကြီးကောင် Sebastian က အသက် ဆယ့်သုံးနှစ်၊ အငယ်ကောင်လေးက Christian က ဆယ့်တစ်နှစ်။ သူတို့က ကလေးပီပီ ပင်လယ်ကမ်းခြေတွေကို စိတ်ဝင်စားသည်။ တစ်ယောက်နှင့် တစ်ယောက် လောင်းကြ၊ ပက်ကြ အပက်ခံကြရသော မြန်မာ့ရိုးရာ ရေသဘင်ကို စိတ်ဝင်စားသည်။ ထို့ကြောင့် သင်္ကြန်ရေပက်မည့် ရက်ကို ချိန်ကိုက်၍ မြန်မာပြည်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ သူတို့နှင့် ကျွန်တော် အတူသွားလာခဲ့ကြသော ခရီးစဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဧပြီ ၁၄၊ ၂၀၁၀ (သင်္ကြန်အကျန်နေ့)၊ ရန်ကုန်မြို့။

Park Royal ဟိုတယ်တွင် နိုင်ငံခြားသား မိသားစုနှင့် တွေ့ဆုံရန် ချိန်းထားသဖြင့် မြောက်ဥက္ကလာအိမ်မှ နံနက် ၈ နာရီတွင် ထွက်လာခဲ့၏။ ယနေ့သည် သင်္ကြန်အကျန်နေ့ ဖြစ်၍ မနေ့ကတည်းက တာစူနေခဲ့သော ရန်ကုန် သင်္ကြန်မှာ သက်ဝင်လှုပ်ရှားလို့ နေလာခဲ့ချေပြီ။ နိုင်ငံခြားသားများကို ဘယ်တွေ လိုက်ပို့ရင် ကောင်းမလဲဟု ကားပေါ်တွင် တစ်လမ်းလုံး စဉ်းစားလာမိသည်။ ယမန်နှစ်က အလွန်စည်ကားခဲ့သော အင်းလျားလမ်းမှာ ယခုနှစ် ရေကစား မဏ္ဍပ် ဆောက်ခွင့်မပြုတော့။ ကန်တော်ကြီး ကန်ပတ်လမ်းမှာ မဏ္ဍပ်များ ဆောက်ခွင့်ပြုထားသဖြင့် အလွန်စည်ကားမည်ဟု လူတွေက ပြောနေကြသည်။ အချိန်အနည်းငယ် စောနေသဖြင့် ကန်တော်ကြီး ကန်ပတ်လမ်း ယာဉ်ကြော အနေအထားနှင့် ရေကစားမဏ္ဍပ်များ အနေအထားကို မျက်မြင်ကိုယ်တွေ့ ကြို၍လေ့လာမည်ဟု စိတ်ကူးပြီး နံနက် ၈း၃၀ တွင် ကန်ပတ်လမ်းထဲသို့ ဦးထွောင်ဗိုလ်ကုန်း အဝိုင်းဘက်မှ ကွေ့ဝင်သွားမိ၏။ မိနစ်ပိုင်းအတွင်းမှာပင် ကျွန်တော်သည် အမှားတစ်ခုကို ကျူးလွန်လိုက်မိပြီ ဆိုတာကို သဘောပေါက် လိုက်သည်။ နံနက်စောစောမို့ ယာဉ်ကြောရှင်းမည် အထင်နှင့် ကန်ပတ်လမ်း ထဲသို့ ဝင်လာခဲ့မိရာ ဝင်လာခါစ တိရစ္ဆာန်ရုံ ဝင်ပေါက်ရှေ့သို့ မရောက်မီမှာ ပင် ရှေ့မှ ကားများ တန်းစီ ရပ်ထားကြတာ တွေ့ရပါသည်။ ဆက်တိုက်ဆိုသလို ကျွန်တော်တို့ကားနောက်မှ အခြားကားများလည်း ဆက်တိုက် ရောက်လာရာ ကျွန်တော်တို့မှာ ရှေ့လည်း တိုးမရ၊ နောက်လည်း ဆုတ်မရဘဲ ကားတန်းထဲ ဝယ် ပိတ်မိသွားပါသည်။ နံနက် ၈း၃၀ သာ ရှိသေးသော်လည်း မဏ္ဍပ်များက

စတင်ဖျော်ဖြေကာ ရေပက်နေကြသဖြင့် လမ်းများ ပိတ်ဆို့ကာ ယာဉ်ကြော ပိတ်ဆို့မှု ဖြစ်ကုန်ခြင်း ဖြစ်သည်။ ဒါတောင် သက်ဆိုင်ရာ ကန်ပတ်လမ်းကို သကြိန်တွင်း၌ တစ်လမ်းမောင်းစနစ်ဖြင့် ကြေညာထားသဖြင့် တော်သေးသည်။ အချို့ကားများက ကန်ပတ်လမ်း လမ်းလယ်ကျွန်းကို ကျော်ဖြတ်ပြီး တစ်ဖက် ယာဉ်ကြောထဲသို့ ပြောင်းကာ မောင်းသွားကြသည်။ ကျွန်တော်တို့လည်း သူများ လုပ်သလို လိုက်လုပ်ကာ ယာဉ်ထိန်းရဲများကို တောင်းပန်ပြီး မြေပဒေသာ ကျွန်းထဲမှ ပတ်ကာ လမ်းမကြီးပေါ်သို့ အမြန် ပြန်ထွက်ခဲ့ရပါသည်။ ယာဉ်ကြော ပိတ်ဆို့မှုကိုကား ကောင်းစွာ သဘောပေါက်သွားချေပြီ။ ချိန်းထားသော ဓ နာရီအတိတွင် သမ္မတရုပ်ရှင်ရုံဘေးရှိ ပါ့(ခ်)ရွိုင်ရယ်ဟိုတယ် ဆင်ဝင်အောက်သို့ ကားထိုးဆိုက်လိုက်နိုင်သဖြင့် ခုမှ သက်ပြင်းချနိုင်၏။

တိုးရစ်မိသားစုကို တင်ခေါ်လာကာ ကားကို ကန်တော်ကြီး ကန်ပတ်လမ်းဆီသို့ပင် ပြန်မောင်းလာခဲ့၏။ ဦးထောင်ဗိုလ်ကုန်း အဝိုင်းသို့ မရောက်မီ ကားရပ်၍-

"ကားနဲ့ ဝင်လို့ မလွယ်ဘူး၊ ရှေ့မှာ ယာဉ်ကြောပိတ်ဆို့နေတယ်၊ ခြေကျင် လျှောက်ကြည့်ကြစို့"

ဟု ပြောကာ တိုးရစ်များအား ခေါ်လာခဲ့၏။ ရေပက်ခံ ထွက်လာသူများက ပို၍ စည်ကားရှုပ်ထွေးလာခဲ့ချေပြီ။ ကန်ပတ်လမ်းတစ်လျှောက်ဝယ် တန်းစီ ရပ်ထားသော ရေပက်ခံကားများနှင့်အတူ ကြက်ပျံမကျ ပြည့်နှက်နေသော လူပင်လယ်ကြီးကို တွေ့ရ၏။ ယခင် ငါးပြတိုက်အဟောင်း ဝင်းထဲဝယ် ဆူညံနေသော တေးဂီတသံများနှင့်အတူ အလွန်ကြီးမားသော မဏ္ဍပ်ကြီးပေါ်မှ ရေပိုက်ပေါင်းများစွာဖြင့် တစ်ပြိုင်နက် ထိုးပက်နေကြသည်ကို တွေ့ရသဖြင့် ကျွန်တော်တို့ ခြေထောက်များက အလိုလို ထိုမဏ္ဍပ်ဆီသို့ ရောက်သွားသည်။ မဏ္ဍပ်ရှေ့မှ ဖြတ်လျှောက်လာသောအခါ ဧရာမ ရေတံခွန်ကြီးတစ်ခု အောက်၌ ဖြတ်၍ လမ်းလျှောက်ရသလို တဝုန်းဝုန်း ရေကျသံများနှင့် ရွံရွံစိုသွားသည်။ ခရစ်ရှန် ဆိုသော အငယ်ကောင်လေးက သူ့လက်ထဲမှ ရေသေနတ်ဖြင့် ရေပိုက်ကိုင်ထားသူများကို အားကျမခံ ပျော်ရွှင်စွာ ပြန်ပက်နေသည်။ သူ့ဖခင် မစ္စတာဝေါင်မှာ အသက် ၄၅ နှစ်ခန့် လူလတ်ပိုင်း တစ်ယောက် ဖြစ်ပြီး ကခုန်ရတာ အတော်ဝါသနာပါပုံရသည်။ ငါးပြတိုက်ရှေ့ မဏ္ဍပ် (မဏ္ဍပ်အမည်မှာ Zone

ဟု ထင်ပါသည်)တွင် မြူးကြွသော ဂီတသံနှင့်အတူ သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် ကခုန်နေကြသဖြင့် သူ့ကို စောင့်ခေါ်ရသည်။ ကန်ပတ်လမ်းထဲ၌ မဏ္ဍပ်ပေါင်းများစွာကို ဖြတ်ကျော်လာကြသည်။ ရေပက်ခံ ထွက်လာသူများက ကျွန်တော့် ဦးသည် တိုးရစ်မိသားစုကို ဖော်ရွေစွာ အော်ဟစ် နှုတ်ဆက်ကြသည်။ အချို့က ရေလောင်းသည်။ အချို့က မုန့်များ ကျွေးသည်။ အချို့က ယစ်ရွေရည် ပုလင်းကို လက်ဆောင်အဖြစ် ပေးမော့သည်။ မစ္စတာဝေါင်ကလည်း လက်မနှေးဘဲ တစ်ခွက် တစ်ဖလား ချသည်။ ရယ်မောသံများဖြင့် အော်ဟစ် ဆူညံနေကြသည်။

ထို့နောက် ဆီဒိုးနားဟိုတယ်ရှေ့ရှိ T.Home မဏ္ဍပ် ထုံးစံအတိုင်း မြူးကြွသော ဂီတ၊ တဖွားဖွား ကျလာသော ရေများ၊ လူပင်လယ်ကြီး၊ ကခုန်နေသော ပရိသတ်၊ ကျပ်ပိတ်နေသော ကားများ၊ အဆိုတော် အရိုး၏ သီချင်းသံက ကြားရ တစ်ချက်၊ မကြားရ တစ်ချက်။ ကျွန်တော်ကတော့ နိုင်ငံခြားသားကလေး နှစ်ယောက် လူကွဲပြီး ပျောက်သွားမှာကို စိုးရိမ်သဖြင့် ကျွန်တာတွေကို စိတ်မဝင်စားနိုင်။ သူတို့ကိုပဲ မျက်ခြည်မပြတ်အောင် ကြည့်နေမိသည်။ လမ်းပိတ်ဆို့နေသဖြင့် ကားကို ခပ်လှမ်းလှမ်းမှာ ရပ်ခိုင်းကာ မဏ္ဍပ်၏ ဟိုဘက်ထိပ် မြက္ကန်းသာ ပန်းခြံထောင့်မှ လာကြိုခိုင်းရသည်။ ထုံးစံအတိုင်း Stanley Wang မှာ မဏ္ဍပ်ရှေ့တွင် ရေပက်ခံရင်း ကခုန်နေသည်။ သူ့မိန်းမက တပြုံးပြုံးနှင့် သူ့ယောကျ်ားး ပျော်ရွှင်တာကို ကြည့်နေသည်။ ကလေးနှစ်ယောက်ကလည်း သူများတွေ ရေပက်တာကို ကြည့်ပြီး ပျော်နေကြသည်။

၄င်းနောက် ပြည်လမ်း ခြောက်မိုင်ခွဲရှိ Air Bagan ရေကစားမဏ္ဍပ်သို့ သွားကြည့်ကြသည်။ Emperor တေးဂီတနှင့်အတူ ဧော်ဝင်းထွဋ်က သီချင်းတစ်ပုဒ်ပြီး တစ်ပုဒ် အားရပါးရ သီဆိုဖျော်ဖြေနေသည်။ ရေပက်ခံကားပေါ်မှ လူငယ်နှင့် လူလတ်ပိုင်းများက တိုးရစ်များအား-

Hello!
Happy New Year!
Nice to meet you!
How are you?
Where do you come from?

စသည်ဖြင့် တစ်ယောက် တစ်ပေါက် အင်္ဂလိပ်လို နှုတ်ဆက်ကြ၏။ ကနေဒါနိုင်ငံသူ Mrs.Bonita က-

"မြန်မာပြည်က လူတွေဟာ လူတိုင်းလောက်နီးပါး အင်္ဂလိပ်လို ပြော တတ်ကြတယ်၊ ထိုင်းတွေထက် အများကြီး သာတယ်၊ ငါတို့က ထိုင်းမှာ နေနေ တာ ငါးနှစ် ကျော်ပြီ"

ဟု ပြောသည်။

"ဟုတ်တယ်၊ အကျွမ်းကျင်ကြီး မဟုတ်ပေမယ့် ထမင်းစား ရသောက် လောက်တော့ တော်တော်များများ ပြောတတ်ကြတယ်၊ သူငယ်တန်းထဲကတို့ဆီ မှာ အင်္ဂလိပ်စာ သင်ရတယ်"

ဟု ရှင်းပြလိုက်သည်။

"လူတွေကလည်း ဖော်ရွေယဉ်ကျေးတယ်နော်၊ ငါတို့ နိုင်ငံခြားသား တွေကို စကားလာပြော၊ နှုတ်ဆက်ကြပေမယ့် လိုတာထက် ဘောင်မကျော် ဘူး၊ မရိုင်းကြဘူး"

နိုင်ငံခြားသားများကား မြန်မာလူမျိုးနှင့် မြန်မာသက်ိန်ကို သဘောကျ သွားလေပြီ။ ရေပက်ခံကားတစ်စီးက လိုက်ခဲ့ဖို့ ခေါ်သဖြင့် မစ္စတာဝေါင်နှင့် အငယ်ကောင်လေး ခရစ်ရှန်တို့ ကားပေါ် တက်လိုက်သွား၏။ ကားက ခပ် ဖြည်းဖြည်း ရွေ့ကာ ရေပက်ခံနေသည်။ ကျွန်တော်၊ အကြီးကောင် ဆဗက်ရှန် နှင့် မိခင်ဖြစ်သူတို့က တရွေ့ရွေ့ ခြေကျင်လျှောက်သည်။ ရေကစားမဏ္ဍပ် ကျော်တော့ ကားရပ်ပေးသဖြင့် သားအဖနှစ်ယောက် ပြန်ဆင်းလာကြသည်။

နေ့လယ်ပိုင်း နေပူသဖြင့် ဟိုတယ် ပြန်ပြီး ခဏနားကြသည်။ ညနေ ၃ နာရီလောက်ကျတော့ မြို့တော်ခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်သို့ သွားကြည့်ကြသည်။ ထို့နောက် ပန်းဆိုးတန်း အောက်ဘလောက်ရှိ ဆိပ်ကမ်းအာဏာပိုင် ရေကစား မဏ္ဍပ်၊ ထို့နောက်မှာတော့ မနက်က လူကျပ်သဖြင့် မရောက်လိုက်သော ကန်တော်ကြီး ကန်လတ်လမ်း၊ ကရိုက်ဝင်ပေါက်ထိပ်ကို သွားကြသည်။ ကန်တော်လေး မဆလာစက်မှတ်တိုင်မှာ ကားရပ်၍ ခြေကျင်လျှောက်ကြသည်။ ဒီညနေတော့ Mrs.Bonita က လိုက်မလာ။ သူ့ယောကျ်ားနှင့် ကလေး နှစ်ယောက်သာ ကျွန်တော်နှင့် ထည့်လိုက်သည်။ ကန်ပတ်လမ်းပေါ်ဝယ် လူတွေ က မနက်ကထက် များနေသည်။ သိမ်ဖြူကွင်းထဲဝယ် ရခိုင်ရိုးရာ ရေကစား

မဏ္ဍပ်ကို တွေ့ရသည်။ ထိုလမ်းထောင့်က ရေကစားမဏ္ဍပ်က ပို၍စည်ကား သည်။ မဏ္ဍပ်က တော်တော်ကြီးသည်။ ဒီဂျေ သီချင်းဖွင့်သံ တဒုန်းဒုန်းက သွက်လက်မြူးကြွနေသည်။ မစ္စတာဝေါင်က ထုံးစံအတိုင်း မဏ္ဍပ်ရှေ့က လူအုပ်နှင့် ရောရှ၍ ပျော်ပျော်ပါးပါး ကခုန်နေသည်။ ကျွန်တော်ကတော့ တိုးရစ်ကလေး နှစ်ယောက်နှင့် စင်ရှေ့ မလှမ်းမကမ်းမှ ရပ်ငေးကြည့်နေရင်း ကင်မရာကို ထုတ်ကာ ဓာတ်ပုံများ တဖျပ်ဖျပ် ရိုက်နေမိသည်။ လူပင်လယ်ကြီးမှာ လှိုင်းလုံးကြီး တွေ အိသလို ကနဲပတ်လမ်းတစ်ခုလုံး ပြည့်နေသည်။ ကျွန်တော်တို့ ရောက်နေသော မဏ္ဍပ်မှာ ကရိုက်ဝင်ပေါက်နှင့်တည့်တည့် ဖြစ်၍ လူ အလွန်စည်ကား သည်။ (နောက်မှ ကျွန်တော် ရိုက်ခဲ့သော ဓာတ်ပုံများကို ကြည့်၍ ဤမဏ္ဍပ်မှာ X_2O ရေကစားမဏ္ဍပ်ဟု သိရပါသည်။)

အချိန်အတော်ကြာ ကခုန်ပြီးသောအခါ ကန်ပတ်လမ်းကို လျှောက် ကြည့်ရန် မစ္စတာဝေါင်ကို ခေါ်ရပါသည်။ ကရိုက်ထဲမှ ဖြတ်လျှောက်မည် ဟု ကြံ၍ သူ့ထံမှ ကရွတ်ဝင်ကြေးငွေ တောင်းခံလိုက်ပါသည်။ ထိုအခါ မစ္စတာဝေါင်သည် မျက်နှာပျက်ပျက်နှင့်-

"ငါ့မှာ ပိုက်ဆံမရှိတော့ဘူး၊ မဏ္ဍပ်ရှေ့မှာ ကနေရင်းနဲ့ ငါ့ဘောင်းဘီ အိတ်ထဲက ပိုက်ဆံ ခါးပိုက်နှိုက်ခံလိုက်ရပြီ"

ဟု ပြောပါသည်။

"ဘယ်လောက် ပါသွားလဲ"

"မြန်မာငွေ နှစ်သောင်း"

"ဒေါ်လာတွေရော ပါသွားလား"

"ဟင့်အင်း"

"ပတ်စပို့တွေရော"

"မပါသွားဘူး၊ ဟိုတယ်မှာ ထားခဲ့တယ်"

ထိုအခါမှ ကျွန်တော့်မှာ သက်ပြင်းချမိသည်။ ခါးပိုက်နှိုက်ခံရတာ မကောင်းသော်လည်း မြန်မာကျပ်ငွေ နှစ်သောင်းနှင့် ကိစ္စပြတ်သွားသဖြင့် တော်သေးသည်ဟု မှတ်ရမည်။ ကိုယ်ကပဲ အိတ်စိုက်လုပ်ကာ ကရိုက်ဝင်ခွင့်၊ ရောသန့်ဘူးနှင့် ကော်ပြန်များ ဝယ်ကျွေးလိုက်သည်။ ငါ မနက်ဖြန်ကျ ပြန်ပေး ပါ့မယ်ဟု တိုးရစ် မစ္စတာဝေါင်က တဖွဖွ ပြောသည်။ ကန်ပတ်လမ်း ဆုံးအောင်

လျှောက်ကြည့်ကြပြီး ဖိုးစိန်လမ်းထိပ်တွင် အသင့်စောင့်နေသော ကျွန်တော်တို့ကားနှင့် Park Royal ဟိုတယ်သို့ ပြန်ခဲ့ပါသည်။

ဧပြီ ၁၅၊ ၂၀၁၀ (သင်္ကြန်အကြတ်နေ့)၊ ပုဂံ

Air Bagan လေကြောင်း လေယာဉ်ခရီးစဉ် အမှတ် (W9-009) ဖြင့် ရန်ကုန်မြို့မှ-ပုဂံ(ညောင်ဦး)လေဆိပ်သို့ နံနက် ၆း၃၀ တွင် ထွက်ခွာပျံသန်းလာခဲ့ပါသည်။ ပျံသန်းချိန် တစ်နာရီ ဆယ့်ငါးမိနစ် ကြာမြင့်ပြီး ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိပါသည်။

ထုံးစံအတိုင်း ဧည့်လမ်းညွှန်တစ်ယောက်၏ အချိန်ဇယားအတိုင်း လေဆိပ်မှ ညောင်ဦးဈေးသို့ တန်းလာကာ ပုဂံညောင်ဦးဈေးကို ပြပါသည်။ ညောင်ဦးဈေးကို တောတန်း၊ ဟင်းသီးဟင်းရွက်တန်းမှ စကာ ပြပါသည်။ ညောင်ဦးဈေးသည် ရန်ကုန် ဗိုလ်ချုပ်ဈေး၊ မန္တလေး ဈေးချို့တို့နှင့် မတူ တစ်မူကွဲသော တောဈေးစစ်စစ် ဖြစ်သဖြင့် တိုးရစ်များ (အထူးသဖြင့် အနောက်တိုင်းသားများ) အလွန်နှစ်သက် စိတ်ဝင်စားကြပါသည်။ ညောင်ဦးဈေးတွင် လည်ပတ်ကြည့်ရှုပြီးသောအခါ ရွှေစည်းခုံ၊ ဝက်ကြီးအင်းဂူပြောက်ကြီး၊ ထီးလိုမင်းလို၊ အာနန္ဒာ၊ သဗ္ဗညူ စသော ဘုရားများကို အစဉ်အလိုက် လေ့လာဖူးမြော်ကြပါသည်။

ကျွန်တော်တို့မှာ မနေ့ကမှ ရန်ကုန်သင်္ကြန်တွင် အစည်ကားဆုံး နေရာများကို တစ်နေကုန် လည်ပတ်လာသူများအဖို့ ပုဂံသင်္ကြန်မှာ ခြောက်ကပ်ကပ် နိုင်နေပါသည်။ စောသေးလို့ လူတွေ ရေမပက်ကြသေးတာလားဟု မေးတော့ ကားဆရာက ရယ်သည်။

"ဒါက ပုံမှန် ရေပက်နေကြတာပဲလေ၊ ဒီက သင်္ကြန်ကတော့ ဒီလောက်ပဲ ညောင်ဦးနဲ့ ပုဂံမြို့သစ်တစ်ဝိုက်ပဲ ရေပက်မယ့်သူ ရှိတယ်၊ ရန်ကုန်လိုတော့ ဘယ်ဟုတ်ပါ့မလဲ"

မေးမိတာ ကျွန်တော် အားနာသွားသည်။ ပုဂံသင်္ကြန်သည် ရေပက်ခံကား သိပ်မရှိ။ သင်္ကြန် ရေကစားမဏ္ဍပ်လည်း မရှိသလောက် နည်းသည်။ အများအားဖြင့် မော်တော်ဆိုင်ကယ်များ၊ မြင်းလှည်းများဖြင့် ရေပက်ခံထွက်ကြသူ များသည်။

ညနေဘက် ရောက်သောအခါ ရွှေဆံတော်စေတီအထက်ပစ္စယံထက်မှ ပုဂံမြို့ ရှုခင်းကို ကြည့်ရင်း နေဝင်ချိန်ကို ခံစားကြသည်။ ထိုနေ့က ပုဂံနေဝင်ချိန်မှာ သိပ်မလှပါ။ မိုးအုံ့ပြီး တိမ်ထူထပ်နေသောကြောင့် ဖြစ်သည်။ ထိုသို့ နေဝင်ချိန် ရှုခင်းကို ကြည့်နေခိုက် ဖုန်းသတင်းတစ်ခု ဝင်လာသည်။

'ရန်ကုန် ကန်တော်ကြီးပတ်လမ်းက ရေကစားမဏ္ဍပ်တစ်ခုတွင် ဗုံးပေါက်၍ လူတွေ တော်တော်သေကုန်သည်တဲ့၊ ဒဏ်ရာရသူတွေလည်း ရာနှင့်ချီ၍ ရှိသည်'

ဟု မရေရာသော သတင်းတစ်ခုကို ကြားရသဖြင့် အံ့သြတုန်လှုပ်သွားသည်။ ကန်တော်ကြီးပတ်လမ်းသည် မနေ့ကတင် ကျွန်တော်နှင့် တိုးရစ်များ တစ်မနက်လုံး၊ တစ်ညနေလုံး ရှိနေခဲ့သည့်နေရာ မဟုတ်ပါလား။ ကျွန်တော့် တစ်သက်တွင် မြန်မာ့ရိုးရာ သင်္ကြန်၌ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးအောင် ဤသို့ ယုတ်ယုတ်ကန်းကန်း အကြမ်းဖက် တိုက်ခိုက် ဗုံးခွဲမှုမျိုး တစ်ခါမျှပင် မကြားဖူးပေ။ လူတို့ဝိုင်း လက်ထဲ၌ လက်နက်များ အလွယ်တကူ ရနေနိုင်သော ရောင်စုံသူပုန် သောင်းကျန်းသည့် လွတ်လပ်ရေး ရပြီးကာစ ခေတ်ကပင် ဒီလို အဖြစ်ဆိုးမျိုး မရှိခဲ့။ အင်္ဂလိပ်အဆုတ် ဂျပန်အဝင် ခေတ်ဟုက် နေစဉ်ကလည်း ဤကဲ့သို့ လုပ်ရပ်မျိုး အခါကြီးရက်ကြီးမှာ မရှိခဲ့။ သမိုင်းဝင် အမည်းစက်ကြီး ဖြစ်၍ မဟုတ်ပါစေနဲ့ဟု ဆုတောင်းကာ လက်လှမ်းမီသရွေ့ သူငယ်ချင်းများကို ဆက်သွယ်ကြည့်ရာ အားလုံးထံမှ ဝမ်းနည်းစရာ သတင်းစကားကို တညီတညွတ်တည်း ကြားရသည်။ ကြားရသော သတင်း မှန်သည်တဲ့။ ယခင်အခါများက ကြည့်လိုက်တိုင်း ရင်သပ်ရှုမောလှပခဲ့သည်။ နေဝင်ချိန် မြင်ကွင်းကျယ် ပုဂံရှုခင်းမှာ မလှပတော့။ အော်ဟစ်ညည်းညူသံများ၊ အပြစ်မဲ့ပြည်သူတို့၏ ကူပါ ကယ်ပါ အော်သံများ၊ ယမ်းငွေ့များ၊ ဗုံးဆန်များ၊ သွေးစက်စက်ယိုစီးနေသော သင်္ကြန်ရေများ... အားလုံးက နှလုံးသားကို လေးလံစွာ ဖိစီးထားတော့သည်။

ပုဂံရွှေဆံတော်ဘုရားမှာ ဧည့်လမ်းညွှန်များ၊ ပြည်တွင်း ဘုရားဖူး ဧည့်သည်များ၊ ကျိတ်ကျိတ် ကျိတ်ကျိတ်ဖြင့် ပွက်လောရိုက်ကုန်သည်၊ ဖုန်းသတင်းများ အပြန်အလှန် ဆက်သွယ်ကြသည်။ ရသမျှသော သတင်းကို ဖလှယ်ကြသည်။ ဧည့်သည်များ ထိတ်လန့်သွားမည်စိုးသဖြင့် မည်သည့် ဧည့်လမ်းညွှန်

မှ ကိုယ့်ဧည့်သည်ကို ဤသတင်းဆိုးအား ပြောမပြကြသေး။ နန္ဒာ စားသောက်ဆိုင်၌ ရုပ်သေးကပွဲ ကြည့်ရင်း တိုးရစ်များဖြင့် ညစာ စားကြသည့်အခါ ဧည့်လမ်းညွှန်များ ခေါင်းချင်းရိုက်ကာ ကိုယ် ကြားသိသမျှ ရန်ကုန်သတင်းကို ဖလှယ်ကြပြန်သည်။ ကြားရသူအပေါင်းက အံ့သြသည်။ ပြီးတော့ စက်ဆုပ်သည်။ ထို့နောက် အပြင်းအထန် ရွှတ်ချကြသည်။ ကျွန်တော်တို့အားလုံး သဘောတူသည်ကား ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် အပြစ်မဲ့ ပြည်သူများ၏ အသက်ကို မစတေးထိုက်။ မည်သည့်အဖွဲ့အစည်းက ဘာအကြောင်းကြောင့်ပဲ လုပ်လုပ် ဤလုပ်ရပ်ကို မထောက်ခံနိုင်။ ရွှတ်ချရပေမည်။ ဇာတ်စင်ပေါ်၌ ဦးရွှေရိုးနှင့် ဒေါ်မိုး ရုပ်သေးရုပ်ကလေး နှစ်ရုပ် ကပြအသုံးတော်ခံနေဆဲ။ ဧည့်လမ်းညွှန်များက သူတို့ ဧည့်သည် တိုးရစ်များကို ပြုံးပြနေကြသည်။ သို့သော် သေသေချာချာ ကြည့်လျှင် သူတို့ရင်ထဲမှာ ညှိုးငယ်နေတာ တွေ့နိုင်ပါသည်။

ဧပြီ ၁၆၊ ၂၀၁၀ (သင်္ကြန်အတက်နေ့) ပုဂံ-ရန်ကုန်-ကျိုက်ထီးရိုး

နံနက်စောစော လေယာဉ်ဖြင့် ရန်ကုန်ကို ပြန်ခဲ့သည်။ ကျွန်တော် မပြောသော်လည်း အယ်ဂျာဇီးယား ရုပ်မြင်သံကြားမှ စာတန်းထိုး သတင်းတို အဖြစ် ထုတ်လွှင့်သွားသဖြင့် ဧည့်သည်က သိပြီး ဖြစ်နေသည်။ ဗုံးပေါက်ကွဲသော မဏ္ဍပ်သည် သင်္ကြန်အကျန်နေက ကျွန်တော်တို့ သွားခဲ့သော X_2O မဏ္ဍပ် ဖြစ်နေသည် ဆိုတော့ အံ့သြတုန်လှုပ်ကာ ကံကြမ္မာကို အံ့သြမိသည်။

ရန်ကုန်ကို ပြန်ရောက်တော့ နံနက် ဆယ်နာရီသာသာခန့် ရှိပြီ။ အသင့်စောင့်နေသော ကားဖြင့် ရန်ကုန်လေဆိပ်မှ ကျိုက်ထီးရိုးတောင်ခြေ ကင်မွန်းစခန်းသို့ ချက်ချင်း ခရီးဆက်ခဲ့သည်။ ရန်ကုန်၊ ပဲခူး၊ ဝေါ၊ ကျိုက်ထိုလမ်းတစ်လျှောက်၌ ပျော်ရွှင်စွာ ရေကစားနေကြသူများကို တွေ့ရသည်။ ပဲခူး ကျော်စွာစားသောက်ဆိုင်၌ ခေတ္တရပ်က ထမင်းစားသည်။ နေ့လယ် နှစ်နာရီခွဲတွင် ကင်မွန်းစခန်းသို့ ရောက်၏။ ရသေ့တောင်အထိ ကားစီး၊ ထိုမှတစ်ဖန် လမ်းလျှောက်ကာ ကျိုက်ထီးရိုးတောင်တန်းပေါ်ရှိ တည်းခိုရာ Mountain Top ဟိုတယ်သို့ ညနေ ၄း၃၀ တွင် ရောက်သည်။ ခေတ္တ အမောဖြေပြီး ဆံတော်ရှင် ကျိုက်ထီးရိုးစေတီကို ဖူးမြော်ရန် ထွက်ခဲ့ပါသည်။

ဒီလောက် လေယာဉ် တစ်တန်၊ ကားတစ်တန်၊ လိုင်းကားတစ်တန်၊ လမ်းလျှောက်၍ တစ်ဖုံ ခဲရာခဲဆစ် လာရအောင် ဘာတွေ မြင်ရ တွေ့ရမှာမို့လဲဟု မမေးသော်လည်း သိချင်နေကြသော ကမ္ဘာလှည့်ခရီးသည်များ၏ မျက်လုံးရှစ်လုံးသည် ကမ္ဘာကျော် ကျိုက်ထီးရိုး ဆံတော်ရှင် ကျောက်လုံးတော်ကြီးကို အနီးကပ် တွေ့လိုက်ရသောအခါ ကျန်တော် ရှင်းမပြရပါဘဲ အဖြေကို နားလည်သွားကြပါသည်။ ဘာမှ မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားဖြင့် ဘုရားကျောက်လုံးတော်ကြီးကို သူတို့ ငေးကြည့်နေကြသည်မှာ အတော်ကြာပါသည်။ သင်္ကြန်အတက်နေ့ပင် ဖြစ်သော်လည်း ရင်ပြင်တော်ပေါ်၌ ဘုရားဖူးများဖြင့် အလွန်စည်ကားနေတာ ဝမ်းမြောက်ဖွယ် တွေ့ရပါသည်။ လောကဝယ် မသမာသူ လူတစ်စု ရှိနေသော်လည်း ငြိမ်းချမ်းရေးကို လိုလားသူ လူကောင်းများစွာလည်း ရှိနေကြကြောင်း သက်သေပြနေသလို ခံစားရသဖြင့် တစ်ရက်လုံးလုံး ပူလောင်နေသော ရင်မှာ ချုတ်တရက် အေးချမ်းသွားပါတော့သည်။

သင်္ကြန်အတက်နေ့ဝယ် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ရှိခိုးပူဇော်ဖူးမြော်ရခြင်းသည် မင်္ဂလာရှိလေစွတကား။ ကုသိုလ်ထူးပေစွတကား။

ကံမကောင်း အကြောင်းမလှ၍ သင်္ကြန်အကြတ်နေ့က ဗုံးပေါက်ကွဲရာတွင် ကွယ်လွန်ခဲ့ကြသူတွေ ကောင်းရာသုဂတိသို့ ရောက်ပါစေဟု ကျိုက်ထီးရိုးဆံတော်ရှင်မြတ်ကြီး၌ ဆုတောင်းပေးပါသည်။

သတ္တဝါအားလုံး ကျန်းမာ ချမ်းသာကြပါစေ...။

အကြမ်းဖက်ဝါဒ ကျဆုံးပါစေ။ ■

နွေလယ်အိပ်မက် ကယောက်ကယက်

ပြင်းခြောက်လွှေလှသော နွေရာသီ၏ တစ်နေ့သ၌ ကျွန်တော်သည် မရောက်တာ ကြာပြီဖြစ်သော မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်း ရုံးခန်းရှိရာ ဗိုလ်ဆွန်ပက်လမ်းသို့ အလည်အပတ်သဘော ဝင်ရောက်ခဲ့ရာ အသင်းရုံးခန်းရှေ့တွင် လူတို့ စုရုံးတိုးဝှေ့နေကြသည်ကို တွေ့ရလေ၏။

ကျွန်တော်လည်း လူအုပ်ကို တိုးဝှေ့၍ ကြည့်လိုက်လျှင် 'မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်းကြီးမှ ကြီးမှူးကျင်းပသော ကျပန်းစကားပြောပြိုင်ပွဲ' ဟူသော ဆိုင်းဘုတ်ကို တွေ့ရလေသည်။ အသင်းအမှုဆောင် လူကြီးတစ်ယောက်သည် ကျွန်တော့်ကို တွေ့လျှင် ဝမ်းသာအားရဖြင့်-

"ကိုသရဝဏ် ရောက်လာတာ အတော်ပဲ၊ ကျပန်းစကားပြော ပြိုင်ပွဲ အတွက် လူလိုနေတယ်၊ ကျေးဇူးပြုပြီး တက်ပြောပေးပါဦး"

ဟု မရမက တောင်းပန်လေသည်။ ကျွန်တော်လည်း ငြင်းရ၍မရမှန်း သိသည့်အပြင် ဘာအကြောင်းပဲ မဲကျသည်ဖြစ်စေ အလွယ်တကူဖြင့် ပြောနိုင်မည်ဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိသဖြင့် ချောက်ကျရပေတော့သည်။ မဲလိပ်ကို နှိုက်၍ ဖွင့်ဖတ်လိုက်သည်နှင့် ကျွန်တော့်မျက်စိထဲ ပျာခနဲ ဖြစ်သွား၏။

ရင်တွေလည်း တဒိတ်ဒိတ် ခုန်လာသည်။ မဖြစ် ခံနိုင်ရိုးလား။ ဘယ်သူက အမြင်ကတ်ကတ်ဖြင့် အင်းစိန်သို့ အရောက်ပို့လိုက်သည် မသိ။ ကျွန်တော် မဲကျ၍ ပြောရမည့် ခေါင်းစဉ်ကား-

'ကျွန်တော်သာ သမ္မတ ဖြစ်လျှင်' ဟူသတည်း။

စင်ပေါ် ရောက်မှ မပြောတတ်ဘူးဟု ပြန်ဆင်းလျှင်လည်း အားလုံး ပြောင်လောင်ရှုတ်ချကြမှာကို မခံချင်သဖြင့် ကျွန်တော်လည်း မျက်ကန်း တစ္ဆေ မကြောက် ဇွတ်ကျိတ်ခဲ့ရပေသည်။ အောက်ပါတို့မှာ ကျွန်တော် ကျပန်းစကားပြော ပြိုင်ပွဲ၌ ထင်မိထင်ရာ ပြောကြားခဲ့သော ကပေါက်တီကပေါက်ချာ စကားများ ဖြစ်ပေသတည်း။

♦

အဟမ်း အဟမ်း... အားလုံး မင်္ဂလာပါ။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကျွန်တော်သာ သမ္မတဖြစ်ရင် ပထမဆုံး လုပ်မှာက သမ္မတရဲ့ အကြံပေးအဖွဲ့ကို အရင် အလုပ်က ထုတ်ပယ်မယ်ဗျာ။ ဘာဖြစ်လို့လဲ ဆိုတော့ ယနေ့အထိ သမ္မတကြီးကို ဘာမှ ဟုတ်တိုပတ်တိ အကြံကောင်း ဉာဏ်ကောင်းတွေ ပေးတာ မတွေ့ရသေးလို့ပါပဲ။ တစ်ယောက်ကတော့ ပြောပါတယ်။ မီးမလာရင် ဖယောင်းတိုင်ထွန်းပြီး ဆန္ဒပြမယ့်အစား အဲဒီဖယောင်းတိုင်တွေ ထွန်းပြီး ကိုယ့်အိမ်မှာ ကိုယ် နေပါတဲ့။ ဒေါက်တာဦးမြင့်က ရန်ကုန်တက္ကသိုလ်ကြီးကို ယခင်ကလို ဂုဏ်သိက္ခာ ကြီးမားတဲ့ တက္ကသိုလ်ကြီးအဖြစ် ပြန်လည် အဆင့်မြှင့်တင်ဖို့ စာတမ်းတစ်စောင် ထုတ်ပြန်လိုက်တုန်းက ဒီအကြံပေးအဖွဲ့ဝင်တွေကပဲ သတင်းစာရှင်းလင်းပွဲတွေ လုပ်ပြီး ဒီအကြံဟာ သူတို့နဲ့ မဆိုင်ပါဘူး။ သူတို့ ပြောတာ မဟုတ်ပါဘူး ဆိုပြီး အကျောက်အကန် ငြင်းခဲ့ကြတယ်ခင်ဗျ။ ပြန်တွေးကြည့်ရင် အဲဒီကိစ္စဟာ ရှက်စရာကြီးပါ။ Water Flow, Fish follow ဆိုသလို အစိုးရကို ရေလိုက်ငါးလိုက် လုပ်ပြီး ကိုယ်လွတ်ရုန်းတဲ့ အကြံပေးအဖွဲ့ပါဗျာ။ ရန်ကုန်တက္ကသိုလ်ကြီး အဆင့်မြင့်သွားတော့ရော တိုင်းပြည်အတွက် မကောင်းဘူးလားဗျာ။ နောက်ပိုင်းတော့ ဒေါ်အောင်ဆန်းစုကြည်က လွတ်တော်မှာ ရန်ကုန်တက္ကသိုလ်ကို ပြန်ပြီး အဆင့်မြှင့်တင်ဖို့ တင်တဲ့ အဆိုအနိုင်ရ၊ အမေရိကန်သမ္မတကြီး ဘားရက်အိုဘားမားလည်း တစ်သက်မှာ တစ်ခါဆိုသလို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးထဲမှာ မိန့်ခွန်းပြောတဲ့အထိ

ဖြစ်လာပြီးနောက်မှာတော့ အရင်က ကန့်ကွက်ခဲ့ကြတဲ့ သမ္မတကြီး အကြီးပေး အဖွဲ့လည်း ဟိုလိုလို ဒီလိုလိုနဲ့ အဲဒီကိစ္စကို မပြောတော့ဘဲ ငြိမ်သွားကြတော့ တယ်ဗျ။ ဒါ့ကြောင့် ကျွန်တော်သာ သမ္မတဖြစ်ရင် အကြီးပေးအဖွဲ့ကို အရင် ဖျက်သိမ်းမယ်ဗျာ။

နောက်တစ်ခုက ကျွန်တော်သာ သမ္မတ ဖြစ်ရင် လက်ရှိ တာဝန်ယူ ထားတဲ့ ပြည်ထောင်စုကြီးခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ရာထူးက နုတ်ထွက် မယ်ဗျာ။ ဘာလို့လဲဆိုတော့ လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း (၃)၊ ပုဒ်မ ၆၄ မှာ-

'နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီ တစ်ခုခု၏ အဖွဲ့ဝင် ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ မိမိတို့ ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ'

လို့ အတိအလင်း ပါဝင် ပြဋ္ဌာန်းထားပြီးသား ဖြစ်လို့ စံပြအနေနဲ့ ကိုယ့်ဥပဒေ ကိုယ်က စလိုက်နာပြချင်လို့ပါပဲ။ ဥက္ကဋ္ဌ ရာထူး ယူထားပေမယ့် ပါတီကိစ္စတွေမှာ ဝင်မပါပါဘူးလို့ ပြောရင်တော့ မပါမယ့်အတူတူ ထွက်လိုက်တာ ပိုရှင်းပါတယ်။ ကျွန်တော်က အရာကြီးပါ၊ ကုလားကြီး မဟုတ်ပါဘူးလို့ ပြောတာနဲ့ အတူတူပါပဲ ခင်ဗျ။ ကုလားကြီးသည် အရာကြီး၊ အရာကြီးသည် ကုလားကြီး မဟုတ်ပါလား ခင်ဗျာ။

နောက်တစ်ချက်က ကျွန်တော်သာ သမ္မတကြီး ဖြစ်ရင် တိုင်းပြည်မှာ အဆမတန် မြင့်မားနေတဲ့ အိမ်ဈေး၊ မြေဈေးတွေကို မကျ ကျအောင် ချမယ်ဗျာ။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးလောက်ပဲ ဖြစ်အောင် အစိုးရက ဝင်ပြီး ထိန်းကျောင်း ပေးမယ်ဗျာ၊ အစိုးရက မြေစိုက်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးတွေက လုပ်ငန်း စိုက်ပြီး တိုက်ခန်းတစ်ခန်းကို သိန်း သုံး လေးဆယ်လောက်နဲ့ အဆက်မပြတ် ဆိုသလို အိမ်ပိုင် မရှိသေးသူ မိသားစုတိုင်း ရအောင် အရစ်ကျ ငွေချေစနစ်နဲ့ ရောင်းပေးမယ်ဗျာ။ ဒါဆို လုပ်ငန်းရှင်ကြီးတွေ လက်ထဲမှာ ဘာမှ မလုပ်ဘဲ ကိုင်ထားပြီး ဈေးကစားနေတဲ့ မြေကွက်တွေ ဝယ်သူ မရှိဘဲ ဈေး ထိုးကျပြီး တန်ရာတန်ဖိုး ဖြစ်လာမှာပေါ့။ ပြီးတော့ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံသူတွေ ထင်သာထင် မဝင်ဘူး ကျောင်းအမရေ··· ဆိုတာလို ရောက်လာပြီး လျှောက်

ကြည့် ပြုံးပြန် အဆင့်မှာ ရပ်နေတာ ဒီမြေစျေးတွေ မတရားကြီးလို့ဗျ။ ခရိုနီတွေ ထင်တိုင်းကြဲခဲ့တဲ့ ဒဏ်ကို ဒီနေ့အထိ ပြည်သူတွေ ခါးစည်းခံနေရတာ။ ဒီမြေစျေး၊ အိမ်စျေး ကစားကြတာလည်း အဓိကနေရာက ပါတယ်။ ဒါ့ကြောင့် ကျွန်တော်သာ သမ္မတဆိုရင် ဒါဟာ စီးပွားရေးမှာ ဦးစားပေး နံပါတ်ဝမ်းပဲ။

ကျွန်တော်သာ သမ္မတဖြစ်ရင် အစိုးရအဖွဲ့ကိုလည်း ပြင်ဖွဲ့မယ်ခင်ဗျ။ အခုလက်ရှိ အစိုးရအဖွဲ့ဝင်တွေဟာ ဘောင်းဘီချွတ်တွေ များနေတယ်။ အစိမ်းရောင်တွေ များနေတယ်။ တဲ့တိုး ပြောရရင်တော့ စစ်ဗိုလ်ချုပ်ဟောင်းတွေ များနေတယ်။ ဥပမာအားဖြင့် လက်ရှိအစိုးရအဖွဲ့ထဲမှာ ပြည်ထဲရေး၊ ကာကွယ်ရေး၊ နယ်စပ်ရေးရာဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနတွေရဲ့ ဝန်ကြီးတွေဟာ တပ်မတော်မှာ လက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ ဒုတိယဗိုလ်ချုပ်ကြီးတွေ ဖြစ်နေကြပြီး၊ နိုင်ငံခြားရေး၊ ပြန်ကြားရေး၊ သမ္မတရုံးဝန်ကြီးဌာန၊ (၁) သမ္မတရုံး ဝန်ကြီးဌာန၊ (၂) သမ္မတရုံး ဝန်ကြီးဌာန၊ (၃) သမ္မတရုံး ဝန်ကြီးဌာန၊ (၄) သမ္မတရုံး ဝန်ကြီးဌာန၊ (၅) သမ္မတရုံး ဝန်ကြီးဌာန၊ (၆) သာသနာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ပို့ဆောင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေး၊ စွမ်းအင်၊ စက်မှု၊ ယဉ်ကျေးမှု၊ ရထားပို့ဆောင်ရေး စတဲ့ ဝန်ကြီးဌာန ၁၉ ခုရဲ့ ဝန်ကြီးများဟာ ဒုတိယဗိုလ်ချုပ်ကြီးဟောင်း၊ ဗိုလ်ချုပ်ဟောင်း၊ ဗိုလ်မှူးချုပ်ဟောင်း၊ ဗိုလ်မှူးကြီးဟောင်းတွေ ဖြစ်ပါတယ်။ ဒီလူတွေဟာ လူတော်တွေ ဖြစ်ကောင်း ဖြစ်ပေမယ့် အရပ်သားထဲမှာလည်း သက်ဆိုင်ရာ နယ်ပယ်မှာ ဒီထက် သင့်တော်တဲ့ ပညာရှင်တွေ ရှိနေကြပါတယ်။ စစ်အစိုးရ လက်ထက်မှာ ရွေးချယ်ခွင့် မရှိပေမယ့် ဒီမိုကရေစီအစိုးရလို့ ကိုယ့်ကိုယ်ကိုယ် ခေါ်ထားတဲ့ အစိုးရလက်ထက်မှာတော့ နီးစပ်ရာကို ခန့်တာထက် သက်ဆိုင်ရာ နယ်ပယ်မှာ အတော်ဆုံး ဆိုသူတွေကို သာ စစ်သား၊ အရပ်သား အစွဲမထားဘဲ ခန့်မှ တိုင်းပြည် တိုးတက်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးက နိုင်ငံခြားခရီးစဉ်တွေမှာ အမြဲတမ်း ပြောတယ်ခင်ဗျ။ နိုင်ငံတော်သမ္မတဟာ ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ် တာဝန်ပေးရတာပါတဲ့။ သမ္မတရဲ့ အမိန့်ကို ကာချုပ်က လိုက်နာ ဆောင်ရွက်ရပါတယ်တဲ့။ အဲဒီဟာကြီးကို ဟုတ်၊ မဟုတ် ကျွန်တော်တော့ အရမ်းစမ်းသပ်ချင်တာပဲ။ ကျွန်တော်သာ သမ္မတ ဖြစ်ရင် ကာကွယ်ရေးဦးစီးချုပ်ကို အသစ်ခန့်မယ်ဗျာ။

လက်ရှိ ကာချူပ်ကို မကြိုက်စရာ ဘာအကြောင်းမှ မရှိပေမယ့် သမ္မတကြီး ပြောပြောနေတဲ့ ကာချူပ်ကို သမ္မတက ခန့်အပ်တယ်ဆိုတဲ့ကိစ္စ မှန်သလား၊ မမှန်သလား သိရအောင် အသစ်တစ်ယောက် ခန့်ကြည့်ချင်တာပါ။ ခန့်လို့ရတယ် ဆိုရင်တော့ သမ္မတကြီး ပြောတာ မှန်ပြီပေါ့။ မဟုတ်ရင်တော့ အင်း… ကျွန်တော် အင်းစိန် ရောက်ပေမပေါ့။ ·

နောက်ဆုံးအနေနဲ့ ကျွန်တော်သာ သမ္မတဖြစ်ရင် မတရားမှုတွေ အားလုံးကို ဖော်ထုတ်မယ်ဗျာ။ မတရားခံခဲ့ကြရတဲ့ ပြည်သူတွေရဲ့ မျက်ရည်ကို တရားဥပဒေ ဆိုတဲ့ ပဝါနဲ့ သုတ်ပေးမယ်။ ဥပမာ ဒီပဲယင်း အရေးအခင်းကို စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး စစ်ဆေးမယ်။ စိမ်းလဲ့ကန်သာ ငါးလောင်းပြိုင် လူသတ်မှုရဲ့ တရားခံအစစ်ကို ကျောသားရင်သား မခွဲခြားဘဲ ဥပဒေအထက်မှာ ဘယ်သူမှ ရှိမနေ…

'ဝုန်း ဒုန်း… ဂျိမ်း… ဒလုံး·· လုံး·· လုံး…''

ကျွန်တော် စကားပြောနေဆဲ ဘယ်က ပစ်လိုက်မှန်း မသိသော ၁၅၅ မမ ဟောင်ဝစ်ဇာ အမြောက်လက်နက်ကြီး ကျည်များ ကျရောက်ပေါက်ကွဲသဖြင့် ဘေးသို့ လိမ့်ချလိုက်ရာ ကံဆိုးစွာဖြင့် အသူတစ်ရာ နက်သော ချောက်ကြီးထဲသို့ လွင့်ကျသွားတော့သည်။

''အမယ်လေး… အား… ကယ်ကြပါဦး''

''အစ်ကို အစ်ကို… သတိထားဦးလေ''

မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ ကျွန်တော်မှာ အိပ်ခန်းထဲဝယ် ရောက်ရှိနေပြီး အိပ်ရာခုတင်ပေါ်မှ အောက်သို့ ပြုတ်ကျလျက်သား ဖြစ်နေတာ တွေ့ရလေ၏။

''မင်း အမြောက်သံ ကြားလိုက်တယ်မို့လား မိန်းမ''

''ဘယ်က အမြောက်သံရမှာလဲ၊ အိမ်ပေါ်ကို အုန်းသီးကြွေကျတာပါ၊ ရှင့်ဟာရှင် နေ့ခင်းဘက် အိပ်မက်တွေ မက်နေပြီး ဘာတွေ အော်နေတာလဲ''

ထိုအခါ ကျွန်တော်သည် သမ္မတဟု ယောင်ထွက်သွားပြီးကာမှ အဲ… သမ္မတရုံမှာ မင်းနဲ့ ငါနဲ့ ဒီတစ်ပတ် ရုပ်ရှင်သွားကြည့်ကြရအောင်ဟု ဖောစကိတ်ဖြင့် ရောကြိတ်လိုက်ပါကြောင်း။

ဖြည်သူ့ဆန္ဒကျာနယ်

၂၄-၄-၂၀၁၃။

■

ဒီမိုကရေစီခေတ်လော... ပဒေသရာဇ်ခေတ်လော

အခိုန်ကား မြန်မာသက္ကသက္ကရာဇ် ၁၂၀၆ ခုနှစ် (ခရစ်နှစ် ၁၈၄၅)။ ကုန်းဘောင်မင်းဆက်၏ ရှစ်မြောက် သာယာဝတီမင်း လက်ထက် ဖြစ်သည်။ သာယာဝတီမင်းသည် ၁၂၀၆ ခုမှ စကာ သွေးပျက်သလို ဖြစ်လာ၏။ မျက်စိကြောင်လျက် စက်မပျော် ဖြစ်နေ၏။ ပွဲတော်တည်ခိုန်တွင် လက်ဆေးရန် မေ့လျော့၏။ အစားအသောက် နည်းပါး၏။ အမြဲ ပြီးသယောင် ရှိ၏။ လုံတို တစ်ချောင်း ကိုင်ကာ အဆောင်ကူးနေတတ်၏။ လူတွေ့လျှင် (ဟဲ့ မောက်လုံးလား၊ မောက်ပြားလား) ဟု မေးတော်မူတတ်၏။ ရိသေစွာ ဒူးတုပ်၍ သူ့အား အလိုက်သင့် ဖြေကြားကြရသည်။ ပြေးပေါက်ကိုလည်း ကြည့်ထားကြရသည်။ ဝေဒနာ မရင့်သန်မီက သူသည် ဆေးဝါးမန္တရားကောင်းများ ရရိုထား၍ ဆာယာ ဝိုမောက်ကာ ကိုယ်ပျော်တော်မူနိုင်သည်ဟု ကြွားတော်မူ၏။

တစ်ခါတွင်လည်း ထွက်တော်မူစဉ် ထီးတော်မိုး နေလုံအောင် မမိုး ကောင်းလောဟု နေရာတွင်ပင် ကိုယ်တော်တိုင် ကွပ်မျက်တော်မူသည်။ နောက် တစ်ကြိမ် ထွက်တော်မူရာတွင် မင်းတရားကြီးက လမ်းဖြောင့်ဖြောင့် မကြွဘဲ အခုန်၊ အပျံ၊ အလွှားများ ပြုမူလေသဖြင့် ထီးတော်မိုးက နေလုံအောင် မမိုးနိုင်

တော့အောင် ရှိနေလေ၏။ သို့သော် မင်းတရားကြီး ဖောက်ပြန်နေပြီကို သိသဖြင့် အလိုက်သိစွာဖြင့် မမြဲလေးကဲ့သို့ အကြိုက်ကို လျှောက်တင်ရသည်မှာ (ဘုန်းတော်ရှင်၏ ကိုယ်ပျောက်အတတ်ကြောင့် အရှင့်ကို မမြင်ရတော့ပါဘုရား။ ထီးတော်အောက်၌ မတွေ့ရတော့ပါဘုရား) ဟု ဆိုကာ ဟိုဟိုသည်သည် ရှင်ဘုရင်ကို ရှာဖွေဟန်ပြုရသည်။ ဤတွင်မှ ဘုရင်က သဘောကျတော်မူ၍ (သည်မှာ ငါကိုယ်တော်မြတ် ရှိတယ်၊ မြင်စေ မောင်မင်း) ဟု မိန့်တော်မူလေသည်။ ထီးတော်မိုးကိုလည်း ဆုလာဘ်များစွာ ပေးတော်မူသည်။

ဤသည်ကား ဒဏ္ဍာရီပုံပြင် မဟုတ်။ မြန်မာ့သမိုင်းတွင် တကယ် ဖြစ်ခဲ့ကြသော မှတ်တမ်းမှတ်ရာများ ဖြစ်သည်။ ပဒေသရာဇ်စနစ်အောက်၌ တိုင်းသူပြည်သားတို့၏ အသက်မှာ ဖက်ရွက်လောက်ပင် တန်ဖိုးမရှိပုံ နောက်ထပ် ဥပမာတစ်ခုမှာ-

'တစ်ခုသော ညတွင် ဗိုလ်မောင်ဆိုင် ခေါ် ကျွန်ယုံတော်နှင့် မိန်းမစိုး နှစ်ယောက်နှင့်အတူ (မင်းတရားကြီး) အိမ်သာတော်သို့ သွားတော်မူ၏။ ဝင်တော်မူစဉ် နောက်ပါတို့က အပြင်မှ ရပ်လျက် ခစားရ၏။ ထွက်တော်မူလာသော စိတ်တော် ဖောက်ပြန်လာ၍ မိန်းမစိုး နှစ်ယောက်ကို လက်ညှိုးညွှန်ကာ (ဟော သည်မှာ ရန်သူတော်တွေပဲ၊ သင်းတို့ကို ကွပ်မျက်လေဟဲ့) ဟု မိန်းမစိုးတစ်ယောက်ကို ဘုရင်ကိုယ်တိုင် ဓားနှင့် ငါးကို ကြော်ရန် မွှန်းသကဲ့သို့ မွှန်းရာ ပွဲချင်းပြီးသေ၏။ အခြားသူကို ဗိုလ်မောင်ဆိုင်က မွှန်းစေရာတွင် သေဟန်ဆောင်သော ကြောင့် အသက်မသေ ကျန်၏။ (ညိုမြ၊ ကုန်းဘောင်ရာပုံတော်၊ စာမျက်နှာ ၃၂၁)

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ၁၆၈ နှစ်အကြာ ၂၀၁၃ မတ်လ ၁၄ ရက်နေ့တွင် နိုင်ငံတော် တာဝန်ကို ထမ်းဆောင်နေသော ယာဉ်ထိန်းရဲတပ်သား စံသိန်းထွေး ဆိုသူမှာ လူတစ်စု၏ အနိုင်ကျင့် နှိပ်စက်ရိုက်နှက်မှုကို ခံရကြောင်း အင်တာနက် စာမျက်နှာများတွင် ဖတ်ရ၏။ အင်တာနက် သတင်းဆိုသည်မှာ ကောလာဟလများလည်း ပါတတ်သောကြောင့် ဖတ်ရသော်လည်း ကျွန်တော်ကတော့ လွယ်လွယ်နှင့် မယုံခဲ့ပါ။ အင်တာနက်တွင် ဖတ်ရသော သတင်းမှာ အတော်ကို အကျယ်တဝင့် ပြည့်ပြည့်စုံစုံ ဖြစ်သည်။ သတင်းအကျဉ်းချုပ်ကို ၂၆-၃-၂၀၁၃ နေ့ထုတ် စောင့်ကြည့်ဂျာနယ်နှင့် ၂၂-၃-၂၀၁၃ နေ့ထုတ် လူထုပုံရိပ်ဂျာနယ်က ထပ်ဆင့်ဖော်ပြရာ၌-

'၁၄-၃-၂၀၁၃ ရက်နေ့က တပ်သား စံသိန်းထွေးသည် အင်းလျားလမ်း မီးပွိုင့်၌ တာဝန်ထမ်းဆောင်နေစဉ် အငြိမ်းစား ဗိုလ်ချုပ်မှူးကြီး ဟောင်း၏ မြေး မောင်းနှင်လာသော ၉၈/.... မတ်ဘ်တူး ငွေမင်ရောင်ကား ရောက်ရှိလာပြီး လမ်းရှင်းခိုင်းကြောင်း။ ထို့ကြောင့် မီးပွိုင့်နီနေစဉ် စိမ်းပေးခဲ့ရကြောင်း၊ သို့သော် မီးပွိုင့်ဖြတ်စဉ် မီးက ဝါသွားသည့်အတွက် ကားကို ပြန်လည်လှည့်ကာ လက်သီးနှင့် ထိုးကြောင်း၊ ယင်းအပြင် ဗိုလ်မှူး ဆိုသူ တစ်ဦးက ကမ္ဘာအေးဘုရားလမ်း နေအိမ်စည့်ခန်းသို့ ထပ်မံကာ ခေါ်ခိုင်းပြီး ရေခဲရေဖြင့် ပက်ခြင်း၊ ဒူးထောက်ခိုင်းကာ ပါးရိုက်ခြင်းတို့ ပြုလုပ်ခဲ့သည်ဟု လူမှုကွန်ရက် စာမျက်နှာများတွင် ပုံနှိပ်စာ ဖော်ပြထားသည်'

ဟု ရေးသားထားပါသည်။ ၄င်းအပြင် လူထုပုံရိပ်ဂျာနယ်၌ပင် -

'ဖြစ်ခဲ့တဲ့ ဖြစ်စဉ်က အမှန်တကယ်ပါပဲ။ ဒါပေမဲ့ ဘာမှ မပြောချင်တော့ပါဘူး။ ကျွန်တော့်အလုပ်ကို လုပ်ပြီး အန္တရာယ်ကင်းဖို့ပဲ စဉ်းစားပါတယ်။ အထက်ကို တင်ပြ တိုင်တာမျိုး မလုပ်ပါဘူး။ အေးအေးဆေးဆေးနဲ့ ကိစ္စတစ်ခု ပြီးသွားရင် တော်ပါပြီ'

ဟု ကာယကံရှင် ယာဉ်ထိန်းရဲတပ်သား စံသိန်းထွေးက ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

နိုင်ငံတကာတွင် အငြိမ်းစားယူသွားပြီ ဖြစ်သည့် သမ္မတများ၊ စစ်ဦးစီးချုပ်များ၊ စည်းမျဉ်းခံဘုရင်စနစ်နှင့် အုပ်ချုပ်နေသော ဘုရင်များ၊ နိုင်ငံ့အကြီးအကဲများ စသည်ဖြင့် ရှိကြရာ သူတို့၏ သားတော်၊ သမီးတော်၊ မြေးတော်၊ မြစ်တော်များလည်း ရှိကြပေသည်။

မင်းသားဝီလျံ

အင်္ဂလန်နိုင်ငံမှ ဘုရင်မကြီး အဲလီဇာဘက်၏ မြေးတော်သူ (ချားလ်မင်းသားနှင် ဒိုင်ယာနာမင်းသမီး၏ သားတော်) ကိန်းဘရစ်နယ်စား မင်းသားဝီလျံ၏ အကြောင်းကို လေ့လာကြည့်ရာ မင်းသား ဝီလျံမှာ ၁၉၈၂ ဇွန်လ ၂၁ ရက်နေ့တွင် မွေးဖွားသည် ဆိုသဖြင့် ယခုအခါ အသက် ၃၁ နှစ် ဖြစ်ပေသည်။ သူသည် အင်္ဂလန်တွင် ကျောင်းလေးကျောင်းတွင် ပညာသင်ကြားခဲ့ပြီး စိန့်အင်ဒရူးတက္ကသိုလ်မှ အနုသုခုမသမိုင်းနှင့် ပထဝီဘာသာ အဓိကဖြင့်

ဘွဲ့ရခဲ့ပါသည်။ ၂၀၀၆ တွင် ဆင်းဟတ် တော်ဝင်စစ်တက္ကသိုလ် (Royal Military Academy Sandhurst) သို့ တက်ရောက်ကာ နိုင်ငံတကာ ကာကွယ်ရေးကို ကိုယ့်အသိဖြင့် ကိုယ် ဆုံးဖြတ် ပါဝင်ခဲ့ပါသည်။ စစ်တပ်ထဲတွင်လည်း ဘုရင်မကြီး၏ မြေးတော်၊ အင်္ဂလန်၏ နန်းညွှန့်နန်းလျာ ဟူသော အရှိန်ဖြင့် သက်သာသော နေရာတွင် မိန်းမနေ။ တကယ့်လက်တွေ့ တိုက်ပွဲရှိသော နေရာများကို ပို့ပါဟု တောင်းဆိုသဖြင့် အာဏာပိုင်တို့ အကျပ်ရိုက်နေကြသည်။ ရှေ့တန်းစစ်မျက်နှာသို့ မသွားရသဖြင့် စိတ်ပျက်လာကာ ကြည်းတပ်မှ လေတပ်သို့ ပြောင်းကာ လက်တွေ့ တိုက်ပွဲဝင်ခွင့်ကို ရှာဖွေနေသည်။ တပ်ထဲတွင် သုံးနှစ်ပြည့်ပါက ထွက်ခွင့်ရှိသော်လည်း မင်းသားဝီလျံကမူ တပ်မှ ထွက်ဦးမည် မဟုတ်ဘဲ ကာလအတော်ကြာ ဆက်လက် တာဝန်ထမ်းဆောင်ဦးမည်ဟု ပြောထားသည်။ သူသည် သူ့အမေ ဒိုင်ယာနာ ဆောင်ရွက်ခဲ့သော HIV/AIDS ရောဂါကာကွယ်ကုသရေးလုပ်ငန်းများမှာ ဆက်လက် ပါဝင်သည်။ အာဖရိကတိုက်မှ ငတ်မွတ်ခေါင်းပါး ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရသူများကို ကူညီသည့် လုပ်ငန်းများမှာ ပါဝင်သည်။ ပြည်သူလူထုက ချစ်သော မင်းသားတစ်ပါး ဖြစ်သည်။ သူ မင်္ဂလာဆောင်လျှင် လက်ဖွဲ့ချင်သော ပြည်သူလူထုကို သူ့ကို လက်ဖွဲ့မည့် အစား အလှူငွေများ စုဆောင်းစေ၍ မင်းသား ဟယ်ရီနှင့် ဝီလျံ ဖောင်ဒေးရှင်းကို ထောင်ကာ ဆင်းရဲသားများ၏ ပညာရေး၊ ကျန်းမာရေးကို ကူညီထောက်ပံ့ခဲ့သည်။

မင်းသမီး သီရိဒုံ

ပြည်သူ ချစ်သော နန်းညွှန့်နန်းလျာ နောက်တစ်ပါးမှာ ကျွန်တော်တို့ အိမ်နီးချင်း ထိုင်းနိုင်ငံမှ တော်ဝင်မင်းသမီး မဟာချက်ကရီသီရိဒုံ ဖြစ်သည်။ သီရိဒုံသည် ထိုင်းနိုင်ငံ ဘုရင်ကြီး ဘူမိဘောအဒူလျာဒက်နှင့် မိဖုရား သီရိခေတ်တို့မှ မွေးဖွားသော နန်းညွှန့်နန်းလျာ မင်းသမီးတစ်ပါး ဖြစ်သည်။ ၁၉၅၅ ဧပြီလ ၂ ရက်တွင် မွေးဖွားခဲ့၍ ယခုအခါ သက်တော် ၅၈ နှစ်ရှိပြီ ဖြစ်သည်။ ၁၉၇၄ တွင် အမျိုးသမီး ထီးနန်းဆက်ခံပိုင်ခွင့်ကို ထိုင်းပါလီမန်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ကာ ခွင့်ပြုပေးခဲ့သည်။ သူမသည် ချူလာလောင်ကောင်း

တက္ကသိုလ်မှ ၁၉၇၆ တွင် ဝိဇ္ဇာဘွဲ့ကို သမိုင်းအဓိကဖြင့် ရရှိခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့ကို သက္ကတနှင့် ကမ္ဘောဒီးယားဘာသာ အဓိကဖြင့် ၁၉၇၈ တွင် စီပါကွန်း တက္ကသိုလ်မှ ရရှိခဲ့သည်။ ပါဠိနှင့် သက္ကတဘာသာ မဟာဘွဲ့ကို ချူလာလောင်ကွန်း တက္ကသိုလ်မှ ၁၉၈၀ တွင် ရရှိခဲ့သည်။ ဘွဲ့ယူကျမ်း (Thesis) မှာ ထေရဝါဒ ဗုဒ္ဓဘာသာမှ ပါရမီဆယ်ပါးအကြောင်း ဖြစ်သည်။ ၁၉၈၆ တွင် Ph.D ဒေါက်တာဘွဲ့ကို ပြည်တွင်းတက္ကသိုလ် Srinakharinwirot University မှ ရရှိသည်။ ထိုင်းဘာသာစကားအပြင် အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်ဘာသာများကို ကျွမ်းကျင်စွာ ပြောနိုင်သည်။

သီရိဒုံကို သူ့တိုင်းသူပြည်သားများက အလွန်ချစ်မြတ်နိုးကာ နည်းပညာ မင်းသမီး (Princess of Technology) ဟူ၍ လည်းကောင်း၊ သတင်းနှင့်နည်းပညာမင်းသမီး (Princess of Information & Technology) ဟူ၍ လည်းကောင်း ချစ်စနိုးဖြင့် ခေါ်ကြသည်။ သူမ၏ နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်လိုသဖြင့် သိပ္ပံနှင့် နည်းပညာကဏ္ဍကို အထူးအားပေး မြှင့်တင်သဖြင့် တိုင်းသူပြည်သားများက ဤသို့ အမည်ပေးကြခြင်း ဖြစ်သည်။ ထိုင်းနိုင်ငံ ပညာရေးကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ဆောင်ရွက်သည်။ ချူလာချင်ကလို တော်ဝင်စစ်တက္ကသိုလ်တွင် သမိုင်းဘာသာရပ်ကို သွားရောက် သင်ကြားပို့ချပေးသည်။ သူမ ဖခင် ဘုရင်ကြီးကဲ့သို့ပင် သီရိဒုံသည် ထိုင်း ပြည်သူလူထုအချစ်တော် မင်းသမီး ဖြစ်သည်။

အူဒေးဟူစိန်

အီရတ်နိုင်ငံ၏ ခေါင်းဆောင်ကြီး အာဏာရှင် ဆဒ္ဒန်ဟူစိန်၏ သားကြီး ဖြစ်သူ အူဒေးဟူစိန်ကတော့ တစ်ဘာသာ ဖြစ်သည်။ သားကြီး ဖြစ်သဖြင့် အားကိုးရမလားဟု သူ့ဖခင်က မျှော်လင့်ခဲ့သော်လည်း စကတည်းက ယဉ်သကို ဆိုသလိုပင် အူဒေးက အစွမ်းပြလာခဲ့သည်။ အီဂျစ်သမ္မတ ဟိုစနီမူဘာရက်၏ ဇနီး ဆူဇန်နီမူဘာရက်အား ဂုဏ်ပြု ဧည့်ခံသော နိုင်ငံတော် ဧည့်ခံပွဲတစ်ခုကို ၁၉၈၈ အောက်တိုဘာလ ၁ ရက်နေ့ ညတွင် ကျင်းပရာ ၄င်းညမှာပင် အူဒေးက သူ့အဖေ ဆဒ္ဒန်ဟူစိန်၏ အပါးတော်မြိန်နှင့် အစားအသောက် အမြည်းစား

ကြည့်ရသူ (Kamel Hana Gegeo) အား သတ်ပစ်လိုက်လေသည်။ သူ့အမေ သတ်ခိုင်း၍ သတ်ခြင်းလည်း ဖြစ်နိုင်ကြောင်း တချို့က ထင်မြင်ယူဆကြသည်။ ဆာမီးယား ဆိုသော မိန်းမလှလေး တစ်ဦးကို ဂျီဂီယိုက ဆဒ္ဒန်ဟူစိန်အား မိတ်ဆက်ပေးခဲ့သောကြောင့် မိခင်ကိုယ်စား ဒေါသဖြစ်ကာ အူဒေးဟူစိန်က လူပုံအလယ်မှာပင် အပါးတော်မြို့ကို ဟင်းခုတ်ဓားနှင့် ခုတ်သတ်ခဲ့ခြင်း ဖြစ်သည်။ (ထိုမိန်းကလေးမှာ နောင်အခါ ဆဒ္ဒန်ဟူစိန်၏ ဒုတိယမယား ဖြစ်လာခဲ့သည်။) လူသိရှင်ကြား ထောင်ဒဏ် ၈ နှစ် ချလိုက်သော်လည်း ဟန်ဆောင်ပန်ဆောင် ကိုယ်ပိုင်အိမ်၌ အူဒေးကို ထောင် ၃ လ ချပြီး အီရတ် အိုလံပစ်ကောင်စီ ဥက္ကဋ္ဌရာထူးတွင် ခန့်အပ်ခဲ့ရာ ကမ္ဘာ့ဖလားနှင့် အာရှဖလားတို့တွင် ရှုံးနိမ့်ခဲ့သည့်အတွက် ဘောလုံးသမားများကို ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ လမ်းပေါ်မှ မိန်းကလေးများကို ပြန်ပေးဆွဲပြီး မုဒိမ်းကျင့်လေ့ရှိသည်။ အီရတ် အမျိုးသားကွန်ဂရက် ခေါင်းဆောင် အာမက်ချာလာဘီကို လုပ်ကြံသတ်ဖြတ်ရန် အကွက်ချ ကြံစည်ခဲ့ဖူး်သည်။ လူမုန်းများလှသဖြင့် ချောင်းမြောင်းလုပ်ကြံခံရရာ ၁၉၉၆ တွင် သေနတ်ကျည်ဆန် ကိုးချက် ထိမှန်ပြီး အသက်မသေသော်လည်း ခြေတစ်ဖက် ဆာတာဆာတာ ဖြစ်သွားခဲ့သည်။ ဤမျှ လက်သံပြောင်ခဲ့သော အူဒေးမှာ ၂၀၀၃ ဇူလိုင်လ ၃၁ ရက်နေ့တွင် အမေရိကန်တပ်များ၏ လက်ချက်ဖြင့် တိုက်ပွဲတွင် အခြားညီဖြစ်သူ ကူဆေးဟူစိန်နှင့်အတူ ကျဆုံးခဲ့သည်။

တကယ်တော့ ကမ္ဘာပေါ်၌ လူကြီးသားသမီး ဆိုသူများမှာ များလွန်းသဖြင့် သူတို့အကြောင်းကို အကုန်အစင် ဖော်ပြဖို့ မလွယ်ပါ။ နမူနာလောက်သာ ထုတ်ပြနိုင်ပါသည်။ လူအမျိုးမျိုး စရိုက်အထွေထွေဟုသာ ဆိုရပါတော့မည်။ မည်သူ့ကိုမှ သာစေ၊ နာစေ သဘော မရှိပါ။ ဤနေရာ၌ အလေးအနက် ပြောချင်သည်မှာ နိုင်ငံ့ဝန်ထမ်း ဖြစ်သော ယာဉ်ထိန်းရဲတပ်သားလေး စံသိန်းထွေး အကြောင်း ဖြစ်ပါသည်။ သူသည် ဘာအမှားမှ လုပ်ခဲ့ခြင်း မရှိကြောင်း ဖြစ်ရပ်များက သက်သေပြနေပါသည်။ နိုင်ငံ အကြီးအကဲဟောင်း တစ်ဦး၏ မိသားစုလာသည်ကို လမ်းရှင်းပေးရာ၌ ဥပဒေနှင့် မညီသော ပြစ်မှု တစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်း မရှိဟု ယူဆပါသည်။ သူ့အလုပ်ကို သူ လုပ်ခဲ့ခြင်းသာ ဖြစ်၍ ဝန်ထမ်းကောင်းဆုပင် ပေးသင့်လှသေးသည်။

တရားဥပဒေစိုးမိုးရေး ကော်မတီ ဆိုသော အဖွဲ့များ၊ ဥပဒေအထက်တွင် ဘယ်သူမှ မရှိဟု ကြွေးကြော်ထားသော အဖွဲ့များ၊ ပွင့်လင်းလူ့အဖွဲ့အစည်းဟု ဆိုသူများ၊ ပြည်ထောင်စုကြီးကို ကြံ့ခိုင်ဖွံ့ဖြိုးစေချင်ပါသည် ဆိုသူများ၊ တစ်မျိုးသားလုံး ဒီမိုကရေစီ ရစေချင်သည့် အဖွဲ့ချုပ် ဆိုသူများ ရဲတပ်သား မောင်စံသိန်းထွေးအား ကူညီဆောင်ရွက်ပေးသင့်လှ၏။ လက်ဆွဲ နူတ်ဆက်သင့်လှ၏။ အကြောင်းမှာ မိမိ ရိုက်နှက်ခံရမည်ကို မကြောက်မရွံ့ ဥပဒေအတိုင်း မီးပွိုင့်တွင် မီးစိမ်း၊ မီးဝါ၊ မီးနီ ပြကာ တာဝန်ထမ်းဆောင်ခဲ့သောကြောင့် ဖြစ်သည်။ အမှား မလုပ်သူသည် ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ရမည် ဖြစ်သည်။

ဥပဒေကို တစ်နိုင်ငံလုံးက လေးစား လိုက်နာကြလောက်အောင် သဘောထား ရင့်ကျက်လာသော တစ်နေ့တွင် ရဲသား မောင်စံသိန်းထွေး၏ လုပ်ရပ်မှာ ဘာမှ အမှားအယွင်း မရှိကြောင်း သိလာကြပါလိမ့်မည်။ ဒီမိုကရေစီခေတ်တွင် ဥပဒေအထက်တွင် မည်သူမျှ မရှိတော့ပါက ရဲသားက ရဲသားအလုပ် လုပ်သည်ကို စိတ်ဆိုးစရာ ရှိတော့မည် မဟုတ်။ အတိုက်အခံက အတိုက်အခံအလုပ်ကို လုပ်ကာ ဆန္ဒပြကြခြင်းအား အဆိုးမြင်ဝါဒီဟု ထင်ကြတော့မည် မဟုတ်။ တပ်မတော်က နိုင်ငံတော် ကာကွယ်ရေးတာဝန်ကိုပဲ ဇောက်ချလုပ်ကိုင်သည်ကို အပြစ်ဖို့ ဝေဖန်ကြတော့မှာ မဟုတ်။ တရားသူကြီးက စီရင်ချက်ချသည်ကို ဟိုအဖွဲ့ ဒီအဖွဲ့က ဝင်ပါတော့မည် မဟုတ်။

သို့မဟုတ်ဘဲ ရာဇဝင်ထဲတွင်သာ ဆက်လက် နေထိုင်ကြပါက မောင်စံသိန်းထွေးကို အကြိပေးလိုသည်မှာ အရေးကြီးပုဂ္ဂိုလ်များ၏ ယာဉ်တန်းဖြတ်သွားသောအခါ သာယာဝတီမင်း၏ ထီးတော်မိုးလို ဝိနည်းလွတ်အောင် (ဘုန်းတော်ရှင်၏ ကိုယ်ပျောက်အတတ်ကြောင့် အရှင့်ကို မမြင်ရတော့ပါဘုရား။ ထီးတော်အောက်၌ မီးပွိုင့်အောက်၌ မတွေ့ရတော့ပါဘုရား) ဟု ပြောတတ်အောင် လေ့ကျင့်ထားပါက ပိုမို၍ အန္တရာယ်ကင်းမည် ဖြစ်ပါကြောင်း။ အခန့်သင့်ပါက ဆုတော် လာဘ်တော်များပင် ရရှိနိုင်မည် ဖြစ်ပါကြောင်း။

News Watch ဂျာနယ်၊
၂-၄-၂၀၁၃ ဒုနှစ်။

ကိုးကား

- *သစ်ထူးလွင်သတင်းဌာန၊ ၁၈-၃-၂၀၁၃ (http://www.thithoolwin.com/2013/03/blog-post_5884.html)*
- *ကုန်းဘောင်ရာပုံတော် - ညီမြ*
- *News Watch ဂျာနယ်၊ အတွဲ-၇၊ အမှတ်-၉၀၊ ၂၆-၃-၂၀၁၃။*
- *လူထုပုံရိပ်ဂျာနယ်၊ အတွဲ-၁၊ အမှတ်-၂၆၊ ၂၂-၃-၂၀၁၃။*
- *Prince William, Duke of Cambridge - Wikipedia, the free encyclopedia*
- http://en.wikipedia.org/wiki/Sirindhorn
- http://en.wikipedia.org/wiki/Uday_Hussein

■

အင်းလျားလိတ်၊ ဆီဒိုးနားနှင့် ဆယ်တာရွာ

တကယ်တော့ သာမန် တောမင်္ဂလာဆောင်လေးတစ်ခုသို့ ရောက်သွားခဲ့ခြင်း ဖြစ်သည်။ သို့သော် သတို့သမီးသည် လည်းကောင်း၊ သတို့သား တို့သည် လည်းကောင်း ကျွန်တော်၏ အသိအကျွမ်းများ မဟုတ်ကြပါ။ နှစ်ဖက်မိဘ အသိုင်းအဝိုင်းနှင့်လည်း သိကျွမ်းခင်မင်ခြင်း မရှိပါ။ ယုတ်စွအဆုံး ကျွန်တော်တို့သည် ထိုရွာကလေး၏ အမည်ကိုသော်မှ သိကြသည် မဟုတ်ပါ။ အကြောင်းတိုက်ဆိုင်လွန်း၍သာ ကျွန်တော်နှင့် နိုင်ငံခြားသား နှစ်ယောက်သည် ထိုရွာကလေးဆီသို့ အမှတ်မထင် ရောက်ရှိသွားခဲ့ကြခြင်း ဖြစ်ပါသည်။

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ အင်္ဂါနေ့ နံနက် ၈ နာရီခန့်တွင် ကျွန်တော်နှင့် ဒိန်းမတ်နိုင်ငံသား လင်မယားစုံတွဲတို့သည် မင်းကွန်းသို့ သွားရန် ရည်ရွယ်ချက်ဖြင့် မန္တလေးမှ ဧရာဝတီမြစ်ကြောင်းကို ဆန့်၍ မော်တော်ဖြင့် ထွက်ခွာလာခဲ့ကြပါသည်။ ရာသီဥတုမှာ အထူးပင် သာယာနေလေသည်။ ခါတိုင်း ဤအချိန်ဆိုလျှင် ပူးပူးရှူ ပူလောင်လှသော နေရောင်ခြည် ကလည်း တိမ်တိုက်တို့အောက်တွင် ယခု ပျပျပါပါပဲ ရှိလှသည်။ နေရောင်ခြည်

သည် မပူလွန်း၊ မအံ့လွန်း စိတ်ကြည်နူးလန်းဆန်းစေရုံမျှ ဝင်းပလျက် ရှိကာ မြစ်အတွင်း၌လည်း လေညင်း တသုန်သုန်ဖြင့် သာယာအေးချမ်းလှ သည်။ ရာသီဥတုသည် လူတစ်ယောက်၏ စိတ်ကို ပြောင်းလဲစေတတ်၏။ ကျွန်တော်သည် ယခင်အခါများစွာက မန္တလေး-မင်းကွန်းခရီးကို မြစ်ကြောင်း တစ်လျှောက် အကြိမ်ကြိမ်အဖန်ဖန် စုန်ဆန် သွားလာဖူးသော်လည်း နေကပူ၊ လေကတိုက်နှင့် မော်တော်ခေါင်မိုးပေါ်မှာ ကြာကြာထိုင်၍ အရသာမခံနိုင် သည်က များပေသည်။

ယခုတစ်ခေါက်တွင်တော့ မော်တော်ခေါင်မိုးပေါ်တွင် ခင်းပေးထား သော ကုလားထိုင်များပေါ်တွင် သက်သောင့်သက်သာ ထိုင်နေရင်း ပတ်ဝန်းကျင် ကို အေးအေးလူလူ ကြည့်ရှုမိပါသည်။ မန္တလေးမြို့ကား ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းဝယ် တဖြည်းဖြည်း ဝေး၍ ကျန်ရစ်လေပြီ။ 'တော်သလင်း မြစ်တွင်း သင်ဖြူးခင်း' ဟု ဆိုငြားလည်း သီတင်းကျွတ်လအတွင်းမှာပင် မြစ်ပြင်သည် လှိုင်းလေ ကင်းရှင်းလျက် ငြိမ်သက်နေပါသည်။ ကျွန်တော်နှင့် အတူ ပါလာသော တိုးရစ်လင်မယား နှစ်ဦးမှာ ကမ္ဘာ့မြောက်ဘက်အစွန်း ဒိန်းမတ်ဟု ခေါ်သည့် တိုင်းပြည်ငယ်လေးမှ ဖြစ်ရာ သူတို့နိုင်ငံ၏ အကြီးဆုံး မြစ်မှာ ကျွန်တော်တို့နိုင်ငံ၏ 'ချောင်း' လောက်ပဲ ရှိသည်ဟု ပြောကာ ဧရာဝတီ မြစ်ကြီးကို မြင်တော့ တအံ့တသြ ရင်သပ်ရှုမော ကြည့်ရှုကြပါသည်။ ကျွန်တော်က ဤမြစ်ထဲတွင် ရေချိုလင်းပိုင်များ ရှိကြောင်း၊ ငှက်လင်းပိုင်များ မှာ 'ဧရာဝတီလင်းပိုင်' ဟု ကျော်ကြားကြောင်း၊ ယခုအခါ ဧရာဝတီလင်းပိုင် များမှာ အကြောင်းအမျိုးမျိုးကြောင့် မျိုးသုဉ်းလုနီးပါး ရှိနေပြီ ဖြစ်ကြောင်း ပြောပြတော့ သူတို့ စိတ်မကောင်း ဖြစ်ကြသည်။ သဘာဝပတ်ဝန်းကျင်ကို ချစ်တတ်သောသူများပေတကား။

မော်တော်သည် ရေကို ဆန်၍ တဒုတ်ဒုတ် ခုတ်မောင်းလာသည်။ မန္တလေးမှ မင်းကွန်းကို တစ်နာရီခန့် ဆန်ရ၏။ ကျွန်တော်သည် မော်တော် ခေါင်မိုးပေါ်တွင် ထိုင်ရင်း ပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်ပါလာခဲ့ရာ အတန် ငယ် သွားမိလျှင် မြစ်၏ အရှေ့ဘက်ကမ်း၌ စိမ်းညို့နေသော ရွာကလေး တစ်ရွာကို တွေ့ရှိလေသည်။ ထိုရွာကလေးကို တွေ့မြင်လိုက်သည်နှင့် ကျွန်တော့် ရင်ထဲ၌ အမည်မဖော်နိုင်သော ခံစားချက်များ ပြေးလွှားသွားကြ၏။ မြစ်ကမ်း

နဖူးမှ အမည်မသိ ရွာကလေးက မခြင်နိုင်သော ညို့အားများဖြင့် သူ့ထံသို့ လာရောက်ဖို့ ညို့ငင်ခေါ်ယူနေလေသည်။ ဤမြစ်အတွင်း အကြိမ်ကြိမ် သွားလာဖူး၍ ဤရွာကလေးကိုလည်း အကြိမ်ကြိမ် အဝေးမှ ဖြတ်သွား ဖြတ်လာ မြင်ဖူးပါလျက် ယနေ့နံနက်မှ ပြင်းပြင်းပြပြ သွားချင်စိတ် ပေါ်လာသည်မှာလည်း ထူးဆန်းလှပေသည်။ စိတ်ခံစားမှုကို ဦးစားပေးတတ်သူ တစ်ယောက်ပေမို့ ရွာကလေးသို့ မရောက် ရောက်အောင် သွားတော့မည်ဟု ဆုံးဖြတ်ကာ 'မြန်မာရွာလေးတစ်ရွာ ရှိတယ်၊ ကြုံတုန်း ခဏဝင်ကြည့်ကြမလား' ဟု ကျွန်တော်က မေးတော့ 'ကောင်းသားပဲ၊ ကြည့်ချင်တယ်' ဟု ဇော်သည်က ပြန်ဖြေသည်။ မော်တော်ဆရာကိုလည်း ထိုရွာကလေးသို့ ခေတ္တကပ်ပေးဖို့ မေတ္တာရပ်ခံရာ သူက လိုက်လိုက်လျောလျောပင် ကပ်ပေးပါမည်ဟု ပြော၍ အဆင်ပြေသွား၏။ ဤသို့ဖြင့် သီတင်းကျွတ်လ၏ တစ်ခုသော နေ့တစ်နေ့ဝယ် မိုင်းညို့ညို့ဝေရီနေသော ချစ်စရာ ရွာကလေးသို့ ကျွန်တော်တို့ ရောက်ရှိခဲ့ကြပါသည်။

ကျွန်တော်တို့ မော်တော်လေး ရွာထိပ် ကမ်းနဖူးသို့ ဆိုက်ကပ်လိုက်သည်ကို လာရောက် ကြည့်ရှုသူဟူ၍ ကလေး သုံးယောက်နှင့် လူကြီး တစ်ယောက်သာ ရှိပါသည်။ မော်တော်ပေါ်မှ ကမ်းသို့ ဆင်းလိုက်သည်နှင့် စတင် သတိထားမိသော အသံမှာ ရွာတွင်းမှ ပုံ့လွှင့်လာသော ဂီတသံ ဖြစ်သည်။ ဂီတသံက လော်စပီကာမှတစ်ဆင့် ကျယ်လောင်စွာ ထွက်ပေါ်နေသည်။ ထူးဆန်းသည်က ထိုဂီတ၊ ထိုသီချင်းသံမှာ မြန်မာ Hip Hop သီချင်းတစ်ပုဒ် ဖြစ်နေသည်။ ဧရာဝတီမြစ်ကမ်းက တောခေါင်ခေါင်ရွာကလေးမှာ ဟစ်ဟော့သီချင်းသံ တည်ညံ ဖြစ်နေတာ မထူးဆန်းပါလား။ မကြာမီပဲ အဖြေကို သိလိုက်ရသည်။ 'ရွာမှာ မင်္ဂလာဆောင် ရှိတယ်' တဲ့။ သီချင်းသံက မင်္ဂလာဆောင်မှ ပေါ်ထွက်နေခြင်း ဖြစ်သည်။

ကြုံတောင့်ကြုံခဲ မြန်မာ ကျေးလက်မင်္ဂလာဆောင် ဆိုတော့ ကျွန်တော် စိတ်ဝင်စားသွားသည်။ နိုင်ငံခြားသား ဇော်သည်က ပိုလို့တောင် စိတ်ဝင်စားသည်။ ဤသို့ဖြင့် မည်သူကမှ မဖိတ်ခေါ်ဘဲ သီချင်းသံကို ဗဟိုပြု၍ ရွာတွင်းသို့ ကျွန်တော်တို့ ဝင်သွားကြသည်။ ခပ်ဝေးဝေးပင် မသွားရ။ ရွာအဝင်ရှိ နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးရှေ့မှ မြေကွက်လပ်တွင် မင်္ဂလာဆောင်ကို တွေ့ရ

သည်။ ဧည့်ခံမဏ္ဍပ်ထဲသို့ ကျွန်တော်တို့ လျှောက်ဝင်သွားတော့ ရွာသားအချို့ ဖော်ရွေစွာ ဆီးကြိုး၍ နေရာပေးကြသည်။ နံနက် နေမြင့်သွားလို့လားတော့ မသိ။ မင်္ဂလာဆောင်တွင် လူခပ်ကျဲကျဲပဲ ရှိသည်။ ခဏကြာတော့ ကျွန်တော် တို့ရှေ့ရှိ စားပွဲပေါ်တွင် မုန့်ဟင်းခါး ပန်းကန်များ ရောက်ရှိနေတော့သည်။ ဧည့်သည်က မုန့်ဟင်းခါး စားလေ့စားထ မရှိသော်လည်း မြန်မာ့ကျေးလက် ရိုးရာ မင်္ဂလာဧည့်ခံပွဲတွင် တည်ခင်းဧည့်ခံသောမုန့် ဖြစ်နေ၍ စားဖူးတယ် ရှိအောင် စားမယ်ဟု သဘောထားကာ (ယဉ်ကျေးမှုအရ) ကုန်း၍ လွေးတော့၏။ ထိုစဉ်မှာပင် မင်္ဂလာပွဲ၏ ကာယကံရှင် သတို့သမီးနှင့် သတို့သား မောင်နှံ ပြုံးပြုံး ပြုံးပြုံးနှင့် ရောက်ချလာ၏။ သတို့သမီးမှာ ရန်ကုန်မြို့ မျက်နှာကြီး မင်္ဂလာဆောင်များ၏ ဟိုတယ်ဧည့်ခံပွဲများတွင် တွေ့လေ့တွေ့ထရှိသော ပန်းကြိုသော မိန်းမပျိုလေး နောက်မှ သတို့သမီးအရံ ခြံရံလျက် စိန်စီသော မင်္ဂလာ ဝတ်စုံကြိုးကို ဝတ်ကာ ခြေတစ်လှမ်း ကုဋေတစ်သန်းဟန်ဖြင့် Wedding March ခေါ်သော တီးလုံးဖြင့် ပကာသနဆန်ဆန် ကြွလှမ်းလာခြင်း မဟုတ်မူဘဲ ပကတိ ရိုးသားသော ကျေးတောသူမလေး တစ်ယောက်၏ ဖော်ရွေပွင့်လင်းမှု မျိုးဖြင့် သူမ၏ ကြင်ဖော် သတို့သားလက်ကို တွဲလျက် ပျော်ပျော်ရွှင်ရွှင် လာရောက်နူတ်ဆက်ခြင်း ဖြစ်သည်။ သတို့သား၊ သတို့သမီးမှာ အထူးပင် ငယ်ရွယ်ကြလင့်ကစား နှစ်ဦးစလုံးမှာ ဥပဓိရုပ် သန့်ပြန့်လျက် ကျွန်တော့် စိတ်ထင် အသက် ၂၀ ခန့်သာ ရှိလိမ့်ဦးမည်ဟု ခန့်မှန်းမိပါသည်။ ဝတ်စား ထားပုံမှာလည်း နှစ်ဦးလုံးပင် ပန်းရောင်ဝတ်စုံများကို မြန်မာဆန်ဆန် သပ်သပ် ရပ်ရပ် ဝတ်ဆင်ထားပြီး ကတ္တီပါဖိနပ်များ စီးထားကြရာ ကျွန်တော့်မှာ မြန်မာ့ ရိုးရာ ဝတ်စားဆင်ယင်မှုကို မမျှော်လင့်ဘဲ နိုင်ငံခြားသားများအား ပြသခွင့် ရသဖြင့် အထူး ဝမ်းမြောက်ဂုဏ်ယူမိပေသည်။ အနောက်တိုင်းဝတ်စုံ ဝတ်၍ မင်္ဂလာဆောင်ကြသော ဇနီးမောင်နှံများကို အပြစ်တင်ဖွယ်ရာ မရှိသော်ငြား လည်း မြန်မာလူမျိုးတစ်ယောက်၏ မင်္ဂလာဆောင်တွင် မြန်မာဆန်ဆန် ဝတ်ကြ စားကြခြင်းမှာ (ကျွန်တော့်အမြင်၌) ပို၍ ဂုဏ်ကျက်သရေ ရှိသည်ဟု ထင်မြင် မိပါသည်။ နိုင်ငံခြားသား နှစ်ယောက်မှာလည်း မုန့်ဟင်းခါးစားခြင်းအမှုကို ကပျာကယာ လက်စသိမ်း၍ သူတို့ တစ်ခါမှ မမြင်ဖူးသော မြန်မာ့သတို့သားနှင့် ကို ဓာတ်ပုံရော၊ ဗီဒီယိုပါ တဖျပ်ဖျပ် ရိုက်ယူလေသည်။

သတို့သားနှင့် သတို့သမီး၏ ပြောပြချက်အရ သူတို့အမည်များမှာ မောင်အောင်ကျော်စိုးနှင့် မနန်းရွှေဇင်တို့ ဖြစ်ကြောင်း၊ ဤရွာ၏ အမည်မှာ 'ဆယ်တာရွာ'ဟု ခေါ်၍ မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်တွင် ပါဝင်ကြောင်း၊ သူတို့နှစ်ယောက်လုံးမှာ ဤရွာမှ ဖြစ်ပြီး လက်ထပ်ပြီးလျှင်လည်း ဤရွာမှာပင် နေမှာ ဖြစ်ကြောင်း၊ လူကြီးများ ပေးစားလို့ ယူတာ မဟုတ်ဘဲ သူတို့ချင်း မေတ္တာမျှ၍ လက်ထပ်ကြတာ ဖြစ်ကြောင်း၊ သူတို့သည် ကြွယ်ဝချမ်းသာသူများ မဟုတ်ဘဲ လက်လုပ်လက်စားများ ဖြစ်ကြောင်း သိရပါသည်။ သူတို့နှစ်ဦးလုံးမှာ အလွန်ပင် ပျော်ရွှင်ချမ်းမြေ့နေကြဟန် ရှိပါသည်။ ကျေးရွာသားတို့ ထုံးစံအပူအပင်လည်း ရှိပုံမရ။ အိမ်ထောင်ရေးသုခအပြည့် ရ၍ ရိုးမြေ့ကျ ပေါင်းဖက်ကြသည်မှာ ကျေးလက်တွင် နေထိုင်သူ အများစု၏ ဘဝနေထိုင်မှု ပုံသဏ္ဌာန်ပင် ဖြစ်သည်။ ဆင်းရဲကြသော်လည်း တစ်ပင်မလဲမီ တစ်ပင်ထူမှုမှာ မရှိသလောက် ရှားကြသည်။ ညြော်... မြို့နှင့်များ တယ်ကွာပါလား။

တိုးရစ်လင်မယားက မင်္ဂလာဆောင်လက်ဖွဲ့ ထည့်ဝင်ချင်ပါသည်။ ဘယ်လောက် ထည့်ဝင်ရင် ကောင်းမလဲဟု မေး၍ မြန်မာငွေ တစ်သောင်းကျပ်ခန့် လက်ဖွဲ့ဖို့ အကြံပေးသည်တွင် စေတနာပေါက်၍ ပိုပိုသာသာ ဒေါ်လာ ၃၀ လက်ဖွဲ့ပါသည်။ နိုင်ငံခြားသား၏ နာမည်ကို စာရင်း ရေးမှတ်ရာ၌ အခက်အခဲ ရှိ၍ ကျွန်တော် ဝင်ရေးပေးရပါသည်။ ကျွန်တော်ကလည်း သဒ္ဒါပေါက်လာသည်နှင့် ကိုညီညီ(ရန်ကုန်မြို့) သုံးထောင်ကျပ်ဟု ရေးမှတ်ခိုင်းရာ ရွာသားများက ဝမ်းမြောက်ဝမ်းသာ ရေးမှတ်ပါသည်။ ဟစ်ဟော့သီချင်းခွေ ကုန်သွား(ပြီးသွား)သောအခါ ခင်မောင်တိုး၏ မဟာဆန်သူခွေကို ဖွင့်ရာ ထိုအခါမှ မင်္ဂလာဆောင်နှင့် သီချင်း ဟပ်မိပါသည်။ နာရီဝက်ခန့် ထိုင်စကားပြောပြီး အားလုံးကို နှုတ်ဆက်ကာ မင်္ဂလာဆောင်အိမ်မှ ကျွန်တော်တို့ ထွက်လာခဲ့ကြပါသည်။ ရောက်တုန်းရောက်ခိုက် ရွာထဲကို လျှောက်ပြီး ကြည့်ကြဦးမည်။ ထိုအခါမှ ရွာသားအချို့သည် အလွန်အားနာသော မျက်နှာထားနှင့် ကျွန်တော့်ထံပါး ချဉ်းကပ်လာကာ-

"စကားပြန်ကြီး..."

"ဟုတ်ကဲ့... ပြောပါ..."

''ဟိုဥစ္စာ ဟိုသင်း... စကားပြန်ကြီး လက်ဖွဲ့မယ် ဆိုတဲ့ ပိုက်ဆံသုံးထောင် မပေးရသေးဘူး''

ဟိုက်... ရှာလပတ်ရည်ဟု ဆရာအကြာကွေးလိုစိတ်ထဲမှ အော်လိုက်ကာ ကိုယ့်နဖူးကိုယ် ရိုက်မိ၏။ ကျွန်တော်ကား အလွန်မေ့တတ်သူပါလား။ ပိုက်ဆံထုတ်ပေးပြီး ကျွန်တော်က တောင်းပန်တော့ သူတို့က ပွင့်ပွင့်လင်းလင်း ပြောပြကာမှ ပိုဆိုးသည်။

''စာရင်းထဲမှာ မှတ်ပြီးမှ ငွေလျှောနေရင် ကျုပ်တို့က စိုက်ရမှာတဲ့ဗျ။ ကဲ... ကောင်းရော''

ရှာထဲကို တစ်ပတ် လျှောက်ကြည့်ပြီး ကျွန်တော်တို့ မော်တော်ရှိရာသို့ ပြန်လာခဲ့ကြသည်။ သတို့သားနှင့် သတို့သမီးက လက်တပြပြနှင့် ကျန်ရစ်၏။ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းမှ တံငါရွာကလေးက မွေးထုတ်ပေးလိုက်သော အသစ်စက်စက် လင်မယားစုံတွဲသည် ဝေး၍ ဝေး၍သွားသော ကျွန်တော်တို့ မော်တော်ကို မျက်စိတစ်ဆုံး လိုက်ကြည့်ရင်း မင်္ဂလာဦးကာလ၏ ပြောစမှတ်တစ်ခုကို နှစ်ယောက်သား တွတ်ထိုးနေပေလိမ့်မည်။ မော်တော်ပေါ်တွင် လိုက်ပါလာခဲ့သော ကျွန်တော့်ရင်ထဲမှာတော့ သူတို့စုံတွဲကို ကြည့်ကာ တေးရေးသုခမိန်လှိုင် ရေး၍ မေဆွို သီဆိုခဲ့သော ကျွန်တော် အလွန်ကြိုက်သည့် လွန်ခဲ့သော နှစ် ၂၀ ခန့်က သီချင်းလေးတစ်ပုဒ်ကိုသာ အခါခါ သတိရနေမိတော့သည်။

ဟိုတယ်အင်းလျားလိတ်

ဝေဝေရယ်... သချိုင်္ဂဖြေတာ မှားယွင်းသွားခဲ့ပြီ
အိမ်ရာထူထောင်ခဲ့လည်း... အိုး... ဘာမှ မပြည့်စုံး
ဒီအချိန်မှာ မင်္ဂလာဆောင်တဲ့ ပွဲလေး မကျင်းပဘဲနဲ့ ပျော်တယ်
ဟိုတယ်အင်းလျားလိတ်က သိတယ်...
ချစ်သူလေးရယ်... မဆွေးနဲ့
အားမငယ်စမ်းပါနဲ့
ချမ်းသာခြင်းဟာ အဲဒါလား
ဟိုတယ်အင်းလျားလိတ်...

■

မြန်မာနိုင်ငံရောက် အမေရိကန်ရုပ်ရှင်အဖွဲ့

(၁)

ရုပ်ရည် မွန်ရည်သန့်ပြန့်သော ကိုရင်လေးတစ်ပါးသည် ကြည်ညိုဖွယ်ရာ ဣန္ဒြေကို ဆောင်၍ ရပ်နေပါသည်။ သူ၏ကိုယ်၌ သေသပ်ကျနစွာ ရုံထားသော သင်္ကန်းကလေး အဝေမှာ တဖျပ်ဖျပ် လှုပ်နေသည်။ အသက် ဆယ့်နှစ်နှစ်ခန့် အရွယ်နှင့် မမျှအောင် တည်ငြိမ်ရင့်ကျက်လှသော ကိုရင်လေး၏ မျက်နှာတော်က ဘာသာတရား၏ အခုံးအမအောက်ဝယ် ဘဝ၏ ငြိမ်းချမ်းမှု အစစ်အမှန်ကို ရှာဖွေတွေ့ရှိထားပြီဟု ဖော်ပြနေသလိုပင်။ ဗုဒ္ဓဘာသာ ကိုရင်လေး၏ ချမ်းမြေ့တည်ငြိမ်လှသော မျက်နှာကို အနီးကပ် ဖူးတွေ့ရာမှ မြင်ကွင်းသည် နောက်သို့ တရွေ့ရွေ့ ဆုတ်သွား၏။ ထိုအခါ ကြီးမားခန့်ထည်လှသော ရှေးဟောင်းဘုရားပုထိုးကြီးတံဆူကို အံ့မခန်း တွေ့မြင်ရသည်။ ထိုရှေးဟောင်းအဆောက်အအုံပျက်ကြီး၏ မျက်နှာစာတွင် ကြီးမားထည်ဝါလှသော ဧရာမတံခါးနှင့် မုခ်ဦးကြီးတစ်ခုကို တွေ့ရသည်။ ပေသုံးဆယ်ခန့် မြင့်မားသော ဧရာမတံခါးပေါက်ကြီးထိပ်တွင်တော့ အလွန်ကြီးမားလှသော အက်ကွဲကြောင်းရာကြီး တစ်ခုက အုတ်များဖြင့် တည်ဆောက်ထားသော

အဆောက်အအုံကြီးကို နှစ်ခြမ်းကွဲနေစေပြီး ထိုဧရာမ အက်ကွဲကြောင်းကြီးမှာ ကြီးမားမြင့်မားလှသောကြောင့် မော့၍ ကြည့်ရသည်။ ဤမျှ လွန်သော် မြင်ရသည်ကား ပြာလွင်သော ကောင်းကင်ပြင်ကြီးပင်။

ဤကား အမေရိကန် ဒါရိုက်တာ Ron Fricke ရိုက်ကူး၍ အမေရိကန် ပြည်ထောင်စု Magidson Films ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိမည့် 'သံသရာ' (Samsara) ဟူသော ရုပ်ရှင်ကားတစ်ခု၏ ဇာတ်ဝင်ခန်းတစ်ခုပေတည်း။

နေရာကား မြန်မာနိုင်ငံ၊ မင်းကွန်းမြို့ ပုထိုးတော်ကြီးဘုရား၏ အနောက်တောင်ဘက်မုခ်ဦးကြီး။ အချိန်နှင့် ရက်စွဲကား ၂၀၀၈၊ နိဝင်ဘာ ၁၁ ရက်၊ မွန်းလွဲ ၃ နာရီခန့် ဖြစ်သည်။ အဖွဲ့ဝင် ၇ ဦး ပါသော (အမေရိကန် ခြောက်ဦးနှင့် အင်္ဂလိပ်တစ်ဦး) နိုင်ငံခြားသားအဖွဲ့သည် နိဝင်ဘာ နေ့ခင်း၏ ချစ်ချစ်တောက်ပူလောင်သော နေမင်းကို ဥပေက္ခာပြု၍ မိမိကျရာ တာဝန်ကို အားသွန်ခွန်စိုက် ကြိုးစားလုပ်ဆောင်နေကြသည်မှာ အနားယူနေသူ ဟူ၍ မရှိလောက်အောင် ဖြစ်သည်။ ကိုရင်လေး ဘုရားရှေ့၌ ရပ်နေပုံကို ရိုက်ရာ၌လည်း ရိမ္မတ်ကွန်ထရိုးလ် နှင့် အနိမ့် အမြင့် ချိန်၍ရသော ကရိန်းဖြင့် ထရော်လီပေါ်တွင် ဆင့်ကာ ရိုက်ခြင်း ဖြစ်သည်။

သူတို့၏ ရည်ရွယ်ချက်ကလည်း ကြီးသည်။ ကမ္ဘာပေါ်ရှိ ဘာသာတရား အသီးသီး၏ ဘူမိနက်သန် နေရာမှန်၊ ဖွံ့ဖြိုးစည်ပင်ခဲ့သော နေရာ၊ အတွေးအခေါ်နှင့် ဘာသာတရားတို့၏ အချက်အချာကျသော နိုင်ငံပေါင်း ၂၄ နိုင်ငံကို ရွေးချယ်လိုက်သည်။ ထိုလက်ရွေးစင်နိုင်ငံ ၂၄ နိုင်ငံတွင် မြန်မာနိုင်ငံလည်း ပါသည်။ ထိုနိုင်ငံတစ်နိုင်ငံချင်း၏ အကောင်းဆုံး ဘာသာရေးနှင့် ယဉ်ကျေးမှုပြကွက်များကို ကင်မရာရိုက်ချက် အကောင်းဆုံး ရိုက်ကွက်များနှင့် ရိုက်၍ ရုပ်ရှင်ကားကြီးတစ်ကား ရအောင် တည်းဖြတ်ယူပြီး အမေရိကန် ပြည်ထောင်စု ရုပ်ရှင်ရုံကြီးများတွင် ရုံတင် ပြသမည်။ ပရိသတ် လက်ခံလျှင် တစ်ကမ္ဘာလုံးသို့ ဖြန့်ချိ ပြသမည်။ သူတို့၏ ရုပ်ရှင်သည် မှတ်တမ်းတင်ရုပ်ရှင် (Documentay Film) သဘောမျိုး ဖြစ်သော်လည်း သတင်းအချက်အလက်များကိုချည်းသာ ပေးသော အတိုးလိုက်၊ အတစ်လိုက် မှတ်တမ်းတင်ကားမျိုး မဟုတ်။ အနုပညာဖန်တီးချက်များ ပါသော ရသကဲသည့် မှတ်တမ်းရုပ်ရှင် ဖြစ်သည်။ ဤဇာတ်ကား၌ ထူးခြားချက်မှာ နောက်ခံစကားပြော လုံးဝ မပါရှိ

ခြင်းဘဲ ဖြစ်သည်။ လေတိုက်သံ၊ မိုးခြိမ်းသံ၊ ဆည်းလည်းသံ စသည့် သဘာဝ အသံများကိုတော့ ထည့်သွင်းထားမည်။ နောက်ခံတေးဂီတလည်း ပါသဖြင့် လုံးဝ အသံတိတ်ကြီးတော့ မဟုတ်။ ဖျော်ဖြေရေး အဝိုင်းကိုလည်း လက်လွှတ် ကြောင်း ထင်ရှားသည်။

မြန်မာနိုင်ငံသို့ မလာရောက်မီ ဂျေရှဆလင်၊ ဂျပန်၊ ဝီရူး၊ ဘရာဇီး၊ အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံများသို့ ရောက်ရှိ ရိုက်ကူးခဲ့ပြီး ဖြစ်သည်။ သူတို့ ရိုက်ကူးထားခဲ့သမျှကို ကွန်ပျူတာ မော်နီတာ၌ ပြန်ပြ၍ ကြည့်ရသမျှမှာ ဂျပန်၌ ဘုန်းတော်ကြီးတစ်ပါး ကြေးစည်လေးကို တီး၍ ဘုရားစာ ရွတ်ရင်း လမ်း လျှောက်လာပုံ (ခြေလှမ်းများကို တစ်လှမ်းချင်း Close up ရိုက်ပြ၏။) ဘရာဇီး၌ သစ်ပင်ကြီးတစ်ပင် ပင်စည်ရင်းမှ လွှဖြင့် ဖြတ်လိုက်ရာ မြေပေါ်သို့ ဗုန်းဗုန်းလဲကျပုံ၊ ကြီးမားသော တောင်တန်းကြီးတစ်ခုကို ဒိုင်းနမိုက်ဖြင့် ဖောက် လိုက်ရာ ခဏချင်း ပြိုကျ၍ မြေ၌ ပြားပြားဝပ်သွားပုံ၊ ဂျေရှဆလင်၌ ဂျူး ဘုန်းကြီးများ ဝတ်ပြု ဆုံတောင်းနေကြပုံ၊ တိုက္ကျိမြို့လယ်ကောင်၌ ကားများ ရှုပ်ထွေးစွာ သွားလာနေကြပုံ၊ အင်ဒိုနီးရှား တောကြီးထဲ၌ ဒေသခံ လူရိုင်းတစ်မျိုး အုပ်စုလိုက် ယဇ်ပူဇော်သည့် အကကို ညီညာစွာ တေးသံ ဟစ်ကြွေး၍ ကခုန် နေကြပုံ၊ ဝီရူး၌ ပေါက်ကွဲလုဆဲဆဲ မီးတောင်ကြီးတစ်ခုကို ရဟတ်ယာဉ်ပေါ်မှ ရိုက်ချက် (Helicopter Shot) စသည်တို့ဖြင့် တစ်ကပ် (Cut) ချင်း မရိုး ရအောင် လက်စွမ်းပြ၍ ကင်မရာရှုထောင့်အမျိုးမျိုးနှင့် ရိုက်ထားပုံမှာ သြချ ရလောက်ပါသည်။ ထူးဆန်းသော ပြကွက်တစ်ခုမှာ ဂျပန်နိုင်ငံရှိ ကြက်သား ပေါက်စခန်း တစ်ခုတွင် ကြက်ဥကို သိပ်နှိုက်ကျ စက်ဖြင့် အပူပေး၍ ကြက်ကလေး တစ်ကောင် ဖြစ်လာပုံမှ အစ ထိုကြက်ကလေးများကို ရွှေ့လျားစက် ခါးပတ် ပေါ် တင်၍ အရွယ်အစားအလိုက် လမ်းကြောင်းများ ခွဲကာ စက်ပေါ်သို့ တင်လွှတ်လိုက်ပုံ၊ စက်ခါးပတ်ပေါ်တွင် ရွှေ့၍ ပါလာသော ကြက်ကလေးများ ကို ကာကွယ်ဆေးတိုက်ပုံ၊ နှုတ်သီး အချွန်လေးများ၏ ထိပ်ပိုင်းကို စက်ဖြင့် ဖြတ်တောက်ပစ်ပုံ (တစ်ကောင်နှင့် တစ်ကောင် ဆိတ်မိမှာစိုး၍ ဖြစ်ပုံရသည်။) ထိုမှတစ်ဖန် ကြက်ကလေးများမှာ တစ်ပေ ပတ်လည်ခန့်သာ ရှိသော ကျဉ်းကျပ် သည့် လှောင်အိမ်လေးများထဲတွင် နေရပုံ၊ ကြီးပြင်းလာပုံ၊ အစာစားခြင်း၊ ဥဥခြင်းမှ လွဲ၍ အခြားလုပ်စရာ မရှိတော့ဘဲ နောက်ဆုံး ကြက်သားအဖြစ်

ဘဝနိဂုံးချုပ်ရပုံတို့ကို ရိုက်ချက် ခပ်စိပ်စိပ်ဖြင့် ခပ်တိုတို ခပ်သွက်သွက် တင်ပြထားရာ ကြည့်ရသူမှာ မငြိုးငွေ့ဘဲ အလွန်ပင် ကောင်းမွန်လျက် သူတို့ ပေးထားသော 'သံသရာ' ဟူသော ခေါင်းစဉ်နှင့်လည်း လိုက်ဖက်လှပါသည်။

သူတို့အဖွဲ့ မြန်မာနိုင်ငံတွင် ရိုက်ကူးခွင့်ရရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် တရားဝင် ဆက်သွယ်ညှိနှိုင်းပြီးမှ ဌာန၏ ခွင့်ပြုချက်ဖြင့် လာရောက်ကြခြင်း ဖြစ်သည်။ ထိုသို့ နိုင်ငံခြားမှလာ၍ မြန်မာပြည်တွင် ရုပ်ရှင်ရိုက်ကူးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ တရားဝင် သတ်မှတ်ထားသော ရိုက်ကူးခ ဈေးနှုန်းများကိုလည်း ပေးဆောင်ရပါသည်။ ရုပ်ရှင်ရိုက်ကူးခမှာ တစ်ရက် (၁၂ နာရီ)လျှင် ရန်ကုန်မြို့၌ ဒေါ်လာ (၂၀၀၀)၊ ပုဂံ၌ ဒေါ်လာ (၃၀၀၀)၊ မန္တလေး-မင်းကွန်းအတွက် ဒေါ်လာ (၃၀၀၀) ရှုတင်ရှိသော နေ့တိုင်း ပေးဆောင်ရပါသည်။ နိုင်ငံခြားသား ရုပ်ရှင်အဖွဲ့သားများအား လိုသည်များကို ပံ့ပိုးကူညီရန် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဒုညွှန်ကြား ဦးကျော်အုံးသန်းက ခရီးစဉ်တစ်လျှောက်လုံး လိုက်ပါ ဆောင်ရွက်ပေးပါသည်။ ဧည့်လမ်းညွှန် အဖြစ် ကျွန်တော် လိုက်ပါပေးရပါသည်။ ၂၀၀၈၊ နိဝင်ဘာ ၄ ရက်မှ ၁၃ ရက်နေ့အထိ ရန်ကုန်၊ မန္တလေး၊ မင်းကွန်း၊ ပုဂံ၊ ပုပ္ပားမြို့များသို့ သွားရောက် ရိုက်ကူးကြခြင်း ဖြစ်သည်။

ကျွန်တော်သည် ရုပ်ရှင်သမား မဟုတ်သော်လည်း ရုပ်ရှင်တွင် ကမ္ဘာ့နံပါတ်တစ် အဆင့်ရှိသော နိုင်ငံမှ ပညာရှင်များနှင့် တွဲဖက်အလုပ်လုပ်ရခြင်း အတွက် သူတို့၏ လုပ်နည်းလုပ်ဟန်များကို ဂရုစိုက်၍ စောင့်ကြည့်လေ့လာခဲ့မိသည်။ ပထမဆုံး အံ့သြရသည်မှာ သူတို့ကို မင်္ဂလာဒုံလေဆိပ်တွင် သွားရောက် ကြိုဆိုစဉ်က ဖြစ်သည်။ လူ ခုနစ်ဦးသာ ပါသော ရုပ်ရှင်အဖွဲ့ငယ်လေး ဖြစ်သော်လည်း သူတို့ သယ်ဆောင်လာသော ရုပ်ရှင်ရိုက်ကူးရေးပစ္စည်းများမှာ သေတ္တာကြီး ၅၅ လုံး ရှိပါသည်။ တော်ရုံ လျော်ရုံ မှတ်၍ ပစ္စည်းသယ်ရန် တောင်းအော့စ်ကား တစ်စီးသာ စီစဉ်ထားသော ခရီးသွားကုမ္ပဏီက ကပျာကယာ နောက်ထပ် Light Truck တစ်စီး ထပ်ငှားရပါသည်။ ဟောလိဝုဒ်၌ တကယ့် ရုပ်ရှင်ကားကြီး ရိုက်လျှင်တော့ ပစ္စည်း ဘယ်လောက် များမလဲဆိုတာ စဉ်းစား၍ပင် မရပါ။ ဒါတောင် လေယာဉ်ဖြင့် တစ်နိုင်ငံပြီး တစ်နိုင်ငံ သယ်နေရ၍ ဝိတ်လျှော့လာခဲ့သည်ဟု ဆိုသေး၏။ သူတို့အလုပ်ကို အလေးအနက်ထား၍

စနစ်တကျ လုပ်တာ တွေ့ရသည်။ ခရီးရောက်မဆိုက်ပင် ရွှေတိဂုံစေတီတွင် ရိုက်ကူးရေး စတင်သည်။ အဖွဲ့ဝင် ခုနစ်ယောက်တွင် အကြီးပေး လိုက်လာသော လူတစ်ယောက်နှင့် စတေကင်မရာသမားမှလွဲ၍ ကျန်ငါးဦး ဖြစ်သော ဒါရိုက်တာ၊ ကင်မရာမင်း၊ လက်ထောက်ကင်မရာမင်း၊ ပရိဂျက်ဆာ၊ မန်နေဂျာ (သို့အခေါ် Line Producer) တို့သည် တစ်ယောက်ကို တစ်ယောက် လိုက်မရှာရအောင် လမ်းလျှောက် စကားပြောစက် တစ်ယောက် တစ်လုံးဖြင့် ပြောဆို ဆက်သွယ်နေကြ၏။ သူတို့သည် အလုပ်တစ်ခုကို အောက်ခြေသိမ်း အသေးစိတ် ကအစ ပေါ့ပေါ့တန်တန် သဘောမထားဘဲ စနစ်တကျ ပြင်ဆင်လာပုံကို တွေ့ရသည်မှာ ရွှေတိဂုံဘုရားရင်ပြင်တော်တွင် ထရော်လီ သံလမ်းလေးများကို ချ၍ ဆင်ရာ၌ အနိမ့် အမြင့် မညီသည့် နေရာများ၌ ခုရန် အိုးခြမ်းပဲ့၊ ခဲလုံး၊ ဝါးခြမ်းပြား စသည်တို့ တစ်ခု၊ နှစ်ခု လိုလာ၏။ သို့သော် သူတို့က ဒါတွေကို လိုက်မရှာ။ သေတ္တာနံပါတ် ဘယ်လောက်ကို ယူခဲ့ပါဟု စကားပြောစက်နှင့် မှာလိုက်ရာ လက်ထောက်ကင်မရာမင်းသည် တောင်ဘက်မုခ် ဓာတ်လှေကားနားတွင် ရပ်ထားသော တောင်းအိုစ်ကားထဲမှ သေတ္တာကြီးတစ်လုံးကို ထမ်း၍ ဘုရားပေါ် ရာဟုထောင့်သို့ တက်ချလာပါသည်။ ချွေးသံတရွဲရွဲဖြင့် ထမ်းလာသော သေတ္တာကြီးထဲမှ ပစ္စည်းများကို မြင်ရသောအခါ သူတို့ကို ချီးမွမ်းရမလိုလို၊ ကဲ့ရဲ့ရမလို ဖြစ်ကာ ကျွန်တော့်မျက်နှာ မချိမချဉ် ဖြစ်သွားပါသည်။ ထိုသေတ္တာထဲ၌ အပြည့်ထည့်ထားသော အရာဝတ္ထုများမှာ အရွယ်အစား အမျိုးမျိုးသော သစ်သားချောင်းများ ဖြစ်သည်။ သစ်သားများမှာ ဖြူဖွေးသန့်ရှင်းနေပြီး ထရော်လီ အနိမ့် အမြင့် မညီလျှင် ခုရန်သက်သက် စပါယ်ရှယ် လုပ်ထားသော သစ်သားတုံးများ ဖြစ်သည်။ အဖျားရှူးထားသော သစ်သားစလေးများသာ ဖြစ်သည်။

ရုပ်ရှင်ကင်မရာကတော့ ၆၅ မီလီမီတာ အကောင်းစား Panavision ကင်မရာ ဖြစ်သည်။ ဒါရိုက်တာသည် ရုပ်ရှင် စမရိုက်မီ ရွှေတိဂုံရင်ပြင်ပေါ်တွင် ဟိုဟိုသည်သည် လျှောက်၍ သူ့လက်တစ်ဝါးစာ ကိရိယာလေးကို ချပ်ခနဲ နှိပ်လိုက် ပေါ်လာသော နံပါတ်များကို ကြည့်လိုက် လုပ်နေသည်။ အဲဒါ ဘာစက်လဲဟု မမြင်ဖူး၍ မေးကြည့်တော့ အလင်းရောင် ဘယ်လောက် ရှိသလဲ ဆိုတာ တိတိကျကျ သိနိုင်တဲ့ ကိရိယာဟု ဖြေ၏။ ရိုက်ကူးရေးပစ္စည်းများမှာ

များလွန်းသဖြင့် အလုပ်သမား ကောင်လေး ၄ ယောက်ကို တစ်ယောက်လျှင် ငါးထောင် ပေးပြီး ခေါက်တုံ့ခေါက်ပြန် ဘုရားပေါ်သို့ သယ်ရ၏။ သူတို့လေး တွေမှာ အသက် ဆယ့်ကိုးနှစ်၊ နှစ်ဆယ်ခန့်ပဲ ရှိဦးမည်။

"ဒီလူတွေက ဘုရားပေါ်မှာ ဘယ်လောက်ကြာကြာ ရိုက်မှာလဲ အစ်ကို"

ဟု ကျွန်တော့်ကို မေးသည်။ ကျွန်တော်က-

"မိနစ် နှစ်ဆယ်လောက်ပဲလို့ ပြောတယ်"

ဟု ပြောလျှင် ထိုကောင်လေးအဖွဲ့ထဲမှ တစ်ယောက်က-

"ဒါလေးများ အစ်ကိုရာ၊ ပစ္စည်းအများကြီး အားအားလျားလျား လျှောက်သယ်နေတယ်၊ ဟိုနေ့ကတင် ဘုရားမှာ မြန်မာဇီဒိယိုတစ်ကား လာရိုက်တာ၊ ဇီဒိယိုကင်မရာလေးရယ်၊ မော်နီတာ အသေးလေးတစ်ခုရယ် ဒါပဲ ပါတယ်။ ဒီနိုင်ငံခြားသားတွေကို ခက်ပါတယ်"

ဟု ရေရွတ်ကာ သံုးချောင်းထောက် ကင်မရာဒေါက်ကြီးကို အားမာန်အပြည့်နှင့် ထမ်း၍ ဘုရားပေါ်သို့ တက်သွားလေသတည်း။

(၂)

နောက်တစ်နေ့တွင် မန္တလေး၌ ရိုက်ကူးကြသည်။ သံဃာများ ဆွမ်းခံကြွလာသည်ကို ရုပ်ရှင်ရိုက်ချင်သည် ဆိုသဖြင့် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းသို့ ခေါ်ဆောင်လာခဲ့ပေသည်။ မဟာဂန္ဓာရုံကျောင်း၌ စာသင်သား သံဃာတော် ၈၀၀ မှ ၁၀၀၀ ခန့် အမြဲရှိတတ်သည့်အပြင် တိုးရစ်များ လာရောက်လေ့လာလည်ပတ်၊ ဓာတ်ပုံရိုက်နေကျ ဖြစ်၍ မဟာဂန္ဓာရုံသို့ အမေရိကန် ရုပ်ရှင်သမား ၇ ယောက်ကို ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ပါသည်။ ထိုနေ့မှာ ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ ဖြစ်သည်။

မဟာဂန္ဓာရုံကျောင်းတိုက်၌ နေ့ဆွမ်းအလှူရှင် ရှိလျှင် သံဃာတော်များ ဆွမ်းစားချိန်မှာ နံနက် ၁၀း၁၅ ဖြစ်၍ ဆွမ်းကျွေးအလှူရှင် မရှိပါက ဆွမ်းစားကျောင်းသို့ ကြွလာသော အချိန်မှာ နံနက် ၁၀း၃၀ ဖြစ်သည်။ ဒါကို ဧည့်လမ်းညွှန် အတော်များများ သိကြသည်။ ကျွန်တော်တို့အဖွဲ့သည် နံနက် ၉ နာရီခန့်တွင် ဘုန်းတော်ကြီးကျောင်းသို့ ရောက်လာခဲ့ကြ၏။ အတန်ငယ်

စောနေသည်ဟု ထင်ရသော်လည်း ရုပ်ရှင်ရိုက်ကူးရသည်မှာ တော်ပုံရိုက်သလို၊ ဒီဒီယိုရိုက်သလို ချက်ချင်း ကောက်ကာငင်ကာ ရိုက်ကူး၍ မရ၊ ကင်မရာ ဆင်ခြင်း၊ နေရာရွေးခြင်း၊ ထရော်လီဆင်ခြင်း၊ Lighting ချိန်ခြင်း စသည်ဖြင့် ဟာဟီရ များလှသဖြင့် ကြိုတင်လာရောက်ရခြင်း ဖြစ်သည်။ ကျောင်းဝင်းအတွင်း နေရာအနေအထားကို ကျွန်တော်က ရှင်းပြရသည်။

"ဒီလမ်းပေါ်မှာ သံဃာတော်တွေ တန်းစီရပ်ပြီး နေရာယူမယ်၊ သံချောင်း ခေါက်လိုက်တဲ့အခါ ဟောဟိုက ဆွမ်းစားဆောင်ထဲကို တစ်ပါးပြီး တစ်ပါး ကြွသွားမယ်။ အသင့်ပြင်ထားတဲ့ စားပွဲဝိုင်းတွေမှာ သူ့အစီအစဉ်အတိုင်း ဝင်ထိုင်ပြီး ဆွမ်းဘုဉ်းပေးကြမယ်၊ ပြီးရင် တဖွဲဖွဲ ပြန်ထွက်သွားကြမယ်၊ တန်းစီတဲ့အခါမှာရော၊ ဆွမ်းဘုဉ်းပေးတဲ့အခါမှာရော စကားမပြောဘဲ တိတ်တိတ်ဆိတ်ဆိတ် တရားနဲ့အညီ ကြည်ညိုဖွယ်ရာ ဆွမ်းဘုဉ်းပေးကြတယ်"

"ဒါဆို တိုးရစ်တွေက ဘယ်နေရာမှာ နေကြလဲ"

ဒါရိုက်တာ Ronald Fricke က သူ သိချင်သော အဓိကမေးခွန်းကို မေးသည်။ တတ်နိုင်သမျှ သူက ရုပ်ရှင်ထဲတွင် တိုးရစ်များကို မပါစေလို။ တိုးရစ်များသာ မဟုတ်။ ဇာတ်လမ်းနှင့် မသက်ဆိုင်သည့် ဘယ်အရာကိုမျှ ကင်မရာဘောင်ထဲမှာ မရှိစေချင်။ ဒါကြောင့် ဒီမေးခွန်းကို မေးခြင်း ဖြစ်သည်။

"တိုးရစ်တွေက ဆွမ်းစားကျောင်းဝင်း အဝင်ဝကနေ စုပြုံရပ်နေပြီး သံဃာတော်တွေဘက်ကို မျက်နှာမူလို့ ဓာတ်ပုံရိုက်ကြပါတယ်။ တချို့ကလည်း ဆွမ်းစားကျောင်းရှေ့မှာ ရှိတဲ့ ကျောင်းဆောင် အပေါ်ထပ် ဝရန်တာကနေ ဓာတ်ပုံ တက်ရိုက်ကြတာလည်း ရှိပါတယ်"

"သံဃာတော်တွေ ရပ်နေတဲ့ လမ်းမမှာရော တိုးရစ်တွေ အသွားအလာ ရှိသလား"

"ရှိတယ်လို့ ပြောရမယ်၊ ဓာတ်ပုံရိုက်ဖို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ နောက်ကျမှ ရောက်လာတဲ့ တိုးရစ်က ခပ်သုတ်သုတ် လျှောက်လာတာကော၊ ကင်မရာ မေ့ကျန်ခဲ့လို့ ကားထဲကို ပြန်ပြေးယူတာ စသည်ဖြင့် တိုးရစ် အသွားအလာတွေတော့ ရှိနေမယ်"

"အဲဒီတော့ ငါတို့ ရုပ်ရှင်ရိုက်နေတဲ့အချိန်မှာ တိုးရစ်တွေ ဖြတ်သွားဖြတ်လာ မလုပ်အောင် မင်း တာဝန်ယူပြီး တားပေးနိုင်မလား"

''ကြိုးစားပေးပါ့မယ်၊ ဒါပေမဲ့ အာမတော့ မခံနိုင်ပါဘူး''

''အာမ မခံနိုင်လို့ ဖြစ်ဘူး၊ ၁၀၀ ရာခိုင်နှုန်း သေချာချင်တယ်''

ဟု အမေရိကန် ရုပ်ရှင်အဖွဲ့တွင် အကြေပေးယောင်ယောင်၊ မြန်မာနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူယောင်ယောင်နှင့် ကပ်လိုက်လာသော ဤအဖွဲ့၏ တစ်ဦးတည်းသော အင်္ဂလိပ်လူမျိုး မိုက်ကယ်ဖရီးမန်း (Michael Freeman) က ဝင်၍ ဆရာလုပ်၏။ သူက မြန်မာပြည်သို့ ယခင်တစ်ခေါက် ရောက်ဖူးသည်ဟု ဆို၏။

''၁၀၀ ရာခိုင်နှုန်း သေချာလို့ မရဘူး၊ ဒါက ဘုန်းကြီးကျောင်း၊ ရုပ်ရှင်စတူဒီယို မဟုတ်ဘူး၊ ဒီလမ်းက ဖြတ်မလျှောက်ပါနဲ့လို့ တိုးရစ်တွေကို ငါ တားလို့မရဘူး''

ဟု ကျွန်တော်က ပြောလိုက်သည်။

''ဒါဆို ဘယ်လိုလုပ်ကြမလဲ''

ဟု ဒါရိုက်တာ ရော်နယ်က ပြေပြေလည်လည် မေးသည်။

''အပြင်မှာကတော့ လူအုပ်က ရှုပ်ယှက်ခတ်နေတော့ ထိန်းရတာခက်တယ်၊ ဆွမ်းစားဆောင်ထဲကို ဝင်ပြီး သံဃာတွေ ဆွမ်းဘုဉ်းပေးတာကို အင်ဒိုး (In door) ရိုက်ချင်ရင်တော့ ဆရာတော်ကို သွားလျှောက်ပြီး အပြင်လူ မဝင်အောင် ငါ လျှောက်မယ်''

''အေး... အဲဒါ ကောင်းတယ်၊ ကဲ ပစ္စည်းတွေ အားလုံးချဟော့၊ အင်ဒိုးရိုက်မယ်''

ဒါရိုက်တာ၏ စကားအဆုံးတွင် ရုပ်ရှင်အဖွဲ့သားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ လိုက်အော့(စ)ကားနှစ်စီး အပြည့် ပါလာသော ရုပ်ရှင်စွန့်စားများကို ကားပေါ်မှ လိုရာရွေးရှာ ခေါက်တုံ့ခေါက်ပြန် သယ်ကြ၏။ ထရိုင်ပေါ့ဒ် ခေါ် သုံးချောင်းထောက် ကင်မရာ ခြေထောက်ကြီးကို ပခုံးပေါ်သို့ ထမ်းလျှောက် သယ်သူက သယ်၏။ ဘက်ထရီအိုးများကို မ,သူက မ၊ ထရော်လီသံချောင်းကို ယူသူက ယူနှင့် အလုပ်များသွားကြ၏။

ဒါရိုက်တာက ကျွန်တော်နှင့်အတူ ဆွမ်းစားကျောင်းဆောင်ထဲသို့ လိုက်လာ၏။ ဆွမ်းစားဆောင်အတွင်း အလင်းရောင် နည်းသဖြင့် ကျွန်ုပ်ဟန်မတူ။ သူ့လက်ထဲတွင် ကိုင်ထားသော အလင်းရောင်တိုင်း ကိရိယာလေးကို

တဖျပ်ဖျပ် နှိပ်၍ အလင်းရောင် အနည်း အများကို တိတိကျကျ တိုင်းတာနေသည်။ သံဃာတော်များ ဆွမ်းစားရန် ပြင်ဆင်ထားသော အဆောင်မှာ သာမန် အချိန်တွင် အလင်းရောင် လုံလောက်မျှတသော်လည်း ရုပ်ရှင်ရိုက်ကူးရန်အတွက်မူ (သူတို့က မီးမထိုး၊ မှန်မထိုးဘဲ ရိုက်ကူးကြခြင်း ဖြစ်သည်။) အနည်းငယ် မှောင်နေသည်ကား အမှန်ပင် ဖြစ်သည်။ ဒါရိုက်တာက လေသံပျော့ပျော့ဖြင့်-

"ငါ တစ်ခုလောက် တောင်းပန်ပါရစေ၊ ဒီဆွမ်းစားဆောင်က အလင်းရောင် နည်းနေတယ်၊ ရုပ်ရှင်မှာ ပုံကောင်းထွက်မှာ မဟုတ်ဘူး၊ မည်းနေလိမ့်မယ်၊ ဟိုဘက်က အဆောင်က အလင်းရောင် ပိုကောင်းတယ်၊ အဲဒီမှာ ပြောင်းပြီး ဆွမ်းစားဖို့များ ရမလား၊ ကူညီပြီး ပြောပေးပါဦး၊ ဒီမြင်ကွင်းကို ငါ လက်မလွှတ်ဘဲ ရိုက်ချင်လို့ပါ"

ထုံးစံအတိုင်း ပြောပေးပါ့မယ်၊ ဒါပေမဲ့ ရ မရက အာမ မခံပါဟူသော စကားခံဖြင့် ထိုအလုပ်ကို လက်ခံခဲ့ကာ ဆရာတော်ကို သွားဖူးရ၏။ ကံကောင်းထောက်မစွာပင် ကျွန်တော်နှိုင့် ရင်းနှီးကျွမ်းဝင်သော တိုက်အုပ်ဆရာတော် အရှင်ကေလာသနှင့် သွားတွေ့၏။ ထိုဆရာတော်က စာပေဝါသနာပါသည်။ အရှင်ကေလာသာ (Ashin kelasa) အမည်နှင့် ဗုဒ္ဓတရားတော်များကို အင်္ဂလိပ်၊ မြန်မာဘာသာများဖြင့် ရေးသားပြုစုနေသူ ဖြစ်သည်။ သူ ရေးသော Buddhist Thought in World Situations Today စာအုပ်မှာ ထင်ရှားသည်။

ဆရာတော်က ကျွန်တော်တို့၏ ဖြစ်အင်ကို ကြားတော့-

"ကောင်းပြီ၊ သံဃာတော်တွေကို ဟိုဘက် ဆွမ်းစားဆောင်ကို ပြောင်းပြီး ဆွမ်းဘုဉ်းခိုင်းလိုက်ပါ့မယ်၊ ဒါပေမဲ့ ဒကာကြီးတို့ အဖွဲ့က တရားဝင် ခွင့်ပြုချက်နဲ့ လာရောက်ရိုက်ကူးတာ မဟုတ်ရင်တော့ ဘုန်းဘုန်းတို့ လက်မခံပါဘူး"

"တရားဝင် လာရောက်ရိုက်ကူးတဲ့ ရုပ်ရှင်အဖွဲ့ပါ ဘုရား၊ ဟောဒီမှာ သက်ဆိုင်ရာက ပေးလိုက်တဲ့ ခွင့်ပြုမိန့်စာပါ ဘုရား၊ ပြန်ကြားရေးဝန်ကြီးဌာန ရုပ်ရှင်လုပ်ငန်းက ဒုညွှန်မှူး ဦးကျော်အုန်းသန်းကိုယ်တိုင် တပည့်တော်တို့နဲ့ အတူ ပါလာပါတယ်"

"အိမ်း... ဒါဆို လွတ်လွတ်လပ်လပ် ရိုက်ကူးကြကွဲ့၊ တိုးရစ်တွေ ဆွမ်းစားဆောင်ထဲ မဝင်အောင်တော့ ဘုန်းဘုန်းတို့ မေတ္တာရပ်ခံပေးပါ့မယ်"

ဤသို့ဖြင့် ကမ္ဘာပေါ်တွင် ဤကဲ့သို့ တစုတဝေး ဖူးမြော်ခွင့်ရရန် အလွန်မြင့်ရခဲသွားပြီ ဖြစ်သော ထေရဝါဒ ဗုဒ္ဓဘာသာ ရဟန်းတော်များ ထောင်နှင့် ချီ၍ ကြည်ညိုဖွယ် ဆွမ်းဘုဉ်းပေးနေကြပုံကို ရုပ်ရှင်အဖွဲ့မှ အစအဆုံး တစ်နာရီ ခန့် ကြာအောင် ဆက်တိုက်ရိုက်ကူးပါသည်။ ရုပ်ရှင်ရိုက်ကူးပြီးတော့ အဖွဲ့ခေါင်းဆောင် ထုတ်လုပ်သူက ဘုန်းကြီးကျောင်းကို ငွေလှူချင်သည် ဆိုသဖြင့် အလှူခံဌာနသို့ လိုက်ပို့ရ၏။ အမေရိကန် ပရိဂျူဆာက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းအတွက် ဒေါ်လာ တစ်ရာ လှူဒါန်းသွား၍ သာဓုခေါ်ရ၏။

နောက်တစ်နေ့နံနက်တွင် ကျွန်တော်က မန္တလေး မဟာမုနိအနီးရှိ ကျောက်ဆစ်တန်းကို လိုက်ပို့မည်။ ခင်ဗျား တို့ ရုပ်ရှင်ရိုက်၍ အလွန်ကောင်းသည်ဟု ဆိုတော့ ထုံးစံအတိုင်း အကြံပေးဆိုသော အင်္ဂလိပ်က ဖျက်သည်။

"ဒါတွေ ငါတို့ မကြည့်ချင်ဘူး၊ တို့ ရိုက်မယ့် 'သံသရာ'ဆိုတဲ့ မှတ်တမ်းရုပ်ရှင်ကားနဲ့ ဘယ်လိုမှ မပတ်သက်ဘူး"

ဟု ဆို၏။

'ကောင်းပြီ၊ ဒါဆို ဘယ်သွားမလဲ' ဆိုတော့ မဟာဂန္ဓာရုံကို ပြန်သွားမည်။ တိုးရစ် ပါချင်ပါပါစေတော့၊ သံဃာတော်များ ဆွမ်းစားဆောင်သို့ စီတန်းကြချီလာပုံကို ပြန်ရိုက်ချင်သည်ဟု ဆိုလာပြန်သည်။ ထို့ကြောင့် ကားဆရာကို မဟာဂန္ဓာရုံသို့ မောင်းခိုင်းရသည်။ သိပ်တော့ မကြာလိုက်။

"ဟိုး... ရပ်ပါဦး၊ ဟိုမှာ တွေ့ပြီ"

စသည်ဖြင့် အော်သံများ ထွက်လာသဖြင့် ကြည့်လိုက်ရာ အခြားမဟုတ်။ ကျောက်ဆစ်တန်း အလွန် လမ်းဘေးတစ်နေရာတွင် လူတစ်ရပ်သာသာ ခန့်ရှိသော ထိုင်တော်မူ စကျင်ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို အမျိုးသမီး သုံးယောက်က ကျောက်မှန့်များဖြင့် အချောသတ် ပွတ်တိုက်နေကြခြင်းပင်တည်း။

"အဲဒါကို ရိုက်မယ်၊ အဲဒါကို ရိုက်မယ်"

ဟု ဒါရိုက်တာက အင်မိးမရ ပြောကာ ရုပ်ရှင်ပစ္စည်းများကို ချ၍ ရိုက်တော့သည်။ ကျွန်တော်က ပရိဂျူဆာကို လက်ကုတ်၍-

"ကျွန်တော်နှင့် ငါးမိနစ်လောက်ပဲ ခဏလိုက်ခဲ့ပါ။ ပြစရာ ရှိလို့ပါ"

ဟု မရမက ခေါ်တော့ ရုပ်ရှင်ထုတ်လုပ်သူ Mr.Magidson က စိတ်မပါတပါဖြင့် လိုက်လာသည်။

ကျွန်တော်တို့ကား ကျောက်ဆစ်တန်းထဲ ကွေ့ဝင်လိုက်သည်နှင့် မြင်ရသော မြင်ကွင်းကြောင့် မစ္စတာမက်ဂစ်ဆင်သည် 'အိုး မိုင် ဂျဒ်' ဆိုသော စကားမှတစ်ပါး ဘာစကားမှ မဆိုနိုင်တော့ပါ။ တစ်ထွာ တစ်မိုက်ခန့် မှစ၍ လူနှစ်ရပ်ခန့်အထိ ဥဏ်တော်အမျိုးမျိုး ရှိသော စကျင်သားဖြင့် ထွင်းထုထားသည့် ဗုဒ္ဓရုပ်ပွားတော် အမျိုးမျိုးကို လမ်းဘေး ဝဲယာအပြည့် ရုပ်ပွားတော်၊ ရုပ်တုပေါင်း ရာနှင့်ချီ၍၊ ထောင်နှင့်ချီ၍ တွေ့ရ၍ စကားမပြောနိုင်အောင် အံ့သြသွားသည်။

"သွားမယ် သွားမယ်၊ ဒါရိုက်တာကို သွားခေါ်မယ်၊ ဒီမှာ ရိုက်ရမယ်"

ဟု ပျာယီးပျာယာ ဆို၏။ အနောက်တိုင်းသားများက မျက်စိဖြင့် မြင်မှ ယုံတတ်သူများမို့ လက်တွေ့ ခေါ်ပြလိုက်ရခြင်းအတွက် အားရလှပေ၏။

ကျွန်တော် သွားမည် ဆိုတုန်းက မကြည့်ချင်ဘူးဆိုသော ကျောက်ဆစ်တန်းကို တကယ် ပြလိုက်သောအခါ ဘယ်လောက်တောင် စိတ်ဝင်စားသွားသလဲ ဆိုလျှင် လက်ထောက်ဝန်ကြီးဌာနမင်းနှင့် အထွေထွေလုပ်သားတစ်ယောက်ကို လေယာဉ်လက်မှတ် အဆုံးခံကာ မန္တလေးတွင် ထားခဲ့၍ ကျွန်တော်တို့အားလုံး ထိုနေ့ညနေက ပုဂံသို့ ထွက်ခွာလာခဲ့ကြသည်အထိပင် မန္တလေး ကျောက်ဆစ်တန်းက ဆွဲဆောင်မှု ရှိခဲ့လေသည်။ ဒါရိုက်တာက-

"လေးပေလောက် ရှိတဲ့ ထိုင်တော်မူ ဗုဒ္ဓဆင်းတုတစ်ဆူကို ပုံကြမ်းကနေ မျက်နှာတော် ပေါ်လာပြီး အချောသတ်တဲ့အထိ ငါတို့ ရိုက်ချင်တယ်၊ အဲဒါ ဘယ်လောက် ကြာအောင် ပန်းပုဆရာက ထွင်းထုရသလဲ၊ မျက်နှာကို ထွင်းတာ ထုတာ အစအဆုံး ရိုက်ချင်တယ်၊ ရိုက်မှာက ရိုးရိုးကင်မရာ မဟုတ်ဘူး၊ Time Lapse လို့ ခေါ်တဲ့ ရိုက်နည်းနဲ့ ရိုက်မယ်၊ အဲဒါက တစ်မိနစ်မှ ရုပ်တာ တစ်ခါပဲ ပွင့်မယ်၊ ဝိတ်ကားပေါ်မှာ ပြန်ပြတော့ ဗီဒီယိုမှာ ရစ်ပြီး ကြည့်သလို အမြန်မြင်ရတာမျိုးပဲ" ဟု ပြောသည်။

ကျွန်တော်တို့ဆီမှ ရုပ်ရှင်သမားများကတော့ ထိုနည်းကို Jump Motion ဟု ခေါ်သည်။ (Slow motion ကို အားကျ၍ ထင်သည်။)

ကျောက်ဆစ်သမားလေးကို ကျွန်တော်က ညှိပေးရသည်။

"ညှိလေး ကိုယ်လုံးတော် ထွင်းပြီး ထုပြီးသား မျက်နှာချည်းပဲ အချောဖြစ်တဲ့အထိ ထုမယ်ဆိုရင် အချိန် ဘယ်လောက်ယူရမလဲ"

"သုံးနာရီလောက်တော့ ကြာမယ် အစ်ကို"

"ထုခ ဘယ်လောက် ယူမလဲ"

"နှစ်ယောက် ထုရမှာဆိုတော့ ခြောက်သောင်းလောက် ပေးပါ အစ်ကို၊ ကျွန်တော်တို့ မီးစက်လည်း ငှားရဦးမယ်"

"ခြောက်သောင်း မဟုတ်ဘူး၊ ခင်ဗျားတို့ သေသေချာချာ လုပ်ပေး၊ တစ်သိန်းရအောင် ကျွန်တော် တောင်းပေးမယ်၊ ပြီးသွားရင် အဲဒီ ဗုဒ္ဓရုပ်ပွားတော်ကိုလည်း ကျွန်တော်တို့ မယူဘူး၊ ထားခဲ့မှာ၊ ဒါပေမဲ့ စထုတာကနေ ပြီးတဲ့အထိ ရုပ်ရှင်ကင်မရာထောင်ပြီး စရိုက်လိုက်မှာဆိုတော့ ဆက်တိုက် လုပ်ရမယ်။ ကျွန်တော်တို့လည်း မနေနိုင်ဘူး၊ အခုပဲ လေဆိပ် ဆင်းရတော့မယ်၊ နိုင်ငံခြားသား နှစ်ယောက် ထားခဲ့မယ်၊ ပြီးတာနဲ့ သူက ပိုက်ဆံပေးမယ်၊ အလင်းရောင်ရှိတုန်း ရိုက်လို့ရအောင် အလုပ်လုပ်ပေးပါ၊ အလုပ်လုပ်နေရင်း လက်ဖက်ရည်ဆိုင် သွားထိုင်တာတို့၊ ကွမ်းယာသွားဝယ်တာတို့ မလုပ်ပါနဲ့၊ ယုတ်စွအဆုံး အိမ်သာတောင် အပြီးတက်ထားပါ"

ဤသို့ဖြင့် ဗုဒ္ဓဆင်းတု၏ မျက်နှာတော်သည် ပုံကြမ်းမှ ပုံချောဖြစ်လာပုံကို မှတ်တမ်းတင် ရုပ်ရှင်ရိုက်ကြပါသည်။ ထွင်းထုချိန် (ရိုက်ကူးချိန်) သုံးနာရီကြာပြီး ပြသချိန် တစ်မိနစ်ခန့်ပဲ ရှိလေသည်။ တစ်နည်းအားဖြင့် ပိတ်ကားပေါ်၌ တစ်မိနစ်မျှ မြင်ရမည့် မြင်ကွင်းကို အချိန် သုံးနာရီ (ပြင်ဆင်ချိန် တစ်နာရီ) ပေါင်း အချိန်လေးနာရီ ပေး၍ ဝယ်ပြီးသား လေယာဉ်လက်မှတ် (မန္တလေး-ပုဂံ) နှစ်ယောက် အဆုံးခံ၍ ရိုက်ကူးခြင်းအားဖြင့် သူတို့ အလုပ်အပေါ် ဖြစ်ကတတ်ဆန်း မလုပ်၊ ဘယ်လောက် အလေးအနက် ထားသလဲ ပေါ်လွင်နေပါတော့သည်။

(၃)

ရွှေဆံတော်

ပြာသာဒ်ကြီး

တရုတ်ပြေး

ပုဂံတွင် ဤဘုရားသုံးဆူ (ယခု ၂၀၁၃ တွင် တရုတ်ပြေးဘုရားအပေါ် သို့ တက်ခွင့်မပြုတော့ပါ) ကိုသာ အထက်ပစ္စယံ အဆင့်ဆင့်ပေါ်သို့ တက်ရောက်

ဖူးမြော်ခွင့်ပြုသည်။ ကျွန်ဘုရားများမှာ တက်ရောက်ဖူးမြော်ခွင့်မပြု။ လွန်ခဲ့သော လေး ငါးနှစ်မှ စကာ ရှေးဟောင်းသုတေသနဦးစီးဌာနမှ တရားဝင် ကြေညာချက်ထုတ်၍ ပိတ်ပင်ထားခဲ့ခြင်း ဖြစ်သည်။ ပုဂံဘုရား အများစုသည် အေဒီ ၁၁ ရာစုနှင့် ၁၃ ရာစုကြားတွင် တည်ဆောက်ခဲ့ခြင်း ဖြစ်၍ သက်တမ်းရင့် အဆောက်အအုံများ ဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဘုရားပေါ်သို့ တက်ရောက်ခွင့်ကို ခွင့်မပြုကြောင်း၊ ဘုရားအတော်များများတွင် ဆိုင်းဘုတ်များ ထောင်ထား၏။ ဤကဲ့သို့ ရှေးဟောင်းအဆောက်အအုံများကို ရေရှည်တည်တံ့အောင် ကာကွယ်ခြင်းအတွက် ရှေးဟောင်းသုတေသနဌာနကို ချီးကျူးရမည် ဖြစ်သော်လည်း အငြင်းပွားဖွယ် ကိစ္စအချို့လည်း ရှိနေ၏။ ဥပမာ- တက်ခွင့်ပြုထားသော ဘုရားသုံးဆူ စာရင်းတွင် ထုကြီး ထည်ကြီးနှင့် အင်မတန် ခိုင်ခံ့၍ (Solid Type) ဖြစ်ကာ ရွှေခင်းရွှေကွက်လည်း ကောင်းသော မင်္ဂလာစေတီလို ဘုရားမျိုးကို မထည့်သွင်းဘဲ ချန်လှပ်ခဲ့ပြီး ဝုဘုရား (Temple Type) ဖြစ်သော ပြာသာဒ်ကြီးဘုရားကိုမူ တက်ခွင့်ပြုထားခြင်း ဖြစ်သည်။ ပြာသာဒ်ကြီးဘုရား၏ ခေါင်မိုးပေါ်သို့ ညနေခင်း အချိန်တိုင်း နေဝင်ချိန်အလှကို ကြည့်ရှုရန် ပြည်တွင်း ပြည်ပ ဘုရားဖူး၊ တိုးရစ်များ ရာနှင့်ချီ၍ နေ့စဉ်နှင့်အမျှ တက်ရောက်ကြခြင်းကြောင့် ရှေးဟောင်းဘုရားကြီး၏ ခံနိုင်ရည်ကို ထိခိုက်စေပါသည်။ ဗိသုကာပညာအရ ပြာသာဒ်ကြီးဘုရားထက် ခံနိုင်ရည်ပိုရှိသော ဘုရားတစ်ဆူ (ဥပမာ- မင်္ဂလာစေတီ၊ ဓမ္မရာဇိက၊ ဓမ္မရံကြီး) ကို ခွင့်ပြုသင့်ပါသည်။ နောက်တစ်ချက်မှာ ပြာသာဒ်ကြီးဘုရား အဝင်ဝ မြေညီထပ်၌ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ ရှိရာ ဘုရားဆင်းတုတော်ကြီး၏ အထက်သို့ တက်၍ ခေါင်မိုးပေါ်၌ လူများ တရှန်းရှန်း ရှိနေသည်မှာ မသင့်လျော်ဘဲ ဗုဒ္ဓ အာဂါရ ဖြစ်လေသလောဟု စဉ်းစားမိပေသည်။

ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့သည် မင်္ဂလာစေတီပေါ်မှ ပုဂံရွာခင်းကို ရုပ်ရှင်ရိုက်ခွင့်ရရန် ကြိုးစားခဲ့ကြပါ၏။ ရုပ်ရှင်လုပ်ငန်းမှ ဒုဥက္ကဋ္ဌများ ဦးကျော်ဇော်သန်းကိုယ်တိုင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းခွင့်တောင်းခဲ့သည်။ သူတို့၏ အဖြေကား ဘုရားဖူးချင်၊ ဓာတ်ပုံရိုက်ချင်ရင်တော့ ခဏတစ်ဖြုတ် တက်ကြည့်ပါ။ ရုပ်ရှင်ရိုက်ကူးမှုကိုတော့ ဝန်ကြီးအဆင့်ထဲမှ စာမပါဘဲ ခွင့်မပြုနိုင်ပါဟူ၍ ဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာနမှ ပေးလိုက်သော ပုဂံတွင် ရုပ်ရှင်ရိုက်ကူးခွင့်

ပြုသော စာကို ပြသော်လည်း အဆင်မပြေ။ စာထဲတွင် ပုဂံ၌ ရုပ်ရှင်ရိုက်ကူးခွင့် ပြုသည်ဟူ၍သာ ပါသည်။ မင်္ဂလာစေတီပေါ်သို့ တက်ခွင့်ပြုပါ ဆိုသည့်စာ မပါ၍ဟု အကြောင်းပြ၏။ ထို့ကြောင့် အမေရိကန်ရုပ်ရှင်အဖွဲ့သည် ပုဂံရှခင်းနှင့် ပဲနံ့သာ ဘုရားစုများကို မင်္ဂလာစေတီပေါ်မှ ရိုက်ခွင့်မသာခဲ့ပေ။ 'ငါတို့နိုင်ငံမှာ တပ်ကြပ်ကြီး အဆင့်လောက်က ဆုံးဖြတ်ပေးနိုင်တဲ့ ကိစ္စကို မင်းတို့ဆီမှာ ဝန်ကြီးအဆင့်အထိ တင်ရတယ်နော်' ဟု အမေရိကန်တစ်ယောက်က ဆိုလာ၏။

''လာပါဗျာ... တက်လို့ရတဲ့ ဘုရားသုံးဆူတောင် ရှိပါသေးတယ်၊ လိုက်ကြည့်ကြပါဦး၊ အဲဒီဘုရားတွေပေါ်ကလည်း ရှခင်းကောင်းပါတယ်''

ရုပ်ရှင်အဖွဲ့ကို ကျွန်တော်က ဆောင်းပါးအစတွင် ဖော်ပြထားသော ရွှေဆံတော် စသော ဘုရားများ ရှိရာသို့ ခေါ်သွား၏။ တရုတ်ပြေးဘုရားပေါ်သို့လည်း ခေါ်သွားလိုက်သည်။ သူတို့သည် ဤဘုရားနှစ်ဆူပေါ်မှ ရှခင်းရှကွက်များကို သေသေချာချာ လေ့လာကြ၏။ ညနေဘက် နေဝင်ချိန် ရှခင်းကို ရွှေဆံတော်တုရားပေါ်မှပင် ရိုက်တော့မည်ဟု ဆိုလာ၏။ တကယ်တမ်း ရွှေဆံတော်ဘုရားပေါ်မှ ပုဂံနေဝင်ချိန် မြင်ကွင်းကို ရိုက်သောအခါ (လူရှုပ်သည်မှလွဲ၍) သူတို့ သဘောကျသွားကြသည်။

တကယ်တော့ အမေရိကန် ရုပ်ရှင်အဖွဲ့သာ မဟုတ်။ ကမ္ဘာပေါ်ရှိ မည်သည့်လူမျိုးမဆို ပုဂံမြို့ဟောင်းကြီး၏ ဘုရားစေတီ ရှခင်းများကို အပေါ်စီးမှ မျက်စိတစ်ဆုံး ငေးကြည့်ခွင့်ရလျှင် မျက်စိကန်းနေသူများနှင့် ရူးသွပ်နေသူများမှ တစ်ပါး မကြိုက်ဘူးဆိုတာ မရှိ၊ ဟင်ခနဲ ဟာခနဲ ရင်သပ်ရှမော ဖြစ်သွားကြမြဲ ဖြစ်ကြောင်း ဆယ့်ငါးနှစ်ခန့် နည်းမံးညွှန် လုပ်ရာမှ ကြုံလာရသော အတွေ့အကြုံအရ ကျွန်တော် သိသည်။ မြန်မာနိုင်ငံတွင် မြင်လိုက်သည်နှင့် ဟင်ခနဲ ဟာခနဲ ဖြစ်ကာ ချက်ချင်း စကားမပြောနိုင်သေးဘဲ ပထမဆုံး စတွေ့သည်နှင့် အံ့သြမှင်တက်ကာ ငေးကြည့်ရသော မြင်ကွင်းနေရာ နှစ်ခုပဲ ရှိသည်။ ထိုနေရာနှစ်ခုကား ပုဂံနှင့် ရွှေတိုဂုံဘုရား ဖြစ်သည်။ ရွှေတိုဂုံတွင်လည်း တောင်ဘက်မုခ်ဓာတ်လှေကားမှ ထွက်လာပြီး ဗောဓိညောင်ပင်ကြီးကို ကျော်ကာ ရွှေတိုဂုံဘုရားကြီးကို ဘွားခနဲ အင်္ဂါထောင့်မှ တွေ့လိုက်ရသောအခါ (ယခင်က မရောက်ဖူးပါက) တိုးရစ် အယောက် တစ်ရာတွင် ကိုးဆယ့်ကိုးယောက်မှာ စကားမပြောနိုင်တော့ဘဲ အိပ်မက်ကမ္ဘာထဲမှ ရွှေနိုင်ငံကြီးထဲသို့ ရောက်သွားသူများသဖွယ်

မြင်သမျှ တွေ့သမျှကို အံ့သြငေးမော ကြည့်ရှုနေပါတော့သည်။ တစ်ကမ္ဘာလုံး အနှံ့ ရောက်ဖူးသော အမေရိကန် ခရီးသွားဆောင်းပါးရှင် တစ်ဦးကလည်း ကမ္ဘာပေါ်တွင် သူ မြင်ဖူးသမျှ အလှပဆုံး မြင်ကွင်း နှစ်ဆယ်ထဲတွင် ပုဂံ နေဝင်ချိန် ရှုခင်းလည်း ပါဝင်ကြောင်းကို New York Time သတင်းစာတွင် ရေးသား ခဲ့ပါသည်။

ယခုလည်း အမေရိကန် ရုပ်ရှင်ဒါရိုက်တာ Ron Frick က ရွှေဆံတော် ဘုရားပေါ်မှ မြင်ရသော ရှုခင်းကို အလွန်သဘောကျသွားပါသည်။ ဧရာဝတီမြစ်ကို နောက်ခံပြုကာ နီစွေးသော နေလုံးသည် တောင်တန်း၏ နောက်ကွယ်တွင် မေးတင်လျက် ထောင်နှင့်ချီသော စေတီပုထိုး ဂူကျောင်းတို့သည် စိမ်းမြသော မြေပြင်တွင် မှိုင်းညို့လျက်၊ မြူခိုးတို့ ဝေဝဲနေပုံမှာ ကဗျာဆန်လှသည်။ အိမ်ပြန် လာသော ဆိတ်အုပ်တို့သည် မြေနီလမ်းအတိုင်း တလှုပ်လှုပ် ရွေ့လျားလျက်၊ မြင်းလှည်းတစ်စီးသည် ဖုန်တထောင်းထောင်နှင့် ခရီးနှင်နေသည်။ စိတ်တိုင်းကျ ရိုက်ပြီးသောအခါ နေဝင်၍ မှောင်စပြုပေပြီ။ သို့သော် ဒါရိုက်တာသည် မကျေနပ်နိုင်သေး။ အရှေ့ဘက်မိုးကုပ်စက်ဝိုင်းဆီမှ တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့၏ ဝင်းပပ လမင်းကြီးကို ကြည့်၍ အကြံထုတ်နေသည်။

"ကင်မရာကို အသေချိန်ထားပြီး တစ်ညလုံး ရိုက်ချင်တယ်၊ လမင်းကြီး ထွက်လာတာရော၊ ပုဂံဘုရားတွေရော၊ နောက်တစ်နေ့မနက်မှာ နေထွက်လာ တာရော၊ အလင်းရောင်မှာ တဖြည်းဖြည်း ဘုရားစေတီ ရှုခင်းတွေ ပေါ်လာတာ ရော Time Lapse ကင်မရာရဲ့ အလိုအလျောက် ရိုက်ခဲ့မယ်၊ ကင်မရာတွေ သူခိုး ခိုးမခံရအောင် ညစောင့် နှစ်ယောက်လောက် ငှားပေးပါ"

ဟု အကူအညီတောင်းပါသည်။ Time Lapse ရုပ်ရှင်ကင်မရာမှ တစ်မိနစ်တွင်မှ ရုပ်တာ တစ်ခါပဲ ပွင့်သော ကင်မရာ ဖြစ်သည်။ တစ်ညလုံး ရိုက်သော်လည်း ရုပ်ရှင်မှာ ပြန်ပြသောအခါ ဗီဒီယိုကို အမြန်ရစ်၍ ကြည့်ရသလို မိနစ်အနည်းငယ်အတွင်း နေထွက်၍ လဝင်သည်ကို မြင်ရမည့် ရိုက်နည်း ဖြစ် သည်။ ကျွန်တော်က လူငှားသီးသန့် မရှာတော့ဘဲ တာဝန်ကျ ဘုရားစောင့် ဝန်ထမ်းနှင့်ပဲ ဆက်ပေးလိုက်သည်။ သူတို့ကလည်း ရုပ်ရှင်ကင်မရာတွေ ရှိရှိ၊ မရှိရှိ ဘုရားလုံခြုံရေးကို စောင့်နေကျ ဆိုတော့ အဆင်ပြေသွားသည်။ အဖိုးအခ

ရယ်လို့ မဟုတ်ဘဲ ကျေးဇူးတင်သည့်အနေဖြင့် ရိုက်ကွင်းမန်နေဂျာထံမှ မုန့်ဖိုး တောင်းပေးလိုက်သည်။

"ခင်ဗျားတို့ ဘာမှ အထွေအထူး လုပ်စရာ မလိုဘူး၊ ကင်မရာက သူ့ဘာသာ အော်တိုရိုက်နေလိမ့်မယ်၊ အဓိကကတော့ ကင်မရာရှေ့က လူဖြတ် မသွားမိစေဖို့ဘဲ၊ မနက် ၆ နာရီထိုးရင် ဟောဒီခလုတ်လေးကို ပိတ်လိုက်ပါ"

ဘုရားစောင့်ကြီးတို့ သားအဖက ကောင်းပါပြီဟု ဝန်ခံသဖြင့် မှောင်ကြီး မည်းကြီး၌ ရုပ်ရှင်ကင်မရာကို ရွှေဆံတော်ဘုရားပေါ်၌ ထားခဲ့ကြပါသည်။

ကျွန်တော်တို့ တာဝန်ကား မပြီးသေး။ နောက်တစ်နေ့ နံနက်တွင် ပုဂံရှခင်းကို မီးပုံးပျံနှင့် လှည့်လည်ကြည့်ရှုလိုပါသည်ဟု ဆိုသဖြင့် မီးပုံးပျံ ကုမ္ပဏီ၏ ရုံးခန်းရှိရာ သီရိပစ္စယာ ဆာကူရာဟိုတယ်သို့ ကားဖြင့် ချီတက်ခဲ့ရ ပေသည်။

မီးပုံးပျံကုမ္ပဏီမှာ အင်္ဂလန်နိုင်ငံ ဂလပ်စကိုမြို့မှ မြန်မာနိုင်ငံ၊ ပုဂံ တွင် လာရောက် အလုပ်လုပ်ကိုင်နေခြင်း ဖြစ်သည်။ မီးပုံးပျံ မောင်းနှင်သော ပိုင်းလော့များမှာ အင်္ဂလန်နှင့် ဩစတြေးလျမှ နိုင်ငံခြားသားများ ဖြစ်သည်။ Hot Air Balloon ခေါ် ဓာတ်ငွေ့မီးတောက်များကို အသုံးပြုပြီး လေကို ပူနွေးစေလျက် ပျံသန်းခြင်း ဖြစ်သည်။ မီးပုံးပျံစီးခမှာ ကျွန်တော်တို့ အတိုင်း အတာအရ အနည်းငယ် ဈေးကြီးသည်ဟု ဆိုနိုင်သည်။ တစ်နာရီစာ ခရီးစဉ် အတွက် မီးပုံးပျံစီးခမှာ လူတစ်ယောက်လျှင် ဒေါ်လာ ၂၅၀ ဖြစ်သည်။ မီးပုံးပျံ တစ်လုံးလျှင် ခရီးသည် ခုနစ်ဦး လိုက်ပါနိုင်သည်။ စီးမည့် ခရီးသည်တစ်ဦး ရှိလျှင်၄င်း မီးပုံးပျံ ထွက်ပေးသည်ဟု သိရ၏။ ခရီးသည်တိုင်းအား နံနက် ၅ နာရီအရောက် တည်းခိုရာဟိုတယ်သို့ ကားဖြင့် လာကြိုပေးသည်။ ပြီးလျှင် ပြန်လိုက်ပို့ပေးသည်။ မီးပုံးပျံ မြေပြင်သို့ ပြန်ဆင်းပြီးလျှင် ရှန်ပိန်တစ်ခွက်ဖြင့် ဧည့်ခံသည်။ Balloon Over Bagan တံဆိပ် ပါသော ဦးထုပ်တစ်လုံး လက်ဆောင် ပေးသည်။

ကျွန်တော့်ဧည့်သည် အမေရိကန်များက မီးပုံးပျံကို စင်းလုံး အော်ဒါ ၄းလိုက်ကြသည်။ ၄းတာမှ တစ်ရက်စာ မဟုတ်၊ နှစ်ရက် ဆက်၍ နှစ်ခေါက်စာ ၄းခြင်း ဖြစ်သည်။ မီးပုံးပျံသည် လူပြည့်လျှင် တစ်နေ့ ၂ ခေါက် ပျံသည်။ နံနက် နေထွက်ချိန် ခရီးစဉ်နှင့် ညနေ နေဝင်ချိန် ခရီးစဉ်များ ဖြစ်သည်။

ကျွန်တော့်ဧည့်သည်များက နှစ်ရက်လုံးလုံး နံနက်ပိုင်း ခရီးစဉ်ကိုပဲ ရွေးချယ်လိုက်သည်။ ပထမနေ့တွင် မီးပုံးပျံပေါ်မှ ရိုက်ကွင်းအခြေအနေ ကြည့်ရှုပဲ ကြည့်ရှုလေ့လာကာ ဒုတိယနေ့တွင်မှ မီးပုံးပျံပေါ်မှ ပုဂံမြို့၏ အပေါ်စီး ကောင်းကင်မြင်ကွင်းကို ရုပ်ရှင် ကင်မရာများဖြင့် ရိုက်ယူကြမည် ဖြစ်သည်။ ဤရုပ်ရှင်အဖွဲ့မှာ ရုပ်ရှင်ဇာတ်ကား ကောင်းဖို့ ငွေကုန်ကြေးကျခံရန် ဝန်မလေးသော အလေ့အထကို တွေ့ရသည်။ Samsara ဆိုသော ဤမှတ်တမ်းတင်ရုပ်ရှင်ကားကို ပီရူးနိုင်ငံတွင် ရိုက်စဉ်ကလည်း မီးတောင်နှုတ်ခမ်းဝတစ်လျှောက် ရွှေလျားရိုက်ချက် ရရန် ဟယ်လီကော်ပတာ ငှားရှာ အပေါ်စီးမှ ရိုက်ခဲ့သည်။ ငွေကုန်ခံရှာ ရုပ်ရှင်ကောင်းတာလား၊ ရုပ်ရှင်ကောင်းရှာ ငွေကုန်ခံနိုင်သလား ဆိုတာ ကြက်ဥ နှင့် ကြက်မ ဘယ်ဟာက အရင်ဟု ရှင်းရခက်သည်။

နောက်တစ်နေ့ နံနက် ၅ နာရီတွင် ကျွန်တော်တို့ တည်းခိုရာ ဇရာဟိုတယ်သို့ မီးပုံးပျံကုမ္ပဏီမှ လာကြိုသော ကားကြီး မှောင်ကြီး မည်းကြီးဖြင့် ရောက်ချလာသည်။ ကားမှာ ရန်ကုန်တွင် နံပါတ် (၃၁)၊ (၃၉) လိုင်းများတွင် သုံးသော သစ်သားဘော်ဒီနှင့် ချက်ပလက်ကားကြီး ဖြစ်သည်။ ကားကို အညိုရောင် ဆေးသုတ်ထားပြီး Balloon Over Bagan ဟု စာရေးထား၏။ ကျွန်တော်တို့ အဖွဲ့သားများ ကားပေါ်သို့ တက်လိုက်လျှင် ကားက မောင်းထွက်ပြီး မကြာမီပင် ရွှေစည်းခုံဘုရားနားရှိ ညောင်ဦးဘောလုံးကွင်းထဲဝယ် အစီအရီချထားသော မီးပုံးပျံ သုံးလုံးတိတိ တွေ့ရသည်။ ယနေ့နံနက် မီးပုံးပျံ ၃ လုံး ပျံတက်မည့်သဘော ဖြစ်သည်။ မီးပုံးပျံများမှာ လေမသွင်းရသေးဘဲ မြေမှာ ပုံလျက်သား ရှိကြသည်။ မကြာမီ ပန်ကာဒလက်ကြီးတစ်ခုဖြင့် မြေမှာ ပုံထားသော မီးပုံးပျံ အဝသို့ မှုတ်သွင်းလိုက်ရာ လေအနှည်းငယ် ဝင်ပြီး ဖောင်းကားလာပါသည်။ ထို့နောက် ဂက်(စ်)များကို မီးရှို့၍ မီးပုံးပျံထဲသို့ စက်ဖြင့် မှုတ်သွင်းလိုက်သောအခါ သုံးထပ်တိုက် တစ်လုံးစာခန့် ရှိသော မီးပုံးပျံကြီးမှာ ခိုင်းပြီး ချက်ချင်းပင် ထူထူထောင်ထောင် ဖြစ်လာပါသည်။ မီးပုံးပျံ၏ အောက်ခြေတွင် လေးထောင့် ကြိမ်ခြင်းတောင်း အကြီးကြီးကို ကြိုးဖြင့် တွဲလောင်း ချွေထားရာ စီးနင်းသူများမှာ ထိုကြိမ်ခြင်းကြီးထဲတွင် ဝင်၍ မတ်တတ်ရပ်ရပါသည်။

မီးပုံးပျံ သုံးလုံးသည် ခဏအတွင်းမှာပင် လေပူများ ပြည့်ဝ၍ ဘူမ်းကား လူးလွန့်ကာ ပျံတက်ရန် အသင့်ဖြစ်နေကြသည်။ မီးပုံးပျံ ထွက်ခင် ပိုင်ရှင်

မီးပုံးပျံ ဆင်းသက်ချိန်တွင် နေထိုင်ရမည့် ကိုယ်နေဟန်ထားကို အကြိမ်ကြိမ် သင်ပြပေး၏။ ကျွန်တော့် ဧည့်သည် ၇ ဦးအနက် ခြောက်ယောက်က မီးပုံးပျံနှင့် လိုက်ပါမည် ဖြစ်သည်။ ကျွန်တော်ပါ လိုက်ပါလိုက လိုက်ပါ၍ ရသော်လည်း ယခင်အခါက စီးဖူးသဖြင့် ယခုအခါ မလိုက်ပါတော့ပေ။

အခြားမီးပုံးပျံဖြင့် လိုက်ပါမည့်သူများလည်း ကြိမ်ခြင်းထဲသို့ အသီးသီး ဝင်ထိုင်ကြ၏။ မီးပုံးပျံကို ဆိုင်းထားသော ကြိုးများကို ဖြုတ်လိုက်သောအခါ တအိအိ အပေါ်သို့ ကြွတက်သွားပြီး ထန်းနှစ်ပင်ခန့်အမြင့်အတိုင်း လေကြောင်း တစ်လျှောက် လွှင့်ပါသွားတော့သည်။ မီးပုံးပျံ သွားရာနောက်သို့ တကောက်ကောက် ပါအောင် မြေပြင်မှ လျှောက်လိုက်ရသော ကုမ္ပဏီဝိုင် ချက်ပလက်ကားကြီးလည်း စက်နှိုးကာ ဘောလုံးကွင်းထဲမှ ထွက်ခဲ့ပေ၏။ မီးပုံးပျံကျရာ (ဆင်းသက်ရာ) နေရာသို့ လိုက်ကြရပေဦးမည်။ ကျွန်တော်လည်း ထိုကားနှင့် တက်ကာ လိုက်ပါလာခဲ့၏။

မီးပုံးပျံကုမ္ပဏီမှ ဝန်ထမ်း ကောင်လေးများမှာ နံနက်တိုင်း ဤအလုပ်ကို လုပ်ကိုင်နေကျ ဖြစ်၍ ကျွမ်းကျင်နေဟန်ဖြင့် မီးပုံးပျံ သွားရာလမ်းကြောင်းကို တစ်ချက် ကြည့်လိုက်ပြီး ခန့်မှန်းမိဟန်ဖြင့် အလိုတော်ပြည့်ဘုရားရှေ့ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ကားကို ထိုးရပ်ကာ အေးအေးဆေးဆေးပင် လက်ဖက်ရည်များမှာ ယူသောက်သုံးနေကြလေသည်။

"မီးပုံးပျံ ကျမယ့်နေရာကို ကျွန်တော်တို့ သိတယ်ဗျ၊ ဧည့်လမ်းညွှန်ကြီး အေးအေးဆေးဆေး လက်ဖက်ရည်သောက်ပါဦး"

လောကကြီးတွင် ရုပ်ရှင်ရိုက်သူ၊ တိုး(ရ်)ဂိုဒ်လုပ်သူ၊ မီးပုံးပျံမောင်းသူ၊ မီးပုံးပျံနောက်ကို လိုက်ရသူ မည်သည့်အလုပ်ကို လုပ်ရသူ ဖြစ်စေ ကျွမ်းကျင်ရာ လိမ္မာမြဲပါလားဟု ကျွန်တော် တွေးမိနေလေသည်။

ကောင်းကင်၌ကား မီးပုံးပျံ သုံးစီးက ဝေဟင်တွင် ခရီးနှင်နေဆဲပင်။

■